
ပန်းမြိုင်လယ်ယီ စာပေ
TL
လယ်တွင်းသား
တောချစ်
လွမ်းစေတီ
နှင့်
စမ်းရေကြည်
(ဒုတိယအကြိမ်)

# အခန်း(၁)

ဖက်စိမ်းဖြင့်ထုပ်ထားသော ပန်းကလေးများကို အေးဆွေ လှမ်းကြည့်လိုက်သည်။

ပန်းကလေးများမှာ စက်ဘီးရှေ့မှ ခြင်းထဲတွင် လန်းဆန်း လှပနေဆဲ။

ကလင် ... ကလင် ... ကလင် ...

ကျောင်းအဝင်မှာ နောက်မှ စက်ဘီးတစ်စင်းက ဘဲတီးပြီး ရှောင်တက်သွားသည်။

"နေမင်းစိုး ..."

အေးဆွေ စက်ဘီးကို ဘေးသို့ ဖယ်ပေးလိုက်သည်။

နေမင်းစိုးမှာ အေးဆွေနှင့် တစ်တန်းတည်းဖြစ်သည်။ သို့သော် သူက ကျောင်းအုပ်ဆရာမကြီး၏ တူ သူ့အဖေက ကူမဲမြို့မှာ ဆန်စက်ပိုင်။

ကျောင်းရှေ့တွင် အတန်းအခန်းနှင့် အနီးဆုံးနေရာမှာ နေမင်းစိုက စက်ဘီးကိုရပ်နေပြီ ဖြစ်သည်။

အေးဆွေလည်း သူ့စက်ဘီးကို နေမင်းစိုးဘီးနှင့် ဘေးချင်း ယှဉ်၍ ရပ်လိုက်သည်။

"ဟေ့ကောင်..မင်းဘီးကို ငါ့ဘီးနဲ့လွတ်အောင်ထား..
မင်းစက်ဘီးက အစုတ်..ငါ့ဘီးက အသစ်..။ လဲသွားလို့ ငါ့ဘီးပွန်းရင်
မင်းလျော်နိုင်မှာလဲမဟုတ်ဘူး..။

နေမင်းစိုးက အသားလွှတ် ဟိန်းဟောက်နေသည်။

"လွတ်ပါတယ်ကွာ..မင်းဘီးနဲ့မထိပါဘူး..။"

အေးဆွေ လေသံပျော့နှင့် ပြောသည်ကိုပင် နေမင်းစိုးက
မကျေနပ်။

"လွတ်လဲ ဘေးချင်းယှဉ်မထားနဲ့ကွာ.. ငါ့ဘီးသနတယ်
ဒီနားက ခင်ဖုန်းတို့ကောင်မလေးတွေ စက်ဘီးထားမှာ..."

နေမင်းစိုးလေသံက မာသည်။

"ရပါတယ်ကွာ..."

နေမင်းစိုးက စက်ဘီးကိုသော့ခတ်ပြီး...ခြင်းထဲမှ စာအုပ်
များကိုယူ၍ အတန်းခန်းဆီသို့ သွားနှင့်ပြီ

အေးဆွေ သူ့စက်ဘီးကို နေမင်းစိုးဘီးနှင့်ဝေးရာ တမာပင်
အောက်မှာ သွားရပ်လိုက်သည်။

စက်ဘီးကိုသော့ခတ်ပြီး ခြင်းထဲမှပန်းများကိုယူလိုက်သည်။
စာအုပ်လွယ်အိတ်ကို ပြင်လွယ်ပြီး ထမင်းဘူးဆွဲ၍ အတန်းဆီသို့ လှမ်းခဲ့၏။

ခရီးဝေးစက်ဘီးနင်းလာ၍ အကျီမှာ ချွေးများစိုနေသည်။
နဖူးပေါ်မှချွေးများကို လက်ဖြင့် သပ်ပစ်လိုက်သည်။

အတန်းခန်းထဲရောက်တော့ လူနည်းသေးသည်။ ပန်းပေးရ
မည့်သူကလည်း မရောက်သေး။

ပန်းထုပ်ကလေးကို ခုံပေါ်မှာ အသာအယာတင်ထားလိုက်
သည်။

"ဟေ့ကောင်... အဲဒီပန်းက ဘယ်သူ့ပေးဖို့တုန်း...။



နေမင်းစိုးက အေးဆွေခုံနားသို့ လျှောက်လာရင်း ပန်းများ
ကို ကြည့်၍မေးသည်။

"ကောင်မလေးတွေ မှာလိုက်လို့..."

အေးဆွေဖြေသည်က မည်သူမှာ၍ မဖော်ပြ

"ဘယ်က ကောင်မလေးတွေလဲ..."

နေမင်းစိုး ထပ်မေးသည်။

"ဒီအတန်းထဲက..."

"ဘယ်သူတွေလဲ..."

နေမင်းစိုးက တရားခံစစ်သလို အတိအကျမေးနေသည်။
သူ့ကိုမေးလျှင် မဖြေရမှာ ဒေါသတကြီးပင် ရန်လုပ်ပစ်လိမ့်မည်။
အေးဆွေကတော့ မဖြေဘဲမနေရဲ-

"ခင်ဖုန်း...တို့...အိအိဇော်...တို့..."

"အဓိပ္ပာယ်မရှိပါဘူး...ခင်ဖုန်းက မင်းကို မှာ့မှာမဟုတ်
ပါဘူး...မင်းဘာသာ ရှက်နာလိုမျက်နှာရပေးချင်လို့ ယူလာတာများ
...လာပြီးအသားယူနေသေးတယ်...မသိရင် ခက်မယ်"

နေမင်းစိုးမှာ အားနာခြင်းမရှိ၊ နိုင်လိုမင်းထက် ပြောနေသည်
ကို အေးဆွေဘာမျှပြန်မပြောတော့ပါ။

"စာမေးပွဲနီးနေပြီ...ရှုပ်ရှုပ် ရွတ်ရွတ်တွေလာလုပ်မနေ
နဲ့...အတန်းလဲ နာမည်ပျက်တယ်...ကျောင်းလည်း
နာမည်ပျက်တယ်.. လုပ်ရင်တော့ ငါက ညှာမှာမဟုတ်ဘူး...
ဆရာမကို တိုင်မှာ.."

နေမင်းစိုးက အတန်းခေါင်းဆောင်မော်နီတာကြီး ပီပီကိုပြ
၍ ခပ်မာမာသတိပေးသည်။

"ငါဘာမှမလုပ်ပါဘူး..."

အေးဆွေ၏ လေသံကပျော့၏။

"ဘာမလုပ်ရမှာလဲ ...မင်းက ရှုးသလိုလို ပေါသလိုလို အကြောက်လိုလို ... အရိုးလိုလိုနဲ့ ကောင်မလေးတွေနားကပ်ပြီး ကောင်မလေးတွေ ခိုင်းသမျှ ပြေးလွှားလုပ်ပေးနေတာ ...မင်းကြောင့် ယောက်ျားလေးသိက္ခာကျတယ် .. သိပ်မပေါနဲ့ ပျော့ကောင် သတိထား..."

နေမင်းစိုး ပြုံးကြောက်စကားပြောပြီး အတန်းထဲမှ ထွက်သွားရင်း ပန်းထုပ်တင်ထားသော အေးဆွေ၏ ခုံကို တမင်သက်သက် တိုက်ပစ်ခဲ့သည်။

ပန်းထုပ်စားပွဲပေါ်မှ အောက်ကျသွားသည်။ ပန်းပွင့်တချို့ ပက်ထဲမှ ထွက်ကျသွားသည်။ အေးဆွေပန်းထုပ်ကို ကောက်ပြီး စားပွဲပေါ်ပြန်တင်သည်။ အောက်ကျသွားသော ပန်းနှစ်ပွင့်ကို မှုန်စင်အောင် အသာအယာခါပြီး စားပွဲပေါ်တင်ထားလိုက်သည်။ ကျောင်းရောက်ရောက်ခြင်း အကြောင်းမဲ့သက်သက် နေမင်းစိုး၏ နှိပ်စက်ကလူပြောဆိုခြင်းအတွက် အေးဆွေ စိတ်မကောင်းဖြစ်ရသည်။

မိန်းကလေးများမှာ သဘောကောင်းသော အေးဆွေကို ခင်မင်ရင်းနှီး၍ ခိုင်းစရာရှိလျှင် ခိုင်းကြသည်။ စက်ဘီးပေါက်လျှင် ဖာပေးရသည်။ မုန့်ဆိုင်သွားပြီး မုန့်ဝယ်ပေးရသည်။ စာတိုက်သွားပြီး စာထည့်ပေးရသည်။ တံဆိပ်ခေါင်းဝယ်ပေးရသည်။

ဘယ်သူခိုင်းခိုင်း အေးဆွေမငြင်းမဆုလုပ်ပေးသည်။ သို့သော် ယောက်ျားလေးအချင်းချင်းက သဘောမကျ။ အထူးသဖြင့် ခင်ဖုန်းခိုင်းသည်များကို လုပ်ပေးလျှင် နေမင်းစိုးက သဘောမကျ။

ခင်ဖုန်းမှာ အတန်းထဲတွင် အချောဆုံး၊ အလှဆုံး။ မိဘက ဈေးနားနီးနီးတိုက်ကြီးကြီးအိမ်မှာ ရွှေဆိုင်ရှိသည်။ မြို့အထွက်မှာ ဆီ



စက်ရှိသည်။ ထို့ကြောင့် ဝတ်နိုင်ဆင်နိုင် သုံးနိုင်သည်။ ခင်ဖုန်းခိုင်းသည်ကို အေးဆွေလုပ်အပေးရဆုံးဖြစ်သည်။

"နေ့ကြာစေ့တစ်ထုပ်လောက် ဝယ်ပေးပါဦး"

"စက်ဘီးလေလျော့နေလို့ လေထိုးပေးပါဦး ..."

"ကျောင်းလာရင် လမ်းကြိုမှာ ဒီးသီးဝယ်ခဲ့ပေးပါ ..."

"ရွာက ပန်းယူလာခဲ့ပေးပါ"

ခင်ဖုန်းခိုင်းသမျှ အေးဆွေဝမ်းပမ်းတသာ လုပ်ပေးနေကျ။

သို့သော် နေမင်းစိုးကြောင့် လွတ်လွတ်လပ်လပ် ဝမ်းသာပျော်ရွှင်ခွင့်မရ။ အမြဲတမ်းလိုက်နှောင့်ယှက်နေ၍ စိတ်ညစ်ရသည်။

"ဟော ... လာကြပြီ သခင်တယ်"

အေးဆွေ စိတ်မကောင်းစွာ တွေးနေမိစဉ် ခင်ဖုန်း အသံကြား၍ နောက်ဘက်သို့ လှမ်းကြည့်မိလျက်သား ဖြစ်နေသည်။

"ဖယ်ပေးလို့ ပြောနေတာ မကြားဘူးလား ..."

နေမင်းစိုးက မလှုပ်။

"ဘာလဲ နင်က ဆရာမကြီးတူဆိုပြီး ... အနိုင်ကျင့်တာလား ငါ ဆရာမကြီး ရုံးခန်းကို သွားမတိုင်ဘူး ထင်လို့လား .."

ခင်ဖုန်းက နောက်ပြန်လှည့်ကြည့်လိုက်သည်။

"နင်ကလည်း ... ခင်လို့စတာကိုများ ..."

နေမင်းစိုးက ပိတ်ထားသည်ကို ဖယ်ပေးလိုက်သည်။

"စတာဆိုရင် ရတယ် ...မော်နီတာဆိုပြီး ကျွယ်ရင်တော့ မရဘူး ... ကျောင်းအုပ်ဆရာမကြီးတူဆိုပြီး အနိုင်ကျင့်ရင်လည်း မရဘူး.."

ခင်ဖုန်းအတန်းထဲသို့ ဝင်သွားသည်။ အိအိဖော်နောက်မှ လိုက်သွားသည်။

"နှင်းကလည်း ရှုပ်ကလေးလာသလောက် ကလိုက်တာ ... ဒါကမြင့် နှင်တို့စက်ဘီးထားရှိ နေရာတောင်ရှင်းထားတာ ..."

"ကျေးဇူးတင်ပါတယ်ရှင်"

အိအိဇော်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"အေးဆွေ ... ဒါတို့မှာလိုက်တဲ့ ပန်းတွေပါလား ..."

ခင်ဖုန်းက အတန်းထဲမှာ ရောက်နှင့်သော အေးဆွေကို လှမ်းမေးလိုက်သည်။

"အေး ... ပါတယ် .. ဒီမှာ ..."

အေးဆွေက စားပွဲပေါ်မှ ပန်းထုပ်ကို ယူပေးသည်။

"အဲဒီပန်းထုပ်ကြီး အောက်ကျပြီး ... ပန်းတွေ ဖုန်ထဲက ပြန်ကောက်ထားတာ ... နှင်တို့သွားတော့ မနမ်းနဲ့ ရောဂါရမယ်၊ ပန်ရင်လည်း ... သူများခြေနင်းဖတ်ထဲက ကောက်ထားတာတွေ"

နေမင်းနိုးက အားမနာအပုတ်ချနေသည်။

"ဟုတ်လား ... အေးဆွေ ..."

"ဒီနှစ်ပွင့်ထဲပါ ... အထုပ်ထဲက ထွက်ကျတာ ... ဒါကြောင့်မို့ ဘေးဖယ်ထားတာ ..."

အေးဆွေ အမှန်အတိုင်းပြောလိုက်သည်။

နေမင်းနိုးတိုက်ချသည်ကို မပြောဘဲထားလိုက်သည်။

"ပေး အဲဒီနှစ်ပွင့် ငါတို့ပန်မယ် ... ကျန်တဲ့ပန်းတွေက ဆရာမပေးဖို့ ..."

ခင်ဖုန်းက လှမ်းယူပြီး အိအိဇော်နှင့်တစ်ပွင့်စီ ခွဲယူပြီး ခေါင်းမှာပန်လိုက်ကြသည်။

နေမင်းနိုး ဘာမှမပြောတော့ဘဲ အတန်းခန်းထဲမှထွက်သွားသည်။

* * *



ညနေကျောင်းဆင်းခေါင်းလောင်းထိုးသည်နှင့် ကျောင်းသူကျောင်းသားများ စာသင်ခန်းများအပြင်သို့ လျှင်မြန်စွာ ရောက်လာကြသည်။ ရေတံခါးကို ဖွင့်လိုက်သည့်အခါ ရေများအပြေးအလွှား စီးဆင်းသွားသလို ကျောင်းဝင်းတံခါးကို ဖွင့်လိုက်သည်နှင့် စက်ဘီးသမားများက လျှင်မြန်စွာ ပြေးလွှားထွက်သွားကြသည်။

"ဟယ် ... ငါ့စက်ဘီး ... လေလျော့နေပြီ ..."

ခင်ဖုန်းက သူ့စက်ဘီးကို ကြည့်ပြီး စိတ်ပျက်သွားသည်။

ဘေးနားမှာနေမင်းနိုးရှိသည်။ ခပ်လှမ်းလှမ်းမှ ထမာပင်အောက်တွင် အေးဆွေရှိသည်။ တောမရွာအထိ ခြောက်မိုင်ခရီးကို ပြန်ရမည်မို့ စာအုပ်လွယ်အိတ်ကို နောက်ဘက်မှာ အသေအချာတင်နေသည်။

"အေးဆွေရေ ... လုပ်ပါဦး ... ငါ့စက်ဘီးလေလျော့နေလို့ ..."

ခင်ဖုန်းက အေးဆွေကို အကူအညီတောင်းလိုက်သည်။

အေးဆွေ သူ့စက်ဘီးကို ထားခဲ့ပြီး လာကြည့်သည်။ ခင်ဖုန်းစက်ဘီးမှ ရှေ့ဘီးမှာ လေတော်တော်လျော့နေသည်ကို တွေ့ရသည်။ သူ့တွင် လေထိုးတံမပါ။ ဘေးနားမှ စက်ဘီးများကို လျှောက်ကြည့်သည်။ နေမင်းနိုးစက်ဘီးတွင် လေထိုးတံအသစ်လေးကို တွေ့ရသည်။

"နေမင်းနိုး လေထိုးတံခဏငှားပါကွာ ..."

အေးဆွေ၏လေသံက တောင်းတောင်းပန်ပန်။

"ရမလား ... ကိုယ့်ဘာသာဝယ်ထားပေါ့ ... မင်းပုံစံက ကြမ်းကြမ်းတမ်းတမ်းနဲ့ ငါ့လေထိုးတံက အသစ် ... ပျက်သွားရင် မင်းလျော်နိုင်လို့လား ..."

တစ်တန်းတည်းမှ ကျောင်းသားချင်းအကူအညီမပေးရုံမက

ဖိဖိနှိမ်နှိမ်ပြောနေ၍ အေးဆွေ စိတ်ပျက်သွားသည်။ ဘာမျှလည်း ပြန်ပြောချင်စိတ်မရှိတော့ပါ။

“လာ ... အေးဆွေ ... စက်ဘီးဆိုင်သွားမယ် ... ကြီးကျယ်လိုက်တာ ... သူ့လေထိုးတန်က ဘယ်လောက်တန်လို့လဲ၊ သူများကို ချိုးချိုးနှိမ်နှိမ်နဲ့ ... ဆရာမကြီးကျဖြစ်နေပြီး ကျောင်းသူကျောင်းသားချင်းမကူညီချင်ဘူး ... နိုင်းလိုက်တာ ...”

ခင်ဖုန်းမကျေနပ်၍ စက်ဘီးထောက်ကို ခြေဖြင့် ကန်၍ဖြုတ်လိုက်သည်။

“နင့်ကို မကူညီဘူးလို့ မပြောပါဘူး ... ဟိုကောင်က တောသားမို့ ကြမ်းတမ်းလို့ လေထိုးတန် မငှားချင်တာပါ ...”

ခင်ဖုန်းကိုပြောသော နေမင်းနိုး၏လေသံက ပျော့ပျော့ညင်သာဖြစ်ပါသည်။

“တောသားလည်းလူပဲ ... လေထိုးရုံနဲ့တော့ ဘယ်လေထိုးတန်မှမပျက်ဘူး ...”

ခင်ဖုန်းကတော့ မကျေနပ်

“ရပါတယ်ဟာ ငါ့လေထိုးတန်နဲ့ ... ငါကိုယ်တိုင် ကူညီပါ့မယ် ... နင်ကလည်း စိတ်ချည်းပဲ ...”

နေမင်းနိုးက လေချိုသွေး၍ ပြောရင်း သူ့စက်ဘီးမှ လေထိုးတန်ကို ဖြုတ်ယူလိုက်သည်။ အမှန်စင်စစ်ကလည်း ကူညီချင်၍ တမင်လေလျှော့ထားခြင်းဖြစ်ပါသည်။

“တော်ပါပြီ ... လာ အေးဆွေ ... စက်ဘီးဆိုင်ကျမှ လေထိုးတန်ငှားထိုးမယ် ...”

ခင်ဖုန်းက သူ့စက်ဘီးကို တွန်း၍ အေးဆွေနှင့်အတူ ထွက်ခဲ့သည်။



နေမင်းနိုး အေးဆွေကို မကျေမနပ်လှမ်းကြည့်လိုက်သည်။ ကိုယ့်အတွက်လုပ်ခါမှ သူ့အတွက်ဖြစ်သွားရသည်။

* * *

စက်ဘီးဆိုင်မှ ခင်ဖုန်းစက်ဘီးကို လေထိုးပြီးတော့ အေးဆွေက တောမရွာသို့ ပြန်ရမည်မို့ မြောက်ဘက်သို့ စက်ဘီးစီး၍ ထွက်ခဲ့သည်။

ခင်ဖုန်းက မြို့ထဲပြန်ရမည်မို့ တောင်ဘက်သို့ စက်ဘီးစီးသွားသည်။ အဖော်များအားလုံးပြန်ကုန်ပြီမို့ တစ်ယောက်တည်းဖြစ်၏။

ဘူတာနားက မန်ကျည်းပင်ကို ဖြတ်သွားစဉ် မန်ကျည်းပင်အောက်မှာ ဘီးရပ်၍ စောင့်နေသော နေမင်းနိုးက လိုက်လာ၍ ခင်ဖုန်းနှင့် ဘေးချင်းယှဉ်စီးလိုက်သည်။

ခင်ဖုန်းသိပါသည်။ လှည့်၍ ပင်မကြည့် မျက်နှာတင်းတင်းထားလိုက်သည်။

“နင်ကလည်း ... ရုပ်ကလေးလှသလောက် မာနကြီးလိုက်တာ ... ငါကူညီပါ့မယ်ပြောရက်သားနဲ့ ... ဟိုကောင်ကိုမှ နိုင်းချင်တယ် ...”

“ဘယ်သူ့မှ နိုင်းချင်တာမဟုတ်ဘူး ... နင်ပြောတာ သူများကို နှိမ်လို့ ...”

“အလကားနှိမ်တာမဟုတ်ဘူးဟာ ဒီတောသားက လူကြည့်တော့ စုတ်စုတ်နုတ်နုတ်ချွေးစော်ကို နံလို့ ... ဆင်းရဲလိုက်တာ၊ ဘီးကလည်းအစုတ် ... ဒါပေမဲ့ အတန်းထဲမှာ ချော့ပေ့လှပေ့ ချမ်းသာပေ့ဆိုတဲ့ ကောင်မလေးတွေမှ မုန်းတာ ... နင်တို့က သူ့အကြောင်းမသိလို့ သူနဲ့တွဲနေကြတာ ...”

“ဘာမှမတွဲဘူး ... သူက သဘောကောင်းတယ် ... သူများ

ကို ကျည်းချင်တယ် ... ဒါကြောင့်ရို နိုင်းကောင်းလို့ နိုင်းနေကြတာ ... ဘယ်သူမှ သူ့စိတ်မဝင်ဘူး ...''

ခင်ဖုန်းက အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်သည်။

''နင်တို့ကသာ စိတ်မဝင်စားတာ သူက ဝင်စားနေတာ ..''

''အဲဒီလိုမျိုးမရှိပါဘူး ... သူ့ငါတို့ကို မရိုးမသားဘာမှ မပြောဘူး ... ဘယ်သူနိုင်းနိုင်းလုပ်ပေးတာလဲ ..''

''နင်တို့သာ မပြောတာ ... ဒီကောင်က ရှုးသလိုလို .. ပေါ့သလိုလိုနဲ့ ကောင်မလေးတွေနားကပ်ပြီး ... အပြင်ကျတော့ အသားယူပြောနေတာ ... ဒီဘီဇော်က သူ့ကိုကြိုက်နေတာတဲ့၊ ချစ်ချစ်ထွေးကလည်း သူ့ကို မျှော်လင့်ပြီး အခြေအနေပေးနေတာတဲ့ ... ဒါပေမဲ့ နင်နဲ့သူနဲ့က ကြိုက်နေကြတာတဲ့ ...''

''ဘာပြောတယ် ... ယုတ်မာလိုက်တာ ... အေးဆွေ ဒီလိုပြောမှာမဟုတ်ဘူး ...''

ခင်ဖုန်းစက်ဘီးစီးရင်းမှ နေမင်းစိုးဘက်သို့ ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

''ဘာလို့ မပြောရမှာလဲဟ နင်ဒီကောင့်ကို အထင်ကြီးနေ ဒီကောင်အဲဒီလို အသားယူပြီး ကြွားတာကို တချို့ကောင်တွေဆို အဟုတ် ထင်နေကြတာ ...''

''ထင်ရင် သေလိုက်ပါလား ... စိတ်တောင်မကူးဘူး''

ခင်ဖုန်း၏ 'စိတ်တောင်မကူးဘူး ...' ဟူသော စကားအတွက် နေမင်းစိုးအားတက်သွားသည်။

''ငါတို့ကတော့ မယုံပါဘူး ... ဒါပေမဲ့ ဒီကောင်မဟုတ်တဲ့ နဲ့ ကြွားလို့ အမြင်ကတ်နေကြတာ ...''

''သူ ဒီလိုပြောတာ ဟုတ်ရင်တော့ ယုတ်မာတာပေါ့ ..''



''ဟုတ်တာပေါ့ဟ ငါကိုယ်တိုင်ကြားတာ ... နင်တို့ ဒီကောင့်ကို အရေးမဝင်သင့်ဘူး ...''

''ဒီကောင့်ကို ငါမေးကြည့်မယ် ... သွားတော့ နင်ငါနဲ့ အတူမလိုက်နဲ့ ... သူများတွေ တစ်မျိုးထင်တာ မခံနိုင်ဘူး ...''

ခင်ဖုန်းက မာမာကြောကြောပြောပြီး စက်ဘီးကို မင်းရဲပြောင်း ဘက်လမ်းသို့ ကွေ့ချိုးသွားသည်။

နေမင်းစိုး မြို့ထဲဘက်သို့ ဆက်နင်းခဲ့ရ၏။

* * *

ယနေ့ခင်ဖုန်း ကျောင်းသို့ စောစောထွက်လာခဲ့သည်။

အေးဆွေက အဝေးမှလာရ၍ ကျောင်းစောစောရောက်တတ်သည်။ အေးဆွေကို နှစ်ယောက်တည်းတွေ့ပြီး မေးချင်သည်။ မနေ့က နေမင်းစိုးပြောသည်ကို လုံးဝမကျေနပ်။

''အေးဆွေ ပြောတယ်ဆိုလို့ကတော့ တွေ့မယ် ...''

စက်ဘီးစီးလာရင်း ခင်ဖုန်းမျက်နှာတင်းသွားသည်။

ကျောင်းသို့ရောက်တော့ အတန်းထဲဝင်လိုက်သည်နှင့် ထင်သည့်အတိုင်း အေးဆွေရောက်နှင့်ပြီ။ အခြားယောက်ျားလေးနှစ်ယောက် နှင့် မိန်းကလေးသုံးယောက်လည်း ရောက်နေကြပြီ။ အားလုံးရွာမှ လာကြရသူများဖြစ်သည်။

မြို့ပေါ်မှ လာသူများက နောက်ကျသည်။

''နင်တို့ဖို့ ဇီးသီးယူလာတယ် ...''

အေးဆွေက ခင်ဖုန်းကို ပလတ်စတစ်အိတ်နှင့် ထည့်ထား သော ဇီးသီးများပေးသည်။

''နင့် ဇီးသီးမစားချင်ပါဘူး ... နင့်ကို မေးစရာရှိတယ် လိုက်ခဲ့''

ခင်ဖုန်းစာသင်ခန်းထဲမှ ပြန်ထွက်သွားသည်။ မျက်နှာက တင်းသည်။ ဖလော်ကမာသည်။

"ဘာမေးမှာပါလိမ့် ..."

အေးဆွေ စီးသီးထုပ်ကို ထားပစ်ခဲ့ပြီး ခင်ဖုန်းနောက်သို့ လိုက်ခဲ့ရသည်။

ခင်ဖုန်းက ကျောင်းဘေးတမာပင်အောက်မှ စောင့်နေသည်။

"ဘာမေးမှာလဲ ..."

အေးဆွေက ခင်ဖုန်းမေးမည်ကို သိချင်နေသည်။

"နင်က ... ငါတို့ ရိုးရိုးသားသားခင်လို့ ခိုင်းတာကို အခွင့်အရေးယူပြီး ... အသားယူပြောနေတယ်တဲ့ ဟုတ်လား ..."

ခင်ဖုန်းက ပြောင်မေးရမှာ ရှက်၍ သွယ်ဝိုက်မေးလိုက်သည်။

"မဟုတ်ပါဘူး ... ငါဘာမှမပြောပါဘူး ..."

"ရှုပ်ပါတယ်ဟာ သူပြောတဲ့အတိုင်းပဲ ပြောင်ပဲမေးမယ် ... နင်နဲ့ငါနဲ့ ကြိုက်နေကြတယ်လို့ နင်က ပြောတယ်တဲ့ ဟုတ်လား .."

မမျှော်လင့်သောစကားကို ကြားရ၍ အေးဆွေသိပ်ကို အံ့ဩသွားသည်။

"ဟင် ... နင့်ကို ဘယ်သူပြောတာလဲ ..."

အေးဆွေ မကျေမနပ်ပြန်မေးလိုက်သည်။

"ဘယ်သူပြောပြော အဲဒါအရေးမကြီးပါဘူး ... နင်ပြောမပြောဘဲ ငါသိချင်တယ် နင် ... ငါ့ကိုတော့ မညာနဲ့ ..."

ခင်ဖုန်းပြောနေပုံက အပေါ်စီးလေသံနှင့်ဖြစ်သည်။

"ငါ ... စိတ်တောင်မကူးဘူး ..."

"ငါကလည်း ... နင့်ကို စိတ်မကူးပါဘူး ..."

ခင်ဖုန်းကစွာသည်။ အေးဆွေပြောပုံကို မကျေနပ်သောလေသံနှင့်



"ဟို ... ငါစိတ်တောင်မကူးဘူးလို့ ပြောတာက အဲဒီလို ပြောဖို့ စိတ်တောင်မကူးဘူးလို့ ပြောတာ ..."

အေးဆွေ ဖြေရှင်းချက်ပေးမှ ပိုဆိုးသွားသည်။

"ဟင် ... နင်က ပြောဖို့စိတ်မကူးဘူး ... ဆိုတော့ ဘာတော့ စိတ်ကူးလဲ"

အေးဆွေ ခေါင်းခါလိုက်သည်။

"ဘာမှ စိတ်မကူးပါဘူး ... နင်တို့ငါ့ကို စိတ်မကူးဘူးဆိုတာလဲ ပြောစရာမလိုပါဘူး ... သိပါတယ်။ ငါ့ကို ခိုင်းကောင်းလို့ ခိုင်းနေကြတာပါ ... ဒါပေမဲ့ ... ငါက နင်တို့ကို တစ်တန်းထဲက သူငယ်ချင်းတွေမို့ခင်လို့ လုပ်ပေးနေတာပါ ... ငါတို့က တောသားတွေပါ ... ဆင်းရဲပါတယ် ... နင်တို့ရဲ့စာရင် ဘာမဆို နိမ့်ကျပါတယ်။ ကိုယ့်ဘာကိုယ်သိပါတယ် ... ရိုးရိုးသားသား ခင်လို့ လုပ်ပေးနေတာပါ ..."

အေးဆွေ၏ မျက်နှာမျက်လုံးတို့ကို အကဲခတ်ခြင်းဖြင့် ရိုးရိုးသားဖြစ်သည်ဟု ခင်ဖုန်းနားလည်သွားသည်။

အေးဆွေပြောနေပုံမှာလည်း စိတ်မကောင်းစရာဖြစ်သည်။

"ဒါဆို ... နင်မပြောဘူးဆိုတာ သေချာတယ်ပေါ့ ..."

ခင်ဖုန်းက အနိုင်အမာထပ်မေးသည်။

"သေချာပါတယ် ... ဘယ်သူနဲ့မဆို ဆုံပြီး ရှင်းရဲပါတယ်"

"ရှင်းစရာမလိုပါဘူး ... ငါတို့လည်း တစ်တန်းထဲက သူငယ်ချင်းတွေ ... နင်က ရိုးသားတယ်ဆိုပြီး ... ခင်တာ ဒါပေမဲ့ ငါ တစ်ခုတော့ ထပ်မေးဦးမယ် ..."

"မေးပါ ..."

"နင် ... မပြောတာ သေချာသလို ... ငါတို့ကို ...

မရှိမသားစိတ်မရှိဘူးဆိုတာရော သေချာလား ...''

ခင်ဖုန်းက အေးဆွေ၏မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်နေသည်။

အေးဆွေ အစတော့ ခံကြည့်သေးသည်။ ရိုးသားကြောင်းပြဖို့ဖြစ်သည်။ သို့သော် ခင်ဖုန်း၏ မျက်လုံးများက လှစ်ခနဲသာမက လင်းလက်မှုလည်း အားကောင်း၍ မျက်စိကျိန်းလာသောကြောင့် အေးဆွေအကြည့်လွှဲရင်း စိတ်မျက်စွာ အဖြေပေးလိုက်သည်။

''နင် ... မယုံရင် ... ငါ့ကို မခေါ်နဲ့တော့ ... မနိုင်နဲ့တော့ ..''

အေးဆွေ ထွက်သွားရန် လှည့်ရှားလိုက်သည်။

''နေဦး ... အေးဆွေ မသွားနဲ့ဦး ... ငါမေးတာဖြေခဲ့ဦး နင် ငါ့တင်မဟုတ်ပါဘူး ... အိအိဇော်တို့ ချစ်ချစ်ထွေးတို့ပါ နင် ဘယ်သူ့မှ မရိုးသားတဲ့ စိတ်မရှိဘူးဆိုတာ သေချာလား''

''အေး ... သေချာတယ် ... ငါ ... နင်တို့ကို ရိုးရိုးပဲခင်တာ ...''

အေးဆွေလှည့်ထွက်သွားလေသည်။

''ကောင်းတယ် ... ဒါဆိုရင် ... ဘယ်သူက ဘာပြောပြော ငါတို့ နင့်ကို ဆက်ခင်မယ် ...''

* * *

ခင်ဖုန်းက ထွက်သွားသော အေးဆွေကြားအောင် လှမ်းပြောလိုက်သည်။

အေးဆွေ ကျေနပ်ပါသည်။

♛ ♛ ♛



လေပွေလေရူးများတိုက်သည့် နွေဦးကာလသို့ ရောက်လာခဲ့ပြီ။ ရွက်ဝါများ ကြွေ၍ လေပွေမှာ မွှေဝဲလိုက်ပါသွားကြသည်က နွေ၏ မတည်ငြိမ်သော လှုပ်ရှားမှုများဖြစ်နေ၏။

နွေရှုခင်းများကို ကြည့်၍ ကျောင်းသို့ စက်ဘီးဖြင့် လာရင်း နေမင်းစိုးဇော်ရင်ထဲလည်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

နွေခင်းပိုင်းတွင် သချ်ာချိန်ပြီးသည်နှင့် ဆယ်တန်းကျောင်းသားများကို ကိုယ်ပိုင်စာကြည့်ချိန်ပေးရန် ကျောင်းဆင်းပေးတော့မည်ဖြစ်သည်။

ယနေ့ကျောင်းတက်ရသည်မှာ နောက်ဆုံးအချိန်ဖြစ်သည်နှင့် အမျှ ခင်ဖုန်းမျက်နှာကို နီးနီးကပ်ကပ်ကြည့်မြင်ခွင့်ရသည်မှာလည်း ကုန်ဆုံးသွားတော့မည်။ အစတုန်းက ခင်ဖုန်းမှာ အတန်းထဲတွင် မိမိနှင့်အရင်းနှီးဆုံးဖြစ်ခဲ့ရာမှ နောက်ပိုင်းတွင် တောမှကျောင်းလာတက်သော အေးဆွေကို နိုင်းကောင်းကောင်းနှင့် နိုင်းရင်း အေးဆွေနှင့်ပိုရင်းနှီးသွားသည်။

နီးသလိုလို အသလိုလိုနှင့် မိန်းကလေးများနှင့် အရောအနှောလုပ်နေသော အေးဆွေကို မကျေနပ်။

သူ့ကို ခင်ဖုန်းအထင်ကြီးမည်မဟုတ်သည်ကို သိသော်လည်း ရင်းရင်းနှီးနှီးနေသည်ကိုပင် မကြိုက်၊ ကိုယ်နှင့်သာရင်းရင်းနှီးနှီး နေစေချင်သည်။

ကျောင်းအုပ်ဆရာမကြီး၏ တူဖြစ်၍ အတန်းမော်နီတာလည်း ဖြစ်သော မိမိကို မိန်းကလေးများအားလုံး တရင်းတနှီးခေါ်ပြောနှုတ်ဆက် လုပ်သော်လည်း ခင်ဖုန်းကတော့ သူ့ခေါ်မှထူးသည်၊ သူမေးမှ ပြောသည်၊ ရင်းရင်းနှီးနှီးမရှိ။

ယနေ့သင်္ချာသင်ပြီး၍ ကျောင်းဆင်းပေးလျှင် မင်းမွေးတောင်ဘက်မှ စက်ဘီးဖြင့် ပတ်ပြီး တောင်နောက်ကျောင်းရွာသို့ သွားကြမည်၊ တောင်နောက်ကျောင်းရွာမှ သန်းရင်က ကားဂိတ်အကြော်ဆိုင်မှာ အကြော်ကျွေးမည်။

မနေ့ညနေကတည်းက ခင်ဖုန်းကိုပါရအောင် ခေါ်ခဲ့ဖို့ သန်းရင်ကိုပြောထားသည်။ သန်းရင်ပြောတော့ ခင်ဖုန်းက အိအိဇော်လိုက်မှ လိုက်မည်ဆို၏။ အိအိဇော်တို့လိုက်မည်ဆိုပြန်တော့လည်း ယောက်ျားလေးများမပါမှ လိုက်မည်ဆို၏။ သန်းရင်က ဘယ်သူမှမပါပါဘူး ... ပြောပြီး ခေါ်ထားသည်။

''ဟင်း ...''

နေမင်းစိုး သက်ပြင်းတစ်ချက်ချလိုက်သည်။

ကိုယ်က ဇော်မိုးတို့ ရာဇာထွန်းတို့နှင့် တာလမ်းဘက်မှ အကြော်ဆိုင်ကို သွားနှင့်ရမည်။

မြောင်းဘောင်တစ်လျှောက် ခင်ဖုန်းတို့နှင့်အတူတူ စက်ဘီးနင်းသွားရလျှင် သိပ်ပျော်စရာကောင်းမည်။

သို့သော် မဖြစ်နိုင်၊ သန်းရင်ပြောသည့်အတိုင်း အကြော်ဆိုင်ကို အလျင်သွားနှင့်ရမည်၊ သူတို့ရောက်လာမှ မမျှော်လင့်ဘဲတွေ့ရသည့်



ပုံဖြစ်ရမည်။

အပြန်ကျရင်တော့ ပျော်စရာ၊ ကားလမ်းအတိုင်း ကျောက်ဆည်သို့ စက်ဘီးများနှင့်အတူ ပြန်လာရမည်။

နေမင်းစိုး စက်ဘီးကို မြန်မြန်လေးနင်းလိုက်၏၊ ကျောင်းကို မြန်မြန်ရောက်၊ ကျောင်းမြန်မြန်ဆင်း၊ အကြော်ဆိုင်ကို မြန်မြန်ရောက်၊ ခင်ဖုန်းနှင့် မြန်မြန်တွေ့ချင်သည်။ အပြန်မှာ စက်ဘီးအတူစီးရင်း စကားလေးတွေ အပေးအယူမျှချင်သည်။ အကြည့်ချင်လည်း ရင်းနှီးချင်သည်။

''ခင်ဖုန်းရယ် ...''

ရင်ထဲမှာတင်မြည်တမ်းရင်း ပင့်သက်တချက်ရှူလိုက်ပြန်၏။

* * *

အမျှော်လင့်ကြီး မျှော်လင့်နေခဲ့သော အချိန်သို့ ရောက်လာခဲ့ပါပြီ။

သင်္ချာသင်ပြီးသင်သည်နှင့် သင်္ချာဆရာဦးတင်မောင က ကျောင်းဆင်းပေးလိုက်သည်။

နေမင်းစိုး စာသင်ခန်းထဲမှ အမြန်ထွက်ခဲ့၏။ အဆောင်ထဲမှ ထွက်ပေါက်တံခါးတွင် အေးဆွေက လမ်းပိတ်နေသေးသည်။

''ဟော့ကောင် ... တောသား ... မြန်မြန်ဖယ်စမ်း ... ဘာဖြစ်လို့ လမ်းပိတ်ရပ်နေရတာလဲ ...''

အခွင့်ရခိုက်မှာ အေးဆွေကို ငေါက်လိုက်ရသေးသည်။

''ဖယ်မှာပါဗျာ .. ဖယ်မှာပါ ... မပိတ်ပါဘူး ...''

အေးဆွေဖြေပုံက မြူးမြူးကြွကြွဖြစ်နေသည်ကို သဘောမကျ၍ နေမင်းစိုးရှေ့လွန်သွားပြီးမှ နောက်လှည့်ကြည့်လိုက်သည်။

တိုင်းအောင် စက်ဘီးနှစ်ယောက်တင်၍ရမရ အေးဆွေ မေးနေသည်ကို ကြားရသည်။

"ပေါ့ကောင် မင်းတို့ ဘယ်လျှောက်သွားမလို့လဲ ... ကိုယ့်အိမ်ကိုယ်တန်းတန်းမတ်မတ်ပြန် ... ဒါတွေကြည့်ပြီ ကျောင်းဆင်းပေးတာ ... လျှောက်လည်ဖို့မဟုတ်ဘူး ..."

နေမင်းစိုးက မော်နီတာလေသံနှင့် လှမ်းအော်လိုက်သည်။

အေးဆွေ ဘာမျှပြန်မပြောဘဲ အတန်းခန်းထဲသို့ ဝင်သွားသည်။

"နေမင်းစိုး ... လာလေကွာ ... နောက်ကျနေလိမ့်မယ် ."

ဇော်မိုးက လှမ်းခေါ်နေပြီ။

နေမင်းစိုး စက်ဘီးထားသည့်နေရာသို့ အမြန်ထွက်လာခဲ့၏။

တမာပင်အောက်တွင် သန်းရှင်တို့အဖွဲ့ကို တွေ့ရသည်။

"မသွားသေးဘူးလား .."

သန်းရှင်ကို နေမင်းစိုးလှမ်းမေးလိုက်သည်။

"သွားမှာ ... လူမစုံသေးလို့ စောင့်နေတာ ..."

သန်းရှင်က စာသင်ခန်းဆီသို့ အကြည့်နှင့်ပြသည်။

နေမင်းစိုးက နားလည်စွာ ခေါင်းညိတ်ပြသည်။ စာသင်ခန်းထဲမှာ ခင်မှုန်းတို့ ကျန်သေးသည်။

နေမင်းစိုးရင်ထဲမှာလည်း အပြုံးတွေ အပျော်တွေနှင့် ပြုံးမြူးကြွကြွဖြစ်နေ၏။

ရာဇာထွန်းနှင့် ဇော်မိုးက ထွက်သွားကြပြီမို့ နေမင်းစိုးစက်ဘီးကို အပြေးတွန်းထုတ်၍ အပြေးခုန်တက်ပြီး အပြေးအမြန်ထွက်လာခဲ့သည်။

* * *

ကျောင်းမှ ထွက်သည်နှင့် ကျောင်းဝန်းကျင်မှာ ပေါက်ပင်များ ရဲရဲနီနီပွင့်နေကြသည်။ ကြက်မင်းတွန်တောင်ကြားလမ်းမှ စက်ဘီးနှင့်၍ ထွက်လာတော့ လက်ပံပွင့်နီနီများ လမ်းပေါ်သို့ တဖြုတ်ဖြုတ်ကြွေ



ကျနေသည်။ လက်ပံပင်အမြင့်ကြီးများမှာလည်း ပင်လုံးကျွတ်အနီရောင် ချယ်ထားကြသည်။

နေမင်းစိုး စက်ဘီးကို အမြန်နင်းလာ၍ ကားလမ်းပေါ်ရောက်သည်နှင့် ရာဇာထွန်းနှင့် ဇော်မိုးတို့၏ စက်ဘီးများကို မှီလာသည်။

စက်ဘီး(၃)စင်းလုံးအသစ်များဖြစ်၍ အပြိုင်အဆိုင် အမြန်နင်းခဲ့ကြသည်။

"တီ ... တီ ... တီ ..."

စက်ဘီးသုံးစင်း ကားလမ်းပေါ်မှာ ပြိုင်နင်းလာကြ၍ နောက်မှ ကားက ဟွန်းပေးကျော်တက်ပြီး မကျေမနပ်ကြည့်သွားကြသည်။

လမ်းဘေးမှာ ရိုးပြတ်ငုတ်တို လယ်ကွင်းများ၊ ပေါက်ပင်တို့၏ အနီရောင်များ အရှေ့ဘက်မှ တောင်ကြီးများနှင့် သာယာလှပနေသည်။

"ခုလောက်ဆို သူတို့လည်း မင်းရဲမြောင်းအတိုင်း စက်ဘီးတွေနဲ့ လာနေကြလောက်ပြီ"

မင်းရဲမြောင်းရှိရာ အရှေ့ဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ မြောင်းဘောင်တစ်လျှောက်မှာ နီရဲစွာပွင့်နေကြသော လက်ပံပင်ကြီးများကိုသာ လှမ်းမြင်ရသည်။

မင်းမွေးတောင်သွားသော လမ်းခွဲကို လွန်ပြီးမကြာမီမှာပင် တောင်နောက်ကျောင်းရွာသို့ရောက်ကြသည်။

ယိမ်းနွဲ့နေသော အုန်းပင်များ စိမ်းလန်းအုပ်မိုးနေသော သစ်ပင်များ၊ မြက်ခင်းစိမ်းစိမ်းများနှင့် သာယာလှပသော တောင်ခြေရွာလေးဖြစ်သည်။

ကားလမ်းဘေးမှ အကြော်ဆိုင်မှာ စက်ဘီးများကို ရပ်လိုက်ကြသည်။ ဆိုင်ထဲမှာ ခုံများခင်းထားသည်။ အကြော်ကလည်း ကြော်

နေမဲ့ ပျော့မွှေးနွေးဖြစ်သည်။

နေမင်းစိုးတို့ အကြော်တစ်ပွဲမှာစားရင်း သန်းရင်ခေါင်းဆောင်သည့် ခင်ဖုန်းတို့အဖွဲ့ရောက်လာမည်ကို စောင့်မျှော်နေကြသည်။

အကြော်တစ်ပွဲကုန်သည်အထိ မလာကြသေး။

"ဟေ့ကောင် .. မင်းဟာ ... သေချာရဲ့လား ..."

ဇော်မိုးက နေမင်းစိုးကို လှမ်းမေးလိုက်သည်။

နေမင်းစိုး ဘူးသီးကြော်ကို ချဉ်ရည်ခွက်ထဲနှစ်နေရာမှ သန်းရင်တို့လာမည့်လမ်းဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ဘာအရိပ်အယောင်မျှ မမြင်ရသေး။

"သေချာတယ်လို့ ပြောတာပဲကွ ... လာမှာပေါ့ ... သူတို့ စက်ဘီးနင်းတာ နှေးလို့နေမှာပေါ့ ..."

"နောက်ထပ်အကြော်စုံတစ်ပွဲ ..."

ရာဇာထွန်းက ထပ်မှာနေသည်။

"အအေးဆွဲလည်း မတွေ့သေးဘူးနော် ... ဒီကောင်တော မပြန်ရင် ဒီလမ်းက ပြန်ရမှာ ..."

ဇော်မိုးပြောသည်က စဉ်းစားစရာဟု နေမင်းစိုးအတွေးဝင်သွားသည်။

ကားလမ်းမဆီသို့ လှမ်းကြည့်လိုက်သည်။ မော်တော်ကားတစ်စီးမောင်းသွားသည်သာ တွေ့ရသည်။ အအေးဆွဲကို မမြင်ရ။

"ဒီကောင်က ... ကောင်မလေးတွေနဲ့ ဖြောင်းဖောင်က အတူပါလာမှာလား မသိဘူး"

ရာဇာထွန်း ပေးသော ထင်မြင်ချက်ကြောင့် နေမင်းစိုးရင်ထဲမှာ အမှုလှိုင်းများဖြတ်သန်းသွားသည်။

"ဖြစ်ချင်ဖြစ်နိုင်တယ် ..."ဟု စဉ်းစားမိသောအခါ



အအေးဆွဲကို မကျေမနပ်ဖြစ်ရသည်။

"ငါတို့ကျတော့ ယောက်ျားလေးမပါရဘူး ပြောထားတာပဲကွ"

"ဒီကောင်က ယောက်ျားမှ မဟုတ်တာကွ ... ကောင်မလေးတွေနဲ့အတူပါရင် ... ငါလို့ရတာပေါ့ ... ဟား ... ဟား ... ဟား"

ရာဇာထွန်းနှင့် ဇော်မိုးတို့သဘောကျစွာ ရယ်ကြသည်။

နေမင်းစိုးကတော့ ပြုံးရုံသာ ပြုံးလိုက်သည်။ ရင်ထဲမှာ အအေးဆွဲကို မနာလိုစိတ်ကြီးစွာ ဖြစ်နေ၏။

"မမသန်းတို့လာပြီ ..."

နောက်ထပ် အကြော်ပွဲတစ်ဝက်လောက်ကုန်ချိန်မှာ ဆိုင်မှ မိန်းကလေး၏ အော်ပြောသံကြောင့် နေမင်းစိုးတို့အဖွဲ့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ မှန်သည်။ သန်းရင်ဦးဆောင်၍ စက်ဘီးများလာနေသည်။

နေမင်းစိုးလှမ်းကြည့်လိုက်သည်။ ယောက်ျားလေးတစ်ယောက်မျှမပါ။ မိန်းကလေးများချည်းဖြစ်သည်။ အအေးဆွဲကို မနာလို၍ ပူလောင်နေသောစိတ်များ ပျောက်သွားသည်။

စက်ဘီးများ ဆိုင်နားသို့ ရောက်လာကြပြီ။

"ဟင် ..."

နေမင်းစိုးရင်ထဲမှာ ဟာသွားခြင်းနှင့်အတူ မကျေနပ်စိတ်များကြီးထွားလာရပြန်သည်။

သန်းရင်တို့အဖွဲ့တွင် မိန်းကလေး (၈)ဦးဖြစ်သော်လည်း ခင်ဖုန်း၊ အိအိဇော်နှင့် ချစ်ချစ်ထွေးတို့ ပါမလာ။

"ဟေး ... သန်းရင် နင်တို့နောက်ကျလိုက်တာ ... ဒီမှာ ငါတို့တောင် အကြော်နှစ်ပွဲကုန်တော့မယ် ..."

ရာဇာထွန်းက လှမ်းအော်လိုက်သည်။

"အေး … ငါတို့က ခင်ဖုန်းတို့ လိုက်မယ်ဆိုလို့ စောင့်နေတာ အကြာကြီး … နောက်မှ သူတို့က အေးဆွေတို့ တိုင်းအောင်တို့နဲ့ ဝေဘူရှောင်ဘက်မှာ ဇီးသီးစားကြမယ်ဆိုပြီး ထွက်သွားကြတယ် … စိတ်တိုစရာကောင်းလိုက်တာ …"

သန်းရင် ဆိုင်ထဲသို့ ဝင်လာရင်း မကျေမနပ်ဖြစ်နေသည်။

"ဟင် … လူပါးဝတဲ့ကောင် …"

သန်းရင်က စိတ်တိုစရာကောင်းရုံရှိသေးသည်။ နေမင်းစိုးရင်ထဲမှာတော့ အေးဆွေကို မကျေနပ်စိတ်များ ပေါက်ကွဲနေပြီး စိတ်ကူးယဉ်ထားသည့် ကြည်နူးစရာအပျော်လေးများနေရာမှာ မကျေနပ်စရာဒေါသမုန်တိုင်းက တိုက်နေပြီ။

ကိုယ့်ကိုတော့ ယောက်ျားလေးမပါရဟု ပြောခဲ့ပြီး အေးဆွေနှင့်ကျတော့ ဝေဘူရှောင်ဘက်သို့ သွားသည်။

နေမင်းစိုး ကျောက်ဆည်သို့ အပြန်သွားပြီး ဝေဘူရှောင်ဘက် လိုက်ရှာချင်သည်၊ တွေ့လျှင် အေးဆွေကို ဆွဲထိုးပစ်လိုက်ချင်သည်။

သို့သော် ချက်ချင်းထပြန်သွားလျှင် သန်းရင်တို့တစ်ဖွဲ့လုံးက မကျေမနပ်ဖြစ်ကြမည်၊ နည်းအမျိုးမျိုး ရွပ်စွဲပုတ်ခတ် ပြောဆိုကြလိမ့်မည်။

"မလာချင်နေပေါ့ … သူတို့က အနံကြီး ကွင်းကျယ်တွေ …"

ဇော်မိုးက ရှုံ့ချရင်း တို့ဟူးကြော်တစ်ခုကို ကောက်ဝါးလိုက်သည်။

"လာတဲ့လူတွေ … အကြော်စားရတာ ကောင်းတာပေါ့ … ဇီးသီးက ချဉ်တယ်၊ ရင်ကျပ်တယ် မကောင်းဘူး …"

"ဟုတ်တယ် … ဟုတ်တယ် … ရာဇာထွန်းပြောတာ



မှန်တယ် … အကြော်မြန်မြန်ချပေးပါ …"

မိန်းကလေးများ ဆိုင်ထဲမှ စားပွဲဝိုင်းများမှာ နေရာယူကြသည်။

ချပေးသော အကြော်များကို အချဉ်နှင့်တို့၍ စားကြ၊ ရေနွေးကြမ်းသောက်ကြနှင့် ပွဲကြမ်းနေကြသည်။

ဆာဆာနှင့်စား၍ ကောင်းသလို စကားပြောသံများလည်း ဆူညံနေသည်။ နေမင်းစိုးကတော့ အမြန်ဆုံးပြန်နိုင်မည့် အခွင့်ကောင်းကို စောင့်နေသည်၊ တစ်စက္ကန့်မျှ ဆက်နေချင်စိတ်မရှိ၊ ကျောက်ဆည်အမြန်ပြန်ရောက်လျှင် အေးဆွေနှင့် ခင်ဖုန်းတို့ကို ပြဿနာတစ်ခုခု လုပ်ချင်သည်။ ခက်သည်က အမြန်ပြန်ရန် ဘယ်လိုအကြောင်းပြရမှန်းမသိ။

ဇော်မိုးနှင့် ရာဇာထွန်းကလည်း မိန်းကလေးများနှင့် ရောလိုက်ပြောလိုက် ထပ်စားလိုက်နှင့် ပွဲတော်ကြီးတွေပြီး ပျော်နေကြသည်၊

"ဟော … မော်နီတာကြီး ငြိမ်နေပါလား … စားတာလည်း မတွေ့ဘူး … ဘာလဲ ခင်ဖုန်းပါမလာလို့ … ဆွေးနေတာလား"

မိမိချိုပြောမှ အကြော်စားနေသော မိန်းကလေးများ နေမင်းစိုးဆီသို့ လှမ်းကြည့်ကြသည်။

"ဟုတ်တယ်ဟေ့ … လှည့်ကြပါဦး၊ ငါတို့ မော်နီတာကြီး ဆွေးနေတာ သနားပါတယ် …"

မိန်းကလေးများက ဝိုင်းပြီးပြောကြရယ်ကြသည်၊

"ဘာလို့ဆွေးရမှာလဲ … ငါက နင်တို့အရင်ရောက်ပြီး နှစ်ပွဲတောင်စားထားလို့ဝနေပြီ၊ ဒါကြောင့်မို့ နင်တို့ စားတာကြည့်ပြီး သဘောကျနေတာ …"

"ကြည့်ချင်ကြည့်လေ … ငါတို့က ဆာနေတာ … ဝါးတီးပဲ"

"ဟုတ်တယ် ဖိုးတီးပဲ ..."

"ဒီဘက်ကို အချဉ်တစ်ပွဲထပ်ပေးပါဦး"

"အကြော်နှစ်ပွဲယူခဲ့ပါဦး"

"မော်နီတာကြီး ဝနေရင် ... အကြော်ပွဲကျချပေးပါလား"

မိန်းကလေးများအားလုံး ရယ်ရွှင်စွာ ပြောဆိုရင်း အကြော်စားနေကြသည်မှာ ပျော်စရာ။

"အေးအေးဆိုတဲ့ ကောင်ကလည်း ... ဒီဘက်လမ်းကို ပြန်မှမှာ ... ဒီဘက်လာတဲ့မိန်းကလေးတွေနဲ့ မလိုက်ဘူး ... ဝေဘူရှေ့သွားတဲ့ ခင်ဖုန်းတို့နဲ့လိုက်သွားတယ်"

သန်းရင်အေး ပြန်ဖော်လိုက်မှ နေမင်းစိုး အေးအေးကို ပိုပြီမကျေနပ်ဖြစ်ရပြန်သည်။

"သူက တောသားပေမဲ့ မသန်းတို့လို တောသူတွေနဲ့ ပေါင်းချင်တာ မဟုတ်ဘူးလေ ... မျက်နှာကြီးရာ ... ဟင်းဖတ်ပါ ... ခင်ဖုန်းတို့ အိုးအိုးဖော်တို့ ငိုးတာ လုပ်ချင်တာ ..."

မိန်းကလေးတစ်ယောက်က ထောက်ခံသည်။

"ဟုတ်တယ်လေ ... ငါတို့မော်နီတာကြီးကမှ တော်တာတွေလား ... မျက်နှာကြီးရာ မလိုက်ဘူး ... မြို့ပေါ်မှာ နေတဲ့လူတွေက ရွာစရိုက်ကို လိုက်လာတာ ..."

မိန်းကလေးတစ်ယောက် နေမင်းစိုးကို နှိုးမြှံလိုက်သည်။

"ဟုတ်တယ်လေ ... အဲဒါသိပ်မှန်တယ် ..."

မိန်းကလေးများ လက်ခုပ်တီး၍ နေမင်းစိုးကို နှောက်ယှက်ကြသည်။ နေမင်းစိုး ဂုဏ်ယူစွာ ပြုံးလိုက်သော်လည်း ကိုယ့်အကြောင်းကိုယ်သိပါသည်။

ခင်ဖုန်းလိုက်မည်ဆို၍ ရွာစရိုက် လိုက်လာခြင်းဖြစ်သည်။ အခုအခါ ပြန်ပြန်ချင်နေပြီ။





နှင်းဆက်ခန့်ကြဲအောင် စားပြီးတော့ ... မိန်းကလေးများ ဖိုက်ဆော၍ လက်နှေးတော့ကြသည်။ စားပြီးမောနိုင်ကြတော့ပါ။

"ကဲ အကြော်စားတို့ ဝရင် .. ရွာထဲက မြတ်ပြီးတောင်ခြေ ဘုန်းကြီးကျောင်းကို သွားမယ် ... မိုးညှိုးစားရမယ် ... ရောက်ရှိပြီး တို့ စောင်းလျှားသီးတို့လည်း စားရမယ် ..."

သန်းရင်က အစီအစဉ်အသစ်ပြောင်းရန် အဆိုပြုသည်။

"ငါတို့တော့ မလိုက်တော့ဘူးနော် ... ပြန်မယ် ... ဒီမှာ သိတာမဟုတ်ဘူး ... သူများတွေ ပြန်ရောက်ရှိသားနဲ့ ကိုယ်က မရောက်ရင် အတွဲရှာ သိပ်ကြလို့မဖြစ်ဘူး ..."

နိုနိုမြင့်က ပြန်ချင်ပြီ

"ငါတို့ကတော့ ရတယ် တောင်ခြေကျောင်းက သိပ်သာယာတာပဲ ... နှာမည်ကြီး ကြံ့တုန်းရောက်အောင်သွားမယ် ..."

မော်မော်အောင်တို့အဖွဲ့က ခရီးဆက်ဦးမည်။

နေမင်းစိုးအတွက် ဟန်ကျသွားသည်။

"ရတယ်လေ ... အဲဒီလိုဆိုရင် ... ဖော်မိုးနဲ့ ရာဇာထွန်းက ကျန်တဲ့အဖွဲ့နဲ့နေခဲ့ကြ ... ငါလည်း မပြန်ချင်သေးဘူး တောင်ခြေကျောင်းကို လိုက်ချင်တယ် ဒါပေမဲ့ နိုနိုမြင့်တို့နဲ့ ငါပြန်လိုက်ပို့မယ်"

"ကောင်းတယ် ... ကောင်းတယ် .. မော်နီတာကြီးကို ကျေးဇူးတင်ပါတယ် ..."

နိုနိုမြင့်က နေမင်းစိုးကို ကျေးဇူးတင်နေသည်။ ပြန်မည့်အဖွဲ့မှာ မိန်းကလေး (၄) ယောက်ဖြစ်သည်။ မပြန်ချင်သေးသော နေမင်းစိုးက ရှေ့ဆုံးမှာ ရောက်နေသည်။ စိတ်ကကျေနပ်သည့်အထိရောက်နေပြီ

"သိကြသေးတာပေါ့ကွာ ..."

အေးအေးကို လုံးဝမကျေနပ်။

တာသင်ခန်းမှအထွက်တွင် လယ်ဖယ်နိုင်းစဉ်က ''ဖယ်မှာပါ ဖျာ... ဖယ်မှာပါ''ဟု မြူးမြူးကြွကြွဖြစ်နေသည်။

အဲဒီကတည်းက သူတို့အစီအစဉ်ရှိနေကြတာ...

ကိုယ်ကမသိတဲ့ မျှော်လင့်ချက်ကြီးစွာ တောင်နောက်ကျောင်းရွာအကြော်ဆိုင်ရောက်အောင် အမြန်သွားနှင့်ရသည်။

''ဒီတောသားက ရူးသလို ပေါသလိုနဲ့ အတော်လူပါးဝတာပဲ''

ခင်ဖုန်းကိုလည်း မကျေနပ်။

''အချိန်မီသာ ပြန်ရောက်လို့တော့ နှစ်ယောက်စလုံး ဒုက္ခအကြောင်း သိရမှာပေါ့''

နေမင်းစိုး စက်ဘီးကို ပို၍ မြန်မြန်နင်းလိုက်သည်။

''မော်နီတာကြီး... မြန်လှချည်လား နောက်က မိန်းကလေးတွေ စောင့်ပါဦး''

ဒိုဒိုမြင့်လှမ်းအော်မှ နေမင်းစိုး အရှိန်လျှော့လိုက်ရသည်။

''နင်ပဲ ပြောတာပဲ နောက်ကျရင် အိမ်က ဆူမှာဆိုးလို့ အမြန်နင်းရတာ''

ဒိုဒိုမြင့်တို့ မိန်းကလေးများ ခပ်မြန်မြန်နင်း၍ လိုက်ရသည်။

မိနစ် (၂၀) သာကြာသည်။ ကျောက်ဆည်သို့ ရောက်သွားသည်။

လမ်းတွင် အေးဆွေကို မတွေ့ရ။ အေးဆွေပြန်လျှင် ဤတာလမ်းအတိုင်းပြန်မည်ဖြစ်၍ လမ်းမှာ မလွဲမသွေတွေ့ရမည်။

မြို့ထဲသို့ရောက်သည်နှင့် နေမင်းစိုးမိန်းကလေးများနှင့် လမ်းခွဲလိုက်သည်။ အရင်ဆုံး ခင်ဖုန်းတို့အိမ်သွားသည်။

အိမ်အောက်ထပ်မှ ရွှေဆိုင်မှာ ခင်ဖုန်းအမေကို တွေ့ရသည်။

''အန်တီ... ခင်ဖုန်းအိမ်ပြန်ရောက်ပြီလား...''





''ဟော... မရောက်သေးဘူး... သူများတွေ ပြန်လာတာတော့ တွေ့တယ်''

''သူကတော့ မပြီးသေးလို့ ဆရာမက ပြန်မလွှတ်သေးတာလားမသိဘူး... သူ့ သူငယ်ချင်းအိအိဇော်နဲ့ ချစ်ချစ်ထွေးလည်း ပြန်မလာကြသေးဘူး''

''ကျောင်းဆင်းလွှတ်လိုက်တာ နှစ်နာရီတောင် မကတော့ဘူး အန်တီ... ကျွန်တော်က ခင်ဖုန်းတို့အတန်းက မော်နီတာပါ... သူ... ဟို... တောမရွာက အေးဆွေဆိုတဲ့ကောင်နဲ့ တောချောင်ဘက် သွားပြီးချိန်းတွေ့နေကြတယ်... ကြားလို့...''

''ဟင်...''

ခင်ဖုန်းအမေ ထိတ်ထိတ်ပြာပြာဖြစ်သွားသည်။ နံရံကပ်နာရီကိုလည်း ကြည့်လိုက်တော့ ညနေ (၃)နာရီကျော်နေပြီ။

''ဘာပြောတယ်ကွ... ဘယ်က ကောင်နဲ့ချိန်းတွေ့တာလဲ''

ခင်ဖုန်း၏အစ်ကိုတစ်ယောက် အသံကြား၍ အိမ်ထဲမှ ထွက်လာသည်။

''တောမက အေးဆွေတဲ့... ကျွန်တော်တို့အတန်းထဲကပဲ''

''ဟင်... သိကြသေးတာပေါ့၊ မိုက်ရိုင်းလိုက်တာ...''

ခင်ဖုန်း၏အစ်ကို ချိန်းကြိုးတစ်ခုကို ဆွဲယူပြီး အိမ်ရှေ့သို့ ထွက်လာသည်။

''ဟဲ့.. သား.. နေဦး.. လက်လွန်ခြေလွန်ဖြစ်ကုန်မယ်''

ခင်ဖုန်းအမေ ဒေါ်စိန်မြက အော်ပြောနေသော်လည်း မရ။ ခင်ဖုန်းအစ်ကို ဆိုင်ကယ်ဖြင့် ထွက်သွားသည်။

''ဟဲ့... သူငယ်လိုက်ပါဦးကွယ် ခုကွပါပဲ... လွန်လွန်ကျွံကျွံတွေ ဖြစ်ကုန်တော့မှာပဲ''

ခင်ဖုန်းအမေ မှလောင်သောကဖြစ်ကျန်ခဲ့သည်။

"မှတ်ထားလိုက် ... ကောင်းတယ် ..."

နေမင်းစိုး ဘီးစီး၍ ပြန်ထွက်လာသည်။ လမ်းတွင် အတန်းဖိုး ဆရာမဒေါ်ယဉ်ကြည်အိမ်ဝင်လိုက်သည်။

"ဆရာမ ... ဆရာမ ..."

နေမင်းစိုးခေါ်ပုံက အရေးတကြီး အထိတ်တလန့်

"ဟဲ့ ... နေမင်းစိုး ... ဘာဖြစ်လို့လဲ"

ဆရာမအိမ်ရှေ့ထွက်လာသည်။

"ခင်ဖုန်းနဲ့ ... အေးဆွေ တောချောင်ဘက်မှာ ချိန်းတွေ့ကြလို့တဲ့"

"ဟဲ့ ... နေမင်းစိုးရယ် ... ဟုတ်ရော ... ဟုတ်ရဲ့လား ... ခင်ဖုန်းက အေးဆွေနဲ့တော့ မဖြစ်လောက်ပါဘူး ..."

"ဟုတ်လို့ သူ့အစ်ကိုတောင် ဆိုင်ကယ်နဲ့လိုက်သွားပြီ ... ချိန်းကြီးယူသွားလို့ သူ့အမေ စိုးရိမ်နေပြီ ... အဲဒါ ကျွန်တော် လိုက်သွားမလို့ ..."

"ဟဲ့ ... လိုက်သွားပါဦးဟယ် ... စာမေးပွဲနားနီးမှ ကျော် မကောင်းကြားမကောင်းဖြစ်ကုန်ကြပါဦးမယ် ... ဟဲ့ ... အောင်စိုးနဲ့ အေးလွင်တို့ လိုက်သွားကြပါဟယ် ... ဟဲ့ နေမင်းစိုး ... ဆရာဦးတင် ဖော်ပါ ခေါ်သွားပါဟယ် ..."

ဆရာမက သူ့အိမ်ရောက်နေသော ကျောင်းသားနှစ်ယောက်ပါ နေမင်းစိုးနှင့် ထည့်လိုက်သည်။ အောင်စိုးတို့မှာလည်း စက်ဘီးပါ၍ အမြန်လိုက်လာကြသည်။

လမ်းမှာ နေမင်းစိုး ဝင်ခေါ်၍ သင်္ချာဆရာဦးတင်မေ စက်ဘီး ထုတ်ပြီးအပြေးအလွှားလိုက်လာသည်။ နေမင်းစိုး၏ အော်ပြောလှမ်းခေါ်





လှပ်သော အသံများကြောင့် နောက်ထပ်ဆယ်ယောက်ခန့်လည်း တိုးလာသည်။

စက်ဘီးများနှင့် ပြေးပြေးလွှားလွှားသွားနေကြသော လူတစ်စု၏ ခေါ်သံအော်သံပြောသံကြောင့် နောက်ထပ်လိုက်လာသူများ စပ်စုလို၍ လိုက်လာသူများ တဖြည်းဖြည်းပိုတိုးလာသည်။

မြို့ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အခြေအနေဆိုးသည်။ ဆရာမကြီးပါသိသွားသည်။

"ဟဲ့ ... မဖြစ်သင့်တာတွေတော့ ဖြစ်ကုန်တော့မှာပဲ ... သွားကြပါဦး ... လိုက်ကြပါဦး ..."

ဆရာမကြီးနိုင်း၍ ဆရာမနှစ်ယောက်ပါ ကျောင်းသားအချို့နှင့် တောချောင်ဘက်သို့ လိုက်ကြပြန်သည်။

"အေးဆွေနဲ့ ခင်ဖုန်း တောချောင်မှာ ချိန်းတွေ့ကြလို့တဲ့ .."

သတင်းက တစ်မြို့လုံး ပျံ့နှံ့သွားလေသည်။

တောချောင်မှ ကျောက်သဒေါ်သို့ တက်သောလမ်း၏ ညာဘက်ဘေးရှိ လျှိုထဲမှ ဆီးချိုပင်ကြီးမှာ အသီးများနှင့် ပြွတ်သိပ်နေသည်။

"အေးဆွေ တောင်ဘက်အကိုင်းကိုသွား ... အဲဒီမှာ ဆီးသီးမှည့်တွေ အများကြီးပဲ"

ခင်ဖုန်းက အောက်မှ လှမ်းအော်နိုင်းနေသည်။

"နေဦးဟ ... ဆူးတွေက စူးတယ် ..."

အေးဆွေ တောင်ကိုင်းဘက်သို့ ဆူးခက်များကို ဖယ်ရှင်းပြီး တရွေ့ရွေ့တိုးသွားနေရသည်။

"နင်ကလည်း ... တောသားမဟုတ်တာ ကျနေတာပဲ .."

ခင်ဖုန်းက အေးဆွေကို ကြည့်ပြီး စိတ်မရှည်။

"တောသားလည်း ... ဆူးစူးရင် နာတာပဲဟ ..."

"အမလေး နင်ကလည်း အရေးထဲမှ စကားတတ်နေလိုက်တာ ..."

တိုင်းအောင်ကတော့ ချစ်ချစ်ထွေးနှင့် အိအိဖော်တို့အတွက် ခဲနှင့် ထုချပေးနေသည်။

"ဟော့ကောင် ... ငါလည်း ... ထုဦးမယ် .."

ခဲက အေးဆွေနားအထိ ရောက်သည်။

"အမလေး သည်းလိုက်တာ ခဲကဖြင့် နင်နဲ့အဝေးကြီး.."

ချစ်ချစ်ထွေးက လှမ်းဆူလိုက်သည်။

"တိုင်းအောင်ထုဟာ ... ဇီးသီးအမှည့်တွေက အများကြီး ကြွေတာက နည်းနည်းလေး ..."

အိအိဖော်ကပါ တိုင်းအောင်ကို ထုအားပေးနေပြန်သည်။

"မထုနဲ့တော့ မထုနဲ့တော့ ... ငါလှုပ်ချပေးမယ် ..."

အေးဆွေက တောင်ကိုင်းကို ရောက်သွားပြီး ဖြစ်၍ ဇီးသီးမှည့်များရှိသော ကိုင်းငယ်တစ်ကိုင်းကို ကိုင်လှုပ်လိုက်သည်။

"ဟယ် .. ကြွေတယ်တော့ ... အများကြီးပဲ ..."

"ဟော့ ... ကောက် ... ကောက် ... ပျော်စရာကြီး .."

မိန်းကလေးများမှာ ဇီးသီးများကို ကောက်၍ ပျော်နေကြ သည်။

"အစကတည်းက ဒီအပင်တွေ ရှင် ခုလောက်ဆို ဝနေပြီ .. ဟိုဘက်လိုက်ရှာတာနဲ့ အချိန်တွေကုန်နေရတာ ... ဒီဘက်က ကိုင်းကို လှုပ်ပါဦး ..."

ခင်ဖုန်းနိုင်းသည့် ကိုင်းကို အေးဆွေလှုပ်ချပေးလိုက်သည်။ ဇီးသီးအများကြီးကြွေ၍ မိန်းကလေးများ ကောက်လိုက်စားလိုက်နှင့် ပျော်နေကြသည်။

"ဒီမယ်ဟော့ ... ဒါက အမှည့်တော့မဟုတ်ဘူး ... ရွှမ်းပြြင်း



တွေစားလို့ကောင်းတယ် ..."

အေးဆွေက လက်လှမ်းမီသော အသီးများကို ခူးပြီး ပှုလိုက်သည်။

"ဘာလဲ ရွှမ်းပြြင်း ..."

ချစ်ချစ်ထွေးက နားမလည်

"တောသားဆိုတော့ ... သူတို့တောမှာ ပြောတဲ့ ... တောအထာစကားနေမှာပေါ့ ..."

"တောအထာစကားမဟုတ်ပါဘူးဟာ ... အရင်ကတည်းက ရှိတဲ့စကားပါ ... မှည့်ခါနီးအသီးကို ပြောတာ ... ရှာလက်နဲ့ ဖမ်းကြ"

အေးဆွေက အောက်သို့ပစ်ချပေးသည်။ တစ်ယောက်စီဖမ်းယူကြသည်။

"ဟယ် ဒါက ပိုစားလို့ကောင်းတယ် အေးဆွေထပ်ခူးပေးဦး ခင်ဖုန်းက လှမ်းပြောလိုက်သည်။

"ဟော့ ဒီဘက်က အသံကြားတယ်ကွ ... ဒီဘက်ကို လိုက်"

"ခင်ဖုန်း .. နင်ဘယ်မှာလဲ ထွက်ခဲ့စမ်း ..."

"အေးဆွေ ... မင်းထွက်ခဲ့ ..."

လမ်းဘက်ဆီမှ ဆူညံညံအသံများကြားရသည်။

"ဟင် ... ဘယ်သူတွေလဲ ..."

အေးဆွေ စိုးရိမ်သွားသည်။

"ဟယ် ... ငါ့အစ်ကို ... သူလက်ထဲမှာလည်း ချိန်ကြိုးကြီးနဲ့ ..."

"ဟော့ ... အောင်စိုးတို့အဖွဲ့က စေဘူချောင်ဘက်က ထက်တဲ့လမ်းကိုသွား ..."

"စိန်ဝင်း … မင်းတို့က တောင်ပေါ်တက်တဲ့လမ်းကို လိုက်"

"ကျန်တဲ့ကောင်တွေက ဒီဘက်လာ … ဒီကိုလာ …"

အထက်တန်းပြဆရာ ဦးတင်ဖေ၏အသံကို ကြားရသည်။

"ဟယ်ဆရာလည်း လိုက်လာတာ တို့ကို လာရှာတာ … ခုကွယ်ပါ …"

ချစ်ချစ်ထွေးနှင့် အီအီဖော်တို့ ကြောက်နေကြပြီ။

"ဘယ်လိုလုပ်ကြမလဲ …"

"လာ .. ဒီဘက်လာ …"

တိုင်းအောင်က ဦးဆောင်၍ ကျောက်သဘော်ဘက်သို့ ပြေးကြသည်။

"ဟာ.. ဟိုမှာပေါ့ ပြေးကြပြီ.. လိုက်ကြ.. လိုက်ကြ.."

ကျောက်သဘော်ဘက်တောင်ကြောဆီသို့ အားလုံးပြေးလိုက်ကြသည်။

"ဟေ့ … မပြေးနဲ့ ရပ်ကြ …"

တောင်ပေါ်လမ်းအတိုင်း ပြေးတက်နိုင်သော စိန်ဝင်းတို့အဖွဲ့က ရှေ့မှ ပတ်၍ သူခိုးဖမ်းသလို ဖမ်းလိုက်သည်။

"အမယ်လေး …"

ချစ်ချစ်ထွေးနှင့် အီအီဖော်တို့ ကြောက်ကြောက်လန့်လန့်နှင့်

"အေးဆွေ … မြန်မြန်ဆင်း …"

ခင်ဖုန်းက မပြေးသေးဘဲ အေးဆွေကို စောင့်နေသည်။

"နင်ပြေးနိုင်တော့ မြန်မြန်ပြေး …"

အေးဆွေ ဆီးပင်ပေါ်မှ ဆင်းရင်း ခင်ဖုန်းကို လှမ်းပြောသည်။

ရှေ့မှပြေးသူများနောက်သို့ အော်သံလိုက်သံများကို ကြားရ၍ ကျောက်သဘော်ဘက်သို့ မပြေးတော့ဘဲ ခင်ဖုန်းက တောင့်ချောင်



အထက်မှ တောင်များဆီသို့ တက်သောဘက်သို့ ပြေးပြီးနောက် ကျောက်တုံးကြီးတစ်တုံး၏ နောက်မှာ ကွယ်နေလိုက်သည်။ အေးဆွေ ဆီးပင်ပေါ်မှ အောက်ရောက်သောအခါ ရှေ့ဘက်မှ ရှုညံသံများကို ကြားနေရ၍ ခင်ဖုန်းပြေးသောဘက်သို့ လိုက်ပြေးပြီး ခင်ဖုန်းလိုပင် ကျောက်တုံးကြီးတစ်တုံး၏နောက်မှာ ဝင်ကွယ်နေလိုက်သည်။ ကျောက်တုံးနှစ်တုံးမှာ ပေတစ်ရာနီးပါးကွာသည်။ တစ်ယောက်ကို တစ်ယောက်လှမ်းမြင်နေကြသည်။

"ခင်ဖုန်းရော … ဟေ့ကောင် တိုင်းအောင် … ခင်ဖုန်း ဘယ်မှာလဲ …"

ဆရာဦးတင်ဖေက တိုင်းအောင်ကို မေးနေသည်။

"ကျွန်တော်မသိဘူး …"

"ဘာမသိရမှာလဲ .. မင်းတို့ အတူတူလာတာမဟုတ်လား"

"ဟုတ်ပါတယ် … ဒါပေမဲ့ သူလည်း အော်သံတွေကြားတော့ ထွက်ပြေးမှာပေါ့ …"

"ဘယ်ပြေးလဲ …"

"အဲဒါတော့ ကျွန်တော်မသိဘူး"

"အေးဆွေရော …"

"မသိဘူး …"

"ဟာ … ဒီကောင် …"

ဆရာဦးတင်ဖေစိတ်မရှည်ဖြစ်ရသည်။

"အော်သံတွေကြားတော့ ကျွန်တော်လည်း ပြေးတာပဲ … ဘယ်သူ့မှမကြည့်နိုင်ဘူး …"

"ရှာကြစမ်း … ဒီဘက်မှာ အနှံ့လိုက်ရှာကြ …"

လူများဖြန့်ခွဲပြီး ရှာကြသည်။

ဆရာမနှစ်ယောက်က အိအိတော်နှင့် ချစ်ချစ်ထွေးကို ပြန်ခေါ်သွားကြသည်။ ကိုင်းအောင်ပါ ဆရာမနှစ်ယောက်နှင့်အတူလိုက် သွားသည်။ ခင်ဖုန်းနှင့် အေးရွှေတို့၏ စက်ဘီးများကိုပါ ကျောင်းသားနှစ်ယောက်က ယူသွားကြသည်။

"ဟော့ကောင် … အေးရွှေ ထွက်ခဲ့စမ်း …"

အော်ဟစ်ပြောနေသံများကို အေးရွှေပုန်းနေသော ကျောက်တုံးနောက်မှ ကြားနေရသည်။ ကြောက်လွန်း၍ လုံးဝမလှုပ်ဝံ့။

"ခင်ဖုန်းဘယ်မလဲ … ထွက်ခဲ့စမ်း … တွေ့ရင်တော့ အသေပဲ …"

ခင်ဖုန်းအစ်ကိုက ဒေါသတကြီး ကြိမ်းမောင်းနေသည်။

"ခင်ဖုန်း ပုန်းကွယ်နေသော ကျောက်တုံးကြီးဆီသို့ အေးရွှေ လှမ်းကြည့်လိုက်သည်။ ခင်ဖုန်းမှာ ကြောက်လွန်း၍ ကုပ်ကုပ်ကလေး ထိုင်၍ နိုက်နိုက်တုန်နေရှာသည်။

လမ်းဘက်ဆီမှ ဆိုင်ကယ်သံနှင့်အတူ ဆူဆူညံညံအသံများ ထွက်ပေါ်လာပြန်၏။

"ဘယ်မလဲ … ခင်ဖုန်း … ဒီလောက်မိုက်တာ … အသေသတ်မယ် …"

"တောသားထွက်ခဲ့ … မင်းကိုအသေသတ်မယ် …"

ခင်ဖုန်း၏ အစ်ကိုအငယ် မင်းမင်းလိုက်လာခြင်းဖြစ်သည်။ သူ့လက်ထဲမှာလည်း ငှက်ကြီးတောင်ဓားရှည်ကို ကိုင်ထားသည်။

"ဟာ … ဒီတစ်ခါမှ ခုက္ခပဲ …"

အေးရွှေ ပုန်းကွယ်ရာမှ လှမ်းမြင်နေရသည်။ တွေ့လျှင်တော့ သေရတော့မည်။ အေးရွှေကြောက်လွန်း၍ ထပြေးချင်စိတ်ပင် ဖြစ်နေသည်။ မပြေးမိအောင် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ထားရသည်။



ခင်ဖုန်းဆီကို လှမ်းကြည့်လိုက်တော့ ကြောက်လွန်း၍ ငိုနေရှာသည်။

"ဟော့ … မင်းတို့ အဲဒီလိုတော့ … ဒေါသတကြီး မလုပ်ကြနဲ့လေကွာ … မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ် … မောင်မြအောင် မင်းညီကို ချော့ခေါ်သွားပါကွာ … ဆရာတို့တွေ့အောင်ရှာပြီး ပြန်ခေါ်ခဲ့ပါမယ် … ဒါဟာ ဒေါသတကြီး ဖြေရှင်းရမယ့် ကိစ္စမဟုတ်ဘူးကွ …"

ဆရာဦးတင်ဖေက ခင်ဖုန်း၏ အစ်ကိုကြီးမြအောင်ကို ဖျောင်းဖျပြောနေသည်။

"ဟော့ကောင် … ငမင်း … မင်းကလည်း … ဓားကြီးနဲ့ … လူမြင်လို့မကောင်းပါဘူး … ပေးစမ်းဓား …"

မြအောင်က သူ့ညီလက်မှ ဓားကို ဆွဲယူလိုက်သည်။

"လာ … ပြန်မယ် …"

"မပြန်ဘူး … သူတို့ကို တွေ့အောင်ရှာမယ် …"

"ငါထင်တာတော့ သူတို့ … ဟိုဘက်က လျှိုထဲအတိုင်း ထွက်ပြေးကြပြီထင်တယ် … ဒီနားမှာရှာတာတော့ နှံ့နေပြီ။ မင်းမင်းက ကျောက်တုံးများကောက်ပြီး လျှိုထဲကို မြဲနွယ်သစ်ပင်များရှိရာသို့ ပစ်ပေါက်သည်။ ရှိနေ၍ မှန်လျှင်တော့ သေရုံသာရှိမည်။

"ဟော့ … မင်းမင်း … မပစ်နဲ့ကွ … တို့လူတွေ လျှိုထဲဝင်ရှာနေတယ် …"

ဆရာဦးတင်ဖေက လှမ်းတားသည်။

မြအောင်နှင့် မင်းမင်းညီအစ်ကိုနှစ်ယောက်ပါ လျှိုထဲသို့ ဆင်းသွားကြသည်။

အေးဆွေ ကျောက်တုံးအကွယ်မှ လှမ်းကြည့်ပြီး သက်ပြင်းချရသည်။

နေမင်းစိုး ဆီးပင်ရှိရာ ချိုင့်ဝှမ်းဘက်မှ ဆရာဦးတင်ဖေဆီသို့ ပြန်တက်လာသည်။

''အောက်ဘက်မှာတော့ ရှာတာနှံ့ပြီဆရာ ... မတွေ့ဘူး။ ဒီအထက်ဘက်များ တက်ပြေးလာမလားဘူး ...''

နေမင်းစိုး အေးဆွေနှင့် ခင်ဖုန်းပုန်းနေသော ကျောက်တုံးကြီးများဆီသို့ လက်ညှိုးထိုးပြရင်း ... အပေါ်ဘက်ဆီသို့ တက်လာနေသည်။

''ဘုရား ... ဘုရား ... ဒီတစ်ခါတော့ ခုကွရောက်ပြီ ထင်တယ် ...''

အေးဆွေရော ခင်ဖုန်းပါ ဆောက်တည်ရာမရအောင် ကြောက်နေကြရပြီ။

''မရှိနိုင်ပါဘူးကွာ အဲဒီဘက်ကသာ တက်ပြေးရင် မြင်ရမှာပေါ့ ... ပုန်းစရာမှမရှိဘဲ ... အထက်ဘက်ရင်လည်း တောင်ပေါ်အထိ အားလုံးမြင်နေရတာပဲ ... သစ်ပင်မှမရှိဘဲ ...''

ဆရာဦးတင်ဖေ ရှင်းပြသော်လည်း နေမင်းစိုးက နောက်ပြန်မလှည့်ဘဲ ရှေ့ဆက်တက်၍ ခင်ဖုန်းပုန်းကွယ်နေသော ကျောက်တုံးကြီးဆီသို့ သွားနေသည်။

''ဟာ ... သွားပြီ ... တွေ့တော့မယ်''

အေးဆွေနေရာမှ နေမင်းစိုးကို လှမ်းမြင်နေရသည်။ နေမင်းစိုးလှမ်းကြည့်လျှင် အေးဆွေကို မြင်နိုင်သော အနေအထားသို့ပင် ရောက်ရှိလာ၍ အေးဆွေကျောက်တုံး၏ တစ်ဖက်သို့ တဖြည်းဖြည်း ရွှေ့ကပ်၍ ကွယ်လိုက်ရာ ... ခြေထောက်အောက်မှ ကျောက်တုံးငယ်



တစ်ခုက အောက်ဘက်သို့ ကျသွားသည်။

အမှတ်မထင်ထွက်ပေါ်လာသော အသံကြောင့် ဆရာဦးတင်ဖေက ကျောက်တုံးကြီးဆီသို့ လှမ်းကြည့်သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် နေမင်းစိုးက အေးဆွေရှိနေသော ကျောက်တုံးကြီးဆီသို့ လက်ဆော့ပြီး ကျောက်တုံးတစ်ခုနှင့် လှမ်းပစ်လိုက်သည်နှင့် ကြုံကြိုက်သွားသည်။

ကျောက်တုံးကြီးကို ထိမှန်သော ကျောက်ခဲသည်ပဲ့ကြွေ၍ လွင့်စင်ကျသွားသည်။ ဆရာဦးတင်ဖေ သံသယရှင်းပြီး အောက်ဘက်မှာ ရှာနေကြသူများဆီသို့ ပြန်ကြည့်လိုက်သည်။

နေမင်းစိုးက ခင်ဖုန်းပုန်းနေသော ကျောက်တုံးကြီးကို ကွင်း၍နောက်ဘက်သို့ ဆက်တက်သည်။

''ဟော့ ... ခင်ဖုန်း ... ထွက်ခဲ့ ... တွေ့ပြီ ... တွေ့ပြီ ... မပြေးနဲ့''

အောက်ဘက်လျှိုထဲမှ အော်ပြောလိုက်သော အသံကို ကြား၍ နေမင်းစိုး နောက်သို့ပြန်လှည့်လိုက်သည်။

''ဆရာ ... အောက်ဘက်မှာ တွေ့နေပြီထင်တယ် ...''

ဦးတင်ဖေကို လှမ်းပြောလိုက်သည်။

''အေး ... သွားကြည့်ရအောင် ... တော်ကြာ ဟိုညီအစ်ကို လက်လွှန်ခြေလွန်ဖြစ်မှာ စိုးရတယ် ...''

ဦးတင်ဖေနှင့် နေမင်းစိုးတို့ လျှိုဘက်သို့ လိုက်ကြည့်ကြသည်။

''ထွက်ခဲ့စမ်း ... ငါတို့ဝိုင်းထားတယ်နော် ... ခံနိုင်ထိုးလိုက်ရမလား ...''

တွေ့ထားလေဟန်နှင့် ခြိမ်းခြောက်ပြောဆိုနေခြင်းသာဖြစ်ပါသည်။

နေမင်းစိုးနှင့် ဆရာဦးတင်ဖေလျှိုဘက်သို့ ဆင်းသွားမှ ခင်ဖုန်းနှင့် အေးဆွေတို့ သက်ပြင်းချနိုင်ကြသည်။

သို့သော် စိတ်ချလက်ချနေ၍မရ။ အချိန်မရွေး ပြန်တက်လာနိုင်သေးသည်။ ပြန်တက်လာလျှင် ပုန်းစရာမရှိ။ ကျောက်တုံးနောက်မှာ ငုတ်တုတ်ထိုင်လျက် အမိခံရမည်ဖြစ်သည်။ သို့သော် ထွက်လည်း မပြေးရဲ လှုပ်လည်း မလှုပ်ရဲ၍ ဖြစ်ချင်ရာဖြစ်ကံအတိုင်းပဲဟု ငြိမ်ငြိမ်လေး ထိုင်နေကြရသည်။

လျှိုထဲမှာ ရှာသူများသည် တောင်တကြောလုံးနေရာအနှံ့လိုက်ကြည့်ခဲ့ကြပြီး ဘယ်မှာမှ မတွေ့ရ။ အချို့က ကျောက်သဘောအထိ ရောက်အောင် သွားရှာသည်မတွေ့ရ။

အချို့က လျှိုအတိုင်း လမ်းဆုံးအောင် လိုက်ကြည့်သည်။ တောင်ကြောအထိရောက်သွားသည်။ မတွေ့ရ၍ ပြန်တက်လာကြသည်။

ရှာချိန်ကြာလာသည်နှင့်အမျှ ရှာသူများ လက်လျှော့လာကြသည်။ အချို့ ကျောင်းသားများ ပြန်သွားကြပြီ။

"ငါတို့လုပ်တာ ... မှားတယ် ထင်တယ် ... သူတို့ ဘာသာ ရိုးရိုးသားသား ဇီးသီးလာခူးစားကြတာ ဆိုရင် ... ငါတို့လုပ်တာနဲ့ ... သူတို့နှစ်ယောက် ဒုက္ခရောက်ကြတော့မယ် .... "

ဆရာဦးတင်ဖေက အခြေအနေမှန်ကို ပြန်သုံးသပ်ပြီး စိတ်မကောင်းဖြစ်နေသည်။

"ဒီလိုဆိုရင်.. သူတို့လဲ.. တိုင်းအောင်တို့.. အိအိဇော်တို့ ချစ်ချစ်ထွေးတို့လို ပြန်ထွက်လာရမှာပေါ့ ဆရာ.."

နေမင်းစိုးက မကျေနပ်။

"ဟာ.. မင်းက အေးဆွေနဲ့ခင်ဖုန်းရှိန်တွေ့ကြတယ်လို့ ပြောတော့ သူ့အစ်ကိုတွေကလဲ မတွေ့ဘူးလား.. ချိန်ကြီးတွေ..





တာတွေနဲ့ ဘယ်ထွက်ရဲတော့မလဲ ... ပြေးမိပြေးရာ ပြေးကြမှာပေါ့.."

ဆရာက နေမင်းစိုးကို အပြစ်တင်လိုက်ခြင်းဖြစ်သည်။

"ကျွန်တော့်ကိုလဲ သန်းရင်တို့က ... အဲဒီလို ပြောတာကိုး"

နေမင်းစိုးက သူများ လွှဲချလိုက်သည်။

နေဝင်သွားပြီ။ မကြာမီပင် တောရိပ်တောင်ရိပ်နှင့် မိုးချုပ်သည်က မြန်သည်။

လိုက်ပါလာသူ အတော်များများ ပြန်သွားကြပြီ။

"ကဲ.. မောင်မြအောင် ... သူတို့တော့ ... ငါတို့လူတွေ အများကြီးလိုက်ကြတာကို ကြောက်ပြီး ပြေးကြပြီ ထင်တယ်.. ရှာလို့လဲမတွေ့တော့ဘူး.. ကြာလေ မှောင်လေ ဖြစ်လာတော့မယ်.. ပြန်ကြစို့.."

ဆရာဦးတင်ဖေက ခင်ဖုန်း၏ အစ်ကိုနှစ်ယောက်ကို ဖျောင်းဖျ ပြောသည်။

"ဟုတ်ပါတယ် ဆရာ.. ဒီနားတော့ ပုန်းနိုင်တဲ့နေရာ အားလုံးရှာတာ နှံ့နေပြီ.. မရှိနိုင်တော့ပါဘူး.."

မြအောင်က လက်လျှော့ချင်ပြီ

"ရတယ်လေ ... ဘယ်အထိပြေးလို့ရမှာလဲ.. တွေ့တဲ့နေ့တော့ အသေပဲ.."

အငယ်ကောင်မင်းမင်းက ကြိမ်းမောင်းပြောဆိုရင်း သူ့အစ်ကို လက်မှ ဓားကိုဆွဲယူပြီး အနီးမှ ဒဟပ်ပင်ကိုင်းကို ခုတ်ပစ်လိုက်သည်။

ပြီးတော့ ဆိုင်ကယ်ကိုယ်စီနှင့်မြို့ထဲသို့ ပြန်သွားကြသည်။

"ကဲ.. လာ.. ဆရာတို့လဲ ပြန်ကြစို့.."

ဦးတင်ဖေ၊ နေမင်းစိုးနှင့်ကျန်သော ကျောင်းသားသုံးယောက် စက်ဘီးကိုယ်စီဖြင့် တေဘုချောင်ဘက်မှ ပြန်ခဲ့ကြသည်။

"မုတ်ဆိတ်မွေးတွေ နဲ့တော့ ခုကျရောက်ပြီ မဟုတ်လား.."

အားနေသူလို့ရောက်သည်ကို နေမင်းနိုး သဘောကျနေသည်။ သို့သော် ခင်ဖုန်းပါ ပျောက်နေသည်ကိုတော့ နေမင်းနိုး သဘောမကျ။

"သူတို့နှစ်ယောက်အတူ ထွက်ပြေးကြတာလား.. တစ်ယောက်စီကျဉ်း ပြေးကြတာလား.."

နေမင်းနိုး မသိနိုင်။

"တစ်ယောက်စီ ကွဲပြေးကြတာ ဖြစ်ပါစေတော့.."

ခင်ဖုန်းကို ပြန်တွေ့စေချင်သည်။ သို့သော် ဖော်ရိုသန်းလာသည်အထိ ခင်ဖုန်းကို မတွေ့ရသည်က စိုးရိမ်စရာ။

"ငါလုပ်တာ မှားသွားပြီလား မသိ.."

ကိုယ်သိတာသော နောင်တစိတ်နှင့် ပြန်တွေးကြည့်သည်။

ခင်ဖုန်းကို ဆုံးရှုံးလိုက်ရသလို နမျောတသသစွာ ခံစားရသည်။

နေမင်းနိုးတို့ မြို့ထဲရောက်တော့ မှောင်လာပြီဖို့ မီးများထွန်းလာကြပြီ။

* * *

တောင်ပေါ်မှာ အမှောင်နိုးတွယ်လာသည်အထိ အားဆေ့ခွန် ခင်ဖုန်းတို့ကျောက်တုံးကြီးနှစ်တုံး၏ နောက်မှာ ကြောက်ရွံ့စွာ ထိုင်နေကြသည်ဖြစ်သည်။

ခင်ဖုန်း အစ်ကိုနှစ်ယောက် ဆိုင်ကယ်နှင့်ပြန်သွားသည်ကိုလည်း မြင်ရသည်။ နောက်ဆုံးတွင် ဆရာဦးတစ်ဖေနှင့်နေမင်းနိုးတို့အဖွဲ့ ပြန်သွားသည်ကိုလည်း တွေ့ရသည်။

သို့သော် ကျောက်တုံးနောက်မှ မထကြ။ ပြန်ချင်ယောင်ဆောင်ပြီး ချုန်နေခဲ့သူက စောင့်ခမ်းမည်ကို စိုးရိမ်နေကြသည်။

တဖြည်းဖြည်းနှင့်ပိုး၍ မှောင်လာသည်။ သစ်ပင်များကို





လေထိုးသံကြားနေရသည်က စိတ်ခြောက်ခြားစရာ။

အောက်ဘက်တွင် ဝေတုရောင်ရှိသော်လည်း ညဘက်တွင် ဤတောင်ပေါ်သို့ အသွားအလာလုံးဝမရှိကြ။

အမှောင်ထုက ပို၍သိပ်သည်းလာသည်။ ကျောက်တုံးမဲမဲကြီးကိုသာ လှမ်းမြင်ရသော်လည်း တစ်ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲ မမြင်ရ။

ခင်ဖုန်းကြောက်နေဟန်တူပါ၏။ ရှိုက်သံများကို အားဆေ့ခွန်မှ ကြားနေရသည်။

ခင်ဖုန်းရှိရာ ကျောက်တုံးဆီသို့ အားဆေ့သွားချင်သည်။ သို့သော် ခင်ဖုန်းက တစ်မျိုးထင်မှာလည်း စိုးသည်။

"ဒီ ဘာလုပ်ရမလဲ.."

ခင်ဖုန်းကိုယ်တိုင်ကတော့ သိမ်ကြောက်နေရှာသည်။ ဝမ်းလည်းနည်းသည်။ မမျှော်လင့်သော အခြေအနေဆိုးကို ကြုံတွေ့နေရသည်။

ထိန်းချုပ်၍မရ။ ရှိုက်၍ရှိုက်၍ ငိုနေမိသည်။ စိတ်ဆိုးနေသော အစ်ကိုနှစ်ယောက်ကို မြင်ယောင်မိသည်။

"ဖေဖေနဲ့ မေမေရော ... ငိုကိုစိတ်ဆိုးနေကြမလား"

အမေ့ကို မြင်ယောင်၍ ရင်ထဲမှာ ပိုပြီး ဝမ်းနည်းလာသည်။ အမေ့ရင်မှာ မျက်နှာအပ်ပြီး အားပါးတရ ငိုပစ်လိုက်ချင်သည်။ ရှိုက်သံများက ထွက်ပေါ်လာပြန်၏။

သူငယ်ချင်းများကို သတိရလာသည်။ သူတို့စာကျက်နေကြတော့မည်။ ကိုယ့်လို အဖြစ်ဆိုးနှင့် ဘယ်သူမှ မကြုံကြ။

အိမ်ကိုလည်း မပြန်ရဲ။ ပြန်လျှင် အစ်ကိုနှစ်ယောက်က သတ်မည်။

"ဖေဖေကရော ..."

မေမေ့ကိုလည်း ကြောက်သည်။

"ဤအဖြစ်မျိုးနှင့်ကြုံရလိမ့်မည်ဟု စိတ်ပင်မကူးမိ၊ အမှောင်ကြီးထဲတွင် တောင်ပေါ်မှ ကျောက်တုံးကြီးနောက်မှာ တစ်ယောက်တည်း ထိုင်နေရသည်၊ ဘာလုပ်ရမှန်းမသိ ဘယ်သွားရမှန်းလည်း မသိ။"

အားငယ်လွန်း၍ မျက်ရည်များက အဆက်မပြတ်စီးကျလာသည်။ ရှိုက်သံများ ထွက်ပေါ်လာသည်။

ခင်ဖုန်း၏ ရှိုက်သံများကို ကြားနေရ၍ အေးဆွေသနားမိသည်၊

"သူ့ခမျာ မှောင်ကြီးထဲမှာ ကြောက်နေပြီလား.. သနားပါတယ်.."

အေးဆွေ အားပေးချင်စိတ်ဖြစ်မိသည်။ အောက်ဘက်မှလည်း ဘာသံမျှ မကြားရတော့ပါ၊ တစ်ယောက်မျှ မကျန်သည်မှာ သေချာသွားပါပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မဲနေသည်။ အောက်ဘက်တွင် သစ်ပင်မဲမဲမြိုမြိုများကိုသာ မြင်ရသည်။

အေးဆွေ နေရာမှထ၍ ခင်ဖုန်းရှိရာ ကျောက်တုံးဆီသို့ ဖြည်းဖြည်းချင်းသွားရသည်။ အမှောင်ထဲမှာ မညီမညာသော ကျောက်တုံးများကို နင်း၍ သွားရသည်က မလွယ်။ ခင်ဖုန်းရှိရာ ကျောက်တုံးဆီသို့ တော်တော်နှင့်မရောက်နိုင်။

အနားနီးလာသောအခါ ရှိုက်သံများကို ပိုကြားနေရသည်။

"ခင်ဖုန်း.."

ကျောက်တုံးကြီးနားသို့ ရောက်သောအခါ အေးဆွေက အသံပေးလိုက်သည်။

"ဟင်... နင်ဘာဖြစ်လို့ လာတာလဲ... သွား.. မလာနဲ့..."



ခင်ဖုန်းက ညအမှောင်ထဲမှာ သူ့ဆီသို့လာသော အေးဆွေကို စိုးရိမ်စွာ မောင်းနှင်လွှတ်နေသည်။

"နင်.. ငါ့ကို တစ်မျိုးမထင်ပါနဲ့ဟာ.. နင်တစ်ယောက်တည်း ကြောက်နေမှာစိုးလို့ ငါလာတာပါ... နင့်အနား အထိမလာပါဘူး..."

အေးဆွေက ကျောက်တုံးကြီး၏ အနီးမှ ကျောက်တုံးငယ်အနားမှာ ထိုင်လိုက်သည်။

ခင်ဖုန်းဘာမှ ဆက်မပြောတော့ဘဲ ငို၍သာနေပါသည်။

မြို့ဘက်ဆီနှင့် ဖောင်ရွာဘက်ဆီမှ ကားသံ၊ ခွေးဟောင်သံ၊ လော်စပီကာသံတို့ကို ကြားနေရသည်။ တစ်ခါတစ်ရံတွင် ဝေဘူချောင်ဘက်ဆီမှ ကြေးစည်သံသာသာကို ကြားရသည်။

သိမ်ညည့်နက်လာသောအခါ ဘာသံမှ မကြားရဘဲ တိတ်ဆိတ်နေသည်။ မှောင်မဲသည်ကလည်း ပို၍ ကြောက်စရာ ကောင်းသည်။

သူတို့ရှိသော နေရာမှ မြောက်ဘက်တွင် ဖောင်ရွာသုသာန်ရှိနေသည်ကိုလည်း နှစ်ယောက်စလုံး သိထားကြသည်။

ခင်ဖုန်းပို၍ ကြောက်လာသည်။ အေးဆွေကို လှမ်းကြည့်သော်လည်း မှောင်လွန်း၍ မမြင်ရ၊ အေးဆွေထံမှလည်း တိတ်ဆိတ်နေသည်၊ ရှိရော ရှိသေးရဲ့လားဟုပင် ခင်ဖုန်းစိုးရိမ်လာမိသည်။

သူ ငေါက်မာန်လိုက်၍ တစ်ယောက်ထဲပြန်သွားပြီလားဟု တွေးမိသောအခါ ပိုကြောက်လာသည်။

သူက ပြန်သွားလျှင် ဘာမျှ ကိစ္စမရှိ၊ တောမအထိပြန်သွား၍ရသည်။ သူ့မိဘကလည်း ဘာမျှ အပြစ်ပြောမည်မဟုတ်။ ကိုယ်က ဒုက္ခရောက်နေရသူဖြစ်သည်။ သူပြန်သွား၍ တစ်ယောက်တည်းသာ ကျန်ခဲ့မည်ဆိုလျှင် ကြောက်သည်နှင့်သေရတော့မည်။

အေးရွှေမရှိတော့မှာကိုပင် စိုးရိမ်လာမိသည်။

"အေးရွှေ..."

ခင်ဖုန်းလှမ်းခေါ်ကြည့်သည်။

"ဟေ... ငါရှိပါတယ်.."

အေးရွှေမှောင်ထဲမှ ပြန်ပြောရင် ခင်ဖုန်းရှိရာ ကျောက်တုံးကြီးနားသို့ သွား၏။

"ငါတို့ ဘယ်လိုလုပ်မလဲ... မနက်လင်းအောင် ဒီအတိုင်း ပဲထိုင်နေကြမလား.."

အေးရွှေထံမှ အကြံဉာဏ်တောင်းခြင်းဖြစ်သည်။

"နင်... ဘယ်လိုလုပ်ချင်လဲ.."

အေးရွှေက ပြန်မေးနေသည်။

"ငါ.. မသိဘူး.."

"နင်... အိမ်ပြန်မလား.."

"အိမ်ပြန်ရင်... ငါ့အစ်ကိုတွေက သတ်မှာပေါ့ဟ... နင်မမြင်ဘူးလား... ဓားကြီးနဲ့ကြိမ်းနေတာ..."

ခင်ဖုန်းကြောက်နေရှာသည်။

"အေး.. ဟုတ်တယ်.. ငါ့ကိုတွေ့ရင်လဲ.. နင့်အစ်ကိုတွေက သတ်မှာပဲ... ဒီအတိုင်းလင်းအောင်ထိုင်နေလို့လဲမဖြစ်ဘူး တောချောင်ရဲ့ အရှေ့ဘက်ကနေ မြောက်ကိုသွားရင်... ယယ်တိုးသွားတဲ့လမ်းကို ရောက်မယ်... ယယ်တိုးရွာမှာ... ငါ့သူငယ်ချင်းအောင် မြင့်ရှိတယ်... သူ့ကို ပြောပြရင်တော့ ကူညီမှာပဲ... နင်လိုက်ခဲ့မလား..."

အေးရွှေက သူစဉ်းစားရသမျှ ကောင်းမည်ထင်သည်ကို ပြောခြင်းဖြစ်သည်။



ခင်ဖုန်းငြိမ်နေသည် ဘာအသံမျှထွက်မလာ။ စဉ်းစားနေခြင်းဖြစ်သည်။

နောက်ဆုံးတော့ အိမ်လည်းမပြန်ရဲ ဒီအတိုင်းလည်း ဆက်နေရန်မသင့်၍ အေးရွှေနှင့် ယယ်တိုးသို့ လိုက်ရန်ဆုံးဖြတ်လိုက်သည်။

"သွားလေ... ငါလိုက်မယ်.."

"ကဲ... ဒါဆိုရင်... ထ... သွားမယ်.."

ခင်ဖုန်းနှင့်အေးရွှေ ကျောက်တုံးကြီးနားမှ ခွာ၍ နှစ်ယောက် အတူထွက်လာခဲ့ကြသည်။ တောင်ပေါ်မှာ မှောင်နေသည်။ ဘာမှ ကောင်းကောင်းမမြင်ရ။ လမ်းအတိုင်းလည်းမဟုတ်။ ယယ်တိုးသွားသည့် လမ်းရှိရာဘက်သို့ မှန်းပြီးဖြတ်ရခြင်းဖြစ်သည်။ မြေလှမ်းရသည်က ခပ်းတဝါးဝါး။

"အမယ်လေး..."

ခင်ဖုန်းလဲကျသွားသည်။

"ခင်ဖုန်း... ခင်ဖုန်း.. ဘာဖြစ်သွားသေးလဲ"

အေးရွှေက မှောင်ထဲမှာ ခင်ဖုန်းကို ထူပေးနိုင်ရန် ကူညီသည်။

"နင်... ငါ့ကို.. မထိနဲ့"

မှောင်ထဲမှာ ပခုံးကိုလာထိသော အေးရွှေ၏လက်ကို ခင်ဖုန်းက ရှိက်ပစ်လိုက်သည်။

"နင်... စိတ်မဆိုးပါနဲ့ဟာ... ငါ... နင့်ကိုမကောင်းတဲ့ စိတ်မရှိပါဘူး... လဲတာကို ထူပေးတာပါ..."

"မထူနဲ့... ငါ့ဘာသာထမယ်..."

ခင်ဖုန်းက သူ့ကို ထိမှာစိုးနေသည်။

"အေး... အဲဒါဆို... ငါမထူပါဘူး..."

အေးဆွေက နောက်ဆုတ်ပြီး ရပ်နေလိုက်သည်။ ခင်မှုန်း သူ့ဘာသာရအောင်ထသည်။ ဆက်သွားပြီး ငါလုပ်ခန့်သော သွားရသည့်မြောင်ထဲမှာ ကျောက်တုံးတစ်တုံးကို တိုက်မိပြီး ခင်မှုန်းလဲပြန်သည်။

အေးဆွေထူမပေးရဲတော့ပါ။ ရပ်ပြီ စောင့်နေသည်။ ဆက်ပြီးသွားတော့ အေးဆွေလဲကျသည်။ ခင်မှုန်းရပ်ကြည့်နေသည်။ အေးဆွေကိုယ့်ဘာသာ ထရသည်။

လရောင်လုံးဝမရှိသော ညဖြစ်သည်။ ကြယ်ရောင်ပိုးတဝါးနှင့် သွားနေရသည်။ သွားနေကျလမ်းလည်းမဟုတ်၊ မညီညာသော တောင်စောင်းပေါ်မှာ မှန်းဆသွားနေရခြင်းဖြစ်သည်။

"အမယ်လေး ..."

ခင်မှုန်းချော်ကျပြီး လဲပြန်သည်။ အကျနာ၍ တော်တော်နှင့် မထနိုင်။

"နင် ... ဘယ်လိုနေရာတွေ ခေါ်လာတာလဲ ..."

ခင်မှုန်းက အေးဆွေကို မကျေမနပ်မေးသည်။

"နင့်ကို ငါပြောထားတာပဲဟာ ... ဒီတောင်နိုးက ကျော်ဆင်းပြီး ဝေဘူချောင်ရဲ့မြောက်က ယော်တိုးလမ်းကို သွားမယ်ဆိုတာ"

ခင်မှုန်း ငိုနေပါပြီ။

"ငါလည်း ... မှန်းပြီးတော့ သွားရတာပဲဟာ လမ်းမှမဟုတ်ဘဲနဲ့ ... လမ်းအတိုင်းဆိုရင် ... ဖောင်ရွာဘက်ကို ပြန်သွားရမှာ ... အဲဒါဆိုရင် ... ရွာက လူတွေနဲ့တွေ့လို့ ... ငါတို့ကို စစ်လား မေးလား လုပ်ရင် ... နင့်ကို အိမ်ပြန်ပို့ကြမှာပေါ့ ... ဘယ်လိုလုပ်မလဲ ... အဲဒီလိုသွားမလား .."

"ဒီအတိုင်းပဲသွားဟာ ..."

ခင်မှုန်းစိတ်မရှည်တော့ပါ။



"နင် ငါ့နောက်က လိုက်ဟာ ..."

အေးဆွေ ခင်မှုန်းရှေ့သွားသည်။

"အား ..."

အေးဆွေ လဲကျသည်။ ပြန်ထသည်။ အေးဆွေ ခင်မှုန်းအတွက် လမ်းကြောင်းကောင်းအောင်ရှာ၍ သွားသည်။

"ဒီဘက်က အပင်ကို ကိုင်ဆင်း ..."

အေးဆွေပြောသည့်အတိုင်း လိုက်ဆင်းရသည်။

ရှေ့မှသွားသော အေးဆွေ ပိုလဲသည်။

"အမယ်လေး ..."

ခင်မှုန်းချော်ကျပြီး လဲပြန်သည်။

"တစ်ခါထဲ သေသွားရင်လည်း ကောင်းတယ်ဟာ ..."

ခင်မှုန်းစိတ်ဓာတ်ကျနေပြီ။

အေးဆွေရပ်စောင့်နေရသည်။ ခင်မှုန်းတော်တော်နှင့် မထနိုင် တစ်ကိုယ်လုံးမှာလည်း နာနေပြီ။

"အဆင်းနော် ... သတိထား .."

အေးဆွေ သတိပေးသည့်ကြားမှ ခင်မှုန်းကျောက်ခဲလေးများကို နင်းမိပြီ ချော်ကျပြန်သည်။

"အမယ်လေး ... သေပါပြီ ..."

ခင်မှုန်းတော်တော်နှင့် မထနိုင်။

"နင်ကလည်း ကြည့်နေတယ် ... ငါ့ကိုထူပါဦး .."

ခင်မှုန်းမရှက်နိုင်တော့ပါ။ ကိုယ့်ဘာသာမထနိုင်အောင် နာနေပြီ။

"နင်က မထိရဘူးဆိုလို့ပါဟာ ..."

အေးဆွေ ခင်မှုန်းလက်ကို ဆွဲထူပေးသည်။

"ဖြည်းဖြည်းဆွဲဟာ ..."

ခင်ဖုန်းထမိသည်နှင့် အေးဆွေလက်ကို တွန်းပစ်လိုက်သည်။

အေးဆွေရှေ့မှ ဖြည်းဖြည်းရွှေ့လျှောက်သည်။ အမှောင်ထဲမှာ သွားသည့်အကျင့်ရလာသည်။ လမ်းကြောင်းကိုလည်း ရှာတတ်ကြည့် တတ်သည်။ နှစ်ယောက်စလုံး လဲကျခြင်း နည်းလာသည်။

"အမယ်လေး ..."

ခင်ဖုန်းလဲလျှင် အေးဆွေ လက်ဆွဲ၍ ထူပေးရသည်။ ထူရ ခံရများတော့ မရှက်တော့ပါ။ အေးဆွေလက်ကိုလည်း တွန်းမပစ်တော့ပါ။

သတိထားသည့်ကြားမှ အဆင်မှာ အေးဆွေလဲကျပြန်သည်။

ကျောက်တုံးပေါ်တင်ပါးနှင့်ကျ၍ အေးဆွေတော်တော်နှင့် မထ နိုင်။ ခင်ဖုန်းက ရယ်ကြည့်နေရာမှ လက်ကမ်းပေးလိုက်သည်။

အေးဆွေအားနာသော်လည်း မတတ်နိုင်။ ခင်ဖုန်းလက်ကို ဆွဲပြီး ထလိုက်ရသည်။

ဝေဘုရောင်မှ အရှေ့ဘက်ကို ကျော်၍ တောင်နိမ်၏ မြောက် ဘက်သို့ ဆင်းသောအခါ ချော်မလဲအောင် ပို၍သတိထားရသည်။ သို့ သော် မကြာခဏလဲကျပြန်သည်။

"နင် ... အားမနာနဲ့ .... ငါ့နောက်ကျောကို လက်နဲ့ ထောက် ပြီး ဆင်းပါလား .."

အေးဆွေက ခင်ဖုန်းမလဲအောင် အကြံပေးခြင်းဖြစ်သည်။ နောက်ဆုံးမှာတော့ အေးဆွေပြောသည့်အတိုင်း ခင်ဖုန်းလုပ်ရသည်။

တောင်ခြေရောက်ပြီးတော့ သွားရတာ ပို၍လွယ်ကူသွားသည်။ လယ်ကွင်းများကို ဖြတ်ပြီး ငယ်တိုးလမ်းဆီသို့ မှန်းသွားရသည်။ တောင် ပေါ်မှ ဆင်းရသည်လောက် မခက်ခဲပါ။ သို့သော်တောသားဖြစ်၍ အကြောင်းသိနေသော အေးဆွေက မြွေအန္တရာယ်ကို စိုးရိမ်စိတ်ဖြစ် လာသည်။



"နင် ... ငါ့နောက်တည့်တည့်လိုက်နော် ... ဘေးဖယ်မနေ နဲ့ ..."

အေးဆွေက ခင်ဖုန်းကို လှမ်းပြောသည်။

"ဘာဖြစ်လို့လဲ ..."

"မြွေ ... စိုးရိမ်လို့ ..."

"ဟင် ..."

ခင်ဖုန်းသိပ်ကြောက်သွားသည်။ အေးဆွေ၏ ခြေလှမ်းများ အတိုင်း လိုက်လှမ်းရသည်။

"အေးဆွေ ... ဟိုရှေ့မှာ ... ဘာလဲ .."

"အဲဒါဇရပ်လေ ..."

"ဟင် ... ဒါဖြင့် ... ဟိုဘက်မြူမြူတွေက ..."

"အဲဒါ ... အုတ်ဂူတွေ ..."

"ဟင် ... ဒါဖြင့် ... အနောက်ဘက်ကဟာ ...."

"ဖောင်ရွာသုသာန် ..."

"အမယ်လေး ကြောက်လိုက်တာ .."

ခင်ဖုန်းအသံသာမက ကိုယ်ပါတုန်လာသည်။

ညအမှောင်ကြီးထဲမှာ သုသာန်ကို ဖြတ်နေခြင်းဖြစ်သည်။

အေးဆွေကိုယ်တိုင်လည်း ဤအဖြစ်မျိုး တစ်ကြိမ်မှမကြုံဖူး၍ ကြောက်နေပါသည်။

"နင် ... အနောက်ဘက်က နေပါဟာ ..."

ခင်ဖုန်းကြောက်လွန်း၍ အသံများ ပိုတုန်နေပါသည်။ အေးဆွေ နှင့် ဘေးချင်းကပ်၍ သုသာန်ကို မမြင်ရအောင် ကွယ်လိုက်သည်။

မြေပုံမို့မို့တစ်ခုကို နင်းမိ၍ အေးဆွေ ကြက်သီးမွေးညှင်းထ သွားသည်။

"ဟို … ဟိုဘက်ကို ထိုးသွား …"

ပေါင်းရုန်းမှာ ကျည်းထိုးထားသော ဟိုင်းကို တွေ့၍ ခင်ဖုန်း ထိတ်လန့်ကြောက်သွားသည်။

"နှင်းလည်း … ဘယ်နေရာတွေ ဖြတ်လာမှန်းမသိဘူး"

ခင်ဖုန်းက အေးအေးကို မကျေနပ်။

"ပါလည်း … မသိဘူးဟာ … မောင်ကြီးထဲ .. မှန်းဖြတ် မှာဟာ …"

ညာဘက်သို့ တော်တော်လေးတိုးပြီး ဖြတ်ရသည်။

"အမယ်လေး ကြောက်စရာကောင်းလိုက်တာဟာ"

ရှေ့ဘက်ဆီမှ မြွေမင်းထိုးထိုးထောင်ထောင်က သွေးကြိုးတင် ကောင်းမှုပ်နေသည်ကိုမြင်၍ ခင်ဖုန်းထိတ်လန့်ပြီး အေးအေး၏ လက် မောင်းကို တင်းတင်းပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

"မြွေပါဟာ … မကြောက်ပါနဲ့ …"

အားပေးရှာသော် ပြောရသည့် အေးအေး၏ အသံကလည်း တုန် နေ၏။

"အဲ့ပေါင်းတွေ … ဘာတွေ … မတွေ့ပါစေနဲ့ဗျာ .."

အေးအေး ကြောက်စိတ်နှင့်တွေး၍ ကြက်သီးမွေးညှင်းများ ထလာရပြန်သည်။

"မလဲ … စေနဲ့နော် …"

အေးအေး သတိပေးမှ ခင်ဖုန်းပါကြောက်ပြီး အေးအေးနှင့်သို့ ပိုကပ်၍ အေးအေး၏ လက်မောင်းကို ပိုမြဲအောင်ဆုပ်ကိုင်လိုက်သည်။

"ဖျော … ဖျော … ဖျော …"

"အား …"

"အမယ်လေး …"



မြင်မြင့်မြင့်ကြီးတစ်နေရာမှ ဖြတ်သွားစဉ် မြင်ပေါ်မှာ အိပ်ပျော်နေသော ငှက်ကလေးများ လန့်ပျံသွား၍ အေးအေးရော ခင် ဖုန်းပါ အထိတ်တလန့်အော်လိုက်မိကြသည်။ ခင်ဖုန်းက အေးအေးကို ဖက်ထားမိလျက်–

"ငှက် .. ငှက်တွေပါဟာ .. မကြောက်ပါနဲ့ …"

အေးအေးက ခင်ဖုန်းကို အားပေးသည်။

"မကြောက်ပါနဲ့ဆိုပြီး နင်ကအော်လိုက်တာ … လန့်စရာ ကြီး …"

အေးအေး ကိုယ်မှ ခင်ဖုန်းခွာလိုက်သည်။ အေးအေး၏ လက် မောင်းတစ်ဖက်ကိုတော့ သူ့လက်နှစ်ဖက်နှင့် ဆုပ်ထားလျက်–

သတိထားပြီး ဆက်သွားကြသည်။

မြုပ်ကြီးတစ်ခုနားရောက်တော့–

"ဖျင်း … ဖျင်း … ဖျင်း …"

မြွေကိုးပြေးသံကို ကြားရပြန်၏။

နှစ်ယောက်လုံးမအော်မိကြသော်လည်း ကြက်သီးဖျန်းဖျန်း ထကြရသည်။

"တောကြွက် … နေမှာပါဟာ .."

ခင်ဖုန်းကို အားပေးရင်း အေးအေးကိုယ်တိုင်သော်လည်း အား တင်းရ၏။

တော်တော်လေးသွားမိတော့ မြောင်းကလေးတစ်ခုကို ကျော်မိ သည်နှင့်လယ်ကွင်းထဲရောက်သွားသည်။

အေးအေး သက်ပြင်းချလိုက်၏။ သူ့သနက်ကို လွန်ခဲ့ပြီဟု သိ လိုက်သောကြောင့်ဖြစ်သည်။

သို့သော် မြေအစွန်ရာယ်ကို စိုးရိမ်ရပြန်ပြီ။ လယ်ကွက်မြေက

ညီညာ၍ သွားရသည်ကတော့ လွယ်၏။

နောက်ဘက်တွင် သုသာန်ကျန်ခဲ့ပြီကို သိသော ခင်ဖုန်းက နောက်ကျောမလုံ၍ အေးဆွေ၏ ရှေ့ဘက်မှ သွားသည်။ အေးဆွေ နောက်မှ လိုက်ပေးရ၏။

လယ်ကွက် ငါးကွက်ခန့်ကျော်မိသည်နှင့် ရှေ့မှာလှည်းလမ်း ကို မြင်ရသည်။

"ရောက်ပြီဟ ... ရှေ့ကဟာ ငယ်ထိုးသွားတဲ့ လှည်းလမ်း"

အေးဆွေဝမ်းသာသွားသည်။ ခင်ဖုန်းလည်း ခုမှ သက်ပြင်း ချနိုင်သည်။ လှေကတောင်ပေါ်မှာ လဲကျခဲ့သည်များကြောင့် နာနေသည့် ပွန်းပဲ့သောနေရာများကလည်း စပ်နေသည်။ သို့သော် သွားရသည်မှာ လွယ်ကူသွားပါပြီ။ ငယ်ထိုးကို ရောက်အောင်တောင်တော် ဝေးဝေး သွားရသေးသည်။

"နင် ... မောပြီလား ... ခင်ဖုန်း ..."

"မောတာပေါ့ဟာ ... ကြောက်လိုက်တာလဲ သေတော့မယ် ငါ့ဒီလိုမှ မသွားဘူးတာ ... ဒါပေမဲ့ ရပါတယ်ဟာ သွားပါ..."

"နင်နားချင်ရင် ... ခဏနားမယ်လေ ..."

"မနားပါဘူးဟာ ... မြန်မြန်ရောက်အောင်သာသွားပါ.."

နှစ်ဦးသား ဖြည်းဖြည်းမှန်မှန် ခရီးဆက်ကြပြန်သည်။

နာရီဝက်ခန့်လျှောက်ပြီးတော့ ငယ်ထိုးရွာကို ရောက်သည်။

ညအချိန်မှာ ကိုယ့်ရွာလည်း မဟုတ်တဲ့ ရွာထဲသို့ ဝင်ရသည်က မလွယ်။ တော်သေးသည်က ရွာမှာ တံခါးပိတ်ထားခြင်း မရှိ၊ ကင်း မရှိ။ အေးချမ်းသောဒေသဖြစ်၍ လွတ်လပ်စွာဝင်ခွင့်ရသည်။ သို့သော် ရွာထဲသို့ ဝင်လိုက်သည်နှင့် ခွေးများက ဆူညံစွာဟောင်ကြသည်။

ခွေးတစ်ကောင်က အတင်းထိုးဟောင်၍ လမ်းပေါ်ထွက်ပြီ



ကိုက်တော့မည်ပင် ထင်ရသည်။

ခင်ဖုန်းခမျာ ခွေးကိုက်မည်ကို ကြောက်၍ အေးဆွေအနား ကပ်ပြီး အေးဆွေ၏လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်ရပြန်သည်။

"အေးဆွေ ခင်ဖုန်းအပေါ်တွင် စိတ်ပင်မကျေနပ်ခဲ့သော်လည်း ခင်ဖုန်းက သူ့ကို အားကိုးပြီး လက်မောင်းကို ဆုပ်ကိုင်ထားသောအခါ ရင်ထဲမှာ ကြည်နူးမှုတစ်မျိုးကို ခံစားရသည်။ သုသာန်ထဲမှာ လက်မောင်းကို ဆုပ်ကိုင်ရုံမက လူကိုပါ ဖက်ထားခဲ့သော်လည်း ကိုယ်တိုင်ကပါ ကြောက်လွန်းနေ၍ ဘာစိတ်မှမဖြစ်ခဲ့။ ခုတော့ မိမိအပေါ်အားကိုးသော ခင်ဖုန်းကို အကာအကွယ်ပေးချင်သည်။

ခွေးရှိသည့်ဘက်မှ နေ၍ ခင်ဖုန်းကို ခွေးအန္တရာယ် ကာကွယ် ပေးလိုက်သည်။

ခွေးဟောင်သံများက တစ်လမ်းလုံး ဆက်သွားသည်။ အောင်မြင့်တို့အိမ်ဝင်းထဲသို့ ဝင်လိုက်သောအခါ အောင်မြင့်တို့အိမ်မှ ခွေးသုံးကောင်က အဆိုးဆုံးဖြစ်နေသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

ပတ်ချာလည်လှည့်ပြီး ထိုးဟောင်ကြသည်။ အတင်းဝင်ဆွဲတော့မည့်ပုံနှင့် ရှေ့သို့တိုးကြသည်။

"အမယ်လေး ... လုပ်ပါဦး ... ကိုက်တော့မယ် ..."

ခင်ဖုန်းခမျာ ကြောက်လွန်း၍ အေးဆွေ၏နောက်မှ နေပြီး လက်မောင်းများကို ဆုပ်ကိုင်ကာ အတင်းကပ်နေရရှာသည်။

"ဟဲ့ ... ခွေး ... ဟဲ့ ... ဟာ ... ဒီခွေး ..."

ခင်ဖုန်းအကာအကွယ်ပေးရန်အတွက် အေးဆွေမှာ ကျားကိုပင်ရင်ဆိုင်မည်ဆိုသော သတ္တိမျိုးဖြင့် ခွေးသုံးကောင်ကို လှည့်ပတ်ပြီး ရင်ဆိုင်သည်။ ခင်ဖုန်းကို မကိုက်မိစေရန် အကာအကွယ်ပေးနေသည်။

"အောင်မြိုင်ရေ ... အောင်မြိုင် ..."

အောင်မြိုင်ကိုလည်း အော်ခေါ်၍ နှိုးရသေးသည်။

ခွေးတွေက ဝိုင်း၍ဆူညံစွာ ဟောင်ကြ၏။ အိမ်ထဲမှ ပြန်ထူး[...]ကို မကြားရ။

"အောင်မြိုင်ရေ ... ငါတို့ပါကွ .. ကျောက်ဆည်က [...]သည်တွေပါ ..."

အေးဆွေက ခွေးများကို ဟန့်တားကာကွယ်ရင်း အောင်မြိုင်[...]ကို အော်ပြောနေရသည်။

"ဘယ်သူလဲကွ ..."

"အေးဆွေပါ ..."

"ဘယ်က အေးဆွေလဲ ..."

အောင်မြိုင်နှင့်အောင်မြိုင်အဖေမှန်အိမ်တစ်ခုကို ကိုင်၍ အိ[...]ပေါ်မှ ဆင်းလာကြသည်။

"ဟာ ဟေ့ကောင် ... အေးဆွေ ... ဟင် ... မ[...]မိန်းမဒီးလာတာကိုး ... ဟဲ့ကောင်တွေ ဖယ်စမ်း ... သွား ... ဟ[...]ဒီခွေး ..."

အောင်မြိုင်က ခွေးတစ်ကောင်ကို ကန်ပစ်လိုက်၍ ခွေးမှ[...]ပြေးထွက်သွားကြသည်။

"အေးဆွေလာ ... မင်းတို့ဒီမှာ ခဏထိုင်ကြဦး ..."

အောင်မြိုင်က အိမ်အောက်မှာ တန်းလျားခုံမှာ အေးဆွေ[...]တို့ကို ခဏအထိုင်ခိုင်းပြီး အိမ်ပေါ်သို့ ပြန်တက်သွားသည်။ အောင်မြိုင်[...]၏ အဖေအောက်မှာ ကျန်ခဲ့သော်လည်း ဘာမှမေးမြန်းခြင်းမရှိဘဲ [...]တန်းလျားရှေ့မှစားပွဲပေါ်တွင် မှန်အိမ်ကို တင်ထားခဲ့ပြီး အိမ်ပေါ်သ[...]ပြန်တက်သွားသည်။ မေးသူက မမေး၍ အေးဆွေတို့မှာ ဘာမှပြေ[...]



ပြောကြားခွင့်မရ။ ခုံတန်းလျားမှာသာ နှစ်ယောက်အတူငုတ်တုတ်ထိုင်နေကြရသည်။

ခဏအကြာတွင် အောင်မြိုင်အိမ်ပေါ်မှ ပြန်ဆင်းလာသည်။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတို့ကို ပွေ့ယူလာသည်။

"အောင်မြိုင် ... ငါပြောပြ ..."

"ဟေ့ကောင် ငါသိတယ် မနက်မှ ပြော ... လာ.. မှန်အိမ်ယူပြီး လိုက်ခဲ့ကြ ..."

အောင်မြိုင်က ရှေ့မှသွားနှင့်၍ အေးဆွေမှန်အိမ်ယူပြီး နောက်မှလိုက်ရသည်။ ခင်ဖုန်းတစ်ယောက်ထဲမနေရဲ၍ နောက်မှလိုက်သွားရသည်။

အောင်မြိုင်တို့အိမ်ကြီးနှင့် မလှမ်းမကမ်းတွင် လှေကားသုံးထစ်ပါအိမ်ကလေးရှိသည်။

အောင်မြိုင်က အိမ်ကလေးပေါ်တွင် အိပ်နေသော သူညီကို နှိုးပြီး အိမ်ပေါ်သို့ ရွှေ့အိပ်ခိုင်းသည်။ ကောင်လေးက အောင်မြိုင့်နောက်မှ အေးဆွေနှင့် ခင်ဖုန်းကို လှမ်းကြည့်ပြီး ပြုံး၍ သူ့ခေါင်းအုံးနှင့် စောင်ကို ဆွဲယူပြီး အိမ်ပေါ်သို့ တက်သွားသည်။

အောင်မြိုင်က အိမ်ကလေး၏ ခေါင်းရင်းထောင့်မှာ လိပ်လျက်ထောင်ထားသော သင်ဖျူးကို ယူ၍ခင်းလိုက်သည်။

"အောင်မြိုင် ... ထားခဲ့ပါကွာ ... ငါလုပ်လိုက်ပါ့မယ်"

အေးဆွေပြောသည်ကို အောင်မြိုင်က ဘာမှပြန်မပြောဘဲ နှစ်ယောက်အတူ အိပ်ရန် အိပ်ရာကို ခင်းကျင်းပြင်ဆင်ပြီး ခြင်ထောင်ပါထောင်ပေးခဲ့သည်။

"ကဲ ... မင်းတို့လွတ်လွတ်လပ်လပ်သာနေကြ ... ငါသွားမယ်"

"အောင်မြိုင် ... ခဏ ..."

အေးဆွေက လှမ်းတားသော်လည်း အောင်မြိုင်က လက်မြှ
မြှောက်၍ အိမ်လေးပေါ်မှ ဆင်းသွားပါသည်။ အိမ်လေး၏ တံခါးကို
အပြင်မှ ပိတ်ပေးသွားခဲ့သည်။

ကံကောင်းသည်မှာ အိမ်ကလေးပေါ်တွင် ရေအိုးစင်မြှ
ဖြစ်သည်။ အေးဆွေရေတော်လှုပြီးဖြစ်သော်လည်း ခင်ဖုန်းလည်း ရေ
နေလိမ့်မည်ဟု စဉ်းစားမိ၍ ရေတစ်ခွက်ခတ်ပြီး ခင်ဖုန်းကို အရင်
လိုက်သည်။

ခင်ဖုန်းမှာ မငြင်းနိုင်ဘဲ ရေတစ်ခွက်လုံး ကုန်အောင်သော
ပင်လိုက်သည်။

အေးဆွေက တစ်ခွက်ထပ်ခပ်ပေးပြန်သည်။

"နင်လည်း သောက်လိုက်ပါဦး ..."

အေးဆွေတစ်ခွက်သောက်ပြီးမှ ခင်ဖုန်းထပ်သောက်သည်
နှစ်ယောက်စလုံး ရေနှစ်ခွက်စီသောက်လိုက်ကြသည်။

ထမင်းမစားရသည်မှာ ကိစ္စမရှိ။ ရေသောက်လိုက်ရ၍ ရင်
မှာ အေးမြိမ်းသက်သာရှိသွားသည်။ မောပန်းသည်များလည်း ပြေပျော
သွားသလိုခံစားရသည်။

"သူတို့ကတော့ မဟုတ်တာတွေ ထင်ကုန်ပြီ ... ရှက်စ
ကောင်းလိုက်တာ"

ခင်ဖုန်းမှာ ကိုယ့်အဖြစ်ကိုယ် စိတ်ညစ်၍ မဆုံးအော
ဖြစ်ရသည်။

ပင်ပန်းလှပြီမို့ အိပ်ချင်သော်လည်း နှစ်ယောက်အိပ်ရန် [
ခင်ထားသော အိပ်ရာကိုကြည့်ပြီး စိတ်ပူက်နေမိသည်။

ဤအိမ်ကလေးပေါ်မှာ အေးဆွေနှင့်နှစ်ယောက်တည်း အိ



မည်ကိုလည်း စိုးရွံ့စိတ်ဖြစ်နေမိသည်။

အေးဆွေက ရိပ်မိပါသည်။ နှစ်ယောက်အိပ်ရန် ပြင်ဆင်ထား
သော အိပ်ရာမှ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ကို ယူလိုက်
သည်။

"ကဲ ... ခင်ဖုန်း ... နင်လည်း ပင်ပန်းလှပြီ ... အဲဒီမှာ
မြင့်တောင်ချပြီး စိတ်ချလက်ချအိပ် ... ငါ ... ဟိုဘက်ထရံနားမှာ
အိပ်မယ် ..."

အေးဆွေက ခင်ဖုန်းအိပ်မည့်နေရာနှင့် အဝေးဆုံးနေရာသို့
သွားသည်။

အေးဆွေကို ခင်ဖုန်းကျေးဇူးတင်မိသည်။

"မှန်အိမ်တော့ မငြိမ်းနဲ့နော် ..."

ခင်ဖုန်းက မှောင်ထဲမှာ နှစ်ယောက်ထဲ အိပ်ရမည်ကိုတော့
ကြောက်သည်။

အေးဆွေက မှန်အိမ်ကို အလင်းရောင် အနည်းငယ်လျှော့
ပြီး ခေါင်းရင်းမှာချထားလိုက်သည်။

မည်သူက မည်သို့ပင်ထင်ထင် မည်သို့ပြောပြော ခင်ဖုန်းကို
ယခင်ကလည်း မရိုးမသားစိတ်မရှိ။ ရိုးရိုးသားသား ရင်းနှီးခင်မင်စိတ်
သာရှိသည်။ သို့သော်ထိုခင်မင်စိတ်ထဲမှာ သဘောကျသည်တော့ပါမည်
ထင်သည်။ မြတ်နိုးစွာ သဘောကျခြင်းဖြစ်ပါလိမ့်မည်။ ပိုင်ဆိုင်လိုစိတ်၊
ရယူလိုစိတ်အထိ မဖြစ်ခဲ့။ မသမာသော ညစ်ညမ်းသော စိတ်ဆိုသည်
ကတော့ စဉ်းစားရုံပင်မဖြစ်ပေ။

"သူ ... စိတ်ချ ... လက်ချ ... ကောင်းကောင်းမွန်မွန်
အိပ်ပါစေ ..."

ခင်ဖုန်းကို သနားကရုဏာစိတ်ဖြစ်မိသည်။ ကိုယ့်ဘက်မှ လွှပ်

လွင်ရှားရှားရှိလျှင် သူ့ကိုရှုံ့နေမည်ဆိုး၍ အောသေ့ဘဝရောက်သောမှာကျွဲ
ကျေးကျေးလေး အိပ်လိုက်သည်။

စိတ်မော ကိုယ်မောနှင့် ပင်ပန်းနွမ်းနယ်လှပြီဖြစ်၍ ...
အတွင်းမှာပင် အေးဆွေ အိပ်ပျော်သွားပါသည်။

* * *

ခြင်ထောင်ထဲဝင်၍ အိပ်နေရသော်လည်း ခင်ဖုန်းစိတ်ထဲ
လုံခြုံမှုမရှိ။ စောင်ကိုပါ ထပ်ခြုံထားလိုက်သည်။ သို့သော် စိုးရွံ့စိတ်
မပျောက်။

အိမ်မှာဆိုလျှင် ကိုယ့်အခန်းနှင့် ကိုယ်လုံခြုံသည်။ အခ
အရင်းနှစ်ယောက်ပင် ခင်ဖုန်းအခန်းသို့ ဝင်ကြသည်မဟုတ်။ အိ
ဆိုသည်နှင့် လုံခြုံရေးလုပ်ပါချပြီး တံခါးကို အနိုင်အမာပိတ်သည်

ခုတော့ အခန်းမရှိ တံခါးမရှိ အိမ်လေးတစ်အိမ်မှာ အေ
ဆွေနှင့် နှစ်ယောက်တည်း။

ခြင်ထောင်ဆိုသည်က ယောကျ်ားတစ်ယောက်ကို ကာကွ
နိုင်သော အဆီးအတားမဟုတ်။

မီးရောင်ကလည်း မှိန်မှိန်လေး။ ပတ်ဝန်းကျင်မှာ မည်သူ
မရှိ။ အေးဆွေသူငယ်ချင်းကလည်း ဝိန်းမရှိလောသည် ထင်နေသည်
အေးဆွေပြောသည်ကို ဘာမှနားမထောင်။

ခင်ဖုန်း အေးဆွေကို ကြောက်သည့်စိတ်တော့ မရှိ။

"ဟင်း ... မကောင်းတဲ့စိတ်နဲ့လာရင်တော့ ... သေမယ်
သာမှတ် ..."

စိတ်ထဲမှာ ကြိမ်းဝါးနေမိသည်။

သို့သော် အိပ်ပျော်သွားမှာကိုသာ စိုးရိမ်မိသည်။

"တကယ်လို့များ ... ငါ ... အိပ်ပျော်သွားရင် ..."



တွေးရုံနှင့်ပင် ရင်ခုန်မောရသည်။

အေးဆွေတက်ခြင်းသို့ နားစွင့်ကြည့်မိသည်။ ငြိမ်သက်နေသည်
က စိတ်လှုပ်ရှားစရာ။

"သူနေရာမှာမှ ရှိသေးရဲ့လား ..."

ခြင်ထောင်ထဲက လှမ်းကြည့်တော့ ဘာမှသည်းသည်းကွဲကွဲ
မမြင်ရ။

စောစောက အေးဆွေမှန်အိမ်မီးလျှော့သည်ကို သတိထားမိ
သည်။

မီးမလျှော့ဖို့ ပြောမည်လုပ်ပြီးမှ စကားအပြောအဆို မလုပ်
ချင်၍ ငြိမ်ငြိမ်လေး နေလိုက်သည်။ ခုတော့ အလင်းရောင်အားနည်း
သည်က စိုးရိမ်စရာဖြစ်နေပြီ။

"သူ ... မီးအိမ်လျှော့တာ ... ရိုးရိုးသားသားမှ ဟုတ်ရဲ့
လား ..."

ခြင်ထောင်ကို ဖွင့်ကြည့်ချင်စိတ်ဖြစ်မိသည်။ သို့သော် ထိုသို့
ဖွင့်ကြည့်ကာမှ ကိုယ်က သူ့ကို စိတ်ဝင်စားသလို ဖြစ်မှာကို တွေးမိသည်။

ခင်ဖုန်းမလှုပ်ဝံ့တော့ပါ။ ငြိမ်ငြိမ်လေးနေပြီး အသံကိုသာ နား
စွင့်နေမိသည်။ ဘာသံမှမကြားရ။

တစ်ချက်တစ်ချက်တွင် ရွာထဲမှ ခွေးဟောင်သံကြားရသည်။
ကိုယ်မရောက်ဘူးသော ရွာ၊ ကိုယ်မအိပ်ဘူးသော အိမ်မှာ ယောကျ်ား
လေးတစ်ယောက်နှင့်အတူ အိပ်နေရသည်။ ရင်ထဲမှာ အားငယ်စိတ်များ
ဝင်လာမိသည်။

လယ်တွင်း သုသာန်မှာ ကြောက်ခဲ့ရသည်က တစ်မျိုး။
ခုကြောက်ရသည်က တစ်မျိုး။

"ဟင် ..."

အေးဆွေ့ဘက်မှ အသက်ပြင်းပြင်းရှူသံကြားရသည်။ ခင်ဖုန်း
မြဲချင်စိတ်ပြင်းမိသည်။ ကိုယ်က အမျိုးမျိုးစိုးရိမ်နေချိန်မှာ သူက
ဆေးရွာ အိပ်ပျော်နေပြီ။

"သေချာရဲ့လား ... ဟန်ဆောင်တာလား ..."

အသေအချာ နားထောင်ကြည့်သည်။ အသက်ပြင်းပြင်းရှူ
က မှန်သည်။ တကယ် အိပ်မောကျနေသည်မှာ သေချာပါသည်။

"အေးလေ ... သူလဲ ... ပင်ပန်းပြီးအိပ်ပျော်သွားရှာ
ပေါ့ ..."

စိုးရိမ်စရာမရှိမှန်းစိတ်ချရမှ တောင်ပေါ်တွင် အကြိမ်ပေါင်း
များစွာ လဲကျပွန်းပဲ့ခဲ့သည့် ဒဏ်ရာများမှာ နာကျင်မှုဝေဒနာများ
ခံစားလာရသည်။ တစ်ကိုယ်လုံးကိုက်ခဲနေသည်။

ညကြီးအချိန်မတော်မှာ ခြေကျင်လျှောက်လာခဲ့ရသော
ကို စဉ်းစားမိရင်း ဝမ်းနည်းလာသည်။

"ငါ့မှာ ဘယ်လို အကုသိုလ်ကြောင့် မမျှော်လင့်ဘဲ ဒီလိုဖြ
တာလဲ.. ငါတို့ဘာအပြစ်မှ လုပ်တာလဲ မဟုတ်ဘူး ... ဒီ
ခူးစားဖို့လာရင်းနဲ့ဖြစ်ရတာ ..."

အမေ့ကို သတိရသည်။

"အမေစိုးရိမ်နေရှာမလား ..."

ခင်ဖုန်း၏ ပါးပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ခင်ဖုန်း
ဝမ်းနည်းလွန်း၍ ငိုကြွေးမိသည်။ ရှိုက်သံမထွက်စေချင်ကာမှ တစ်ချ
တစ်ချက်မှာ ရှိုက်သံထွက်သွားသည်။

အေးဆွေ့အိပ်ရာက နိုးမှာစိုး၍ ရှိုက်သံမထွက်အောင် ထိ
ချုပ်ရသည်။ သူနိုးပြီး မေးလား၊ မြန်လားနှင့် ကိုယ်ဆီလာပြီး အ
ပေးပြောဆိုလုပ်မှာကို စိုးရိမ်သည်။ ဝမ်းနည်းစိတ်ကို ဖြေဖျောက်အော



ကြိုးစားရသည်။

ရွာထဲမှ ကြက်တွန်သံကြားရသည်။ တစ်အိမ်ထဲမှ မဟုတ်ဆက်
တိုက်ထွက်ပေါ်လာသော ကြက်တွန်သံများဖြစ်သည်။

သန်းခေါင်ကြက်လား၊ လင်းကြက်လား၊ ဘာကြက်မှန်းမသိ၊
ဘယ်အချိန်ရောက်ပြီဆိုသည်ကိုလည်း မသိ၊ တစ်ချက်တစ်ချက်မှာ ရှိုက်
သံက ဖြစ်ပေါ်ဆဲ။

ဘုရားကို အာရုံပြု၍ ကန်တော့သည်။ အမေ့ကို အာရုံပြု၍
ကန်တော့သည်။ အဖေ့ကိုပါ ကန်တော့သည်။

အေးဆွေ့ဘက်မှ အသက်ရှူသံ မှန်မှန်ထွက်ပေါ်လာဆဲ။

ခင်ဖုန်းအိပ်မပျော်အောင် သတိထားနေသည့်ကြားမှပင် အိပ်
ပျော်သွားပါသည်။

* * *

အေးဆွေ့မနက်အိပ်ရာမှ နိုးသောအခါ မနေ့ညက တောင်ပေါ်မှ
အဆင်းလမ်းတွင် လဲခဲ့သည့် ပွန်းပဲ့ရှနာဒဏ်ရာများက နာကျင်နေသည်။

ဗိုက်ထဲမှာလည်း ဟာနေသည်။

မနေ့က ညစာကို ရေနှစ်ခွက်နှင့်သာပြီးခဲ့ရသည်။

"ဟင် ... ခင်ဖုန်းရော.."

ခုမှ ခင်ဖုန်းကို သတိရ၍ ခင်ဖုန်းအိပ်နေသော ခြင်ထောင်ဆီ
သို့ လှမ်းကြည့်လိုက်သည်။ လှုပ်ရှားသည်ကို မတွေ့ရသေး။

"သူက ပိုလဲတော့ ပိုနာမှာပေါ့ ... မိန်းကလေးလဲဖြစ်သေး
တယ်၊ ဒီလို ခရီးမျိုးကိုလည်း သူ့ခမျာ ... ခုလိုသွားဘူးရှာမှာ မဟုတ်
ဘူး ..."

ခင်ဖုန်းကို အေးဆွေသနားနေမိသည်။

"သူ ... အိပ်ပါစေ ..."

အေးဆွေ အိပ်ရာမှ အသာအယာထလိုက်သည်။
အိမ်တံခါးဖွင့်လိုက်တော့ အပြင်မှာ နေထွက်နေပြီ
"အို... အိပ်ရာထ အတော်နောက်ကျသွားတာပါလား..."
အေးဆွေအိမ်လေးမှ ထွက်လိုက်တော့ အိမ်မြင့်၏ အော
ထပ်မှ တန်းလျားခုံမှာ ထိုင်နေသော အောင်မြိုင်ကို တွေ့ရသည်။
အပြင်မှ ရေအိုးစင်မှာ မျက်နှာသစ်နိုင်ရန် အဆင်သင့်
ထားသည်ကို တွေ့၍ အေးဆွေမျက်နှာအရင် သစ်လိုက်သည်။ တ
တစ်ထည်ပါ အောင်မြိုင်က ထုတ်ပေးထားသည်။ အေးဆွေတို့တွင်
ဝတ်မှတစ်ပါး ဘာမျှပါသည်မဟုတ်။
အေးဆွေ မျက်နှာသုတ်ပြီး အောင်မြိုင်ရှိရာ အိမ်အော
တန်းလျားခုံမှာ သွားထိုင်သည်။
အေးဆွေအိပ်ရာမှ ထသွားသည်ကို ခင်ဖုန်းသိပါ၏။ သို့သေ
အိပ်ချင်ယောင်ဆောင်ပြီး အသာလေးငြိမ်နေလိုက်သည်။ တစ်ကိုယ်
မှာ ရိုက်ထားသလို ကိုက်ခဲနာကျင်နေသည်။ ဖျားလည်းဖျားနေ၍ ထ
ချင်စိတ်မရှိ။
"အေးဆွေ မင်းကောင်မလေးက ဈေးနားက ရွှေပန်းထ
ဒေါ်မြစိန်ရဲ့သမီး ခင်ဖုန်းမဟုတ်လား..."
အပြင်မှမေးသံကို ကြားရ၍ အေးဆွေ ဘာပြောမည်ကို သိ
သောကြောင့် ခင်ဖုန်းနားစွင့်နေလိုက်သည်။
"ဟုတ်တယ်လေကွာ.. ဒါပေမဲ့ ငါ့ကောင်မလေး မဟုတ်
ဘူးကွာ..."
အေးဆွေ ပြောသံကိုကြားရသည်။
"တော်ပါသေးရဲ့..."
အေးဆွေကို ကျေးဇူးတင်မိသည်။



"ဟာ.. မင်းဟာကလည်း... နှစ်ယောက် နိုးပြေးလာလို့
တစ်ညတောင် အတူအိပ်ပြီးပြီ ... မင်းကောင်မလေး မဟုတ်သေး
ဘူးလား..."
"ဟယ်... ငါတော့ သွားပါပြီ..."
ကြားရသည့်စကားမှာ ကြမ်းတမ်းလွန်းလှ၍ ခင်ဖုန်းသေချင်
လောက်အောင် ရှက်ရသည်။
"ခုကွပါပဲ... ငါ့ဒီအတိုင်း ဆက်နေလို့ ဖြစ်ပါ့မလား..."
ခင်ဖုန်း စိတ်ပျက်မိသည်။
"မွှီး... တိုးတိုးပြောပါကွ... မင်းထင်သလို မဟုတ်ဘူး"
အေးဆွေပြောသံကို ကြားရသည်။ သို့သော် အေးဆွေက သူများ
မကြားအောင် တိုးတိုးပြောခြင်းဖြစ်၍ ခင်ဖုန်းကောင်းကောင်း မကြား
ရပါ။
အေးဆွေက ဖြစ်ပျက်ပုံ အလုံးစုံကို သူ့သူငယ်ချင်းသိအောင်
ရှင်းပြနေသည်။
ခင်ဖုန်းသိပ်မကြားရ၍ ခြင်ထောင်ထဲမှ အသာထွက်ပြီး ပြော
သူများနှင့် နီးနိုင်သမျှ နီးအောင် အိမ်ထရံအနားထိကပ်ပြီး နားစွင့်
နားထောင်ရသည်။
စကားအားလုံးကို မကြားရသော်လည်း အေးဆွေက ရိုးရိုး
သားသားနှင့် အဖြစ်မှန်အတိုင်း ရှင်းပြနေကြောင်းသိရပါသည်။
"ဟာ... မင်းဟာက ဘာကြီးမှန်းလဲ မသိဘူး ...ငါက
မင်းကို နှံလှချည်လားလို့ အထင်ကြီးနေတာ..."
အောင်မြိုင်စိတ်ပျက်သွားသည်။
"ဒါကြောင့် မင်းထင်သလို မဟုတ်ပါဘူးလို့ ငါပြောတာပေါ့"
"ငါ့အဖေက မနက်အစောကြီးတောမသွားခင် ... ငါ့မှာ

သွားတယ်ကွ … ပိန်မန်းလာတဲ့ ကောင်လေးကိုစွ ကိုယ့်ဘက်…
စိတ်ချရအောင် ဒီနေ့မနက် ရွာလူကြီးတွေနဲ့သွားပြောပြီး လက်မှတ်…
လက်ထပ်ခိုင်းလိုက်တဲ့ …"

"ဟင် …"

ခင်ဖုန်း ထိတ်ထိတ်လန့်လန့်ဖြစ်သွားသည်။

'ငါတော့ ခုကွရောက်ပြီထင်တယ် …"

အမြန်ဆုံး ပြန်ထွက်ပြေးချင်စိတ်ဖြစ်မိသည်။

"ဟာ … မလုပ်နဲ့ကွ … မဟုတ်ဘူး …"

အေးဆွေ၏ စိုးရိမ်စွာ ဟန့်တားသံကို ကြားရမှ ခင်ဖုန်းစိ…
သက်သာရသည်။

"ဒါဆိုရင်တော့ ငါလည်း ဘာလုပ်ရမှန်းမသိဘူး … ငယ်…
နဲ့ ကျောက်ဆည်က နေ့တိုင်း ကူးသန်းသွားလာနေကြတာကွ …
မင်းတို့ဒီရောက်နေတာ သူ့အိမ်က မကြာခင်သိသွားမှာပဲ …"

"ဟင် … သိလို့ အိမ်ကလိုက်လာရင် …"

ခင်ဖုန်း၏ ကြောက်စရာတပ်မျိုးတိုးပြန်သည်။

"အဲဒါဆိုရင်တော့ မသိအောင်နေမှ ဖြစ်မှာကွ … သိသွား…
သူ့အစ်ကိုတွေလိုက်လာရင် … ခုကွဲဖြစ်မှာ …"

အေးဆွေ၏ စိုးရိမ်သော ပြောဆိုသံကို ခင်ဖုန်းကြားရသည်…

"ဒါဆိုရင် မင်းကတော့ ဂ ွမရှိဘူး … မင်းကောင်မလေ…
အိမ်အပြင်မထွက်စေနဲ့ … အိမ်ငဲမှာပဲ နေမှဖြစ်မှာ …"

"အေးပါ … ငါပြောထားပါ့မယ် … မင်းအမေနဲ့ မင်းညီလေ…
ရော … မင်းမိသားစုအားလုံးရေပါ့ကွာ … ပြောထားပေးပါဦး … ဘယ်…
မှမပြောဖို့ …"

"အေးပါ … မပြောပါဘူး … ဒါပေမဲ့ မင်းတို့ဟာက နိုးလေ…



တာလည်းမဟုတ်တော့ လင်မယားလည်း မဟုတ်ဘဲနဲ့ ဒီအိမ်လေးထဲမှာ
နှစ်ယောက်ထဲကြာကြာနေရင် …"

နောက်ဆက်ပြောမည့် စကားကို ခင်ဖုန်းနားစွင့်နားထောင်
သော်လည်း ဘာသံမှမကြားရ။

အမှန်စင်စစ် အောင်မြင်က ဘာမှဆက်မပြောဘဲ စကားကို
ရပ်ထားလိုက်ခြင်းဖြစ်သည်။

"ကြာကြာနေလည်း … ဘာမှမဖြစ်ပါဘူးကွာ … ငါတို့
မောင်နှမလိုနေကြမှာပါ …"

အေးဆွေပြောသံကို ကြားရသည်။ အေးဆွေ၏ သဘောထား
ကို ခင်ဖုန်းလေးစားမိသည်။

"မဟုတ်ဘူးလေကွာ … နှစ်ယောက်အတူ နိုးပြေးလာကြ
ပြီဆိုတော့ မထူးပါဘူး … မင်းတို့လက်ထပ်လိုက်ရင် အားလုံးအဆင်
ပြေသွားမှာပေါ့ …"

ပြောနေသူ အေးဆွေ၏ သူငယ်ချင်းကို ခင်ဖုန်းမကျေနပ်ဖြစ်
မိသည်။

"မဖြစ်နိုင်ပါဘူးကွာ … သူက ငါ့ကိုစိတ်တောင်ကူးမှာ
မဟုတ်ဘူး … အဝေးကြီးပဲ …"

အေးဆွေပြောသမျှမှာ ရိုးရိုးသားသားဖြစ်သည်ကို ခင်ဖုန်း
သတိထားမိသည်။

"မင်းကရော …"

အေးဆွေလူငယ်ချင်းက အေးဆွေ၏ သဘောထားကို မေးမြန်း
ခြင်းဖြစ်သည်။ ခင်ဖုန်းနားကို ပိုစွင့်လိုက်သည်။ အေးဆွေပြောမည့်
စကားမှာ အရေးကြီးသည်။

"ငါလည်း … ရိုးရိုးပဲခင်တာပါကွာ … ကိုယ့်ဘဝ ကိုယ်

နားလည်ပါတယ် … သူ့ကို မနှိုးသားတဲ့စိတ်မျိုးနဲ့ တွေးတောင် မတွေး
ခဲ့ပါဘူး …"

အေးဆွေကို ခင်ဖုန်းစိတ်ချသွားပါပြီ။ သို့သော် အေးဆွေ
သူငယ်ချင်းပြောသည်ကို ဆက်ကြားနေရပြန်သည်။

"အေးလေ … ဒါပေမဲ့ ဘယ်လိုဖြစ်ဖြစ် … ခုဆိုရင်
… မင်းတို့နှစ်ယောက် အိမ်လေးတစ်အိမ်မှာ နှစ်ယောက်ထဲအတူနေ
ပြီကြပြီ … သူ့ကို ဘယ်သူကမှ အပျိုလို့ယုံမှာ မဟုတ်တော့ဘူး

"အို … ငါတော့ ဒုက္ခပဲ …"

ကြားလိုက်ရသည့်စကားကြောင့် ခင်ဖုန်းအသည်းထဲမှ
နာကျင်သွားရသည်။ မျက်ရည်များက အလိုလိုစီးဆင်းလာကြသည်။

"ဘာလို့ မယုံရမှာလဲကွာ … ငါတို့အတူတူအိပ်တာ
မဟုတ်ဘဲ … တခြားစီအိပ်တာပဲ …"

အေးဆွေက အနိုင်အမာပြောပါသည်။

"အဲဒါက မင်းတို့ပဲ သိတာကိုး … လူတွေက ဘယ်ယုံပါမလဲ

အေးဆွေ၏ ပြန်လည်ပြောကြားသံကို ခင်ဖုန်းမကြားရတော့ပဲ

အေးဆွေသူငယ်ချင်းပြောသည်မှာ မကျေနပ်စရာစကားဖြ
သော်လည်း သူပြောတာမှန်သည်ဟု ခင်ဖုန်းနားလည်မိသည်။

မိမိဒါက်မကောင်းသော ဖြစ်ရပ်အတွက် ဝမ်းနည်းကြေကွဲ
ငိုကြွေးမိသည်။

"ဒီလိုလုပ်ပါလား …"

အေးဆွေ သူငယ်ချင်းက ဆက်ပြောနေပြန်သည်။

"မင်း သူ့ကိုမေးကြည့်သင့်တယ် … ဒီလိုအခြေအနေမြ
ပြီးမှ ဒီအတိုင်းပြန်သွားလို့လည်းဖြစ်မှာမဟုတ်ဘူး … မပြန်ဘဲနဲ့
ဘယ်လောက်ကြာကြာရလို့ နေလို့ရမလဲ … အဲဒီလို နေလို့လဲ ဘာ





ထူးမှာမဟုတ်ဘူး … အဲဒီတော့ ဒီမှာပဲ ရွာလူကြီးစုံရာနဲ့ လက်မှတ်
ထိုးပြီး လက်ထပ်လိုက်ရုံပေါ့ …"

"ဟာ … မဖြစ်ပါဘူးကွာ … ငါမပြောချင်ပါဘူး … သူ ငါ့
ကိုစိတ်ဆိုးမှာပေါ့ …"

"စိတ်ဆိုးလည်း ဘယ်တတ်နိုင်မလဲကွာ … အခြေအနေက
အဲဒီလိုလုပ်သင့်တယ်ဆိုတော့ မင်းပြောသင့်တယ်ထင်တာပဲ …"

အေးဆွေသူငယ်ချင်း၏ အတင်းတိုက်တွန်းနေသည်များကို
ခင်ဖုန်းဒေါသဖြစ်စွာ ကြားနေရသည်။

"မပြောချင်ပါဘူးကွာ … ငါ … ပြောလည်းမပြောရဲပါဘူး
ပြောရင် သူစိတ်ဆိုးမှာ သေချာတယ် … ငါတို့ ခဏလောက်တော့
ဒီမှာ ပုန်းနေပါရစေကွာ … မင်းတို့ကို အားနာပါတယ် … ဒါပေမဲ့
လောလောဆယ် သူ့အစ်ကိုတွေ ရန်ကို ကြောက်လို့ပါ … ဒီမှာ ပုန်း
နေတာကိုသိရင်လည်း လာသတ်မှာကွ …"

အေးဆွေကြောက်သည်ထက် ခင်ဖုန်းပိုကြောက်ပါသည်။ သူ့
အစ်ကိုများအကြောင်း ခင်ဖုန်းပိုသိပါသည်။ ခင်ဖုန်းကို သူ့အစ်ကိုများ
သိပ်ချစ်သလို ဆတ်ဆတ်ထိမခံ ဒေါသကြီးသူများဖြစ်ကြသည်။

"ဒီရွာမှာတော့ သူတို့အဲဒီလို လာလုပ်လို့ ဘယ်ရမလဲကွ …
ငါတို့က ဘယ်ခံမလဲ … အဲဒါတော့ စိတ်မပူပါနဲ့ မင်းတို့ အေးအေး
ဆေးဆေးနေပါ …"

ခုလိုပြောသံကြားရတော့လည်း အေးဆွေ၏ သူငယ်ချင်းကို
ခင်ဖုန်းအားကိုးစိတ်ဖြစ်ရသည်။

"ငါတို့မှာ အပတ်ပိုလည်း ဘာမှမပါဘူးကွ … ငါက ကိစ္စ
မရှိပါဘူးကွာ … သူ့အတွက် …"

အေးဆွေစကားရပ်သွား၍ အောင်မြင်နားလည်စွာခေါင်းညိတ်

ပြီး ပြုံးလိုက်သည်။

"ရပါတယ်ကွာ … ငါ့အမအဝတ်တွေရှိပါတယ် … ငါ ပြောပေးပါ့မယ် … ကဲ မင်းသွားကြည့်လိုက်ဦး … သူ့နှိုးရေ လား .. နိုးရင် မျက်နှာသစ်ဖို့ အိမ်ပေါ်မှာပဲ လုပ်ပေးလိုက် … ပြီးတော့ မနက်စာစားဖို့ ထမင်းနဲ့ပဲပြုတ်လုပ်ထားတယ် … အကြော်လည်း ဝယ်ထားတယ် … အိမ်လေးပေါ်ပို့ပေးမယ် … ကျွေးတာတော့ မင်း ဘာသာကျွေးပေါ့ … မင်းလည်း အတူတူ စားလိုက်ပေါ့ …"

အေးဆွေပြန်တက်လာတော့မည်မို့ ခင်ဖုန်းခြင်ထောင်ထဲ အမြန်ပြန်ဝင်လာပြီး အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

* * *

အိမ်လေးပေါ်သို့ အေးဆွေတက်လာသည်ကို ခင်ဖုန်းသိ သည်။ ခြင်ထောင်ထဲမှာ အိပ်ချင်ယောင်ဆောင်နေသည်။

"ခင်ဖုန်း … ခင်ဖုန်း …"

အေးဆွေ နှိုးနေသည်။

"ဟင် …"

ခင်ဖုန်းရှမှ အိပ်ရာက နိုးဟန်နှင့်ထလိုက်သည်။

"မျက်နှာသစ်ရင် … ဒီအိမ်ပေါ်မှာပဲ သစ်နော် … ငါအာ လုံး အဆင်သင့်လုပ်ထားတယ် …"

"အေးပါ …"

ခင်ဖုန်း ကိုယ့်ကိုယ်ကို သေသေသပ်သပ်ဖြစ်အောင် ပြုပြင် ပြီးမှ ခြင်ထောင်ထဲမှ ထွက်လိုက်သည်။

"ငါ တစ်ကိုယ်လုံးကိုက်ခဲနေတာပဲဟာ … လဲထားတာ တွေက နာတဲ့ဒဏ်ကြောင့် ထင်ပါရဲ့ … များလည်းများနေတယ်"



"အို … ဟုတ်လား … များမှာပေါ့ဟာ … နင်လဲတာ က ခဏ ခဏပဲ … ဒဏ်ရာအများကြီးရမှာပေါ့ … ငါနင့်လောက် မလဲတာတောင် ညက အတော်နာတယ် …"

ခင်ဖုန်းမျက်နှာသစ်ပါသည်။ မျက်နှာသစ်ပြီးသည်နှင့် အေး ဆွေက တဘက်လှမ်းပေးသည်။

ခင်ဖုန်းတဘက်ကို လှမ်းယူ၍ မျက်နှာသုတ်ရသည်။ အဝတ်လဲ စရာမရှိ။ မနေ့က ဝတ်လာသည့်အတိုင်းဖြစ်သည်။ လုံချည်အင်္ကျီများ မှာ အကြိမ်ကြိမ်လဲထား၍ ညစ်ပေနေကြသည်။

အိမ်မှာဆိုလျှင် မျက်နှာသစ်ပြီးသည်နှင့် သနပ်ခါးလိမ်းရ သည်။ ခုတော့ လိမ်းစရာသနပ်ခါးမရှိ။ ခေါင်းဖြီးရန် ဘီးလည်း မရှိ။

အေးဆွေအိမ်လေးပေါ်မှ အောက်သို့ဆင်းသွားသည် ခဏ အကြာတွင် ပဲပြုတ်နှင့် နယ်ထားသော ထမင်းဆီဆမ်း အကြော်ပန်း ကန်တို့ကို ယူပြီးပြန်တက်လာသည်။

"ရော … နင်ဆာနေလိမ့်မယ် … စားလိုက် …"

အေးဆွေက ထမင်းပန်းကန်နှင့်အကြော်ပန်းကန်ကို ခင်ဖုန်း ရှေ့ချပေးသည်။

"နင်ရော … စားလေ …"

သူလည်း မစားရသေး၍ ဆာနေမည်ကို ခင်ဖုန်းနားလည်ပါ သည်။ အေးဆွေ့သူငယ်ချင်းက အတူစားကြဖို့ ပြောသည်ကိုလည်း ကြားထားပြီးဖြစ်သည်။

"နင်စားပါ … ပြီးမှ ငါစားပါ့မယ် .."

အေးဆွေက နောက်တစ်ခေါက် ဆင်းသွားပြီး ရေနွေးကြမ်း ရေအိုးနှင့် ပန်းကန်နှစ်လုံးယူလာသည်။

ခင်ဖုန်းက အေးဆွေစား၍ အဆင်ပြေအောင် အကြော်ပန်း

ကန်ထဲမှာ ထမင်းနဲ့ဟင်းထည့်ပေးထားသည်။ အကြော်ကိုလည်း ပန်းကန်နှ
ခွဲထားလိုက်သည်။

"ရော့ ... ဒါ ... နင်ဖို့ခွဲထားတာ ... နင်စား ..."

"နင် ဝ အောင်စားစမ်းပါ ..."

အေးဆွေက ခင်ဖုန်းအိပ်သည့် ခြင်ထောင်ကို ဖြုတ်သိမ်း
နေသည်။

"ဟာ ... စားစမ်းပါဟာ ... ပြီးတော့ ငါ့ဘာသာ သိမ်း
မယ် ..."

ခင်ဖုန်းက အေးဆွေကို အတူစားရန် ခေါ်နေသည်။

အေးဆွေ ခြင်ထောင်ကို ဖြုတ်၍ ခေါက်ပြီး ခေါင်းရင်း
ထားလိုက်သည်။

ပြီးမှ သူ့အတွက် ထမင်းနှင့်အကြော်ပန်းကန်ကို ယူ၍ ခ
ဖုန်းနှင့် ခပ်ကျဲကျဲမှာ ထိုင်လိုက်သည်။ ခင်ဖုန်းအတွက် ရေနွေးကြ
တစ်ခွက်ငှဲ့ပေးလိုက်သည်။

မနေ့ညက ဘာမှမစားရ၍ ဗိုက်ထဲမှာ ဟာနေသော်လည်
ခင်ဖုန်း ဖျားနေသောကြောင့် စားချင်စိတ်မရှိပါ။ အိမ်မှာဆိုလျှင်တော
နို့နှင့်ဖျော်သော ကော်ဖီခါးခါးလေးကို သောက်ရမည်ဖြစ်သည်။ ခုတေ
မစားချင်သော်လည်း ရှိတာကိုပင် စားရမည်။

အေးဆွေကတော့ သူ့အတွက် ခွဲပေးထားသော ထမင်းနှ
အကြော်ကိုစားရင်း သူ့သူငယ်ချင်းအောင်မြင့်ပြောသော စကားအ
ကို ပြောပြနေသည်။ လူမမြင်အောင် ခင်ဖုန်းအိမ်ပေါ်မှာပင်နေ
အကြောင်းဖြစ်သည်။

ခင်ဖုန်းသိပြီးဖြစ်သော်လည်း မသိသေးသလို နားထောင်ပေ
လိုက်သည်။





သူ့သူငယ်ချင်းပြောသည့် ကျန်သောအကြောင်းအရာများကို
အေးဆွေက မပြောတော့ဘဲထားသည်။ ခင်ဖုန်းကလည်း မသိသလိုပင်
နေလိုက်ပါသည်။

အေးဆွေထားသာနှင့် စားရင်း သူ့ပန်းကန်ထဲမှာ ထမင်းများ
ကုန်သွားသည်။ အကြော်နှစ်ခုသာ ကျန်သည်။

"ထမင်းထပ်ယူဦးလေ ... သန့်ပါတယ် ... အေးအေးစား
တာပါ ..."

ခင်ဖုန်းက သူ့ပန်းကန်ထဲမှ ထမင်းများကို ပေးနေသည်။

"ဟာ ... တော်ပြီ ... နင်ကုန်အောင်စားလေ ... မနေ့
ကလည်း ဘာမှစားရတာမဟုတ်ဘူး ... ဆာနေမှာပေါ့ ..."

"ငါဖျားနေတော့ ... စားချင်စိတ်မရှိလို့ပါ ..."

"ဟာ ... မစားရင် ... ဆာနေမှာပေါ့ ... ဒီထမင်းတော့
ကုန်အောင်စားပါ ..."

"ငါ တဝက်ကုန်အောင်စားပြီးပြီ ... နင်မစားရင်လည်း ...
ငါထပ်မစားနိုင်တော့ဘူး ..."

အေးဆွေစားလိုက်ရပါသည်။

"အေးဆွေ ... ဟို ... အိမ်သာ ... တက်ချင်ရင် ..."

ခင်ဖုန်းရှက်သော်လည်း မတတ်နိုင် အရှုရာယ်လွှယ်မထားနိုင်
၍ မေးရသည်။

"ဪ ... အိမ်သာက ဒီအိမ်လေးရဲ့ နောက်ဘက်က ခြံစည်း
ရိုးနားမှာရှိတယ် ... ဒီနောက်ဘက်က အပေါက်ဖွင့်သွားရင် ... ရ
တယ် ... အမှောင်ထဲလေးကွယ်သွားရင် ... လူမသိအောင် သွား
လို့ရတယ် ..."

"တော်သေးတာပေါ့ဟာ ..."

"ဟိုမှာ တံခါးပေါက်နားက ... မြွေခွံအိတ်ကိုပါ ဖြဲ့
လိုက် ... နင့်အစ်ကိုတွေ သိသွားပြီး လိုက်လာမှာတော့ ငါလ
ကြောက်တယ် ..."

ကျောက်ဆည်တောင်ခြေမှာ စားကြိမ်းကြိမ်းနေကြ
ခင်ဖုန်း၏ အစ်ကိုနှစ်ယောက်ကို အေးဆွေမြင်ယောင်နေသည်။

"ငါက ပိုကြောက်တာပေါ့ဟာ ..."

ခင်ဖုန်းပြောသည်က သနားစရာ။

အေးဆွေ အိမ်ကလေး၏ နောက်ဖေးတံခါးကို ဖွင့်ပေးသ
မြွေခွံအိတ်ကို ခေါင်းမှာ တတ်နိုင်သမျှ ကိုယ်အပေါ်ပို့
လုံအောင် ခင်ဖုန်းခြုံလိုက်သည်။ ဘယ်သူမှမမြင်နိုင်မလဲဟု အပြင်မှ
ခင် ပတ်ဝန်းကျင်ကို စိုးရိမ်စွာကြည့်ရသေးသည်။ ပြီးမှ အမှော်
လေးကို ကွယ်၍ အိမ်သာလေးဆီသို့ ခပ်သုတ်သုတ်သွားရသည်။

"ဒီ အခြေအနေနဲ့တော့ ... ငါသေသွားရင် ... ကောင်း
ထင်တယ် ..."

ခင်ဖုန်းရင်ထဲမှာ ပင်ပန်းဆင်းရဲစွာ ခံစားနေပါသည်။

* * *

"ခင်ဖုန်း ... ဒီမှာ ... ရော ..."

အေးဆွေက ခြင်းတစ်ခုနှင့်ထည့်ယူလာသော အဝတ်များ
ပေးသည်။ လုံချည်အကျႌ အစုံပါသည်။

"ဒါ ... ဘယ်သူ့အဝတ်တွေလဲ ..."

"အောင်မြိုင် အမေဝတ်တာတွေပါ ... လျှော်ဖွပ်ပြီး
တိုက်ထားတာ ... သန့်ပါတယ်တဲ့ ..."

ခင်ဖုန်း သူများအဝတ်ကို တစ်ခါမှ မဝတ်ခဲ့ဖူးပါ။ သို့သေ
ခုတော့ မတတ်နိုင် ဝတ်ရတော့မည်။



အေးဆွေအိမ်လေးပေါ်မှ ပြန်ဆင်းသွားပြီး ခဏကြာတွင်
ကျောက်ပြင်တစ်ချပ်နှင့် သနပ်ခါးတုံးယူလာသည်။

"အို ... အားနာစရာဟာ ..."

အေးဆွေမှာ မောရှုန်းပန်းရှုန်းမသိ၊ ကျောင်းမှာကတည်း
က ခင်ဖုန်းခိုင်းသည်ကို လုပ်ပေးနေကျ။ ခုလိုလုပ်ပေးရသည်ကိုပင်
အေးဆွေ ဝမ်းသာနေရသည်။

"ငါ သွေးလိုက်ရမလား ... ခင်ဖုန်း ..."

"အို ... နင်ကလဲ ..."

အေးဆွေက ရိုးရိုးပြောသော်လည်း ခင်ဖုန်းက အတွေးတစ်
မျိုးပေါက်သွားသည်။

"ငါ ဘာမှလုပ်စရာမရှိလို့ပါ ... နင်လည်း လက်မညောင်း
စေချင်လို့ပါ ..."

အေးဆွေ၏ ရိုးသားသော ပြောဆိုမှုအတွက် ခင်ဖုန်းပြုံးလိုက်သည်။

"ငါ နေမကောင်းတော့ သနပ်ခါး မလိမ်းချင်လို့ပါ ..."

"ဪ ... အေး ... အေး ..."

ကျောက်ပြင်နှင့် သနပ်ခါးတုံးကို အေးဆွေအိမ်ထောင့်မှာ ကပ်
ထားလိုက်သည်။

ခင်ဖုန်းတစ်ကိုယ်လုံး ကိုက်ခဲနာကျင်၍ အိပ်ရာထဲမှာလှဲ့နေ
ချင်သည်။ သို့သော် နေရသည်က အိမ်လေးထဲမှာ အေးဆွေနှင့် နှစ်
ယောက်တည်းဖြစ်သည်။ သူ့ရှေ့မှာ တုံးလုံးပက်လက်မနေချင်။

ထောင်လျက်ရှိသော ဒူးနှစ်ဖက်ကို ကျုံ့ကျုံ့လေး ပွေ့ဖိုက်၍
ထိုင်ရင်း ဒူးပေါ်မှာ နဖူးတင်ပြီး မျက်စိပိတ်နေလိုက်ရသည်။

"ခင်ဖုန်း နင်အိပ်ချင် အိပ်နေလေ ... ငါဆေးသွားရှာလိုက်
ဦးမယ် ..."

အေးဆွေက အိပ်ပေါ်မှ အဆင်းတွင် တံခါးကို ဖွင့်လော

သည်။

သက်သက်သာသာအိပ်နေခွင့်ရ၍ အေးဆွေကို ခင်

ကျေးဇူးတင်လိုက်မိပါသည်။

သို့သော် ကြာကြာတော့ အိပ်ခွင့်မရ။ နာရီဝက်သာ

လောက်မှာ အေးဆွေပြန်ရောက်၍ ခင်ဖုန်းထထိုင်ရသည်။

အေးဆွေလက်ထဲမှာ ကိုင်လာသော သစ်ပင်လေးနှစ်ပ

ချထားပြီး သူ့အိတ်ထဲမှ ဆေးကို ထုတ်ယူလိုက်သည်။

"ရွာထဲက အိမ်ဆိုင်တစ်ဆိုင်မှာ ပါရာစီတမော ဝယ်ရ

ခင်ဖုန်း နှင်တစ်လုံးသောက်လိုက် ..."

အေးဆွေက ရေခပ်ပေး၍ ခင်ဖုန်းဆေးတစ်လုံးသောက်လို

သည်။

"နှင့်ခြေထောက်မှာ မွန်းပွဲတဲ့ဒဏ်ရာတွေက ယောင်း

အနာရှိန်နဲ့ နင်ဖျားတာဟ ... အနာတွေပျောက်ရင် ကောင်းသွာ

ငါ ... ကြိုတ်မန်ပင်ရှာပြီး နုတ်လာခဲ့တယ် ဒဏ်ရာပေါ် အရည်ညှစ်

ရင် မြန်မြန်ပျောက်တယ်ဟ ... ငါတို့တောမှာတော့ အကောင်း

ဆေးပဲ ..."

ခင်ဖုန်း၏ခြေမ ခြေဖမိုးတို့မှ မွန်းပွဲဒဏ်ရာများကို အေး

လှမ်းကြည့်သည်။ ခင်ဖုန်း၏ ဖြူသော ခြေဖမိုးပေါ်မှ မွန်းပွဲဒဏ်ရာ

မှာ နီရဲနေသည်။

"ဘယ်လိုလုပ်ရမှာလဲ ..."

ခင်ဖုန်းမလုပ်တတ်

"ငါ ... အရည်ညှစ်ချပေးမယ်လေ ..."

ဆေးထည့်ပေးရမည်သူက ကောင်းကောင်းပန်ပန် ခင်



ကြုံပြီ ဘာမျှမပြောခြင်းဖြင့် ခွင့်ပြုလိုက်သည်။

အေးဆွေက ကြိုတ်မန်ပင်ရွက်များအညှနိုက်ယူ၍ လက်ညှိုး

လက်မဖြင့် အရည်ညှစ်ပြီး ကျလာသော အရည်ကို ခင်ဖုန်း၏ ခြေမ

နှင့်ခြေဖမိုးပေါ်မှ ဒဏ်ရာများပေါ်သို့ချပေးသည်။

"နည်းနည်းတော့ စပ်မယ်နော် ..."

ခင်ဖုန်းဘာမှ ညည်းညူခြင်းမပြုတော့ပါ စပ်သည်ကို သည်းခံ

နေလိုက်သည်။

"ငါ ... နည်းနည်းဖိပေးမယ်နော် ... အနာထဲကို ဆေး

ရောက်အောင်လို့ ..."

ခင်ဖုန်းငြင်းဆန်ခြင်းမရှိ၍ အေးဆွေက ဖြူနုသော ခြေဖမိုး

ပေါ်မှ မွန်းပွဲနေရာကို လက်မဖြင့် ဖိပေးသည်။

"နင်ကြည့်နေ ... ညနေလောက်ဆို ချုပ်သွားလိမ့်မယ် ..

မနက်ဖြန်ဆိုရင် ပျောက်ပြီ ... ငါတို့တောမှာတော့ ထိခိုက်ဒဏ်ရာ

ရတိုင်း ဒီဆေးနဲ့ကုရင် အမြန်ပျောက်တာပဲ ..."

လုံချည်အောက်မှာရောက်နေသည့် ဒူးခေါင်းမှ မွန်းပွဲဒဏ်ရာ

မှာ အများဆုံးနှင့်အနာဆုံးဖြစ်သည်။ အေးဆွေ၏ ကောင်းသည်ဆိုသော

ဆေးကိုထည့်ချင်သည်။ သို့သော် ခြေသလုံးသာမက ဒူးအထိပါ ဖော်

ရမှာနှို ရှက်နေသည်။

"နင် အရွက်ပေး ... ငါဘာသာခြေထည့်မယ် ..."

ခင်ဖုန်းက အေးဆွေထံမှ ကြိုတ်မန်ရွက်ကို တောင်းသည်။

"ဘယ်မှာနာတာရှိသေးလဲ ... ငါအရည်ညှစ်ချပေးမယ်လေ"

"ငါ့ဘာသာညှစ်ထည့်မယ် ..."

"ဩော် ... နင်ကလည်းဟာ ... ငါတို့မောင်နှမလို ဖြစ်နေ

ကြပြီပဲ ... ရှက်စရာမရှိပါဘူး ... ငါညှစ်ပေးပါ့မယ် .. နင့်ဘာသာ

လက်နဲ့ဖိပေး ..."

အေးဆွေပြောသည့် မောင်နှမလို ဖြစ်နေကြပြီပဲဆိုသော စ
ကို ခင်ဖုန်းသဘောကျပါသည်။ အေးဆွေ၏သဘောထား အမှို
သည်ဟုလည်း ယုံကြည်သည်။

"ဒါပေမဲ့ ဟိုဘက်လှည့်ဦး ... ပြီးမှ ငါလှည့်နိုင်မှ လှည့်

"ရပါတယ်ဟာ ..."

အေးဆွေတစ်ဖက်သို့ လှည့်နေလိုက်သည်။

ခင်ဖုန်းက အနားပေါ်အောင် လုံချည်ကို ဆွဲတင်သည်။
နစ်နေသော ခြေသလုံးလေးပေါ်မှာ အကြောစိမ်းစိမ်းလေးများနှင့် ရှိန်
ဝိုဝိုလှနေ၏။

ဒူးခေါင်း၏ အောက်မှ အဆီတခဲခဲဖြစ်နေသည့် မှန်းပုံရ
မြင်ရသောအခါ ခင်ဖုန်းစိတ်ညစ်သွားသည်။ တစ်ခါမှ ဤသို့ ကြို
မားမားဒဏ်ရာမရဖူးပါ။

ခင်ဖုန်းက ခြေသလုံးကို စောင်ဖြင့် ဖုံးအုပ်လိုက်သည်။
မှ အနာနေရာလေးသာပေါ်အောင် ဖော်ထားသည်။ ကျန်နေရာ
လုံး ဖုံးဖုံးဖိဖိဖြစ်သည်။

"လှည့်လို့ရပြီ ..."

အေးဆွေ ခင်ဖုန်းဘက်သို့ လှည့်ကြည့်သည်။

"ဟာ ... တော်တော်များတာပဲ .. ကိစ္စမရှိဘူး ... မ
ဖြန်ဆို ပျောက်သွားမယ် ... နင့်ကံကောင်းတယ် .. ဒီပြင်ဆေး
ထည့်ရင် အမာရွတ်ကျန်မယ် .... ကျိတ်မန်ရွက်ညှစ်ထည့်ရင် အ
ရွတ်မကျန်ဘူး ..."

"တကယ်ပဲလား ..."

ခင်ဖုန်းသဘောကျသွားသည်။



"တကယ်ပေါ့ဟ ... ငါ့ဆေးက လမ်းဘေးက ရပေမဲ့ သိပ်
ကောင်းတယ် ..."

အေးဆွေက ကျိတ်မန်ရွက်ကို ညှစ်ချလိုက်သည်။ အနာပေါ်
သို့ အရည်စက်များ ကျသွားသည်။

"နည်းနည်းတော့ စပ်မယ် ... နင်လက်နဲ့ဖိလိုက် ..."

အေးဆွေက အရည်စက်များ ထပ်ကျအောင် ညှစ်ပေးနေသည်။
ခင်ဖုန်းလက်ဖြင့် အသာအယာဖိပေးနေသည်။

"ဒီအပြင်နေရာရှိသေးလား"

ခင်ဖုန်းခေါင်းရမ်းပြသည်။

"နင့်ဆေးက အဝတ်နဲ့ထိလို့ရလား ..."

"ရတယ် ... ပြန်ဖုံးထားလိုက်တော့ ..."

အေးဆွေက အလိုက်တသိပင် တစ်ဖက်သို့ ပြန်လှည့်လိုက်
ပါသည်။

* * *

နေလည်ခင်းထမင်းစားပြီးတော့ အေးဆွေက ခင်ဖုန်းကို ပါရာစီ
တမော တစ်လုံးထပ်တိုက်သည်။

"နင် ... တစ်ရေးအိပ်လိုက်ဦး ... ငါအပြင်ထွက်မယ်"

အေးဆွေက ခင်ဖုန်းယွတ်လပ်စွာ အိပ်နိုင်အောင် ရှောင်ပေး
ခြင်းဖြစ်သည်။

"နင် ဘယ်သွားမလို့လဲ ..."

အေးဆွေ့ရှိလျှင် အိမ်ပေါ်သို့ တစ်ယောက်ယောက်တက်လာ
မှာကို ခင်ဖုန်းစိုးရိမ်သည်။

"ငါ ဘယ်မှမသွားပါဘူး ... အပြင်မှာပဲ စောင့်နေမှာပါ ..
နင် စိတ်ချလက်ချအိပ် ..."

အေးဆွေက အိမ်လေးပေါ်မှ ဆင်းပြီးတံခါးကို အပြင်မှ ပိ
၍ လှေကားထစ်မှာပင် ထိုင်နေလိုက်သည်။

ခင်ဖုန်းစိတ်ရှုပ်ထွေးလာ၍ရှုလိုက်ရပါသည်။ ... အိပ်ချ

အိမ်ရာမှ နိုးသောအခါ ခွေးများကွဲနေ၍ အဝတ်များလဲရသည်

အဖျားပျောက်ပြီး လှုပ်ရှားပေါ့ပါးသွားသည်။ ခင်ရာအနာမှ နာကျင်သည့်လည်း သက်သာသွားသည်။ အေးဆွေ၏ ဆေးမှာ အတ ရှမ်း၍ ခင်ဖုန်းအံ့ဩရသည်။ အနာများအားလုံးချုပ်နေကြပြီ။ ယော ခြင်း နာခြင်းမရှိတော့ပါ။

အဝတ်လဲလိုက်၍လည်း စိတ်ထဲမှာ ကြည်ကြည်လင်လင် သွားသည်။ သို့သော် သူ့အဝတ်များကို ဒီအတိုင်းပြန်မပေးချင်။ လျှော် ပေးချင်သည်။ ကိုယ်ကလည်း အပြင်ထွက်၍မရ။ အဝတ်ငှား သူ့ အားနာနေမိသည်။

အပြင်မှ တံခါးကို လက်ဖြင့် ပုတ်သံကြားရသည်။

''ဘယ်သူလဲ ...''

''ငါ ... ပါ ...''

အေးဆွေ၏ အသံဖြစ်သည်။

''ဝင်ခဲ့လေ ...''

အေးဆွေတံခါးဖွင့်ပြီး အိမ်ထဲသို့ ရောက်လာသည်။

''နင် အိပ်ပျော်သွား ...''

''အေး ပျော်တယ် .. ခွေးတွေထွက်ပြီး ဖျားတာလည်း ပျော် သွားတယ်။ အနာတွေလည်း ချုပ်သွားပြီ နင့်ဆေးက အိမ်ကောင်းတ ပဲ ...''

ဦးမှ ပြန်ရ၍ အေးဆွေသဘောကျစွာ ပြုံးလိုက်သည်။

''နေကောင်းသွားလို့လားမသိပါဘူးဟာ ဗိုက်ထဲက တအ



ဆာတယ်။ ကော်ဖီတစ်ခွက်နဲ့ မုန့်စားချင်လိုက်တာ ... ဒီမှာ ဗိုက်ဆာ လည်းမပါဘူး ... ဗိုက်ဆာအိတ်က ကျောင်းလွယ်အိတ်နဲ့အတူ ဝက်သစ်ခြင်းထဲကျန်ခဲ့တာ ...''

''ငါ့မှာ ပိုက်ဆံပါရာတော့ ရှိသေးတယ် ... နင်စားချင်တဲ့ ကော်ဖီနဲ့မုန့်ရတော့ရပါတယ် ... ရွာထဲမှာ လက်ဖက်ရည်ဆိုင်ရှိတယ် ... ငါသွားဝယ်ပေးမယ် ...''

''နင့် ပိုက်ဆံကို နောက်တော့ ငါပြန်ပေးပါ့မယ်ဟာ ...''

အေးဆွေက ပြုံးလိုက်သည်။

''နင်ကလည်းဟာ ... ပြန်ပေးစရာမလိုပါဘူး ...''

အေးဆွေထွက်သွားသည်ကို ကြည့်ပြီး ခင်ဖုန်းသက်ပြင်းမော လေးတစ်ချက်မသိမသာချလိုက်မိသည်။

အေးဆွေ၏ရိုးသားသော စေတနာကို နားလည်သော်လည်း ယခုထက်ပိုပြီး ကျေးဇူးတရားတွေ မများစေချင်ပါ။

ခဏအကြာတွင် အေးဆွေပြန်လာသည်။ ကော်ဖီခွက်ဘူး နှင့်အတူ ပေါင်မုန့်အပိုင်းနှစ်လုံးပါလာသည်။

အေးဆွေက ကော်ဖီမှုန့်ကို ပန်းကန်မှာ ထည့်ပေးသည်။ နွား နို့နှင့် ဖျော်ထား၍ ပလိုင်းဖတ်များကို တွေ့နေရသည်။ ကော်ဖီမှုန့်မည်း မည်းများကလည်း အပေါ်မှာ ပေါ်လာပေါ်နေ၏။ အိမ်မှာဆိုရင် ဤကော်ဖီ မျိုးကို သောက်မိမည်မထင်။ ခုတော့ မတတ်နိုင် ဗိုက်က ဆာနေ၍ ခင်ဖုန်းသောက်လိုက်ရသည်။

''အို ကောင်းလိုက်သည့်ဖြစ်ခြင်း ...''

ခင်ဖုန်းတအံ့တဩဖြစ်ရသည်။ ခါးဆိမ့်ချိုပူစပ်နေသည်။ ဆာ လွန်းနေ၍မသိ။ သောက်ဖူးသော ကော်ဖီများတွင် အကောင်းဆုံးတစ် ခွက်ဖြစ်နေသည်။

အေးဆွေက ပေါင်မုန့်ထည့်ထားသော ပလပ်စတစ်အိတ်ကို ဖောက်ပြီး ခင်ဖုန်းကို လှမ်းပေးသည်။ ခင်ဖုန်းပေါင်မုန့်ကို ယူ၍ကော နှင့်တို့လိုက်သည်။

နူးညံ့သောပေါင်မုန့်သားအတွင်းသို့ ကော်ဖီချိုဆိမ့်ခါးတို့ ဝင်သွားသည်။ စားလိုက်မိသည်နှင့် ခင်ဖုန်းအံ့ဩရပြန်သည်။ အရ အရှိဆုံးပေါင်မုန့်ဖြစ်နေသည်။

အေးဆွေရိပ်မိဟန်တူပါသည်။ ပေါင်မုန့်ကုန်ခါနီးမှ နော တစ်လုံး၏ပလတ်စတစ်အိတ်ကို ဖောက်ပေးသည်။

အေးဆွေကို ခင်ဖုန်းရှက်မနေနိုင်ပါ။ နောက်ထပ်ပေးသ ပေါင်မုန့်ကို ယူပြီး ကုန်အောင်စားလိုက်မှ ဗိုက်ပြည့်ပြီး နေ၍ကော သွားသည်။

"နင် တော်တော် ဆာနေတာကိုး ..."

ခင်ဖုန်းကို ကြည့်ပြီး အေးဆွေစိတ်မကောင်း

"ငါ.. ကော်ဖီနဲ့မုန့်နဲ့ထပ်ဝယ်လိုက်ဦးမယ် ..."

' နင်ကလည်း ငါ့ကို အတော်အမြင်ကပ်နေပုံရတယ် .. ထပ်စားရင် သေမှာပေါ့ဟ နုတောင် ဗိုက်ကအတော်တင်းနေပြီ..'

ခင်ဖုန်း၏ ကလေးဆန်သော ပြောဆိုပုံကြောင့် အေးဆွေ ရိုးသားသော သူငယ်ချင်းစိတ်ကို ပို၍ခိုင်မာစေသည်။

"ကဲ နင်ပြန်အိပ်ချင်အိပ်ပါလား ... ငါအပြင်ထွက်မယ်

ခင်ဖုန်းစိတ်ချလက်ချရှိစေချင်သော စေတနာဖြစ်သည်။

"မအိပ်ချင်ပါဘူးဟာ ... အိပ်လိုက် ... စားလိုက်နဲ့ ဒီအ လေးထဲက မထွက်ဘဲ ဘယ်လောက်ကြာကြာနေရမှာလဲ မသိဘူး၊ အိမ်ရှင်တွေလည်း အားနာစရာကြီး ..."

ခင်ဖုန်းပြောသည်မှာ မှန်သည်ဟု အေးဆွေစဉ်းစားမိသည်





ယခုအတိုင်း ကြာကြာနေ၍လည်း မသင့်မှန်းသိပါသည်။ သို့သော် ဘာလုပ်ရမည်ဆိုသည်ကိုလည်း အေးဆွေ မစဉ်းစားတတ်ပါ။

"နင့်သူငယ်ချင်းမိသားစုကရော ဘယ်လိုလဲ ... ဒီအတိုင်း ဆက်နေရင် ကျေနပ်ပါ့မလား ..."

ခင်ဖုန်းမေးသည်ကို အေးဆွေဘယ်လိုဖြေရမှန်းမသိပါ။ အစကတော့ မိန်းမနီးလာသည်ထင်၍ လိုလိုလားလားကူညီသည်။ နောက်မှ မိန်းမနီးလာခြင်းမဟုတ်မှန်းသိသောအခါ မထူးတော့သည့်အတွက် မိန်းမနီးသည့်အဖြစ်သို့ရောက်စေချင်၍ အကြံပြုသည်။ ထိုအတိုင်း မဖြစ်နိုင်သောအခါ အောင်မြင်ကို ကြည့်ရသည်မှာ နားလည်နိုင်သလို အဓိပ္ပာယ်မရှိသည်ကို ကူညီနေရသည့်ပုံမျိုးဖြစ်လာသည်။

သို့သော် လိုအပ်တာပြောလျှင်တော့ ကူညီပေးပါသည်။ သူ့မိဘနှင့်တော့ အေးဆွေတိုက်ရိုက်ပြောရဆိုရမရှိပါ။ ကြာကြာဆက်နေ၍ ကောင်းပါ့မလားဆိုသည်ကိုတော့ အေးဆွေကိုယ်တိုင်စဉ်းစားနေရသည်။ သို့သော် ခင်ဖုန်းအားပျက်အောင် မပြောချင်ပါ။

"ငါ့သူငယ်ချင်းကတော့ ဘာမှပြဿနာမရှိပါဘူးဟ ဆက်နေရင်လည်း ကူညီမှာပါ ..."

ပြောနေရင်းမှာပင် အေးဆွေခေါင်းထဲမှာ အတွေးတစ်ချက် ဝင်လာသည်။

"ငါတို့ရွာက ငါတို့အိမ်ကို သွားမယ် ... နင်လိုက်မလား .. အဲဒါဆိုရင် ဘာမှအားနာရတာမရှိတော့ဘူး .."

ခင်ဖုန်းတွေတွေငေးငေးတွေးငြိမ်။

တစ်ရွာကတစ်ရွာပြောင်းရွှေ့မည်။ အေးဆွေအိမ်လိုက်သွားလျှင် အေးဆွေနှင့် ပို၍ထင်ကြပြောကြတော့မည်။ သို့သော် ယခု အတိုင်း ဆက်နေလျှင်လည်း ဘာမှမထူးပါ။ အေးဆွေအိမ်ကမှ အားနာရတာ

သက်သာဦးမည်။

''ဘယ်လိုသွားမှာလဲ ...''

ခင်ဖုန်း၏ မေးခွန်းကြောင့် အေးဆွေအားတက်သွားသည်။

''စက်ဘီးနှစ်စီးငှားပြီး မနက်ပြန်မနက်စောစောသွားမှာပေါ့''

''ငါက ဒီလမ်းတွေ ဘယ်စီးနိုင်မှာလဲဟာ ...''

''အေး ဟုတ်တယ် ... ရတယ် ... နောက်က ကယ်ရိယ ပါတဲ့ စက်ဘီးငှားမယ် နင်နောက်က စီးပေါ့ ငါနင်းနိုင်ပါတယ်''

အေးဆွေနှင့်အတူ စက်ဘီးတစ်စီးနောက်မှ စီးရမည်ကို ခ ဖုန်းစဉ်းစားနေမိသည်။

အိမ်လေးတစ်အိမ်ထဲမှာ ညအတူအိပ်နေရသည်နှင့်စာလျှ ဘာမှမထူးတော့ဟု စဉ်းစားမိသည်။

''အစ်ကိုတွေက အေးဆွေအိမ်ကိုလာရှာလျှင် ....''

နောက်ထပ်ဝင်လာသော အတွေးကြောင့် စိုးရိမ်စိတ်ဖြစ်ပေ ရသည်။

''ငါ့အစ်ကိုတွေက နင့်အိမ်ကိုလာရှာမှာပေါ့ဟ ...''

''အေးလေ ... ခုလောက်ဆိုရင်ရှာပြီးရောပေါ့ ... အိမ် ပြန်မလာဘူးဆိုတော့ ပြန်သွားမှာပေါ့ ... မနက်ပြန်လောက်မှ ငါ က အိမ်ပြန်ရောက်သွားရင် သူတို့ထပ်လာမှာ မဟုတ်ပါဘူး''

''တစ်နည်းနည်းနဲ့ သတင်းရလို့ ထပ်လာရင်ရော ...''

''ထပ်လာတော့လည်း ငါတို့အဖြစ်မှန်အတိုင်း ရှင်းပြလိုက်မှ ပေါ့ ... ငါ့ရွာက ငါ့အိမ်မှာဆိုရင် ငါသူတို့ကို မကြောက်ပါဘူး။ ရှင်းပြရဲပါတယ် ...''

''အဲဒါဆိုရင်လည်း မနက်ပြန်သွားချင်သွားဟာ ...''

ခင်ဖုန်းသဘောတူလိုက်သည်။



''အေးကောင်းတယ် ... ငါ စက်ဘီးသွားငှားမယ် ...''

အေးဆွေ ဝမ်းသာအားရထွက်သွားပါသည်။

* * *

မနက်စောစော စက်ဘီးလမ်းမြင်ရပြီဆိုသည်နှင့် အေးဆွေနှင့် ခင်ဖုန်းတို့ ငယ်ထိုးရွာမှ ထွက်လာခဲ့ကြသည်။

ခင်ဖုန်းက စက်ဘီးနောက်မှ ထိုင်လိုက်ရ၍ တတ်နိုင်သမျှ အေးဆွေနှင့်မထိအောင် ထိုင်သည်။ အေးဆွေကလည်း မထိမိအောင် နေပါသည်။ သို့သော် လှည်းလမ်းကြောင်းမှာ စက်ဘီးစီးရခြင်းဖြစ်၍ အကွေ့အကောက်များတွင် ရုတ်တရက်ဘရိတ်အုပ်လိုက်သောအခါ မြို့ များတွင်ကျသည့်အခါများမှာ မလွှဲသာ မတတ်သာအေးဆွေ၏ ကျော ကို ခင်ဖုန်းတိုးမိတိုက်မိရသည်။

ထိုကဲ့သို့ မတော်တဆတိုးမိတိုက်မိတိုင်း ခင်ဖုန်းစိတ်ထဲမှာ ဘာမှမဖြစ်သော်လည်း အေးဆွေအားနာစိတ်ဖြစ်ရသည်။ ထပ်ပြီး မတိုး မိ မတိုက်မိအောင် စက်ဘီးကို သတိထားပြီး စီးသည်။

အရှေ့ဘက်ကောင်းကင်မှာ အရုဏ်ဦးရောင်ခြည်များ ထွက် လာချိန်တွင် ငယ်ထိုးရွာလေးမှာ တော်တော်ဝေးဝေးတွင် ကျန်ခဲ့ပြီဖြစ် ပါသည်။

''အေးဆွေစက်ဘီးနင်းရတာ နင်မောနေပြီလား ...''

''လမ်းကကြမ်း၍ ပင်ပင်ပန်းပန်းနင်းနေရသော အေးဆွေ ကို ခင်ဖုန်းအားနာသည်''

''မမောပါဘူးဟာ ငါတို့က တောသားဆိုတော့ ဒီလိုလမ်းမျိုး တွေ ရိုးနေပါပြီ နင်သာနောက်က ထိုင်ရတာ ကြာရင် နာလာမှာ စိုး တာပါ ...''

''ရပါတယ်ဟာ ... ထိုင်လိုက်ရတဲ့ လူက နာလည်းကိစ္စ

မရှိပါဘူး ..."

ကျောက်ဆည်နှင့်နီးလာသောအခါ သိသူများနှင့်တွေ့မည်
ခင်ဖုန်းရော အေးဆွေပါ စိုးရိမ်မိကြသည်။

မင်းရဲမြောင်းသို့ ရောက်သောအခါ အေးဆွေခေါင်းငုံ
စက်ဘီးမြန်မြန်နင်းသည်။ ခင်ဖုန်းရင်ထဲမှာလည်း စိုးရိမ်စိတ်နှင့်
ရှားနေသည်။ လူများစက်ဘီးများနှင့် ကြုံရတိုင်း အေးဆွေ၏ ေ
ကျောဘက်မှာ ကွယ်လျက်မျက်နှာငုံ့ထားရသည်။

အင်တိုင်းတောင်ကို လွန်ခဲ့ပြီး မင်းမွေးတောင်ကို နီးလ
အေးဆွေက စက်ဘီးကို မြန်မြန်နင်းနေဆဲ။

"ဟာ ... ဟိုရှေ့မှာ ..."

အေးဆွေထံမှ အထိတ်တလန့်ထွက်ပေါ်လာသောအသံ
ခင်ဖုန်းလှမ်းကြည့်လိုက်သည်။

လုံချည်စိမ်းနှင့်အင်္ကျီအဖြူဝတ်ထားသော ကျောင်းသား
ယောက်နှင့် ကျောင်းသူတစ်ယောက်စက်ဘီးကိုယ်စီဖြင့် ရင်ဆိုင်န
လာနေကြသည်။

ကျောင်းတက်ရန် ကျောက်ဆည်သို့သွားမည့် ကျောင်း
ကျောင်းသားများဖြစ်သည်။ ရင်ဆိုင်တွေ့လျှင် အေးဆွေနှင့် ခင်ဖုန်း
သိကြလိမ့်မည်။ သတင်းကလည်း ပြန့်နေမည်မို့ စိတ်ဝင်စားကြ
မည်။

အေးဆွေရော ခင်ဖုန်းပါ ဘာလုပ်ရမှန်းမသိဖြစ်ကြရသည်
"ဟာ ... တော်သေးတယ် ..."

ကျောင်းသားများနှင့် မနီးခင်မှာပင် ဘက်သို့သွားသေ
တောလမ်းကလေးကိုတွေ့၍ အေးဆွေတောလမ်းအတိုင်း စက်ဘီး
ချိုးကွေ့နင်းချလိုက်သည်။ ရုတ်တရက်မို့ ခင်ဖုန်းကို သတိမပေးနိုင်



ယိမ်းယိုင်သွားသည်ကို ထိန်းရန်အတွက် အေးဆွေ၏ ခါးကို
ခင်ဖုန်းဖက်ကိုင်လိုက်ရသည်။ မယိုင်အောင်ထိန်းနိုင်ပြီးမှ စက်ဘီးထိုင်ခုံ
ကို ပြောင်းကိုင်ရသည်။

တောလမ်းလေးအတွင်း တော်တော်ဝင်မိပြီး ကျောင်းသွားမည့်
ကလေးများနှင့် ရင်ဆိုင်မတွေ့အောင် ရှောင်လိုက်နိုင်ပြီ။ ထိုအချိန်တွင်

"ဟာ ..."

အေးဆွေ ရုတ်တရက်စက်ဘီးဘရိတ်ကို အမြန်ဘုပ်ပြီးရပ်
ပစ်လိုက်သည်။

"အမယ်လေး ..."

အေးဆွေကျောပြင်ကို ခင်ဖုန်းနောက်မှ တိုးကပ်မိပြီး ဖက်
ထားလျက်သားဖြစ်သွားရသည်။

"နင်ကလည်းလုပ်လိုက်ရင် အရမ်းပဲ ဘယ်လိုဖြစ်တာလဲဟ"

ခင်ဖုန်းမကျေနပ်၍ အေးဆွေ၏ ကျောကို ထုပစ်လိုက်မိသည်။

"ရှေ့မှာ မြွေကြီး ..."

"ဟင် ..."

ခင်ဖုန်းလှမ်းကြည့်ပြီး အထိတ်တလန့်ဖြစ်၍ အေးဆွေကို အား
ကိုးတကြီးဖက်ထားမိသည်။

နက်ကျောကျောအရောင်ရှိသော မြွေကြီးတစ်ကောင် အေးဆွေ
၏ စက်ဘီးရှေ့မှ လမ်းဖြတ်ကူးနေသည်။

"လုပ်ပါဦး ... ငါတို့ဆီပြေးလာပြီး ကိုက်လိမ့်မယ် ..."

ခင်ဖုန်းဆောက်တည်ရာမရ ကြောက်နေသည်။

"မကိုက်ပါဘူး ... မြွေဆိုတာ သူ့လမ်းသူသွားတာပါပဲ သူ့
ကိုတက်နင်းမိရင်တော့ မိုရာကို လှမ်းကိုက်မှာပဲ အဲဒါဆိုရင် ငါတို့
နှစ်ယောက်တစ်ယောက်ယောက်ထိမှာ စိုးလို့ ရုတ်တရက်ရပ်လိုက်ရတာပါ"

အေးဆွေက ခင်ဖုန်းမကျေမနပ်ဖြစ်သည်ကိုပါ ရှင်းပြ

သည်။ မြွေကြီးက လယ်းတစ်ဖက်မှ မြဲတန်းအတွင်းသို့ ဝင်သွားပါ

ထိုအချိန်တွင် ကျောင်းသားလေးများ မြောင်းဘောင်မှ

သွားသောအသံကို ကြား၍ အေးဆွေရောခင်ဖုန်းပါ လှမ်းကြည့်

ကြသည်။ နဘေးခြံတစ်ခုနှင့် ကွယ်နေ၍ ကျောင်းသားလေးများ

ဖုန်းနှင့်အေးဆွေကို မမြင်ကြရပါ။

အေးဆွေကို ခင်ဖုန်းလှမ်းကြည့်လိုက်သည်။

"နင်တော်တယ် ..."

နှုတ်မှထုတ်၍ ပြောခြင်းမဟုတ်ပါ။ စိတ်ထဲမှာပင် ပြော

ခြင်းဖြစ်သည်။

ကျောင်းသားလေးများတော်တော်ဝေးသွားမှ အေး

စက်ဘီးကို မြောင်းဘောင်ဘက်သို့ ပြန်လှည့်လိုက်သည်။

နောက်တစ်ခါထပ်တွေ့လျှင် ခုလိုဆင်းရှောင်စရာလမ်းကြ

မှာကို အေးဆွေစိုးရိမ်မိသည်။

စိုးရိမ်သည့်အတိုင်းပင် မကြာခင်မှာ ကျောင်းသူကျောင်း

ငါးဦး စက်ဘီးကိုယ်စီနှင့် ရင်ဆိုင်လာနေသည်ကို တွေ့ရသည်။

ဆင်းသွားရန်လမ်းမရှိ။

"ဟင် ... ဘယ်လိုလုပ်မလဲ ..."

ခင်ဖုန်းစိုးရိမ်နေပြီ။

အေးဆွေက လမ်းဘေးတွင်တွေ့ရသော လက်ပံပင်ကြီး

မှာ စက်ဘီးကို ရပ်လိုက်သည်။

"လက်ပံပင်နဲ့ကွယ်နေ ..."

ခင်ဖုန်းစက်ဘီးပေါ်မှ ဆင်းပြီးအေးဆွေ ပြောသည့်အ

လက်ပံပင်နှင့် ကွယ်နေလိုက်သည်။ လက်ပံပင်က ပင်စည်ကြီး



ရင်ဆိုင်လာသော ကလေးများ လက်ပံပင်နှင့်ကွယ်သော ခင်ဖုန်းနှင့်

အေးဆွေကို မမြင်ရ။

စက်ဘီးများလက်ပံပင်ကို လွန်လာတော့ အေးဆွေနှင့် ခင်ဖုန်း

က လက်ပံပင်ကို လှည့်ပတ်ပြီး ကွယ်နေ၍ ကလေးများ၏ မြင်ကွင်းမှ

လွတ်သွားကြသည်။

ဆယ်တန်းကိုသာ စာကျက်ရက်အဖြစ် ကျောင်းပိတ်ပေး

သော်လည်း ကျန်အတန်းများက ရှိနေသေးသည်။

"ဒီလိုပဲ တွေ့နေဦးမှာလားဟာ ..."

ခင်ဖုန်းက နောက်တစ်ကြိမ် ရှောင်ရတိမ်းရဖြစ်မှာ စိုးနေသည်။

"ဘယ်လင်းလွန်လာရင် ကိစ္စမရှိပါဘူးဟာ ..."

ကလေးများဝေးသွားသည်နှင့် အေးဆွေနှင့်ခင်ဖုန်းတို့ ခရီး

ဆက်ကြသည်။ ကံကောင်းပါသည်။ နောက်ထပ်စိုးရိမ်စရာ ဘာမှမတွေ့

ရဘဲ ဘယ်လင်းရွာကို လွန်သွားသည်။

"စိတ်အေးအေးထိုင်လိုက်လို့ရပါပြီဟာ ..."

အေးဆွေက မြောင်းဘောင်အတိုင်း စက်ဘီးကို မှန်မှန်နင်း

နေသည်။

ခင်ဖုန်းခုမှ ပင့်သက်ချ၍ အေးအေးဆေးဆေး ထိုင်လိုက်နိုင်တော့

သည်။

"ဟိုးက လှမ်းမြင်ရတာ ငါတို့ရွာပဲ ..."

လယ်ကွင်းများအလယ်မှ သစ်ပင်များနှင့် အုပ်ဖွဲ့နေသော ရွာ

ကို အေးဆွေက လှမ်းပြသည်။

"နင့်အဖေ အမေတွေက ငါ့ကို အထင်သေးကြမှာပဲ ... စိတ်

ညစ်လိုက်တာ ..."

ကြောက်ရသည်များကို ကျော်လွန်ပြန်တော့ စိုးရိမ်စိတ်များ

က ဝင်ရောက်လာပြန်သည်။

"မသေပါဘူးဟာ … ငါရှင်းပြမှာပေါ့ …"

"နင် … သေသေချာချာရှင်းပြပါဟာ"

"စိတ်ချပါဟာ … နင်ပြောစရာမလိုပါဘူး …"

"နင်က မောင်နှမဘယ်နှယောက်လဲ …"

"လေးယောက်ရှိတာ … အစ်ကိုနှစ်ယောက်နဲ့ အစ်မ

ယောက်အားလုံးအိမ်ထောင်ကျကုန်ပြီ … အစ်မနဲ့ ယောက်ဖက

မှာ အတူနေတယ် …"

"နင်က အငယ်ဆုံးလား …"

"ဟုတ်တယ် …"

"နင့်အစ်မကိုလည်း … အသေအချာပြောပြီး … ခ

ကြာ … ငါတို့ကို တလွဲထင်နေဦးမယ် …"

"မထင်ပါဘူးဟာ … ငါပြောပြမှာပါ …"

"နင်တို့အိမ်က အကျယ်ကြီးလား …"

"နင်တို့အိမ်လိုတော့ ဘယ်ကြီးမလဲဟ … တောအလုံ

ပေါ့။ နှစ်ထပ်အိမ်ပါ …"

"ငါ့အတွက် အခန်းရှိမလား"

"အိမ်ပေါ်က ကြက်သွန်ထားတဲ့အခန်းကို ငါရှင်းပေးပါ့မ

"ကြက်သွန်စော်နံမှာပေါ့ဟ …"

အေးဆွေပြုံးလိုက်သည်။

"နည်းနည်းတော့ နံမှာပေါ့ဟာ … နင်က အခန်းနဲ့

တာကိုး"

"နင့်အမနဲ့ သူ့ယောက်ျားက ဘယ်မှာနေလဲ …"

"သူတို့က ပေါ်းကိုဘေးမှာ အိမ်ခွဲနေတာဟ … အိ



မှာမနေဘူး …"

"နင်ကရော ဘယ်မှာအိပ်တာလဲ …"

"ငါက အိမ်ပေါ်မှာပဲ အခန်းမရှိပါဘူး။ အိမ်ရှေ့ပိုင်းပေါ့ …

နင့်သဘောမကျရင် အောက်ကကုတင်မှာ ဆင်းအိပ်ပေးပါ့မယ် …"

"မလိုပါဘူး … နင့်ဘာသာနေပေါ့ … ငါနင့်ကို ယုံပါ

တယ် … ငယ်တုန်းရွာက အိမ်လေးမှာ အခန်းမရှိဘဲနဲ့တောင် နေခဲ့ကြ

တာပဲ …"

ခင်ဖုန်း ယုံကြည်သည်ဆို၍ အေးဆွေကျေနပ်စိတ်ဖြစ်ရသည်။

အုပ်ဖွဲ့နေသည့်ရွာအဝင် ကုက္ကိုလ်ပင်တန်းသို့ရောက်လာသော

အခါ ရွာ၏အေးချမ်းမှုကို ခင်ဖုန်းခံစားရသည်။

ရွာအဝင်မှာ ကုက္ကိုလ်ပင်နဲ့ဆိုတော့ နင့်မှာစာဥရှိလား …

အေးဆွေပြုံးလိုက်သည်။

"စာဥက စာမဖိုက်ထဲမှာပဲရှိပါသေးတယ်ဟာ …"

ခင်ဖုန်းပြုံးလိုက်သည်။

"နင်ကလည်း ပြောတတ်သားပဲ …"

"ရွာထိပ်ခါးဝင်ပြီဟ …"

အေးဆွေသတိပေးနေ၍ ရွာအခြေအနေကို ခင်ဖုန်းလေ့လာ

လိုက်သည်။ တောမရွာဆိုသော အမည်နှင့်လိုက်အောင် တောအုပ်

ကလေးလိုဖြစ်နေသည့် စိမ်းညို့သော ရွာကလေးဖြစ်သည်။ ဘေးမှ

ချောင်းတစ်ခုက စီးဆင်းနေသည်။

ရွာအလယ်ပိုင်းမှ ကုန်းပေါ်တွင်ရှိသော ခြံဝင်းတစ်ခုအတွင်း

သို့ အေးဆွေ၏ စက်ဘီးဝင်သွားသည်။

"ဟယ် … လူလေး … ပြန်လာပြီ … အမေရေ … လူ

လေးပြန်လာပြီ … သူ့မိန်းမလေးလည်းပါလာတယ် အမေရေ …

"ဟီး ... ဟီး ချောလိုက်တာ ... ချစ်စရာလေး ..."

ကလေးချီထားသော မိန်းမတစ်ယောက်က အေးအေး ခင်ဖုန်းကို လှမ်းကြည့်ပြီး အော်ပြောနေ၍ ခင်ဖုန်း ပါးပြင်များ ပူနွေး အောင် ရှက်စိတ်ဖြစ်ရသည်။

"ဟော့ ... အမ ... လျှောက်အော်မနေနဲ့ဟ ... ငြိမ် နေစမ်း ..."

အေးအေးက အော်ဟစ်ပြောနေသော သူ့အမကို လှမ်းငေါ့ လိုက်သည်။

"ဟယ် ... ငိုသာချိန်လေးငြိ ... အမေဖြင့် စိုးရိမ်လို့ တာ လူလေးရယ် ..."

အိမ်ထဲမှ အသက်ငယ်ငယ်အမြဲနေမိန်းမကြီးတစ်ယောက် ထွက် လာသည်။ အေးအေး၏ အမေဟု ခင်ဖုန်းသိလိုက်သည်။

မိန်းမကြီးကလည်း ခင်ဖုန်းကို လှမ်းကြည့်ပြီး သဘောကျ ပြုံးလိုက်သည်။

"ဟုတ်ပါရဲ့တော် ... ကျွန်မချွေးမလေးက လှလိုက်တာ ချစ်စရာလေးဟဲ့ ..."

"အမေမဟုတ်တာတွေ လျှောက်အော်မနေနဲ့ဗျ"

အေးအေးက သူ့အမေကို လှမ်းအော်ပြောသည်။

"ဟဲ့ ဘာလို့မဟုတ်ရမှာလဲ ဟဲ့ ... ငါ့ချွေးမလာလို့လူတ ပြောတာ ... ခင်မတို့ ... လှရှင်တို့ ... မိချောတို့လာကြည့်ကြ ငါ့ချွေးမလာတယ်ပြောတာ မဟုတ်ဘူးလားလို့ ..."

ဒေါ်ငြိမ်းက သက်သေထူရန် အိမ်နီးချင်းများကို လှမ်းခေါ်နေသည်

"ဟာဗျာ အမေကလည်း .. ဘာတွေလုပ်မှန်းမသိဘူး .. အမေပြောတာမဟုတ်ဘူးဗျ ..."





အမေနားလည်အောင် အေးအေးဘယ်လိုပြောရမှန်းမသိ။

အိမ်နီးချင်းများကလည်း ပြူး၍လာနေကြပြီမို့ ခင်ဖုန်းစိတ် ညစ်ရသည်။

"ဘာလို့မဟုတ်ရမှာလဲ လူလေးရဲ့ ... ဟဲ့ကြည့်ကြစမ်း ... ငါ့ချွေးမလာတယ်လို့ပြောတာ လူလေးက မဟုတ်ဘူးတဲ့ ..."

ပြောပါမှ ပိုရှုပ်ကုန်ပြီ။ ခင်ဖုန်းမှာ အိမ်ဝင်းထဲဝင်လာသူများ ကို လှမ်းကြည့်ပြီး စိတ်ညစ်နေရပြီ။

"ဟယ် ... ဟုတ်ပါရဲ့ .. ချောလိုက်တာလေး တော် ဘာလို့ မဟုတ်ရမှာလဲ ..."

"အေးအေးတို့များ ကြီးကျယ်လိုက်တာ ... ဒီလောက်လှတာ တောင် မလှဘူးတဲ့ ... ကလေးမလေးအားနာစရာ ..."

အားမနာတမ်းဝိုင်းအုံကြည့်နေသူများက အားနာကားပြော နေကြ၍ အေးအေးမှိုင်ပြီး စိတ်ညစ်ရသည်။

"အမေကလည်းဗျာ ... ကျွန်တော်ပြောတာက တစ်မျိုးဗျ စိတ်ညစ်ပါတယ်ဗျာ ... လာခင်ဖုန်းအိမ်ထဲလာ ..."

အေးအေးက ခင်ဖုန်းကို အိမ်ထဲခေါ်သွားသည်။

"ဟီး .. ဟီး .. အေးအေးတို့များ ... သူ့မိန်းမလေးကို တို လိုက်တာ ... ကြည့်တာနဲ့များ ပုံပါသွားမှာကျလို့ ..."

"ဟဲ့ ... သူ့မိန်းမက လှတော့ ... တိုတာပေါ့ဟဲ့ ... ဟင်း ... ဟင်း ... ဟင်း ..."

ခင်ဖုန်းမှာ အိမ်ထဲရောက်သော်လည်း မသက်သာ။ အိမ် တံခါးပေါက်များမှ လှမ်းကြည့်ပြီး ပြောနေကြဆဲ။

"မဟုတ်ဘူးဗျ ... ခင်ဗျားတို့ဘာမှမသိဘဲနဲ့ လျှောက်ပြော မနေကြနဲ့ ..."

"ဘာလို့မဟုတ်ရမှာလဲဟဲ့ ... နင့်အမေပြောတာဟုတ်…
ဟ ... လူလို့လုတယ်ပြောတာ ... နင်က နာစရာမရှိပါဘူး…
မိန်းမချောချောရအောင် ယူလာနိုင်တာ ... ကြွားတောင်ကြွားချင်…

"ဟာဗျာ ... ခင်ဗျားတို့မပြောနဲ့တော့ဗျာ ..."

လူတွေကလည်း ပိုများလာပြီ ... အချို့က အိမ်ထဲ… ဝင်လာကြပြီ။

"လာ ... ခင်ဖုန်း ... အိမ်ပေါ်သွားမယ် ..."

အေးဆွေက ခင်ဖုန်းကို ခေါ်ပြီး အိမ်ပေါ်တက်သွား… ခင်ဖုန်းရှက်လွန်း၍ တစ်ကိုယ်လုံးလည်း ထူပူနေသည်။ မျက်နှာကို… ဘယ်လိုထားရမှန်းမသိ။ တစ်သက်နှင့်တစ်ကိုယ် အရှက်ဆုံး ကြုံ… ဖြစ်သည်။

အေးဆွေခေါ်သည့်နောက်သို့လိုက်၍ အိမ်ပေါ်တက်ရ… ကလည်းရှက်စရာ။ သို့သော် ဝိုင်းအုံကြည့်နေသည့် မျက်လုံးများ… မှာ ဆက်ထိုင်နေရမည်က ပို၍ရှက်စရာ။

မတတ်နိုင်၊ အေးဆွေနောက်သို့လိုက်ရသည်။

"ဟယ် ... လိုက်သွားပြီဟေ့ ... သူ့ယောကျ်ားခေါ်လို့… ပေါ်သွားပြီ ..."

"အမေငြိမ်းသား အေးဆွေတို့များပိုင်လိုက်တာ ..."

ခင်ဖုန်းရှက်လွန်း၍ မျက်ရည်များအဆီအတားမရှိ စီးဆင်း… ကြပြီ။ တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ပြီး ဒူးများမှာ အားမရှိသ… ဖြစ်နေသည်။ လဲမကျအောင် မနည်းထိန်းနေရသည်။

"အေးဆွေ ..."

ခင်ဖုန်းအသံများ တုန်နေသည်။ ဆက်လှမ်းရန် အခက်… ဖြစ်နေ၍ သူ့လက်ကို အေးဆွေထံသို့ လှမ်းပေးလိုက်သည်။



အေးဆွေနားလည်လိုက်ပါသည်။

"ခင်ဖုန်း ..."

စိုးရိမ်စွာခေါ်၍ နောက်သို့ပြန်လျှောက်လာပြီး ခင်ဖုန်းလက်ကို ဆွဲကိုင်၍ ခေါ်ရသည်။

ဝိုင်းကြည့်နေသူများထံမှ သံနေသံကြောင်ရယ်သံ၊ သဘောကျစွာ အော်ဟစ်လိုက်သောအသံများ ထွက်ပေါ်လာသည်။

"ကြည့်လို့ကောင်းတယ်ဟေ့ ... ဇီဇီယိုထဲက မင်းသားနဲ့ မင်းသမီးဟေ့ ..."

"ဇီဇီယိုမဟုတ်ဘူးဟဲ့ ... ဒါက လူကိုယ်တိုင်ဆိုတော့ ပြဇာတ် ... ပြဇာတ်"

"ဟုတ်တယ်ဟေ့ ... ပြဇာတ်ကြည့်လို့ကောင်းလိုက်တာ"

ပြောသံဆိုသံ ရယ်သံများ သာမက လက်ခုပ်သံများပါထွက်လာသည်။

အေးဆွေကိုယ်တိုင်လည်း ရှက်၍ ခင်ဖုန်းအတွက်လည်း အားနာမဆုံးဖြစ်ရသည်။

"လိုက်လာမိတာ ... မှားလိုက်တာ ..."

ခင်ဖုန်းရှက်လွန်း၍ လဲသေလိုက်ချင်စိတ်ပင်ဖြစ်မိသည်။

"ငါတောင်းပန်ပါတယ်ဟာ ..."

အေးဆွေက ခင်ဖုန်းလက်ကိုဆွဲ၍ အိမ်ပေါ်သို့ ခေါ်သွားသည်။ အိမ်လှေကားပေါ်တက်သည် အထိအပြောခံရသည်က မသက်သာ။

"လူချက်ကတော့ ... ကမ်းကုန်တယ်ဟေ့ ... ကြည့်စမ်း ... ခြေသလုံးလေးတွေကို ဖွေးနေတာပဲ ..."

"ဟုတ်ပါရဲ့ဟယ် ... အေးဆွေတို့များ မိန်းမအချောတော် လိုက်တာ ..."

ဖိလှကားကို ပြန်မြန်လှန်ပြောက်အောင် ခင်ဖုန်းခ
သွက်လှမ်းလိုက်ရသည်။ အိမ်ပေါ်ရောက်သွားကြပြီ။

အောက်ထက်မှာတော့ ပြောကြဆိုကြ ရိုက်ချုံ့၍ မပြိုင်ကြ
ဟီးဟီး ဟားဟားရယ်သံများကလည်း နားရှက်စရာနေရာက်မှ ရောက်
၍ မမြင်လိုက်ရသူများကို မြင်လိုက်သူများက အားပါးတရ ပြန်ပြော
ကြသည်။

သို့သော် အိမ်ပေါ်သို့ ဘယ်သူမှ တက်မလာ၍ တော်
သည်။

အိမ်ပေါ်တွင် ထိုင်စရာ ကုလားထိုင်၊ ကုတင်ဘာမှမရှိ၊
နှင့်ခေါင်းအုံးနှင့်စောင်နှင့် အိပ်ရာနေရာတစ်ခုရှိသည်။ အိပ်ရာဘေး
စားပွဲငယ်နှင့် စာအုပ်များရှိသည်။

"ဒါ ငါအိပ်တဲ့နေရာပဲ ... ခဏနေနော် ပြီးမှ ဟိုဘက်
အခန်းကို ရှင်းပေးမယ်"

အေးဆွေ၏ အိပ်ရာမှာ ခင်ဖုန်းလှဲအိပ်၍ ခေါင်းအုံးမှာ မျ
နာအပ်ပြီး ရှိုက်ကြီးတငင်ငိုပစ်လိုက်သည်။

ခင်ဖုန်းကို ကြည့်ပြီးအေးဆွေစိတ်မကောင်းဖြစ်ရသည်။

အောက်ဘက်မှ ဝိုင်းအုံကြည့်ပြီး ပြောဆိုနေကြသူများကိုလည်း
မကျေမနပ်ဖြစ်ရသည်။ ထိုအသံများတွင် ကြားနေရသည်။

အားလုံးကိုတော့ အမှန်အတိုင်းသိအောင် ပြောမှ ဖြစ်မ

အေးဆွေမကျေနပ်စိတ်ဖြင့် အိမ်အောက်သို့ ပြန်ဆင်း
သည်။

* * *

ဝိုင်းအုံရောက်လာပြီး ပွဲကြည့်သလို ရပ်ကြည့်နေသူများ
အေးဆွေ၏ တောင်းဆိုချက်အရ အေးဆွေ၏ အမေနှင့် အမ



တောင်းပန်ပြီး ပြန်လွှတ်နေရသည်။

"ဟုတ်တာပေါ့လေ ... သူမှာရှက်မှာပေါ့ ..."

အချို့က နှင့်လွှတ်ရှာပြောပြီး ပြုံးပြုံးစိစိနှင့် ပြန်သွားကြသည်။

"ချောတာကတော့ ဗီဒီယိုမင်းသမီးနဲ့တူတယ် ... မမြင်ရတဲ့
လူတွေနာတာပဲ ... ငါတို့က မြင်လိုက်ရတယ် ... မြင်ရသူများက
မမြင်ရသူများကို ကြွားနေသည်။

"အဲမယ်အေ ဒီရွာထဲရောက်လာမှာတော့ ဘယ်မြို့လို့လွှတ်
မှာလဲ ... ဒီနေ့မဟုတ်ရင် ... မနက်ဖြန်ကာမြင်ရမှာပေါ့ ..."

မမြင်ရသူများကလည်း မြင်ရဖို့ မျှော်လင့်လျက်။

"ကြီးကျယ်နေလိုက်တာ မကြည့်ရနေပေါ့ ဘာဖြစ်မှာလဲ ..."

အချို့ကတော့ အေးဆွေကို မကျေနပ်ပြောဆိုပြီး ပြန်သွားကြ
သည်။

အားလုံးပြောကြသည်များကို ကြားနေရသော်လည်း အေးဆွေ
မကြားချင်ယောင်ဆောင်နေလိုက်သည်။

တဖြည်းဖြည်းပြန်ကျန်ကြ၍ အိမ်ဝင်းထဲမှာ လူတော်တော်
နည်းသွားပြီ။

"ဟော .. ဟိုမှာ ... အမေပြန်လာပြီ ..."

အေးဆွေ၏အစ်မ မြရင်က အမေ့ကို အိမ်ထဲမှ ထွက်မျှော်
သည်။

သားသည်အမေနှစ်ယောက်က ခြံဝင်းထဲမှ ထွက်တော့မည်
ပြုပြီးမှ မပြန်သေးဘဲ စောင်းငဲ့ကာ စောင့်ကြည့်နေကြသည်။

"လူလေး ပြန်လာတယ်ဆို ... သူနဲ့ပါလာတဲ့ မိန်းမလေးက
သိပ်လှတာပဲတဲ့ ... ဟုတ်လား ... ဘယ်မလဲ ငါ့ချွေးမ ..."

ခြံဝင်းအပြင်ရောက်ပြီးသူများကပင် မပြန်သေးဘဲ ရပ်စောင့်

ရှင်အောက်ဝတ်နေကြပြန်ခဲ့၏။

"အိမ်ထဲမှာ အမေရှာသားရှိတယ် ..."

အေးဆွေ၏ အမေဦးကံရသည်တော့မှ ထမ်းလာခဲ့သော ရှင်လေးကို အိမ်ဘေးမှာ ထောင်ထားခဲ့ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။

အေးဆွေ၏မျက်နှာကို မြင်ရသောအခါ သူထင်ထားသော ဝမ်းသာပျော်ရွှင်နေသော မျက်နှာမဟုတ်ဘဲ မချိမဆန့်ခံစားနေရသော မျက်နှာမျိုးဖြစ်နေ၍ ဦးကံရနားမလည်နိုင်ဖြစ်သွားသည်။

"လူလေး ... နိုးလာတဲ့မိန်းမက သိပ်လှတာပဲဆို ..."

ဦးကံလှက ဝမ်းသာအားရလေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်

"မဟုတ်ဘူးအမေ ..."

အေးဆွေပြောသည်က မကျေမနပ်။

"ဟေ ... ဘာမဟုတ်တာလဲ ..."

"အဲဒါပြောတာပေါ့ ... ဒီလောက်လှတဲ့ မိန်းကလေးနဲ့ တယ်ပြောဘာ မဟုတ်ဘူးလို့ ..."

ဒေါ်ငြိမ်း မကျေမလည်ပြောလိုက်သည်။

"ဟာ ... လှတာကို ပြောတာမဟုတ်ဘူး ... အမေကလဲ

အေးဆွေက ပို၍ မကျေနပ်။

"ဒါဖြင့် ဘာကမဟုတ်တာလဲ ..."

ဦးကံရက ရှင်းအောင်ထပ်မေးသည်။

"ကျွန်တော်နိုးလာတဲ့မိန်းမဆိုတာ မဟုတ်တာ ..."

အေးဆွေ၏လေသံက မာ၏။

"ဟင် ... ဒါဖြင့် သူကလူလေးကို နိုးလာတာလား ..."

"ဟာ ... အမေကလည်းဗျာ ... အခေါ်က ကြားသွားလို့ မယ်ဗျ ... အားနာစရာကြီး ..."



အေးဆွေက အိမ်ပေါ်သို့လက်ညှိုးထိုးပြ၍ ဒေါ်ငြိမ်း ဘာမှ ဆက်မပြောရဲတော့ပါ။

ခင်ဖုန်းကတော့ အိမ်ပေါ်မှ အားလုံးကြားနေရ၍ မသက်မသာ ခံစားနေရသည်။

"ဒါဆိုလည်း ... ဟုတ်တာကို လူလေးက ပြောမှပေါ့ကွ"

ဦးကံရအတွက် ပို၍ရှုပ်ထွေးနေသည်။

"ကျွန်တော်ပြောပြမယ် အမေ ..."

ခင်ဖုန်းအိမ်ပေါ်မှ နားစွင့်နေလိုက်သည်။

ဖြစ်ကြောင်းကုန်စင်ကို အမေ၊ အမေနှင့်အစ်မတို့နားလည် အောင် အေးဆွေက ရှင်းပြသည်။

"အေး ... အဲဒါကြောင့်နို့ပေါ့ ... မင်းတို့ထွက်ပြေးတဲ့ညက အိမ်ကို မိန်းကလေးရဲ့အစ်ကိုနှစ်ယောက်နဲ့ရဲတွေ လာရှာကြတယ်"

"ဟင် ..."

ခင်ဖုန်းစိုးရိမ်စွာ နားထောင်လိုက်သည်။

"ဟုတ်လား အမေ ... ရှာတော့ ဘာပြောသွားလဲ"

အေးဆွေလည်း သိချင်သည်။

"ရှာလို့အိမ်မှာမတွေ့တော့ မိန်းကလေးအစ်ကိုအကြီးလူက တွေ့ရင်သတ်မယ်လို့ ပြောတယ်ကွ ..."

ခင်ဖုန်းရင်ထဲမှာ ကြောက်စိတ်များပို၍ ဖြစ်ရသည်။ ဒေါသကြီးသော အစ်ကိုကြီး၏မျက်နှာကိုလည်း မြင်ယောင်နေမိသည်။

"အမေကတော့ ဘာမှပြန်မပြောပါဘူး ... သူစိတ်ဆိုးနေတုန်းမို့ပြောတာပဲ ... ဒါပေမဲ့ မင်းယောက်ဖ တင်မြင့်ကတော့ ဘယ်နေမလဲ ... သတ်ချင်တိုင်းသတ်လို့တော့ ဘယ်ခံမလဲဗျ ... အမျိုးနဲ့ လူမျိုးပဲ သူတို့ဘာသာကြိုက်လို့ နိုးပြေးတာနေမှာပေါ့ ... လို့ ပြန်ပြော

လိုက်တယ် .. ဒါနဲ့ ခဲတွေက ဟုတ်ပါတယ် ဥပဒေအတိုင်းမြန်
ပေါ့လို့ပြောပြီး ပြန်သွားကြတယ် ..."

အေးဆွေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုဟာ ကြိုက်လို့နိုးပြောတာမဟုတ်ဘူး အဖေ ... ရ
လို့အတူ ထွက်ပြေးရတာ ..."

"ဒါပေမဲ့ တစ်ရွာလုံးကတော့ လူလေးမိန်းမခိုးပြေးလာတ
လို့ပဲ ထင်ကြတော့မှာ အစ်မတို့ကလည်း အဲဒီလိုမှတ်လို့ ဝမ်းသာ
တာ ... မိန်းကလေးက ရွေးလိုက်တာ ချစ်စရာလေး ပေါက်မ
ရရင် ဘယ်လောက်ကောင်းမလဲ ..."

အေးဆွေ့အမေမြရင်က တကယ်မဟုတ်သည်ကို ဟုတ်
နေသည်။

"ဟုတ်ပါရဲ့ လူလေးရယ် အမေလည်း မြင်မြင်ချင်း ဗိုလ်
လေးဆိုပြီး ချစ်လိုက်တာ မင်းကမဟုတ်ဘူးဆိုတော့ စိတ်တော်
သွားတယ် တကယ်ဟုတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ ...

"အမေကလည်းဗျာ အပေါ်က ကြားသွားလိမ့်မယ် ...
နာစရာကြီး ..."

အေးဆွေက လေသံတိုးတိုးဖြင့် သတိပေးသည်ကိုပါ ခံ
ကြားနေရပါသည်။

"ဒါဖြင့် မင်းတို့နှစ်ပြေးတဲ့ရွာမှာ နှစ်ညအတူအိပ်ခဲ့တာအ
ခုထိဘာမှမဖြစ်ကြဘူးလား"

ဦးကံရလေသံတိုးတိုးဖြင့် မေးသည်ကိုလည်း ခင်ဖုန်းကြ
ပါသည်။

"ဘာမှမဖြစ်ပါဘူး အဖေ အတူအိပ်ခဲ့တာလဲမဟုတ်ပါဘူး
အိမ်လေးတစ်အိမ်ထဲပေမဲ့ တခြားစီအိပ်ကြတာပါ ..."



ဦးကံရကလည်း တကယ်ဖြစ်စေချင်နေသည်၊

အေးဆွေလေသံမှာ ညည်းညူသံလေးပါနေ၏။

"အခု မိန်းကလေးက မင်းနဲ့အတူ ဒီအိမ်ကို လိုက်လာတာ
က ရော ..."

"သူများအိမ်နေရတာ အားနာစရာကောင်းလို့ ကျွန်တော်က
ခေါ်လာတာ ..."

"မဟုတ်ပါဘူးလေ ... အဖေစဉ်းစားတာက ဒီလိုလိုက်လာ
တယ်ဆိုတော့ မိန်းကလေးက လူလေးအပေါ်မှာ ..."

"အဲဒီလိုမစဉ်းစားပါနဲ့ အဖေ ... သူ့ခမျာ ဒုက္ခဖြစ်နေလို့
လိုက်လာတာပါ ..."

"ဒါဖြင့် လူလေးကရော ... သူ့ကို .. ဟိုကွာ ..."

ဦးကံရ ကလေးစကားပြောရမှာ ရှက်နေသည်။

ခင်ဖုန်းနားပိုစွင့်လိုက်သည်။

"အဲဒါတွေမပြောပါနဲ့အဖေရာ ... ကျွန်တော်ကတော့ သူစိတ်
ချမ်းသာအောင်လုပ်ပေးနေရရင် ပြီးတာပါပဲ ..."

"ငါ့မောင်လေး သနားပါတယ်ဟယ် ..."

အေးဆွေကို ကြည့်ပြီး မြရင်စိတ်မကောင်းဖြစ်ရသည်။

"အမေကလည်း ကျွန်တော်ကို သနားစရာမရှိပါဘူး ...
ခင်ဖုန်းကို သနားစမ်းပါ ... သူ့ခမျာ သူဌေးသမီး ... ဒုက္ခဖြစ်နေ
တာ ဘယ်လောက်စိတ်ဆင်းရဲလိုက်မလဲ .... လမ်းတုန်းက မေးတယ်
ကျွန်တော်တို့ အိမ်မှာ အခန်းရှိလားတဲ့ ... အခန်းနဲ့သီးခြားနေချင်လို့
ဖြစ်မှာပေါ့။ အိမ်ပေါ်က ကြက်သွန်တွေထားတဲ့အခန်းကို ရှင်းပေးစမ်း
ပါ ... အဲဒီအခန်းထဲမှာ သူဘာသာ လွတ်လွတ်လပ်လပ်နေပါစေ .."

"အေးပါဟယ် . . ငါအခုရှင်းပေးပါ့မယ်"

"ဟင်းချက်ရင်လည်း ရေတိသီးလျှော့ထည့်နော် အမေ … သိပ်စပ်ရင် သူစားနိုင်မှာ မဟုတ်ဘူး …"

"အေးပါဟယ် … အမေသိပါတယ် …"

"မွှားနို့ခဲလေး … ငါးလေးရရင်လည်း ချက်ကျွေးလို့ အမေရာ … သနားပါတယ် …"

"အေးပါ ရှလေးရယ် … အမေကောင်းကောင်း ကျွေးပါ့မယ် …"

"ငါ စိန်ကတုံးတို့ တောသွားလိုက်ဦးမယ် …"

ဦးကံရှုက ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဘာလုပ်ဖို့လဲ အဖေ …"

"စိန်ကတုံးက သူ့တောမှာ ကျားမနိုင်ချောင်းကို ဆည်ခံ တယ်ကွ … ငါးလေး ဘာလေး ရရင်ရမှာပေါ့ …"

ဦးကံရှုအိမ်ထဲမှ ပြန်ထွက်သွားပါသည်။

ခဏလေးအတွင်းမှာပင် အေးရွှေတို့မိသားစု၏ သဘော ကို ခင်ဖုန်းနားလည်သွားပါသည်။

* * *

"ခင်ဖုန်း … ထ … ထ … ထမင်းစားရအောင်"

"ဟင် …"

အေးရွှေအသံကြား၍ ခင်ဖုန်းမျက်စိဖွင့်ကြည့်လိုက်သည် စိတ်ညစ်ညစ်နှင့် အေးရွှေအိပ်ရာမှာ တရေးအိပ်ပျော် သည်။

"ဘယ်မှာစားရမှာလဲ …"

"အိမ်အောက်မှာပေါ့ …"

"လူတွေလာကြည့်ကြဦးမှာလား …"



ခင်ဖုန်းကြောက်နေသည်။

"မလာပါဘူး … မနက်ကတော့ ရောက်လာစမို့ပါ … အမေ ကလည်းခေါ်လိုက်လို့လာကြတာပါ …"

"နှင့်အမေ .. အမေတို့နဲ့အတူ စားရမှာလား …"

လူကြီးများနှင့်အတူ စားရမှာကို ခင်ဖုန်း ရှံ့နေသည်။

"မဟုတ်ပါဘူး … နင်တစ်ယောက်ထဲစားရမှာပါ …"

"နင်ကရော …"

"ငါက နင်ပြီးမှ အမေတို့နဲ့အတူ စားမှာပေါ့ …"

"နင်ကလည်း … ငါကတော့ တစ်ယောက်ထဲ … အဖော် မပါဘူး … ငါနဲ့အတူ စားပေါ့ …"

"နင်စားစေချင်ရင် စားပါ့မယ် … ငါက နင်လွတ်လွတ် လပ်လပ်စားရအောင်လို့ပါ …"

"နင်နဲ့စားရင် လွတ်လပ်ပါတယ် … ဘာမှမဖြစ်ပါဘူး .."

"ရပါတယ် .. ဒါဆိုရင် စားပါ့မယ် .. အောက်ဆင်းကြို့ .."

"ငါ … အိပ်ထားတော့ အောက်ကျရင် ထမင်းမစားခင် မျက်နှာသစ်ချင်သေးတယ် …"

အလိုက်သိသော အေးရွှေက တန်းပေါ်မှ တဘက်ကလေးပါ ယူလာခဲ့သည်။ အိမ်အောက်ကျတော့ မီးဖိုဆောင်ဘေးမှ ရေအိုးစင်မှာ ခင်ဖုန်းမျက်နှာသစ်ရသည်။ အေးရွှေက ဆပ်ပြာခွက်ပေးသည်။ မျက်နှာ သစ်ပြီးတော့ တဘက်လှမ်းပေးသည်။ ခင်ဖုန်းက အေးရွှေထံမှ တဘက် ယူပြီးမျက်နှာသုတ်သည်။

အေးရွှေ၏ မိခင်ဒေါ်ငြိမ်းနှင့် အစ်မမြရင်က ထမင်းပွဲနားမှ လှမ်းကြည့်နေကြသည်။

"ဘာမှမဖြစ်ဘူးသာပြောတယ် … ညှားခါးလင်မယားကျ

နေတာပဲ ... ကြည့်လို့ကောင်းလိုက်တာ ... လူလေးကတော့
တော်ချစ်နေရှာပုံရတယ် ..."

မြရင်က သူမောင် အေးဆွေကို ကြည့်၍ သနားနေသည်
ခင်ဖုန်းနှင့် အေးဆွေတို့ထမင်းစားပွဲရောက်တော့ ထမင်း
ထားသည်က ပန်းကန်တစ်ချပ်တည်း။

"ကျွန်တော်ရော ... ခင်ဖုန်းနဲ့အတူ စားလိုက်မယ် အ

"အေး ... အေး ... ကောင်းတာပေါ့ ... နှစ်ယေ
ဆိုတော့ အဖော်ရတာပေါ့ ..."

ဒေါ်ငြိမ်းက ဝမ်းသာအားရ ထမင်းပန်းကန်ထပ်ချပေးသ
ခင်ဖုန်းက ဟင်းများကို အမှတ်မထင်လှမ်းကြည့်လိုက်သည်။ ငွေ
ကျွဲသကဲ့သို့ သန့်သန့်ရှင်းရှင်းပြင်ဆင်ထားသည်က စားချင်စ
ငါးဟင်း ပဲကြီးနှပ်၊ ပြည်ပန်းညိုဟင်းချို၊ ဓနိမြွာသီးကို မြ
ရေတော်သီးစိမ်းနှင့် ထောင်းပြီး ဆီဆီဆီလေးလေးဆမ်းထားသည်။

"စားလေ မိန်းကလေး ... ဘာမှ အားမနာနဲ့ .. ကိုယ့်
လိုသဘောထား ..."

ဒေါ်ငြိမ်းက ခင်ဖုန်းဘေးမှာ ရပ်လျက် အားပေးနေသည်

"လူလေးက မိန်းကလေးကို ဟင်းထည့်ပေးလိုက်ပါ ...

မြရင်က အေးဆွေဘေးမှာ ရပ်လျက်ထမင်းပွဲမှာ ယင်းထည့်ပေးလိုက်သည်။
ရအောင် ယပ်ခတ်ပေးနေသည်။

အေးဆွေက ငါးဟင်းတစ်တုံးကို ခပ်၍ ခင်ဖုန်းပန်းကန်
ထည့်ပေးသည်။

"နင်တို့အိမ်မှာလိုတော့ ဟင်းကောင်းမှာ မဟုတ်ဘူး
ငါတို့တောမှာဆိုတော့ ရှိတာချက်ကျွေးရတာ ..."

အေးဆွေက အားနာစကားဆိုနေသည်။



"ဒီဟင်းလား မကောင်းတာ ... ဒီလောက်စားချင်စရာ
ကောင်းတာများ ..."

ခင်ဖုန်းက သူရင်ထဲမှ အရှိအတိုင်းပြောခြင်းဖြစ်သည်။

"စားချင်စရာကောင်းရင်စား ... အဝစား .. အဝမနဲ့ အမေ
လုပ်စရာရှိရင် သွားလုပ်ကြလေ ... ကျွန်တော်ကျွေးလိုက်ပါ့မယ် ...
ဒါမှ သူလွတ်လွတ်လပ်လပ်စားမှာ ..."

"အေးပါတော် ... ဟုတ်ပါရဲ့ ... အမေပဲကြီးခွာလိုက်
ဦးမယ် မြရင်ရေ ကိုစံညီတို့အိမ်သွားနှီခဲသွားမှာပါအေ ..."

"ဟုတ်ကဲ့ အမေ ..."

သားအမိနှစ်ယောက်အိမ်ထဲမှ ထွက်သွားကြသည်ကို လှမ်း
ကြည့်ပြီး ခင်ဖုန်းပြုံးလိုက်သည်။

အေးဆွေကိုလည်း ကျေးဇူးတင်မိသည်။

"ငါ့ကိုပဲကြီးနှပ်နဲ့ ဓနိမြွာသီးထောင်းထည့်ပေးပါဦး ..."

အေးဆွေပြုံးလျက် ဟင်းများတစ်ခွန်းပြီးတစ်ခွန်း ခပ်ထည့်
ပေးနေသည်။

"ရော ... နင်လဲ ... စားဦး ..."

ခင်ဖုန်းက ငါးဟင်းတစ်တုံးကို အေးဆွေပန်းကန်ထဲသို့ ပြန်
ယင်းထည့်ပေးလိုက်သည်။

ခင်ဖုန်းမျက်နှာကို အေးဆွေလှမ်းကြည့်လိုက်ချင်သည်။
သို့သော် အကြည့်ချင်ဆုံးလှွှင် ကိုယ့်မျက်လုံးများကို ခင်ဖုန်း
သံသယဝင်မှာ စိုး၍ မကြည့်မိအောင် ထိန်းချုပ်ပြီး ခေါင်းငုံ့ထားလိုက်
သည်။

* * *

ကြက်သွန်ထားသောအခန်းကို ခင်ဖုန်းအတွက် အေး
အမကာ ရှင်းလင်းပြီးသောအခါ မှောင်သည်မှာ ကြာပြီဖြစ်သော
ပေါက်ကို ဖွင့်လိုက်သည်။ အခန်းတွင်းသို့ အလင်းရောင်နှင့် လေ
လေသန့်ဝင်လာသည်။

ကုတင်မရှိသော်လည်း ကြမ်းပြင်မှာ သင်ဖျူးခင်း၍ ထ
နေရာပြင်ပေးလိုက်သောအခါ အခန်းလေးမှာ နေချင်စရာဖြစ်သွား

သို့သော် အခန်းတံခါးမှာ အတွင်းမှ ပိတ်ထားရန် မင်
မရှိ၍ အေးဆွေက မင်းတုပ်တပ်ပေးနေသည်။

"ဒါဆိုရင် ... အခန်းထဲမှာ နင်စိတ်ချလက်ချနေ
ပေါ့ ..."

အေးဆွေက တံခါး မင်းတုပ်ကို ထိုးပြသည်။

"မင်းတုပ်မရှိလည်း စိတ်ချလက်ချနေလို့ရပါတယ် ... ဒ
မှာ နင်ရှိတာပဲ ..."

"ဟုတ်တာပေါ့ ... မိန်းကလေးပြောတာ ဟုတ်တာပေါ့
အပြင်မှာ လူလေးရှိတာပဲ ... စိတ်ချလက်ချနေလို့ရတာပေါ့ ..."

ခင်ဖုန်းပြောသောစကားကို မြရင်သဘောကျနေသည်။

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့ မင်းတုံးရှိတာ ပို
တာပေါ့ဟာ ... အဝတ်လဲတာကအစ ... တံခါးပိတ်ထားလို့
ပေါ့ ..."

"ဟယ် လူလေးက အဝတ်လဲတာပြောမှ သတိရတယ်
မိန်းကလေးအတွက် လုံချည်အင်္ကျီလေးတွေ အစ်ကိုနှစ်ယောက်ထဲ
ယောက်မတွေလာပို့ထားတယ် ... ဇူအဝတ်သေတ္တာထဲ သင်တော
တွေ ထုတ်ထားပြီ ... အောက်မှာသွားယူလိုက်ဦးမယ် ..."

မြရင် အိမ်အောက်သို့ဆင်းသွား၍ အခန်းထဲမှာ အေး



နှင့်ခင်ဖုန်းနှစ်ယောက်ထဲ ကျန်ရစ်သည်။

"ကဲ ... နင်အေးအေးဆေးဆေးနားဦး .. လိုတာရှိရင်
ငါ့ကိုလှမ်းခေါ်လိုက် ... ငါအပြင်မှာရှိမယ် ...."

အေးဆွေက အလိုက်တသိ အပြင်သို့ထွက်ခဲ့၏။

ခင်ဖုန်းတံခါးဖွင့်လျက်ပင် သင်ဖြူးမှာလေးမှာ ထိုင်လိုက်သည်။

အေးဆွေ အပါအဝင် သူမိသားစုတစ်စုလုံးကို ခင်ဖုန်း ကျေးဇူး
တင်မဆုံးဖြစ်မိသည်။ မိမိအပေါ်မှာ အားလုံးက စေတနာထား၍
ရရှိစိုက်ရှိကြသည်။ ငယ်ထိုးရွာမှာတုန်းကလို အားနာနေစရာမရှိ၍
လွတ်လွတ်လပ်လပ်နေခွင့်ရသည်။

အထူးသဖြင့် အေးဆွေမှာ သိတတ်လွန်းသည်။ ရိုးဖြောင့်
သည်မှာလည်း လေးစားလောက်သည်။ သူနှင့်အတူ သူ့အိမ်ကို လိုက်ပြေး
လာရသည်။ သူ့ကိုမှီခိုအားထားနေရသည် ဟူသောအကြည့်အမြင်မျိုး
ပင် မတွေ့ရ။

"မိန်းကလေးရေ ... အဝတ်တွေ ရလာပြီဟေ့ ..."

မြရင် အိမ်ပေါ်သို့ အသံပေး၍ တက်လာသည်။ သူ့လက်ထဲ
မှာလည်း လုံချည်အင်္ကျီများကို မွေ့လိုက်လျက်။

"သူ့နာမည် ခင်ဖုန်းတဲ့ ... အစ်မနာမည်ခေါ်ချင်ရင် ...
မခင်ဖုန်းလို့ ... ခေါ်လို့ရတယ် ..."

မြရင်က မိန်းကလေးဟု အမြဲတမ်းခေါ်နေကျ၍ အေးဆွေက
နာမည်ခေါ်နိုင်ရန် လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ခင်ဖုန်း .... လို့ ခေါ်လို့ရပါတယ် ..."

ခင်ဖုန်းက သူ့အခန်းထဲမှ လှမ်းပြင်လိုက်သည်။

"မကောင်းပါဘူး ... လူလေးပြောသလို ... မခင်ဖုန်းလို့
ပဲခေါ်ပါ့မယ် ... နာမည်လေးက သိပ်ကောင်းတာပဲ ... မ တပ်ခေါ်မှ

ဝိုပြီးကောင်းတယ်''

''အေးဆွေတောင် ခင်ဖုန်းလို့ခေါ်တာပဲ ... အစ်မက သူ့
တောင်ကြီးသေးတယ် ...''

''ဒါပေမဲ့ ... လူလေးက သူငယ်ချင်းလေ ... မိန်းကလေ

''နေပါဦး .. အစ်မတို့အားလုံး အေးဆွေကို လူလေး
ခေါ်ကြတာ ... ဘာဖြစ်လို့လဲ''

''ချစ်လို့ပေါ့ မိန်းကလေးရယ် ... လူလေးက အငယ်ဆုံး
ဖြစ်တယ်၊ အစ်မနဲ့ အထက်အောက်ဆိုတာတောင် ငါးနှစ်ကွာပြီမှ ရ
ပြီးတော့ လူလေးက လိမ်လည်းလိမ္မာတယ် ... စာလည်းတော်
အစ်ကိုတွေကလည်း သူ့ကို လူလေးလို့ခေါ်တယ် ... အစ်မယော
သူ့ယောက်မတောင် သူ့ကို လူလေးပဲခေါ်တယ် .. သိပ်ချစ်တာ..

အေးဆွေမှာ သူ့အကြောင်းအကောင်းပြောနေ၍ မနေ
အောင်ဖြစ်နေစဉ်–

''ဟုတ်လား အေးဆွေ ... နင်က လိမ်မာလား ...
မေးလိုက်သည်။

''မဟုတ်ပါဘူး ဆိုးပါတယ်''

''ဟုတ်ပါတယ် ...''

ခင်ဖုန်းက ပြန်နောက်လိုက်သောအခါ ...

''မဟုတ်ပါဘူး ... လူလေးက အလကားပြောတာပါ
မိန်းကလေးက တကယ်မထင်လိုက်ပါနဲ့ ...''

သူ့မောင်ကို မြရင် အဆိုးအထင်မခံနိုင် အထူးသဖြင့် ခ
က အဆိုးမမြင်စေချင်။

ခင်ဖုန်း ရယ်ရင်းနှင့် မြရင်လက်မှ အဝတ်များကို လ
လိုက်သည်။



''မခင်ဖုန်း အိမ်မှာဝတ်တဲ့ လုံချည်၊ အင်္ကျီတွေလိုတော့
ကောင်းမှာမဟုတ်ဘူး ... ဒါပေမဲ့ အစ်မတို့ ညီအစ်မသုံးယောက်မှာ
ရှိတဲ့ အကောင်းဆုံးတွေ ရွေးယူလာတာ ...''

''ရပါတယ် .. အစ်မရယ် ... အိမ်နေရင်း ဝတ်တာပဲ..
အစ်မတို့ယူလာတဲ့အဝတ်တွေက သစ်လွန်းကောင်းလွန်းတောင်
နေပါတယ် ...''

''အစ်မတို့က ဝမ်းသာနေတာ ... မခင်ဖုန်း ဝတ်လိုက်ရင်
အစ်မတို့ အင်္ကျီ၊ လုံချည်တွေက ပိုလှသွားဦးမှာ ...''

''မဟုတ်ပါဘူး ... အစ်မရယ် ...''

ရှေ့မှာတင် ချိုးကျိုးခံရ၍ ခင်ဖုန်းရှက်သွားသည်။

''ငါ့ .. အစ်မကို မုန့်ကျွေးလိုက် ...''

''နင် စိုက်ကျွေးလိုက်လေ ... ငါ့မှာ ပိုက်ဆံမရှိဘူး ...
နောက်တော့ ပြန်ပေးမှာပေါ့ ...''

ခင်ဖုန်း ပြောပုံက သနားစရာ။

''အေး ဟုတ်ပါရဲ့ ... အစ်မရေ ... အမေ့ဆီက ပိုက်ဆံ
တောင်းပြီး ခင်ဖုန်းကို ပေးထားပါဦး ...''

''နေပါစေ ... မလိုပါဘူး ... နင့်ဆီမှာ ရှိနေရင် ပြီးတာပဲ''

''ခင်ဖုန်း ပြောတာဟုတ်တာပေါ့ ... လူလေးဆီမှာရှိနေရင်
သူလိုတဲ့အခါ သုံးလို့ရတာပဲ ...''

မြရင် ပြောသည်ကို ခင်ဖုန်းအဓိပ္ပာယ်ကောက်လွဲမှာ အေး
ဆွေစိုးရိမ်သည်။

''အစ်မကလည်း အဝတ်တွေ ယူလာတာ ထည့်စရာလည်း
မရှိဘူး ... ခင်ဖုန်းက အိပ်ရာခေါင်းမှာ ဒီအတိုင်းထားရတာ မကောင်း
ပါဘူး ... လာ ... ကျွန်တော်နဲ့ အောက်ခဏလိုက်ခဲ့ ...''

အေးဆွေ အိမ်ပေါ်မှ ဆင်းသွား၍ မြရင် လိုက်သွားသ
"နေပါစေ ... ရပါတယ် ... ကိစ္စမရှိပါဘူး ..."
ခင်ဖုန်း လှမ်းအော်ထားသော်လည်း မောင်နှမနှစ်ယော
ဆင်းသွားကြပြီး အောက်ထပ်မှ ခတ်တူးနှင့် ချိုင့်များ။ ဖလားများ
ထားသော အဆင့်နှစ်ဆင့်ပါ မှန်ဘီဒိုလေးကို ... ပန္နည်းများ ရ
မ,လာကြသည်။

"အဝတ်တွေ ... ဒီထဲမှာ ထည့်"

အခန်းထောင့်မှာ ဘီဒိုလေးကို ချပြီး အေးဆွေက ဘီဒို
စက္ကူအသစ်များ ခင်းပေးသည်။ မြရင်က အဝတ်များကို ဘီဒို
ပြောင်းထည့်ပေးသည်။

သနပ်ခါးကျောက်ပြင်၊ သနပ်ခါးတုံးနှင့် မှန်ကိုတော့ စား
ကပင် ထားပေးပြီးဖြစ်သည်။

ခင်ဖုန်း၏ အပျိုခန်းလေးမှာ အသင့်အတင့် သပ်သပ်ရ
ပြည့်စုံသွားသည်။

"အေးဆွေ ပါတို့စားမေပွဲကိစ္စ နင်ဘာယ်လို စိတ်ကူးထား

ခင်ဖုန်း မေးမှ အေးဆွေ သူစာကြည့်စားပွဲလေးကို
ကြည့်လိုက်သည်။

"ကျက်တော့ကျက်ထားရမှာပေါ့ဟာ ... ဖြေခွင့်ရရင်
ဖြေမှာပေါ့ ... နင်လည်း ... ပါစာအုပ်တွေနဲ့ ကြည့်ပေါ့ .."

"စာကြည့်ရမှာ အားမရှိပါဘူးဟာ ... သူများတွေက
ဆိုရင် .. အနီးကပ်ပိုင်တွေတက်ပြီး ... တအားကျက်နေကြမှာ
က စာမကျက်ရတာ သုံးရက်ရှိသွားပြီ ..."

ခင်ဖုန်း စိတ်အားလျော့နေပြီ။

"အခု ရက်မကျက်နိုင်မေယ့် အရင်က အများကြီး ကျက်



တာပဲဟာ ... ဒီနေ့ညကစပြီး ကြည့်လို့ရပြီပဲ ..."

"နင်က စာတော်တဲ့လူဆိုတော့ ... ငါမသိတာလည်း ရှင်းပြ
ပေးပေါ့ ..."

"ဒါဖြင့် ဒီနေ့ည စပြီး ကြည့်မယ်လေ ..."

အေးဆွေ စကားကြောင့် ခင်ဖုန်း အားနည်းနည်း တက်လာ
သည်။

"ကောင်းတာပေါ့ ... တစ်နှစ်ဆို နည်းတာမဟုတ်ဘူး ...
နှစ်ယောက်ဆိုတော့ ... စာကျက်ရတာ ပျင်းစရာမရှိဘူးပေါ့ ..."

မြရင် ပြောပြောဆိုဆိုနှင့်အောက်ထပ်သို့ ဆင်းသွားသည်။

"ကဲ .. အဲဒါဆို ခု စကြည့်ရအောင်ဟာ ..."

အေးဆွေနှင့်အတူ စာကြည့်ရန် ခင်ဖုန်းအပြင်သို့ ထွက်လာ
ခဲ့သည်။

* * *

နေ့ခင်းပိုင်းတွင် အေးဆွေနှင့် ခင်ဖုန်းတို့ သင်္ချာတွက်နေကြစဉ်
မြရင် အိမ်ပေါ်တက်လာသည်။

"လူလေးရေ ... အောက်ကို ဆင်းခဲ့ပါဦးတဲ့ ... ရွာလူ
ကြီးကိုလှအောင်နဲ့ ကိုမြအေးရောက်နေကြတယ် ... မိန်းကလေးလည်း
လိုက်ခဲ့ပါ ..."

"ရှင် ... ဘာ.. ဘာဖြစ်လို့လဲ ..."

ခင်ဖုန်း ထိတ်ထိတ်လန့်လန့်ဖြစ်သွားသည်။

"ဘာမှမဖြစ်ပါဘူး ... အေးအေးဆေးဆေး တိုင်ပင်စရာ
ရှိလို့ပါတဲ့ .."

ခင်ဖုန်းနှင့် အေးဆွေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်
ပြီးအောက်ထပ်သို့ ဆင်းခဲ့ကြသည်။

"ဟုတ်ကြ … လူလေးရဲ့ မိန်းကလေး ထိုင်ကြ …"

[illegible] ဦးကိုရာ [illegible] ဆိုကြရသည်။

"အမေရဲ့ အမေ့ကို မိန်းကလေးသိပေမဲ့ ကျွန်တော်တို့ [illegible] … ဒါက လူလေးရဲ့ [illegible] … ကိုလှအောင် … ဒီကောင်က ထိုင်တာက [illegible] …"

[illegible]

"ဟဲ … ဦးလှအောင်ကလဲ … ကလေးတွေ [illegible] … "

[illegible]

"ဟုတ်တယ် … သောကြာနေ့က …"

ဦးမြအေးက ထဲထောက်လေသည်။

[illegible]



"ဘာကြောင့် ချစ်ကြလို့ … နှလုံးလိုက်ရှိကြတာဆိုရင် တော့ လွယ်ပါတယ် … ငါတို့က ကျောက်တွင်းမှာ လူကြီးတွေနဲ့ လက်ထပ်ပေးလိုက်မယ် … ပြီးရင် လက်ဖက်ရည်ပွဲလောက်နဲ့ မင်္ဂလာဆောင်ပွဲလေးလုပ်လိုက်ရင် … ဘာရှုပ်ထွေးသွားတာလဲ"

ဦးလှအောင်က ရှင်းပြသည်။

"သေချာလေး ကိုလှအောင် မိန်းကလေးရဲ့ အသက်က ဆယ့်ခြောက်နှစ်ပြည့်ပြီလား …"

ဦးမြအေးက စကားဖြတ်၍ မိန်းကလေးကို မေးလိုက်သည်။

"ဟုတ်ကဲ့ ပြည့်ပါပြီ … ပြီးခဲ့တဲ့ နှစ်လောက်က မွေးနေ့လုပ်ပါတယ်"

ခင်ဖုန်းမြသည်က ဖြေသည်။

"ဒါဆိုရင် မင်းတို့နှစ်ယောက်က ချစ်သူတွေမဟုတ်တောင်မှ ရင်းရင်းနှီးနှီးသဲ့ယောက်ျားနဲ့ ဒီအခြေအနေမျိုးဖြစ်လာတာပဲ နောက်ပြီး နှစ်ညအိပ်တောင်အတူနေပြီးကြလို့ အခုဆို ယောက်ျားလေး အိမ်အထိရောက်တာကြပြီ … ဦးလေးအနေနဲ့ကတော့ လက်ထပ်လိုက်ကြတာက ပြဿနာရှင်းမယ် ထင်တယ် … ဒါတောင် မိဘသဘောတူတာ မတူတာတော့ ပြောစရာရှိသေးတယ်"

ဦးမြအေးက အတွေ့အကြုံရှိသူဖြစ်၍ စဉ်းစဉ်းစားစားရှင်းပြသည်။

"ဘာပြဿနာမှမရှိပါဘူး … ကျွန်တော်တို့လက်ထပ်မှာမဟုတ်ဘဲ … ကျွန်တော်တို့က သူငယ်ချင်းတွေပဲ …"

အောင်ဆွေ ၁ ခင်ဖုန်းကို အားနာနေသည်။

"လူလေးတို့ ချစ်သူတွေမဟုတ်ကြသေးဘူးဆိုတာ သိပါတယ် ဒါပေမဲ့ နှလောက်အခြေအနေမျိုးအထိဖြစ်ပြီးမှဆိုတော့ … လက်ထပ်

လိုက်ရင် မိန်းကလေးလည်း မနစ်နာဘူးပေါ့ .... မဟုတ်
မိန်းကလေးအတွက်လည်းသူများအထင်သေးအမြင်သေးခံရ
မှာစိုး ပြောတာပါ ..."

ကိုတင်မြင့်က ရှင်းပြသည်။

"ဟုတ်တယ် အမေနဲ့အမေရော အစ်ကိုကြီးတို့အားလုံးက
အဲဒီလိုသဘောတူလို့ လူကြီးတွေနဲ့ခေါ်ပြောရတာ ... မဟုတ်
ယောက်ျားလေးထက် မိန်းကလေးက ပိုနစ်နာနာတာပေါ့ "

အစ်ကိုအကြီးဆုံးက ယောက်ဖစကားကို အားဖြည့်
လိုက်သည်။

"မိန်းကလေးရဲ့သဘောထားကိုလည်း ပြောပါဦး"

ဦးလှဆောင်က အညာကို ကိုင်လှုပ်လိုက်ခြင်းဖြစ်၍ အ
စိတ်ဝင်စားစွာနှင့် ခင်ဖုန်းကို လှမ်းကြည့်လိုက်ကြသည်။

ခင်ဖုန်းထံမှ ဘာသံမျှ ထွက်မလာသေးမီအချိန်တွင် အိမ်
တိတ်ငြိမ်သွား၏။

"ဘာမှရှက်မနေနဲ့ မိန်းကလေး ... ရဲရဲသာသာပြော မ
သာ သဘောတူမယ်ဆိုရင် ... အစ်ကိုကြီးတို့က ဒီရွာမှာ အကြီး
ဆုံး မင်္ဂလာဆောင်လုပ်ပေးမှာ ..."

ထွန်းမောင်က မိန်းကလေးကို အားပေးလိုက်သည်။

အားလုံးမှာ မျှော်လင့်ချက်ကြီးစွာနှင့် ခင်ဖုန်းကိုကြည့်
ကြသည်။

"ကျွန်မနဲ့အေးဆွေက သူငယ်ချင်းလို့ပဲခင်တာပါ ..
ငယ်ထိုးမှာလည်း သူငယ်ချင်းလို့ပဲ နေခဲ့ကြတာပါ ... အခုလ
စာမေးပွဲအတွက် စာအတူကျက်နေကြတာပါ ... ကျွန်မအိမ်က ဝ
လာရင်လည်း ကျွန်မတို့နှစ်ယောက်အမှန်အတိုင်း ပြောဖို့တိုင်ပင်



ကြပါတယ် ..."

ခင်ဖုန်းပြောပုံက အေးအေးဆေးဆေးဖြစ်သည်။

"အစ်ကိုကြီးပြောသလိုရော မိန်းကလေးဘက်က လူလေးနဲ့
လက်ထပ်ဖို့ စဉ်းစားပေးလို့ မရဘူးလား ... ဒီအခြေအနေရောက်မှ
တော့ မိန်းကလေးမိဘတွေကလည်း ငြင်းမှာမဟုတ်ပါဘူး။

အစ်ကိုလှဆောင်က ထပ်၍တိုက်တွန်းနေပြန်သည်။

"ကျွန်မတို့သူငယ်ချင်းလို့ပဲ ရင်းနှီးတာပါ ... အဲဒါမျိုးတွေ
မစဉ်းစားပါဘူး .."

ခင်ဖုန်းက ယတိပြတ်ပြောလိုက်သည်။

"လူလေးကရော ..."

တင်မြင့်က အေးဆွေ၏ သဘောထားကို ခေါက်ကြည့်
လိုက်သည်။

"ခင်ဖုန်းပြောတဲ့အတိုင်းပါပဲ ... ကျွန်တော်တို့သူငယ်ချင်းလို
ခင်ကြတာပါ ..."

အားလုံးပြုံးလိုက်ကြပါသည်။

ဆက်ပြော၍လည်း အကြောင်းထူးမည်မဟုတ်၍ လူကြီးများ
အလျှော့ပေးပြီး လူစုခွဲလိုက်ကြပါသည်။

အေးဆွေနှင့်ခင်ဖုန်းတို့တစ်ယောက်ကို တစ်ယောက်ကြည့်၍
မြူးရင်းအိမ်ပေါ်ပြန်တက်၍ သင်္ချာဆက်တွက်ကြပါသည်။

* * *

"တော်ပြီဟာ ကျက်လိုက်ရ တွက်လိုက်ရနဲ့ ပင်ပန်းပြီ ... နား
တော့မယ် ... နင်အောင်မှာသေချာတယ် ... သင်္ချာနဲ့အင်္ဂလိပ်စာကျ
တော့ ငါထက်တော်တော်သေးတယ် ..."

ခင်ဖုန်းက လက်ထဲက ဘောပင်ကို စားပွဲလေးပေါ်ပစ်ချ
ပြီး အေးဆွေကို ငေးကြည့်နေသည်။

"အဲဒါ ကျောင်းမှာသင်တဲ့ သင်္ချာဆရာ ဦးတင်မေနဲ့အ
စာဆရာ ဦးစိုးသိန်းတော်လို့ဟာ ... ရူပဗေဒ၊ ဓာတုဗေဒနဲ့ ဘိုင်အို
တော့ ငါသိပ်မရှာဘူးဟာ ... ငါမသိတာတွေ နင်ရှင်းပြပေးပါဦး ..."

"အေးရှင်းပေးမယ် ... ငါတို့က ပိုင်းဆရာမနဲ့လည်း ထပ်
ထားတော့ ... ဒါပေမဲ့ စာကျက်ရတာ အားမရှိပါဘူးဟာ ... ခုံ အဲ
ဆိုရင် ငါက ကျောက်ဆည်ပြန်ပြီး ဘယ်လိုလုပ်စာပေးပွဲဖြေရမှာ

"ငါလည်း အတူတူပေါ့ဟာ ... သွားဖြေဖို့မလွယ်ပါဘူး
ဒါပေမဲ့ဟာ ကိုယ်ကတော့ ဘာပဲဖြစ်ဖြစ် လုပ်ထားရမှာပေါ့ ..."

"ငါကတော့ ဖြေတောင် အောင်ရုံဆိုရင်အလကား
ဟိုကောင်မတွေ ... အိအိဇော်တို့ ... ချစ်ချစ်ထွေးတို့က ခုလော
ဆိုရင် အနီးကပ်ပိုင်းမှာ အပိုင်လုပ်နေကြပြီ .. ငါသူတို့ကို ဘယ်
ယှဉ်လို့ရမှာမဟုတ်ဘူး ..."

ခင်ဖုန်းစိတ်အားပျက်နေသည်။

"အဲဒီလိုတော့မဟုတ်ပါဘူးဟာ ... နင်လည်း အသေအ
သင်ထားပြီးသားပဲ ပြန်လုပ်ပေါ့ ... တချို့ဟာတွေဆို ငါ့ကို ရှင်းပြ
နဲ့ စာကျက်ပြီးသားဖြစ်မှာပေါ့ ..."

အေးဆွေက အားပေးသည်။

"အေး ဟုတ်ပါတယ် ... ငါနင့်ကို ရှင်းပြပါ့မယ် ... အ
တော့ ငါအပြင်ထွက်ချင်တယ် ... ဒီနား နီးနီးနားနားသွားစရာ ဘ
လဲ .. အညောင်းဖြေပေါ့ ..."

"အိမ်အပြင်ထွက်မှာလား ... နင့်ကိုကြည့်ကြမှာပေါ့ .."

အေးဆွေ အံ့ဩနေသည်။



"ကြည့်ပစေပေါ့ဟာ ... အပြတင်းအိမ်ထဲမှာချည်း ဘယ်နေ
နိုင်မလဲ ... နောက်ကနေ ပိုင်းအုံလိုက်လာမှာလား ..."

"အဲဒီလိုတော့ မလိုက်ပါဘူး ... သူတို့အိမ်တွေကနေ လှမ်း
ကြည့်မှာပေါ့"

"အဲဒီလောက်တော့ ကြည့်ပစေပေါ့ဟာ ..."

"ဒါဆို တောင်ခြေနားက တောရကျောင်းအထိ လျှောက်သွား
မလား ... သိပ်သာယာတာပဲ ..."

"အေးကောင်းတယ် ... သွားမယ် ..."

ခင်ဖုန်းက စိတ်ပါလက်ပါနှင့် ထရပ်လိုက်သည်။

ခင်ဖုန်းနှင့် အေးဆွေတို့ အိမ်ပေါ်မှ ဆင်းခဲ့ကြသည်။

"အမေရေ ... ငါတို့ တောင်ခြေတောရကျောင်းဘက် လမ်း
လျှောက်သွားလိုက်ဦးမယ်"

အေးဆွေက အိမ်အောက်မှာ တွေ့ရသော သူ့အမေကို လှမ်း
ပြောလိုက်သည်။

"အေး ... သွား ... သွား ... လူလေး ... ပြန်လာရင်
ထမင်းစားရအောင် လုပ်ထားလိုက်မယ် ..."

အေးဆွေနှင့် ခင်ဖုန်းတို့ ရွာထဲလမ်းမှာ လျှောက်လာကြတော့
ထင်သည့်အတိုင်းပင် အိမ်များမှ လှမ်းကြည့်နေကြသည်။ အချို့က
အိမ်နီးချင်းအချင်းချင်း လှမ်းပြောသတိပေးပြီး အကြည့်ခိုင်းသည်လည်း
ကြားရသည်။

"အိပ်လိုက်တာပဲ အမေရယ် ... ကြည့်လို့ကောင်းလိုက်တာ"

ဒေါ်အုန်းတင်တို့အိမ်နားဖြတ်သွားတော့ သူ့သမီးမိညိုက
သူ့အမေကို လှမ်းပြောနေ၍ ခင်ဖုန်းကို အေးဆွေအားနာမိသည်။

သို့သော် ခင်ဖုန်းက မကြားချင်ယောင်ဆောင်ပြီး ဟန်မပျ
ဆက်လျှောက်နေသည်။

ရွာတံခါးထွက်ခါနီးမှ

"လှလိုက်တာဟယ် ... သူဌေးသမီးဆိုတဲ့အတိုင်းပဲ ..
ရုပ်ကလေးက ကြည့်လို့ကောင်းလိုက်တာ ... အေးဆွေတို့မှ
ပိုင်လိုက်တာ ... ရအောင်နိုးပြေးလာတယ် ... သူမိဘတွေက
ရင် ကျိုးမှာပေါ့ ... ခုမှဆယ်တန်းရှိသေးတယ်တဲ့ ..."

သက်ကယ်ပစ်နေသော မိန်းမသုံးယောက်အနက်မှ လှိုင်
စကားသံကိုကြား၍ အေးဆွေစိတ်ဆိုးမိသည်။

ခင်ဖုန်းကို လှမ်းကြည့်လိုက်သည်။ ခင်ဖုန်းက မသိချင်ယော
ဆောင်ပြီးသွားနေ၏။

နှစ်ယောက်သွားပုံက ဘေးတိုက်လည်းမကျ၊ ရှေ့နောက်လည်
မဟုတ်၊ ခပ်ခွာခွာ ခပ်ဝေးဝေးလေးသွား၍ စကားလည်း မပြောကြ
ရွာတံခါးမှ ထွက်ခဲ့ကြသည်။

"ဟယ် ... လှလိုက်တာ ..."

ရွာအထွက်မှာပင် ခင်ဖုန်းတအံ့တသြဖြစ်နေပြီ။

ကသစ်ပင်တန်းမှာ ကသစ်ပန်းနီနီများပွင့်နေ၏။ ခပ်လှမ်းလှမ်း
မှ လယ်ကန်သင်းပေါ်မှာ ပေါက်ပင်များက ရဲရဲနီနေကြပြန်၏။ တောင်
ခြေဆီမှာ လှမ်းကြည့်လိုက်တော့ လက်ပံပင်ကြီးများက တောအုပ်ကို
အနီရောင်ချယ်ထားသည်။

နွေဦးကာလရောက်ပြီမို့ အနီရောင်ပန်းများ အပြိုင်အဆိုင်ပွင့်
ကြသောကာလဖြစ်သည်။ ကျောင်းသားများအတွက် ဤရာသီမှာ ရွက်
ဝါများကလည်း ကြွေ၊ လေပွေ၊ လေရူးကလည်း တိုက်၊ စာမေးပွဲက
လည်းနီးနှင့် စိတ်လှုပ်ရှားရသောကာလဖြစ်သည်။



"ဟိုမှာ တောင်ခြေတောရကျောင်း ..."

အေးဆွေ ညွှန်ပြသည့်နေရာသို့ ခင်ဖုန်းလှမ်းကြည့်လိုက်သည်။
တောင်ခြေမှာ သစ်ပင်အုပ်၏အလယ်တွင် ကျောင်းအမိုး၏ ပြာသာ
ဒ်ဆောင်ကို မြင်ရသည်။ ကျောင်း၏ အထက်မှတောင်ခြေအမြင့်တွင်
ထုံးဖြူဖြူနှင့် စေတီလေးတစ်ဆူ။

ရွာအပြင်ထွက်ခဲ့ပြီမို့ နှစ်ယောက်အတူဘေးချင်းယှဉ်၍
လျှောက်ခဲ့ကြသည်။

လေပြည်လေးတိုက်နေ၍ တောပန်းတောင်ပန်းရနံ့လေးများ
သင်းနေသည်။

"ဟယ်လှလိုက်တဲ့ ငှက်ကလေးနှစ်ကောင် ..."

ခင်ဖုန်းက အေးဆွေရှေ့မတိုးအောင် လက်ကို လှမ်းဆွဲထား
လိုက်သည်။

ညာဘက်ဘေးမှ နဘေးခြုံကိုင်းပေါ်တွင် ငှက်ကလေးနှစ်
ကောင်စောစောဆိုလျက်ရှိသည်။ ခေါင်းပေါ်တွင် ယပ်တောင်သဖွယ်ဖြန့်နေ
သည့်အမောက်လှလှကြီးမှာ အနီရောင်ချယ်လျက်၊ ကိုယ်လုံးမှာ ရွှေနီ
ရောင်အဖြူရောင်ပေါ်တွင် အစက်အပြောက်ကလေးများနှင့် လှပလျက်
အမြီးနောက်ကလေးများကို မြှောက်လိုက်ချလိုက်လုပ်နေကြသည်။

"အဲဒါဘာငှက်လဲ အေးဆွေ ..."

ခင်ဖုန်းမှာ မမြင်စဖူးမြင်ရ၍ သဘောကျနေသည်။

"မြီးတောင်ပို့ချီတုပ် ..."

"ဟင် ... ဘာငှက် ..."

ခင်ဖုန်းနားမလည်။

"မြီးတောင်ပို့ချီတုပ် ..."

"နာမည်ကလည်း ဆန်းလိုက်တာ ... ဟုတ်လို့လား ..."

"ဟုတ်ပါတယ် ... ငါတို့ရွာကတောတဲ့ထဲမှာ ဒီလိုငှက်...
တွေ အမြဲတွေ့ရပါတယ် ... လှတိုင်းသိပါတယ် ..."

"ငါ ... ဒုမှ မြင်ဖူးတယ် ..."

ခင်ဖုန်းက ဆုပ်ကိုင်ထားမိသော အေးဆွေ့လက်ကို လွှတ်လို...
သည်။

သူတို့နှစ်ယောက်ရှေ့တိုးသွားသောအခါ ငှက်ကလေးနှစ်ကော...
အတူတကွ ပြန်သွားကြသည်။ ပြန်ပုံကနှိမ့်လိုက် မြင့်လိုက်နှင့် မြ...
သည်မှာ ချစ်စရာ။

"ဟယ် ... ရှေ့မှာတွေပြန်ပြီ ... အဲဒါကရော ... သ...
ငှက်လဲ ..."

လမ်းပေါ်မှာ အစာရှာနေသော ငှက်ကလေးနှစ်ကောင်၊

"ဘွတ်ခင်နီ ..."

ခင်ဖုန်းပြုံးလိုက်သည်။

ကိုယ်လုံးကအနက် ခေါင်းနှင့်ဝမ်းဗိုက်မှာ အပြုံ ဖင်နေရာ...
ရောင်ချယ်ထားသည်။

"သူက နာမည်နဲ့လိုက်ပါတယ် ..."

ဤငှက်၏အမည်ကို ခင်ဖုန်းသိသယမရှိပါ။

တောင်ခြေတောရကျောင်းသို့ ရောက်သောအခါ ပန်းအ...
ပင်များ။ စားပင်၊ သီးပင်များနှင့် ဥယျာဉ်ကြီးတစ်ခုဖြစ်နေသည်ကို သ...
သာယာသာယာတွေ့ရသည်။

ကျောင်းဝင်းအတွင်းမှာ စမ်းချောင်းကလေးတစ်ခု...
ကြည်လင်သော စမ်းရေယဉ်တသွင်သွင် စီးဆင်းနေသည်။

"ဟယ် ဟိုမှာ ကျွဲကောသီးတွေ ..."

ခင်ဖုန်းအတွက် အံ့သြ၍ ရည်းနေရသည်။




"ဟိုမှာ ကြည့်လိုက်ဦး ... ရောက်ချိုသီးတွေ ..."

အေးဆွေ ညွှန်ပြရာသို့ ခင်ဖုန်းလှမ်းကြည့်လိုက်သည်။

"ဟုတ်ပါရဲ့ ... ဘယ်သူမှ မခူးကြဘူးလား ..."

"မခူးပါဘူး ..."

"ကျောင်းသားတွေ မရှိဘူးလား ..."

"မရှိဘူး .. ဘုန်းကြီးတစ်ပါးနဲ့ ကပ္ပိယကြီးတစ်ယောက်ပဲ
ရှိတယ် ... အေးအေးဆေးဆေး တရားအားထုတ်နေကြတာ"

"ကောင်းလိုက်တာနော် ..."

ခင်ဖုန်းရင်ထဲမှာ အေးချမ်းမှုလေးကို ခံစားလိုက်ရသည်။

"လာ ဟိုဘက်တောင်ခြေအထိ သွားကြည့်ရအောင် ..."

"အို လှလိုက်တာဟယ် ... အေးဆွေရှုပေးစမ်းပါ ..."

တောင်ကုန်းပေါ်ရှိ ဘုရားပရဝုဏ်၏ ဘေးတွင် နှီးတန်နီ
အင်ကြင်းပန်းများ ပင်လုံးကျွတ်ပွင့်နေသည်။

အေးဆွေက အင်ကြင်းပင်ပေါ်သို့ ကျွမ်းကျင်စွာ တက်သွားပြီး
နှီးတန်နီ အင်ကြင်းပန်းများကို အနိုင်လိုက်ချိုးချပေးသည်။

ခင်ဖုန်းရင်ခွင်ထဲမှာ အင်ကြင်းပန်းများ တပွေ့တပိုက်ကြီးရ
သည်အထိ ဖြစ်သည်။

"အေးဆွေ တော်ပြီ ဒီမှာအများကြီးပဲ ..."

အေးဆွေ အင်ကြင်းပင်ပေါ်မှ ဆင်းလာသည်။

"ဟာ ... လှလိုက်တာ ..."

အေးဆွေ အံ့သြရသောအလှည့်ဖြစ်၍ ရုတ်တရက်အသံ ထွက်
သွားမိသည်။

"ဘာလှတာလဲ ... နင်ကလဲ ..."

ခင်ဖုန်းရှက်၍ မျက်နှာလေးနီမြန်းသွားသည်က အင်ကြင်းပန်း

နှင့် အပြိုင်ဖြစ်သည်။

"အင်ကြင်းပန်းတွေကို နှင်းအဲဒီလို မွှေးတာတော သိပ်က
ဲပဲဟာ ..."

အေးဆွေက အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်ပါသည်။

ခင်ဖုန်း၏ ဖြူဝင်းသောအသားအရေနှင့်လှပသော မျက်
လေးမှာ အနီရောင် အင်ကြင်းပန်းများနှင့် လိုက်ဖက်နေသည်။

"လာ ... ဟိုဘုရားစေတီလေးမှာ သွားလှူရအောင် ..."

ခင်ဖုန်းရှေ့မှ လျှောက်သွား၍ အေးဆွေနောက်မှ လိုက်ခဲ့သည

ဘုရားပရဝုဏ်ထဲသို့ ရောက်သောအခါ မုခ်ဦးရှေ့မှ ပန်း
သော ပန်းအိုးတစ်လုံးတွင် ခင်ဖုန်းက အင်ကြင်းပန်းများကို ထိုး
ပြီးလှူလိုက်သည်။ ပြီးတော့ နှစ်ဦးသား ဘုရားကန်တော့ကြသည်။
လျက်တော့ မဟုတ်။ အေးဆွေက မလှမ်းမကမ်းမှာ သီးခြားသွား
တော့၍ တစ်ယောက်တစ်နေရာစီဖြစ်သည်။

ဘုရားကန်တော့ပြီးတော့ ကျန်နေသေးသည့် အင်ကြင်း
များကို ခင်ဖုန်းက မွှေးယူခဲ့သည်။

"အိမ်ကျရင် ဘုရားလှူရအောင်လို့ ..."

အေးဆွေက ခေါင်းညိတ်ပြသည်။

ဘုရားကုန်းပေါ်မှာ လေပြည်လေးတိုက်နေ၍ ခပ်ဝေးဝေ
တောင်ခြေတောအုပ်ဆီမှ ဥသြငှက်သံလေး လွင့်မျောပါလာသည်။

"လာ ... ဒီဘက်မှာ ... ရှုခင်းကြည့်လို့လှတယ် ..."

အေးဆွေက ဘုရားစေတီကို လက်ယာရစ်ပတ်၍ တောင်
ဘက်ဆီသို့ ခင်ဖုန်းကို ခေါ်ခဲ့သည်။

"ဟယ် .. ဟုတ်ပါရဲ့ လှလိုက်တာ"

ခင်ဖုန်း သဘောကျနေသည်။



ဘုရားကုန်းနှင့် တောင်ခြေကြားထဲမှ ချိုင့်ဝှမ်းတွင် စမ်းချောင်း
တစ်ခုစီးဆင်းနေသည်။ စမ်းရေကြည်ကြည်အေးအေးက ကျောက်တုံး
ကြီးများကို တိုးတိုက်ကွေ့ဝိုက်စီးဆင်းနေသည်။

စမ်းချောင်း၏ ဘေးနှစ်ဘက်မှာ ရွက်ဝါတောလေးက ရွှေ
ရောင်တောက်၍ လေအလှုပ်မှာ တဖြုတ်ဖြုတ်ကြွေနေကြသည်။

"ဒီစေတီလေးနာမည်သိလား ..."

"ဘာလဲ ..."

ခင်ဖုန်းက အေးဆွေကို ပြန်မေးလိုက်သည်။

"လွမ်းစေတီတဲ့ ..."

အေးဆွေက စမ်းချောင်းလေးထဲမှာ မျောပါသွားသော ရွက်ဝါ
လေးများဆီသို့ လှမ်းကြည့်ရင်းပြောသည်။

"နှင်က လွမ်းနေလို့လား ..."

"ငါ့မှာမှ လွမ်းစရာမရှိဘဲ ..."

"အံမယ် ... နှင်ကကြားနေပြန်ပြီ ... ငါကတော့
လွမ်းတယ်"

"နင့်မှာ လွမ်းစရာရှိလို့လား ..."

အေးဆွေက ခင်ဖုန်းကို ပြန်မေးသည်။

"ရှိတာပေါ့ ... နှင်နားထောင်ကြည့်စမ်း ... ဟိုအဝေး
ဆီက ဥသြငှက်သံလေးကြားနေရတာ ... ဘယ်လောက် လွမ်းစရာ
ကောင်းလဲ ... ပြီးတော့ ဟိုမှာကြည့်လိုက်ဦး ..."

ခင်ဖုန်းက စမ်းချောင်းဘေးမှ ရွှေရောင်တောလေးကို ပြသည်။

"ရွက်ဝါလေးတွေ ကြွေကျနေတာ ... လွမ်းစရာမကောင်းဘူး
လား ... စေတီလေးရဲ့နာမည်ကို နှင်က လွမ်းစေတီလို့ပြောလိုက်တော့
ပိုပြီးလွမ်းစရာကောင်းသွားတာပေါ့ ..."

"မသိပါဘူး ... နင့်မှာ လွမ်းစရာများရှိနေသလားကွဲ"

"မှန ဝါမပြောတာတွေ အားလုံးဟာ လွမ်းစရာတွေချည်း

အေးဆွေ ခေါင်းညိတ်ပြလိုက်သည်။

ခင်ဖုန်းပြောသလိုတော့ သူလည်းလွမ်းပါသည်။

နှင်းဦးသားစကားမပြောတော့ဘဲ ရွက်ဝါတောနှင့်စမ်း

ဆောင်းသို့ ငေးနေမိကြ၏။ အဝေးဆီမှ တွန်ကျူးနေသော ဥဩကွ

လေး ရပ်နားသွားခဲ့ပြီ။

စမ်းချောင်းလေးမှာ ရွက်ဝါလေးများကို သယ်ဆော

ဆောင်ရေပြင်တွင် ကျေ့ဝိုက်ခါ စီးဆင်းနေ၏။

အေးဆွေက ခင်ဖုန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

ခင်ဖုန်းက အေးဆွေကို ပြန်ကြည့်သည်။ မျက်လုံ

မျက်ရည်များ ရစ်ဝဲလျက်-

"နင် ဘာကယ်လွမ်းနေတာလား"

"ဟုတ်တယ် .. ငါ မေမေနဲ့ဖေဖေ့ကို လွမ်းတယ် ..

ငါ့အစ်ကိုတွေကိုလည်း လွမ်းတယ် ..."

ခင်ဖုန်းမျက်ရည်များ စီးကျလာပြီး ငိုပါသည်။

အေးဆွေမေးမိသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။

"ငါမေးမိတာ မှားပါတယ်ဟာ ..."

အေးဆွေတောင်းပန်စကားဆိုသည်။

"နင့်ကြောင့်မဟုတ်ပါဘူးဟာ ... နေရာလေးက လွမ်းစေ

ဆိုတဲ့အတိုင်း လွမ်းစရာကောင်းလို့ ငါ့ဟာသာ ငိုတာပါ ..."

ခင်ဖုန်းက အင်ကြင်းပန်းများကို အေးဆွေဆီထားပေးပြီး

လက်ကလေးနှစ်ဖက်နှင့် မျက်ရည်များကို သုတ်ပစ်သည်။ ခင်ဖုန်း

မျက်ရည်သုတ်စရာ လက်ကိုင်ပဝါမရှိ။ အေးဆွေမှာလည်း ဆေး



လက်ကိုင်ပုဝါမပါ။ လက်နှင့်မျက်ရည်သုတ်နေသော ခင်ဖုန်းကို စိတ်

မကောင်းစွာ ကြည့်နေမိသည်။

"လာ ပြန်ကြစို့ ..."

ခင်ဖုန်းက အေးဆွေလက်မှ အင်ကြင်းပန်းများကို လှမ်းယူ

လိုက်သည်။

အပြန်လမ်းမှာ နှစ်ဦးသားစကားတိတ်ဆိတ်လျက် ခင်ဖုန်းက

ရှေ့မှ လျှောက်၍ အေးဆွေနောက်မှ လိုက်ပါခဲ့သည်။

ရွာအဝင်မှာ လမ်းဘေးအိမ်တစ်အိမ်မှ ခွေးက လှမ်းဟောင်၍

ခင်ဖုန်းကြောက်သောကြောင့် အေးဆွေကို ရပ်စောင့်သည်။

အေးဆွေနားလည်ပါသည်။ ခွေးရှိသည့် ညာဘက်ဘေးမှနေ၍

ခင်ဖုန်းကို ကာကွယ်၍လျှောက်ခဲ့သည်။

ခင်ဖုန်းက ဟောင်နေသောခွေးကို အေးဆွေနှင့် ကွယ်၍ ဘယ်

ဘက်မှလိုက်ပါခဲ့သည်။

လမ်းဘေးအိမ်များမှရှိနေသူများ ကြည့်ကြ၊ ငေးကြ သဘော

ကျနေကြသည်။

"လှလိုက်တာဟယ် ... အင်ကြင်းပန်းတွေများ ... တို့

ခူးလာရင် ဒီလောက်မလှပါဘူး ... လှတဲ့လူခူးလာတော့ ပန်းတွေက

ပိုလှသွားတယ် ..."

"ဟုတ်ပါ့ဟယ် ..."

သက်ကယ်ပစ်နေသော မညွန့်ရီက အားပါးတရချီးမွမ်းနေ၍

ဘေးမှ မိန်းကလေးတစ်ယောက်က သဘောတူထောက်ခံသည်။

"အေးဆွေတို့များ မိန်းမရက်ကောင်းလိုက်တာ ..."

တစ်ယောက်က အေးဆွေကို အားကျနေသည်။

"ဟဲ့ ... ယောကျ်ားမဟုတ်ဘူးတဲ့ ..."

တစ်ယောက်က လှမ်းဟန့်သည်။

"မဟုတ်နေပါ့မလား ... နီးရာလိုက်ပြေးလာပြီး ... တစ်အိမ်ထဲနေကြတာ အခုလည်းနှစ်ယောက်အတူတွဲပြီး လျှောက်... နေကြတာမတွေ့ဘူးလား ..."

သက်ကယ်ပစ်နေကြသော မိန်းကလေးများထံမှ ထွက်... သောစကားကြောင့် အေးဆွေခြေလှမ်းများ တုန့်သွားသည်။ အေး... ယှဉ်လျှောက်လျှောက်နေရသည်ကို စိတ်ထဲမှာ မလုံမလဲဖြစ်လာသည်။

ခင်ဖုန်းကတော့ ဘာမှမကြားသလို ဟန်မပျက်ဆက်လျှော... နေသည်။

လျှောက်ရုံကလည်း ကြောကြောကြွကြွလှလှလေး လွမ်းစေ... တွင် ငိုနဲ့သည်မှာ သူဟုတ်သလို။

အေးဆွေ အုံ့ပြုံနေသည်။

"ငါတောင် ကြားသေးတယ် ... သူလည်းကြားမှာပဲ ... သူကြည့်ရတာ ဘာမှမဖြစ်သလိုပဲ ... ဒီလိုအပြောခံရတာ ... ? စိတ်မဆိုးဘူးလား ... ဘာဖြစ်လို့မရှက်တာလဲ ..."

ခင်ဖုန်း၏ သဘောထားကို အေးဆွေ နားမလည်နိုင်ပါ။

အိမ်ဆီသို့ နီးလာပြီ။

"အမေရယ် ဟိုမှာလှမ်းကြည့်လိုက်စမ်းပါ ... လှလေး... မိန်းကလေးအတူလျှောက်လာကြတာ ကြည့်လို့ကောင်းလိုက်တာ တကယ့်... လင်မယားကျနေတာပဲ ..."

"အေးဟယ် ... တကယ်ဖြစ်လိုက်ရင်ကောင်းမှာ ..."

"ခြော် ... ခက်လိုက်တာနော် ..."

ခင်ဖုန်းကို အားနာ၍ အေးဆွေစိတ်ထဲမှာ ညည်းလိုက်မိပြီ... ဖြစ်သည်။



အစ်မနှင့် အမေတို့တတွေပြောကြသည်က အေးဆွေနှင့်ခင်ဖုန်း အားလုံးကြားနေရသည်။

ခင်ဖုန်း၏မျှော်နေသော ခေါင်းလေးပင် ငုံ့သွား၍ အေးဆွေ စိတ်မကောင်းဖြစ်ရသည်။

သို့သော် အိမ်ပေါ်ရောက်၍ နှစ်ယောက်အတူ စာကျက်ကြတော့ အားလုံးမေ့မေ့ပျောက်ပျောက်ဖြစ်သွားပါသည်။

ညနေစာ ထမင်းအတူစားတော့လည်း တစ်ယောက်ပန်းကန်ထဲ တစ်ယောက်ဟင်းများထည့်ပေးနေကြ၍ အမေနှင့် အမကတော့ ဘေးမှာပြုံးလျက်

"အမရေ ... မနက်ဖြန်ကာကျတော့လည်း နွားနို့ခဲရအောင်မှာထားဦးနော် ..."

ခင်ဖုန်း နွားနို့ခဲဖျက် ကြိုက်သည်ကို အေးဆွေသဘောကျနေသည်။

"အေးအေး မှာထားမယ် ..."

မြရင်တို့သားအမိမှာလည်း ချက်ကျွေးရသည်ကို ပျော်နေကြသည်။

"ညကျရင် မသိုက်တို့အိမ်တို့ဟူးလုပ်သေးလား အစ်မ .."

"အေး လုပ်တာပေါ့ ..."

"လုပ်ရင် စာကျက်ရင်း စားရအောင် တစ်ပန်းကန်သုပ်ပေးနော် အစ်မ"

"အေး အေး သုပ်ပေးမယ် လှလေး ..."

"နင် လိမ္မာတယ် ငါသိပ်ကြိုက်တာပဲ"

ခင်ဖုန်းက အေးဆွေကြားလောက်ရုံ ခပ်တိုးတိုးပြောသည်။

"ဟင် ဘာကိုကြိုက်တာလဲ ..."

အေးဆွေက နားမလည်၍ မိုးမိုးသားသားမေးခြင်းဖြစ်သည်။

"တို့ဟူးသုပ်ကို ပြောတာ ... နင်ကလဲ ..."

ခင်ဖုန်း၏ ပါးလေး ပန်းနုရောင် သမ်းသွားပါသည်။

တစ်မနက်လုံး စာအတွေတွေကျက်နေရာမှ ဆယ်နာရီလော တွင် အေးဆွေအိမ်အောက်သို့ ဆင်းသွားသည်။ ဆယ်တစ်နာရီလော ပြန်တက်မလာ၍ ခင်ဖုန်းအိမ်အောက်သို့ ဆင်းလိုက်သွားသည်။

ခြံဝင်းထောင့်မှာ သက်ကယ်များချည်တုပ်နေသည်ကို မြင်ရသည်။

"အေးဆွေ နင်ဘာလုပ်နေတာလဲ ..."

"နင်ရေချိုးဖို့ ရေချိုးခန်းလေးလုပ်နေတာ ..."

"ဪ ... အေးဆွေရယ် ..."

ခင်ဖုန်းရင်ထဲမှာတင် ပြည့်တမ်းလိုက်မိခြင်းဖြစ်ပါသည်။

"ပြီးခါနီးပြီဟ ..."

အေးဆွေက သက်ကယ်ပစ်ကို ဝါးတန်းမှာကပ်၍ နီးဖြင့် ... ၍ ချည်လိုက်သည်။

"နင် စာလည်းမကျက်ရဘူး ..."

"နင်ရေချိုးတဲ့အချိန် ငါစာကျက်မှာပေါ့ ထမင်းမစားခင် ... ရေချိုးလိုက်နော် အထဲမှာ ငါရေထမ်းထည့်ထားပြီ"

"နင်ကရော ဘယ်မှာချိုးတာလဲ ..."

"ငါက ချောင်းကျရင် ချောင်းသွားချိုးမှာပေါ့ ..."

"ငါလည်း ချောင်းမှာချိုးရင် ရတာပဲဟာ ..."

"ဟာ ... မဟုတ်တာ၊ မချိုးရပါဘူး၊ သူများတွေမြင် ... ပေါ့ ..."

"ဒါကြောင့်ဖို့ နင့်ကိုရွာထဲက မိန်းမတွေက တို့တယ် ...



ပြောတာ ..."

ခင်ဖုန်းအမှတ်တမဲ့ပြောလိုက်မိပြီးမှ ကိုယ့်စကား၏ အဓိပ္ပာယ်ကို ပြန်တွေးမိ၍ မျက်နှာလေးပန်းနုရောင် ဖြစ်သွားပြန်သည်။

ခင်ဖုန်းအိမ်ပေါ်တက်ပြီး တဘက်နှင့်ရေလဲ လုချည်ယူပြီး အေးဆွေ၏ရေချိုးခန်းလေးထဲသို့ ဝင်လိုက်သည်။

ရေချိုးခန်းထဲမှ ကျောက်ခွက်ကြီးထဲတွင် အေးဆွေထမ်းထည့်ထားသောရေက အပြည့်။

"ဪ .... အေးဆွေရယ် ..."

ကျောက်ခွက်ကြီးထဲမှရေကို ခင်ဖုန်းဖလားဖြင့် ခပ်ချိုးလိုက်သည်။ တစ်ကိုယ်လုံး အေးသွားသည်။

အေးဆွေကျေးဇူးကြောင့် ရေချိုးခန်းလေးနှင့် လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ်ချိုးခွင့်ရသည်။

အိမ်ပေါ်မှာလည်း သီးသန့်အခန်းလေးနှင့် လွတ်လွတ်လပ်လပ် နေခွင့်ရအောင် လုပ်ပေးထားသည်။

တောရွာတောအိမ်ဖြစ်၍ မပြည့်စုံသော်လည်း တတ်နိုင်သမျှ အဆင်ပြေအောင်လုပ်ပေးသော အေးဆွေကို ကျေးဇူးတင်မိသည်။

ခုချိုးနေသော ရေသည်ပင် စမ်းချောင်းလေးမှ သူကိုယ်တိုင် ထမ်းပေးထားသော စမ်းရေဖြစ်သည်။

ချိုးနေသောရေက ပို၍ အေးမြသွားသလို ခံစားရ၏။

"ဟင် ... ကြာရင် သူ့စေတနာ၊ သူ့ကျေးဇူးတွေ ပိုများလာတာနဲ့"

ခင်ဖုန်းအတွေးကို ရပ်ပစ်လိုက်သည်။

"ဒါပေမဲ့ အေးဆွေပြောတာဆိုတာ ဆက်ဆံတာ အားလုံးကတော့ အုံ့ဩလောက်အောင် ရိုးသားဖြူစင်ပါတယ် ..."

အေးဆွေအပေါ်မှာ သံသယကင်းသော အတွေးဝင်… ပြန်သည်။

"ဟင်း … သူက အဲဒီလို ရိုးသားဖြူစင်လေ …"

အတွေးစကို ရပ်လိုက်ရပြန်သည်။

သူက ရိုးသော်လည်း ပတ်ဝန်းကျင်က တစ်ချိန်လုံးဆဲ… ကြသည်။ မနေ့က တောင်ခြေတောရကျောင်းသို့ အသွား… အကြိမ်ပါ တစ်လမ်းလုံးပြောကြဆိုကြသော စကားသံများကို ကြ… နေရသည်။

အိမ်ပြန်ရောက်တော့လည်း အေးဆွေ၏ အမေနှင့်အ… ပြောနေကြပြန်သည်။

မကြားသလို မသိသလို နေရသော်လည်း အားလုံးကြား… သည်။ သိနေရသည်။

"ဒီ ဒီအတိုင်း ကြာကြာဆက်နေလို့ ဖြစ်ပါ့မလား …"

သံသယအတွေးများ ဖြစ်လာရသည်။

"မလွဲသာလို့ ဆက်နေရင်လည်း ပိုပြီးဆင်ခြင်ရမယ်။ ပို… တရင်းတနှီးမနေမိအောင် သတိထားရမယ် …"

ခြေညှင်းစွာရလိုက်မိသော သက်ပြင်းမောလေးတစ်ချက်

"အေးဆွေကိုတော့ အားနာပါတယ်။ ဒါပေမဲ့ …"

မျက်နှာပေါ်မှ နေ၍ ရေတစ်ခွက်လောင်းချလိုက်သည်။

ရော စောစောကလောက် မအေးတော့သလို ခံစားရသည်

* * *

မနက်စာထမင်းစားတော့ ခင်မုန်းစကားသံတိတ်နေ၏။ ဒေါ်… ကိုလည်း ငုံ့လျက် ထမင်းကိုသာစားနေသည်။

အေးဆွေကတော့ ထုံးစံအတိုင်း ဟင်းများကို ဇွန်းဖြင့် ခပ်…





၍ ထည့်ပေးနေသည်။

"ရော့ နင်ကြိုက်တဲ့ နွားနို့ခဲချက်"

"ဒါက ကောက်ရိုးမှိုဥလေးတွေ ဆီပြန်ချက်ထားတာဟ။ အစ်ကိုကြီးတောကရလို့ လာပို့သွားတာ …"

ခင်မုန်းသဘောကျသော်လည်း ဘာမှပြန်မပြောမိ။

"သူစကားသိပ်မပြောချင်လို့ ထင်ပါရဲ့ …"

အလိုက်သိသော အေးဆွေက နောက်ထပ်ဘာမှမပြောသော အခါ ထမင်းဝိုင်းလေးမှာ တိတ်ဆိတ်ငြိမ်သက်စွာပြီး သွားခဲ့ရသည်။

မနက်စာစားပြီးတော့လည်း ခင်မုန်းသူ့အခန်းထဲသို့ ဝင်သွားပြီး တံခါးပိတ်ထားသည်။ စာကျက်ရန်အတွက် အေးဆွေရှိသော ခေါင်းရင်းဘက်သို့ ပြန်ထွက်မလာတော့ပါ။

အေးဆွေစာကျက်ရင်း ခင်မုန်း၏အခန်းတံခါးဆီသို့ မကြာခဏ လှမ်းကြည့်မိသည်။ ခင်မုန်းများထွက်လာလေမလား မျှော်လင့်ချက်ဖြင့်

သို့သော် တံခါးက နိုင်မာစွာ ပိတ်လျက်-

"မနက်က စာအတူတူကျက်ကြတာ အကောင်းပဲ၊ ဘာမှလဲ မဖြစ်ပါဘူး။ ရေချိုးခန်းလုပ်တာတောင် သူဆင်းကြည့်ပြီး စကားတွေ ပြောနေသေးတာပဲ၊ ငါဘာများမှားသွားတာရှိလဲ၊ ဒါမှမဟုတ်လည်း သူ မိဘတွေလွမ်းလို့လား …"

အေးဆွေစိတ်မကောင်းစွာ အမျိုးမျိုးတွေးနေရသည်။

အရေးထဲမှ ရူပဗေဒဘာသာကို ကျက်ရင်းတွက်ရင်းနှင့် နားမလည်သည်များ တွေ့လာရသည်။

ခင်မုန်းဆိုလျှင် သိမှာသေချာသည်။

မေးချင်စိတ်ဖြင့် ပိတ်ထားသော တံခါးဆီသို့ လှမ်းကြည့်လိုက် သည်။

အခန်းထဲမှ ဘာသံမျှမကြားရ။

''အိပ်များနေသလား ...''

''လှမ်းမေးကြည့်ရင် ကောင်းမလား ...''

အေးဆွေ စမ်းကြည့်ချင်စိတ်ဖြစ်မိသည်။

''ခင်ဖုန်း ... ခင်ဖုန်း ...''

အခန်းထဲမှ ပြန်ထူးသံထွက်မလာ။

''ရှုမဝေအက ဒီပုံစွာ ငါမတွက်တတ်လို့ ရှင်းပြပေးစမ်းပါ

အေးဆွေက ထပ်ပြောကြည့်သည်။

''ငါ ခေါင်းမူးလို့အိပ်နေတာ နောက်မှ ရှင်းပြမယ် ...''

''ဟင် ... နင်ခေါင်းမူးနေလို့ ဟုတ်လား မနက်ရေချိုး

အအေးမိသွားလို့လား။ ငါဘာလုပ်ပေးရမလဲဟင် ...''

စိုးရိမ်စိတ်ကြောင့် အေးဆွေ ပြာပြာသလဲဖြစ်သွားမိသည်

''မလိုပါဘူးဟာ ငါ့ဘာသာအိပ်လိုက်ရင်ကောင်းသွားမှာပါ

ခင်ဖုန်းပြောသည်က စိတ်မရှည်သံနှင့်ဖြစ်၍ အေးဆွေ

တွန့်ပြီး ဘာမျှဆက်မပြောဘဲ နေလိုက်သည်။

မတွက်တတ်သည့် အပုဒ်ကို ချန်ထားခဲ့ပြီး ကျန်သည်တို့

ဆက်ကြည့်သွားသည်။

ခဏအကြာတွင် ကားသံကြားရသည်။ ရွာဆီသို့ လာနေသေ

ကားသံဖြစ်သည်။

''ဘယ်ကကားပါလိမ့် ...''

သို့သော် မကြာခင ဤသို့ လာတတ်သောကားများ

အေးဆွေကိုယ့်စာကို ဆက်ကြည့်နေလိုက်သည်။

ကားသံက ရွာထဲရောက်လာပြီ၊ တစ်စီးတည်းမဟုတ်၍ အသံ

က ပိုကျယ်နေသည်။



ကားစက်သံများ ရပ်သွားသည်။

ကလေးများ ခေါ်ကြ၊ အော်ကြ၊ ပြေးကြသောအသံများကို

ကြားရသည်။

ကားများကို သွားကြည့်ကြခြင်းဖြစ်ကြောင်း အေးဆွေသိလိုက်

ပါသည်။ ကိုယ့်စာကိုယ်ဆက်ကျက်နေလိုက်သည်။

သိပ်မကြာလိုက်ပါ။ ကားသံများကို ပြန်ကြားရသည်။ ကားသံ

များက ပို၍ပို၍ ကျယ်လာ၏။ ကိုယ့်အိမ်ဘက်ဆီသို့ နီးလာနေကြသည်။

''ဒီအိမ်လား ...''

''ဟုတ်တယ်၊ ဟုတ်တယ်''

အိမ်သို့လာသော ကားဖြစ်သည်။

''ဟင် ... ဘယ်ကပါလိမ့် ...''

အေးဆွေမတ်တတ်ရပ်၍ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။

''ဟင် ...''

အေးဆွေရင်ထဲထိတ်ခနဲ ဖြစ်သွား၏။ ဖင်ကားတစ်စီးနှင့်အတူ

ရဲဂျစ်ကားတစ်စင်းကို လှမ်းမြင်ရ၍ ဖြစ်သည်။

ကားများက အေးဆွေတို့အိမ်ခြံဝင်းထဲအထိ မဝင်၊ အေးဆွေ

တို့ခြံဘေးမှ လမ်းပေါ်မှာပင် ရပ်ထားကြသည်။

ဖင်ကားအဖြူလေးထဲမှ အသားဖြူဖြူလူကြီးတစ်ယောက်နှင့်

ဖြူဖြူဝဝ အဒေါ်ကြီးတစ်ယောက်ဆင်းလာကြသည်။

''ဟင် ... ခင်ဖုန်းအမေ ...''

အေးဆွေသိပါသည်။

''သမီးရေ ... ခင်ဖုန်း ... သမီးလေး ...''

အိမ်ဆီသို့ လှမ်းကြည့်အော်ခေါ်နေ၍ အေးဆွေတံခါးပေါက်

မှမမြင်ရအောင် နောက်ဆုတ်ရပ်လိုက်သည်။

ခင်ဖုန်းရှိသောအခန်းဘက်မှ တံခါးဖွင့်သံကြားရသည်။ ခင်…
အခန်းထဲမှ ထွက်လာသည်။ သူ့အမေခေါ် သံကြားမည်ထင်ပါသည်…

"ခင်ဖုန်း ... သမီးလေး ..."

အဒေါ်ကြီး၏ခေါ်သံမှာ ငိုသံပါနေသည်။

ခင်ဖုန်းပြတင်းပေါက်ဆီသို့ ပြေးသွားပြီး အသံကြားရာသို့
လှမ်းကြည့်သည်။

"မေမေ ... မေမေ ..."

ခင်ဖုန်း ပြတင်းပေါက်မှ လှမ်းခေါ်ပြီး အိမ်ရှေ့ကား…
ပြေး၍ဆင်းသွားသည်။

အေးဆွေဘာလုပ်ရမှန်းမသိ အိမ်ပေါ်မှာ ရပ်ကျန်ရစ်သည်…

"သမီးလေး ... သမီးလေးရယ် ..."

"မေမေ ..."

ခင်ဖုန်းနှင့် သူ့အမေတို့၏ ငိုသံများကို ကြားရပါသည်။

"အေးဆွေဆိုတာရော ဘယ်မှာလဲ ..."

ကိုယ့်နာမည်ကို မေးနေသံကြားရသည်။

"ဒေါ်ငြိမ်း ခင်ဗျားသားရော ..."

ဤအသံကို အေးဆွေသိပါသည်။ ရွာလူကြီးဦးလှဆောင်၏
အသံ။

"ရှိပါတယ်၊ ကလေးမနဲ့အတူ အိမ်ပေါ်မှာနေကြတာ…
လူလေးရေ ..."

အမေ့ရှင်းပြသံနှင့် လှမ်းခေါ်သံကို အေးဆွေကြား၍ အိမ်ပေါ်…
ဆင်းလာခဲ့သည်။ အိမ်အောက်မှာ ဒုရဲအုပ်တစ်ယောက် ရဲသား…
လေးယောက်နှင့် ရွာလူကြီးဦးလှဆောင်နှင့် ဦးဆောင်းတို့အပြ…
အေးဆွေ၏ ယောက်ဖတင်မြင့်ပါ ဘယ်ကရောက်လာသည်မသိ အိ…



အောက်မှာရှိ နေသည်။

အမေနှင့် အစ်မကတော့ ခင်ဖုန်းတို့သားအမိတစ်ယောက်နှင့်
တစ်ယောက်ဖက်ငိုနေကြသည်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေ
ကြသည်။

"မောင်အေးဆွေ ရဲကားနဲ့ ရဲစခန်းလိုက်သွားရမယ် ..."

ဦးလှဆောင်က အေးဆွေကို လှမ်းပြောလိုက်သည်။

"ဟ ဘာကိစ္စလိုက်ရမှာလဲဗျ ဟိုမှာ သူတို့သမီး သူတို့ဘာ
သာအေးအေးဆေးဆေးခေါ်သွားကြပြီပဲ၊ ဘာလိုသေးလို့လဲ"

တင်မြင့်က ဦးလှဆောင်ပြောပုံကို မကျေနပ်။

"တစ်ဖက်က ကျွန်တော်တို့ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတာ
ရှိသေးတယ်။ အဲဒီတိုင်ထားတာကိုတော့ လိုက်ရှင်းရဦးမှာပေါ့ ..."

ဒုရဲအုပ်ဖြတ်ပြောလိုက်သည်။

"ဒီမှာတင် အခုရှင်းပြလို့ မရဘူးလားဗျာ၊ ဦးလှဆောင်ပြော
ပါဦး။ ခင်ဗျားအားလုံးသိတာပဲ၊ ခင်ဗျားတို့တောင် နောင်ရှုပ်မှာစိုးလို့
လက်ထပ်ထားလိုက်ဖို့ လူလေးကို ပြောသေးတာပဲ၊ လူလေးက လက်မခံ
ခဲ့တာ ခင်ဗျားတို့အသိပဲ၊ သူနဲ့မိန်းကလေးဘာမှဖြစ်တာမဟုတ်ဘူး။
ကျောင်းသားတွေနဲ့ ဆရာတွေပိုင်းလိုက်တာ ကြောက်လို့ထွက်ပြေးလာ
ရတာ သူ့အနေနဲ့ မိန်းကလေးကို နှမရင်းသားသားကူညီတာ လူလေးပြော
ပြီးသားပဲ၊ ခင်ဗျားတို့ ရှင်းပြပေးပါဦး ..."

တင်မြင့်က ဦးလှဆောင်ကို အကူအညီတောင်းသည်။

"ဟုတ်ပါတယ်၊ ဒီကလေးက ကျွန်တော်တို့လက်ထပ်ထားဖို့
အကြံပေးတာတောင် လက်မခံပါဘူး။ ဒုက္ခဖြစ်နေတဲ့ သူငယ်ချင်းကို
နှမရင်းသားသားကူညီတာပါ ..."

ဦးလှဆောင်က ရှင်းပြသည်။

"အဲဒီအကြောင်းကို ရဲစခန်းလိုက်ရှင်းပြလိုက်ရင်ပြီးတာပဲ

"ဒီမှာ အခု ရှင်းပြတာနဲ့ မပြီးဘူးလားဗျာ ..."

တင်မြင့်က ရဲစခန်းသို့ မလိုက်ချင်။

"အဲဒီလိုတော့မရဘူးဗျ။ ကျွန်တော့်ကို တာဝန်ပေးလိုက်တာ

မခေါ်ခဲ့ရို ဖြစ်နေလို့ပါ။ ဟိုကျမှ ရဲစခန်းမှူးနဲ့ရှင်းပြရမှာ ..."

"ဒါဆိုရင် လူလေးတစ်ယောက်ထဲတော့ ဘယ်ပြောတတ်မ

ဦးလှဆောင် ခင်ဗျားပါ လိုက်ခဲ့ဗျာ ခင်ဗျားက ရွာလူကြီးဆိုတော့ တာ

ရှိပါတယ်။ ကျွန်တော်လည်း လိုက်မယ် .."

တင်မြင့်က ဦးလှအောင်ကို လှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ကားက နောက်ထပ်သုံးယောက်တော့ မရ

ဗျ။ အခုပဲ မောင်းတဲ့လူနဲ့ဆိုရင် ခြောက်ယောက်ရှိနေပြီ"

ရဲတပ်ကြပ်ကြီးက ပြောခြင်းဖြစ်သည်။

"ဒါဆိုရင်လည်း ကျွန်တော်ကတော့ မလိုက်လို့မဖြစ်

တစ်ယောက်တော့ ဖြစ်အောင်လိုက်ရမှာပဲ ..."

"တစ်ယောက်တော့ ရနိုင်ပါတယ် ..."

ဒုရဲအုပ်က ရဲတပ်ကြပ်ကြီးကို ခေါင်းညိတ်ပြလိုက်သည်။

ဦးလှဆောင်မှာ မလိုက်ချင်သည်နှင့် အတော်ဖြစ်သွားသည်

"ကဲ ... လာ .. ဒါဆိုရင် ကားပေါ်တက် ..."

ဒုရဲအုပ်က အေးဆွေနှင့် တင်မြင့်ကို ကားပေါ်တက်ခိုင်းသည်

သို့သော် ဦးလှဆောင်က တင်မြင့်နားကပ်၍ 'လိုလိုမယ်မယ် ပိုက်

လေးယူသွားဦး ...'ဟု သတိပေးသည်။

"ဪ .. ဟုတ်သားပဲ မြရင် ငါ့ကို ငွေနှစ်သောင်းလော

ပေးလိုက်စမ်း ..."

မြရင်က အိမ်ထဲသို့ ပြေးပြေးလွှားလွှားဝင်သွားပြီး စပါးရော



ထားသောရွှေထဲမှ နှစ်သောင်းယူပေးလိုက်သည်။

"လူလေးတို့ ဘယ်အချိန်ပြန်ရောက်မှာလဲ ..."

ဒေါ်ငြိမ်းက စိတ်ပူနေသည်။

"အမေဘာမှစိတ်မပူနဲ့ ရှင်းပြီးတာနဲ့ ကျွန်တော်တို့ ညနေပြန်

လာမှာ ..."

တင်မြင့်က ဒေါ်ငြိမ်းစိတ်အေးအောင် ကတိပေးလိုက်သည်။

"အေး .. အေး .. အမေကတော့ မင်းတို့ပြန်လာမှ စိတ်

အေးရမှာ ..."

ခင်ဖုန်းက ရှေ့မှကားပေါ်သို့ မတက်သေးဘဲ ကားဘေးမှာ

ရပ်လျက်အေးဆွေကို လှမ်းကြည့်နေသည်။

"အားလုံးပြီးပြီ သွားလို့ရပြီ ..."

အေးဆွေက ခင်ဖုန်းကို လှမ်းပြောလိုက်သည်။

ခင်ဖုန်းခေါင်းညိတ်ပြပြီး သူမိဘနှစ်ဦးနှင့်အတူ ဗင်ကား အဖြူ

လေးပေါ်သို့ တက်လိုက်သည်။

အေးဆွေနှင့်တင်မြင့်တို့လည်း ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရဲကား

ပေါ်သို့တက်လိုက်ကြသည်။

ဒေါ်ငြိမ်းနှင့်မြရင်က ကားနှစ်စီးဆီသို့ လှမ်းကြည့်နေကြသည်။

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ခင်ဖုန်းဝတ်ထားသည်က သူပါလာသော

လုံချည်နှင့် အကျီဖြစ်နေသည်ကို မြရင်သတိထားမိသည်။

ဟိုအိမ် သည်အိမ်မှ စူးစမ်းသော မျက်လုံးများကလည်း

ကားနှစ်စီးဆီသို့ လှမ်းကြည့်နေကြသည်။

ခင်ဖုန်းတို့မိသားစုပါသော ဗင်ကားအဖြူလေးနှင့် အေးဆွေ

နှင့်တင်မြင့်တို့လိုက်ပါလာသွားသော ရဲကားသည် တောမရွာလေးမှ

ဖြည်းဖြည်းမှန်မှန်မောင်းနှင်ထွက်ခွာသွားလေသည်။

ကျောက်ဆည်မြို့ထဲသို့ရောက်သောအခါ ခင်ဖုန်းတို့

ရဲစခန်းသို့ လိုက်မလာဘဲ သူတို့အိမ်သို့ ဆက်မောင်းသွားသည်။

အေးဆွေနှင့်တင်မြင့်သာ ရဲကားနှင့်အတူ ရဲစခန်းသို့

ကြသည်။

"ဖမ်းလာခဲ့ပြီလားဟေ့ ..."

"ဟင်"

ရဲစခန်းမှူး၏ လှမ်းမေးလိုက်သောမေးခွန်းကြောင့် အေး

ရော တင်မြင့်ပါ ထိတ်လန့်သွားမိသည်။

"ခေါ်လာခဲ့ပြီ ဆရာ ..."

ဒုရဲအုပ်မြေပုံက ဖမ်းလာခဲ့သည်ဟူသော သဘောမဟုတ်

ရဲစခန်းထဲသို့ရောက်သောအခါ ဒုရဲအုပ်က ဖြစ်ပုံအနှ

ပြန်ရှင်းပြသည်။

အေးဆွေနှင့်တင်မြင့်တို့ ဒုရဲအုပ်ကို ကျေးဇူးတင်

နားထောင်နေကြသည်။

"ဒါပေမဲ့ တစ်ဖက်က တိုင်ချက်ဖွင့်ထားတယ်လေ၊ အသ

မပြည့်သေးဘူးဆိုပြီး တိုင်းထားတော့ ပိုခက်တာပေါ့ ..."

ရဲစခန်းမှူးက အေးဆွေကို စိတ်မကောင်းစွာ လှမ်းကြ

လိုက်သည်။

"ရွာမှာတုန်းက ရသလောက်မေးတော့ ဆယ့်ခြောက်နှစ်ပြည့်

ပြီးခဲ့တဲ့နှစ်လောက် မွေးနေ့တောင်လုပ်ပြီးပြီလို့ ခင်ဖုန်းကပြောပါတယ်

အေးဆွေက သူသိသည်ကို ရှင်းပြသည်။

"အဲဒါက တရားရုံးကျမှ ရှင်းလို့ရမှာ ..."

"ရတယ်လေ လိုအပ်ရင် တရားရုံးကျတော့ မိန်းကလေ

ကိုယ်တိုင်ပြောပြနိုင်းလို့ရပါတယ် ..."





တင်မြင့်က မိန်းကလေးကို ယုံကြည်စိတ်ချစွာ အာမခံနေ၍

ရဲစခန်းမှူးက ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် ကျွန်တော်တို့ ညီအစ်ကိုပြန်လို့ရပြီလား။ တောမ

အထိ ပြန်ရမှာ မိုးချုပ်မှာစိုးလို့"

ရဲစခန်းမှူးက အေးဆွေကို ကြည့်ပြီးအကဲခတ်နေသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ ..."

"ဆယ့်ရှစ်နှစ်ရှိပြီ ..."

ရဲစခန်းမှူးက ခေါင်းကို မသိမသာခါရမ်းမိသွားသည်။

"မင်းမှာ မှတ်ပုံတင်ပါလား ..."

"မပါဘူး ..."

"ဆယ့်ရှစ်နှစ်ပြည့်ပြီလား ..."

"အခုပြီးခဲ့တဲ့ တပို့တွဲလကပဲပြည့်ပါတယ် ..."

အေးဆွေက အတိအကျဖြေသည်။

"အင်း ပြဿနာပဲ၊ မင်းက ဆယ့်ရှစ်နှစ်မပြည့်သေးရင်လည်း

အကောင်းသား၊ အသက်က ဆယ့်ရှစ်နှစ်ပြည့်နေတော့ ပြန်လွှတ်ပေး

လို့မရဘူး ..."

"ဗျာ ... ဘာဖြစ်လို့လဲ .."

တင်မြင့်က နားမလည်နိုင်ဖြစ်နေသည်။

"ကျွန်တော်အားနာပါတယ် ... တစ်ဖက်က တိုင်ထားချက်

အရ အသက်မပြည့်သေးတဲ့ မိန်းကလေးကို နိုးယူပေါင်းသင်းမှုဖြစ်နေ

တော့ မောင်အေးဆွေကို ထားခဲ့ရမယ်၊ ညီလေးကတော့ ပြန်နိုင်ပါတယ်"

"ဗျာ ... အဲဒါဆိုရင် ဘယ်တရားပါမလဲ၊ သူက ဘာအပြစ်မှ

ရှိတာမဟုတ်ဘဲ၊ စေတနာနဲ့လည်း ကူညီရသေးတယ်။ ခင်ဗျားတို့

မိန်းကလေးကို ခေါ်မေးဖို့ကောင်းတာပေါ့ ..."

တင်မြင့်က မကျေမနပ်ဖြစ်နေပြီ။

"အဲဒီလို ကျွန်တော်တို့ခေါ်မေးပိုင်ခွင့်မရှိပါဘူး။ ကျွန်တော် မှာ စစ်ဆေးပိုင်ခွင့်လည်း မရှိပါဘူး။ ကျွန်တော်တို့တာဝန်က တို ဖွင့်လာတဲ့အမှုတစ်ခုကို ပြည့်စုံအောင် တည်ဆောက်ပြီး တရားရုံး ပေးရတာပါ။ တရားရုံးကမှ ခေါ်ပိုင်ခွင့် စစ်ဆေးပိုင်ခွင့်ရှိတာပါ.."

"ဟာ ... ပြဿနာပဲ ဒါဆိုရင် ခင်ဗျားတို့က သူ့ကို ဖမ် အချုပ်ခန်းထဲထည့်ထားမှာလား ..."

"သူက ဆယ့်ရှစ်နှစ်မပြည့်သေးရင်တော့ ချုပ်လို့မရပဲ ပြန်လွှတ်မလို့ပါ။ ခုဟာကတော့ ဆယ့်ရှစ်နှစ်ပြည့်ပြီးသား ဖြစ်နေတ ချုပ်ရမှာပါ ..."

"ဗျာ ..."

အေးဆွေစိတ်ပျက်သွားသည်။

"အဲဒီလိုတော့ ဘယ်အချုပ်ခံနိုင်မလဲဗျာ၊ ဘာအပြစ်မှ မလုပ်ရဘဲနဲ့ အာမခံနဲ့ပြန်လွှတ်ပေးလို့ရောမရဘူးလား ..."

စခန်းမှူး ခေါင်းရမ်းလိုက်သည်။

"ဒီအမှုက အရွယ်မရောက်သေးတဲ့ မိန်းကလေး နိုးယူခေါ် သင်းမှု ပြီးတော့ အလိုမတူဘဲ အတင်းအဓမ္မပေါင်းသင်းမှုနဲ့ တိုင်ထားတေ ကျွန်တော်တို့ရဲ့စခန်းက အာမခံပေးလို့မရပါဘူး။ တရားရုံးကိုပဲ လျှော ရမယ်၊ တရားရုံးက စစ်ဆေးပြီးမှ အရွယ်မရောက်ဘူးဆိုတာ မှားတယ် အရွယ်ရောက်သူဖြစ်တယ်ဆိုရင်၊ အင်းဒါတောင် မှိမ်းမှုလည်း မပြေ ဘူးဆိုတာ သေချာမှ တရားသူကြီးက အာမခံပေးမှာ ..."

"ဟာ ဒါဆိုရင်တော့ ကျွန်တော့်ညီလေးနေရင်းထိုင်ရ ပြဿနာတက်တာပဲဗျာ။ ဘယ်သောက်ကြာအောင် ချုပ်ထားမှာလဲ"

ကျွန်တော်တို့ကတော့ မြန်မြန်တင်ပေးမှာပါ တရားရုံးအပေါ်



လည်းတည့်ပါတယ်။ ခုလောလောဆယ်တော့ ရဲစခန်းမှာပဲ ချုပ်ထားရမှာ ဖြစ်ပါတယ် ..."

"ပြဿနာပဲဗျာ စာမေးပွဲကလည်း နီးနေပြီ၊ ဆရာမကြီးနဲ့ တော့ သွားပြောရမှာပဲ ..."

တင်မြင့် မကျေနပ်

"ဟုတ်ကဲ့ ပြောပါ၊ လောလောဆယ်တော့ ဒီညီလေးမှာ အဝတ် အထည်ကိုယ်တစ်ခုဖြစ်နေတော့ ခင်ဗျားမပြန်ခင်လိုတာလေးတွေတော့ လုပ်ပေးခဲ့ပါဦး"

"စိတ်ညစ်တယ်ဗျာ ကျွန်တော်တို့ကလည်း မြို့ပေါ်မှာ သိပ်ရင်း နှီးတဲ့လူရှိတာမဟုတ်ဘူး၊ ဒီလိုလည်း မသိတော့ ရှင်းပြပြီး ပြန်ရုံပဲ ဆိုပြီး ဒီအတိုင်းလိုက်လာကြတာ၊ အိမ်တောင်ဘယ်လို ပြန်ပြောရမှန်း မသိဘူး"

တင်မြင့် စိတ်ပျက်စွာညည်းညူနေပြီ၊

"မြင့်ဆွေရေ သူ့ကို အချုပ်ထဲထည့်ထားလိုက်"

ရဲစခန်းမှူးက ရဲတပ်ကြပ်ကြီးကို လှမ်းပြောလိုက်သည်၊

"ဟာ အချုပ်ခန်းထဲမထည့်ဘဲ အပြင်မှာထားပါဗျာ။ ကျွန်တော့် ညီလေးက လူဆိုးမှုမဟုတ်ဘဲ၊ ဆယ်တန်းဖြေမယ့် ကျောင်းသားဗျ ပြီးတော့ သူများကို စေတနာနဲ့ကူညီတာ ဘာမှစော်ကားတာလည်း မရှိဘဲနဲ့ဗျာ ..."

"အဲဒါတော့ ကျွန်တော်တို့နဲ့ပြောလို့မရဘူးဗျ ... ခင်ဗျားက စော်ကားတာမရှိဘူးပြောပေမဲ့ သူတို့က အသက်မစေ့တဲ့ မိန်းကလေးကို အတင်းအဓမ္မနိုးယူပေါင်းသင်းတယ်ဆိုတာနဲ့ တိုင်တာဗျ၊ ပုဒ်မက သိပ် ကြောက်စရာကောင်းတယ်။ ရှေ့နေကောင်းကောင်းငှားပြီး ပြန်ရှင်းမှ ရမယ် ..."

"ရက်စက်တယ်ဗျာ၊ ဘာမှအသေအချာမသိဘဲနဲ့ ရမ်း[illegible] ထားတာ၊ သူတစ်ဖက်သားကို မညှာမတာဗျာ၊ ပြီးတော့ ခုစခန်း[illegible] လိုက်မလာဘူး၊ ဘာမှလည်း ရှင်းမပေးဘူး"

ခင်ဖုန်း၏အခေါ်ကို တင်မြင့်မကျေနပ်။

"ဒီလိုတော့ ဘယ်ရမလဲ ..."

ခင်ဖုန်းတို့အိမ်သို့ လိုက်သွားရန် တင်မြင့်ဆုံးဖြတ်လိုက်သည်။

ခုတင်ကြမ်းပြင်ပေါ်က အေးအေးကို အချုပ်ခန်းသို့ ခေါ်သွားသည်။

အေးအေးအချုပ်ခန်းထဲဝင်ရသည်ကို တင်မြင့်စိတ်မကောင်း[illegible] ကြည့်ပြီးမှ ထွက်လာရ၍ ရင်ထဲမှာ [illegible] ခံစားရသည်။

* * *

ခင်ဖုန်းတို့အိမ်ကို တင်မြင့်မသိ၊ ဈေးနားနီးနီးတိုက်ကြီး[illegible] နှင့် ရွှေဆိုင်ဟုတော့ သိထားသည်။ ရွှေဆိုင်နာမည်လည်းမသိ။

ဈေးဝန်းကျင်မှာ ခင်ဖုန်းနာမည်နှင့် တွဲလျက်ရွှေဆိုင်အမည်[illegible] ကို မေးတော့ [illegible]

[illegible]





"ခင်ဖုန်းရေ ... ခင်ဖုန်း ..."

အိမ်ထဲမှ ကြားအောင်လှမ်းခေါ်လိုက်သည်။

ဘယ်သူမျှ ထွက်မလာသေး။

"ခင်ဖုန်းရေ ... ခင်ဖုန်း ..."

အသံကို ပိုမြှင့်ပြီး ထပ်ခေါ်လိုက်သည်။

အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ထွက်လာသည်။

"ဘယ်သူလဲကွ၊ ဘာကိစ္စလဲ ..."

မေးပုံက မာကြောသည်။

တင်မြင့်သိလိုက်ပါသည်။ ပထမအကြိမ်က မုံရွာနှင့်ရွာကို ရောက်လာခဲ့သော ခင်ဖုန်း၏အစ်ကို။

"တွေ့လိုကတော့ ဓားနဲ့ခုတ်မယ် ..." ဆိုသူ

"တောမရွာက အေးအေးရဲ့အစ်ကိုပါ၊ ခင်ဖုန်းနဲ့တွေ့ချင်လို့ပါ"

"ဘာကိစ္စတွေ့ချင်တာလဲ ..."

မေးပုံလေသံကို တင်မြင့်မကျေနပ်။

"သူ့ကို စေတနာကောင်းနဲ့ကူညီတဲ့ အေးအေးရဲ့ခုခန်းမှာ အချုပ်ခံနေရတဲ့အကြောင်း လာပြောတာ ..."

တင်မြင့်လေသံကလည်း မာသည်။

"အဲဒါခင်ဖုန်းနဲ့ ဘာဆိုင်လဲ ..."

"ဟာ ... ဆိုင်တာပေါ့ဗျ၊ သူ့ကို စေတနာနဲ့ကူညီတဲ့လူ ဒုက္ခ ဖြစ်နေတာ ပြန်ပြီးကူညီသင့်တာပေါ့ ..."

"အဲဒါဆိုလည်း သူစေတနာနဲ့ကူညီတဲ့အကြောင်း ရုံးမှာ နားလည်အောင် ပြောပေါ့ ..."

"[illegible] ..."

"ဟာ ... [illegible]"

"သားရေ ဘယ်သူလဲ ဘာဖြစ်နေတာလဲ ..."

အိမ်ထဲမှ ခင်ဖုန်းအဖေထွက်လာသည်ကို တွေ့ရ၍ တင်… အားတက်သွားသည်။

"မသိပါဘူး အဖေရာ ခင်ဖုန်းကို ခုခေါ်နိုင်ရင်ပေးရမ… တဲ့ ..."

"ဟော ဘာကိစ္စလဲကွ ..."

ခင်ဖုန်း၏ ဖခင်အိမ်ရှေ့ကို ထွက်လာသည်။

"ဦး ကျွန်တော်တောမကပါ၊ အေးဆွေရဲ့အစ်ကိုပါ ..."

"အေး ဟုတ်ပြီ မင်းကို ငါမှတ်မိတယ် ..."

"အေးဆွေကို ဦးတို့က အရွယ်မရောက်သေးတဲ့ မိန်းကလေ… နိုးယူသွားတယ်လို့ တိုင်ထားတယ်ဆိုပြီး ခုခေါ်နိုင်ရင်ခေါ်ဖို့ ဒေါ်… ကျွန်တော်ပါ လိုက်လာခဲ့တာ ..."

"အေး အဲဒါသိတယ် ..."

"ဒီရောက်တော့ အေးဆွေကို အချုပ်ခန်းထဲထည့်ပြီး ချုပ်… ထားလိုက်တယ်၊ တရားရုံးကျမှ ရှင်းရမယ်တဲ့၊ အာမခံလည်း သူ… ပေးလို့မရဘူးတဲ့၊ အရွယ်မရောက်သေးတဲ့ မိန်းကလေး နိုးယူခေါ်သွားမှု ပြီးတော့ အလိုမတူဘဲ အဓမ္မပြုကျင့်မှုတွေရော အာမခံပေးလို့ မရဘူး တဲ့ ..."

"ဟုတ်လား ... သားတို့ဒါဆိုလို့တိုင်ထားလား"

"ဟုတ်မှာပေါ့ တိုင်စာကို ရှေ့နေကိုယ်တိုင်ရေးတာပဲ"

ရှေ့နေက အပြစ်ကြီးအောင် တင်ဆက်သားရကွာရောက်အောင် တိုင်ထားပြီဟု တင်မြင့်နားလည်လိုက်ပါသည်။

"အဲဒီတော့ ..."

ဦးဘရှင်ဘာလုပ်ရမည်ကို နားမလည်ပြီ။



"ကျွန်တော် ဦးကို အကူအညီတောင်းချင်တာပါ ခင်ဗျာ"

တင်မြင့်က လေသံပြောင်းပြီး ခင်ဖုန်းအဖေကို ရိုရိုသေသေ ပြောလိုက်သည်။

"ပြောပါ ..."

"တကယ်ကတော့ နိုးယူခေါ်သွားတာလည်း မဟုတ်ပါဘူး၊ ဦးကိုလည်း ခင်ဖုန်းပြောပြပြီးလို့ သိလောက်ပါပြီ ..."

ဦးဘရှင် ခေါင်းညိတ်ပြသည်။

"အရာတွေရော ကျောင်းသားတွေရော အစ်ကိုနှစ်ယောက်က လည်း တားတွေနဲ့ဆိုတော့ ကြောက်ပြီးထွက်ပြေးရတာ ကျွန်တော်ညီက စေတနာနဲ့သန့်သန့်ရှင်းရှင်း စောင့်ရှောက်ခဲ့တာ၊ ဦးသမီးအသိဆုံးပါ၊ အခုတော့ အရွယ်မရောက်တာရော အဓမ္မရော တိုင်ထားတော့ အာမခံ တောင်ပေးလို့မရဘူးပြောပါတယ်၊ အမှန်အတိုင်းဦးတို့ သိပြီဆိုတော့ တိုင်ထားတဲ့အတိုင်း မဟုတ်ကြောင်း အမှန်ကို ပြန်ပြောပြရင် အေးဆွေ လွတ်မှာမို့ ဦးလိုက်ပြောပေးဖို့ အကူအညီတောင်းတာပါ ..."

တင်မြင့်အသံက နည်းနည်းကျယ်၍ အိမ်ထဲမှ ခင်ဖုန်းကြား သည်ထင်ပါ၏၊ သူ့အမေနှင့်အတူ အိမ်ထဲမှ ထွက်လာသည်။

"ဖေဖေ ဘာဖြစ်လို့လဲဟင် ပြော ... ကိုတင်မြင့် အေးဆွေ ရော ..."

တင်မြင့်ထံမှ အားတက်သွားသည်။ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြသည်။

"ဟယ် ဒါဆိုရင် အေးဆွေ အချုပ်ခန်းထဲမှာ ခုကရောက်နေ ပြီပေါ့ လိုက်ပြောပေးလိုက်ပါ ဖေဖေ၊ သူက သိပ်ရိုးတာ၊ စိတ်ကောင်း လည်း သိပ်ရှိတာ၊ သူမှာ ဘာမှလည်းအပြစ်မရှိဘဲနဲ့၊ ဖေဖေ့ကို သမီး ပြောပြပြီးသားပဲ နေမင်းကြီး မဟုတ်ဘဲနဲ့ အိမ်လာပြောလို့ ဒီလိုဖြစ်ကုန်

ရတာ သမီးကို ကူညီလို့ သူ့အချုပ်ခံရတာ ဘယ်တရားပါ့မလဲ..."

ဦးဘရှင်ဘာလုပ်ရမှန်းမသိသေး။ သူသား ပြဲအောင်ကို ငုံ့ကြည့်လိုက်သည်။

"အဲဒါဆိုရင်တော့ ရှေ့နေဦးမြတ်ညွန့်သွားခေါ်ရမှာ..."

သားဖြစ်သူက လမ်းကြောင်းပြောင်းပေးလိုက်သည်။

"အေးဟုတ်တယ် ကိုမြညွန့်ပါ ခေါ်မှရမယ်..."

ဦးဘရှင်က မော်တော်ကားထုတ်ပြီး တင်မြင့်ကို ခေါ်၍ ရှေ့နေဦးမြတ်ညွန့်ထံ သွားပြီး အကျိုးအကြောင်းပြောပြကြသည်။

ဦးမြညွန့်က တိုင်ချက်ဖွင့်ပြီးဖြစ်၍ ဤအမှုမျိုးကို ရုံးခန်းဘာမှလုပ်ပေးမှာ မဟုတ်ကြောင်း၊ လုပ်ပေးပိုင်ခွင့်လည်း မရှိကြောင်း၊ အာမခံလည်း မရနိုင်ကြောင်း။ အမှုကို မြန်မြန်ရုံးတင်ပြီး မြန်မြန်ဆေးအောင်လုပ်မှ မြန်မြန်လွတ်မှာဖြစ်ကြောင်း ပြောပြသည်။

ရုံးခန်းကို လိုက်ပြောကြည့်ပေးပါရန် တင်မြင့်က ရှေ့နေကြီးကို တောင်းပန်သေးသည်။

ရှေ့နေကြီးခေါင်းရမ်းပြလိုက်သည်။

"အကျိုးမရှိတဲ့အလုပ်ကို ဘာလို့လုပ်မလဲ လိုက်ပြောလည်း ရမှာမှမဟုတ်ဘဲ..."

"ဒါဆိုရင် .. ကျွန်တော့်ညီက ဘာအပြစ်မှလဲ မရှိဘဲ အချုပ်ခန်းထဲမှာ နေရတာ ဘယ်တရားမလဲဗျ..."

တင်မြင့်မကျေမနပ်ဖစ်စားရသည်။

"အင်း လောလောဆယ်တော့နေရမှာပဲ..."

ရှေ့နေကြီးပြောပုံက ပေါ့ပေါ့လွယ်လွယ်လေး ဖြစ်သည်။

"ဒါကတော့ မတရားခံရတာပဲ ဆိုလိုက်တာ ခင်ဗျားတို့တိုင်တာပဲ ခင်ဗျားတို့ ပြန်ရုပ်သိမ်းရင် ရမှာပေါ့ဗျ..."



"တိုင်တုန်းကတော့ ဒီအတိုင်းအမှန်ပဲထင်လို့ တိုင်ခဲ့တာပဲလေ..."

အတွေ့အကြုံများနေပြီဖြစ်သော ရှေ့နေကြီးက တင်မြင့်ကို ခေါသထွက်ခြင်းမရှိ အေးအေးဆေးဆေးပြန်ပြောပြသည်။

"အခု မမှန်ဘူးဆိုတာ သိပြီပဲဗျာ..."

"မမှန်ကြောင်းကို ပြန်ပြောတဲ့အခါကျတော့ ရုံးခန်းမှာ ပြောလို့မရဘူး လူလေးရဲ့ တရားရုံးမှာကျမှ ပြောလို့ရတာ..."

"ဒါဆို ဒီကြားထဲမှာ အေးဒွေက ဒီအတိုင်းနေရမှာပဲလား"

"ကြာတော့ မကြာနိုင်ပါဘူး တရားရုံးမှာ မြန်မြန်စစ်နိုင်အောင် လုပ်ရုံရှိတော့တာပေါ့..."

"လူလေးက ဆယ်တန်းဖြေရမှာဗျ အခုအတိုင်း အချုပ်ခံနေရရင် စာကျက်ချိန်လည်း မရတော့ဘူး။ ဆရာမကြီးတော့ သွားပြောရမှာပဲ..."

ပြဿနာရှိရှုပ်လာမှာကို ဦးဘရှင် စိုးရိမ်လိုက်သည်။

"ဘယ်လိုလုပ်ရင် အာမခံရနိုင်မလဲ ဦးမြတ်ညွန့်..."

"အာမခံကတော့ ဘယ်လိုမှ မရနိုင်ဘူး..."

"ဒါဖြင့် ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲဗျာ"

"အမြန်ဆုံး ရုံးတင်ပြီး အမြန်စစ်ဆေးနိုင်အောင် ကြိုးစားမှ အာမခံရမှာပေါ့..."

"အဲဒါဆိုရင်လည်း ကြိုးစားပေးပါဦးဗျာ..."

ဦးဘရှင်က ရှေ့နေကြီးကို တောင်းပန်နေရပြီ။

"ကြိုးစားပေးပါ့မယ်။ ဒီကြားထဲတော့ သည်းခံရမှာပဲ... အမှုဆိုတာ ဖြစ်လာပြီဆိုမှတော့ စိတ်ရှည်ရတာပဲ..."

တင်မြင့် စိတ်ပျက်သွားပါပြီ။

"ခင်များ မောရားသဖြင့် တစ်မက်သား နှစ်နာအောင်တိုး
စိတ်ပိုးကျကျမြိမ်ရောပေ့ ပြောလိုက်ရှင်သည်။ သို့သော် အမှုပြီးမြို့ မှုတ်
အာမခံ၍ သူ့ကို အာကိုးရှင်းမည်နှို့ ဘာမှုမပြောဘဲ နေလိုက်ရသည်
မျက်စိထဲမှာတော့ အချုပ်ခန်းတွင် မျက်နှာငယ်နှင့် ကျန်
သော အေးဆွေကို မြင်ယောင်နေမိသည်။
အိမ်ပြန်ရောက်သည်။ မိသားစုကို ဘယ်လိုပြန်ပြောရမှန်း

* * *

ညနေက်ပြီးမိ၍ ညသည် တိတ်ဆိတ်နေသော်လည်း ခင်
အိပ်မပျော်။
အချုပ်ခန်းထဲမှာ ခုကျကြိမ်နေမည့် အေးဆွေကို မြင်ယော
၍ စိတ်မကောင်းဖြစ်မိသည်။
အသေအချာငိုးအားကြည့်တွင် သူမှာ ဘာအပြစ်မှမရှိ ဒ
သိစေရန် ကိုယ်ပေါ်သွား၍ သူ့ရိုက်ခံရသည်။ ဆီးပင်ပေါ်တက်
စိတ်ရှိနေပေသည်။ နေမင်းရီး ပြုသနာရှာပြီး အိမ်ပေါတိုင်၍ အမ်
နှစ်ယောက် ခေါ်ယူကြိုးပြီး မဖြစ်သင့်တာတွေ ဖြစ်ရသည်။ ဆရာ
ရော ကောင်းသားတွေ၏ ချက်ကျန်သည်။ နောက်ဆုံးထွက်ပြေးရသော
လည်း ညကြီးသန်းခေါင်မှာ နှစ်ယောက်အတူ ကျွမ်းဖြစ်ခဲ့ရသည်။
သူမှာ နိုးနိုးသားသား ကျည်းသည့်ကလွဲ၍ မရှိသော
အမှုအရာ နည်းနည်းပါးပါးပင် မတွေ့ရ ကိုယ်ရှာမှု ပြောသမျှလည်
သည်းခံခဲ့သည်။
ယောက်ျားအိမ်မှာ နှစ်ယောက်အတူ အိပ်ခဲ့ရသော ညကိုလည်
ပြန်တွေးမိသည်။
ကိုယ်ကသာ စိုးရိမ်စိတ်နှင့် အိပ်မပျော်ဖြစ်ခဲ့ရသည်။ သူက
တော့ ကိုယ်နှင့်အဝေးဆုံး ထရံဘားမှာ ကပ်ပြီး ကိုယ့်ဘက် ကျောပေ



၍ စိတ်ချလက်ချ ရှိအောင် အိပ်ပြခဲ့သည်။
"မရှိသားတဲ့ ယောက်ျားသားဆိုရင် ..."
ခင်ဖုန်း မတွေးရဲအောင် ဖြစ်ရသည်။
"အော်ဟစ်အကူအညီတောင်းရမှာလည်း အိမ်ရှင်များက
နိုးကြားသော လင်မယားထင်ပြီး ... အိမ်တစ်လုံးမှာ နှစ်ယောက်
တည်း တင်ထားခြင်းဖြစ်သည်။
ပြန်တွေးသည်ပင် ရင်မောစရာ။
သို့သော် အေးဆွေက နှစ်နေ့နှင့် နှစ်ညလုံး နမတစ်ယောက်
လို စောင့်ရှောက်ခဲ့သည်။
နေမကောင်းတော့လည်း လိုလေသေးမရှိ ပြုရသည်။
အိမ်ရှင်များက ပြုသနာရှင်းအောင် လက်ထပ်လိုက်ကြဖို့
ပြောသည်ကိုပင် ခြင်းပယ်၍ အဖြစ်မှန်အတိုင်း ရှင်းပြခဲ့သည်။
သူ့ရွာရောက်တော့လည်း သူ့အိမ်မှာ အကောင်းဆုံးထားပြီး
ဂရုတစိုက်ပြုရသည်။ ရွာလူကြီးများနှင့် သူ့မိသားစုများ အစ်ကိုများက
ပြုသနာရှင်းအောင် လက်ထပ်ကြဖို့ အကြံပေးကြပြန်သည်။ သူက
လက်မခံအဖြစ်မှန်အတိုင်း ပြောပြီးငြင်းသည်။
"သူက ... ငါ့ကို ... လုံးဝ စိတ်မဝင်စားလို့လား ..."
မိန်းမသားနှင့် သံသယအတွေးပင် ဝင်မိသည်။
သို့သော် ကိုယ့်ကိုတော့ လိုလေသေးမရှိအောင် ဂရုစိုက်သည်။
ဘာမဆို သူ့ဘက်က မစဉ်းစား။ ကိုယ့်ဘက်မှ စဉ်းစားပေးသည်မှာ
သိသာမြင်သာသည်။
ခုတော့ သူ့ခမျာ ကိုယ့်ကြောင့် အချုပ်ထဲရောက်နေရရှာပြီ။
အေးဆွေ၏ အေးချမ်း၍ သဘောကောင်းသော မျက်နှာကို
မြင်ယောင်မိသည်။

"သူရော ... အချုပ်ခန်းထဲမှာ အိပ်လို့ရပါ့မလား..."

အချုပ်ခန်းဆိုသည်ကို ခင်ဖုန်းမမြင်ဘူးပါ။ ဘယ်လိုဟာမှန်း မသိပါ။ သို့သော် မကောင်းသည့် နေရာဖြစ်မည်ဟုတော့ ခန့်မှန်း သည်။

"သူက ဘာမှအပြစ်မရှိဘဲနဲ့ ခံရတော့ ပိုဆိုးတာပေါ့..."

အေးဆွေကို သနားမိသည်။

ဖေဖေနှင့် မေမေကတော့ခင်ဖုန်းရှင်းပြသည်ကို နားထောင် လက်ခံ၍ သမီးအတွက် စိတ်မကောင်းဖြစ်ရသလို ရိုးရိုးသားသား ကူညီသော အေးဆွေကိုလည်း စာနာနားလည်ကြသည်။

သို့သော် အစ်ကိုနှစ်ယောက်ကတော့ ရှက်သလိုလို ရှုံ့သ လိုနှင့် ခင်ဖုန်းရှင်းပြသည်ကို အသေအချာ နားမထောင်။ ခင်ဖုန်း အပြစ်မတင်သော်လည်း အေးဆွေကို အကောင်းမမြင်သေး။ ကိုကာ ကလည်းကိုလည်း [illegible] ဆက်ဆံသည်။

ခင်ဖုန်းကတော့ [illegible] သူတို့အိမ်မှာ နေခဲ့စဉ်က လိုလေသေး မရှိ [illegible] ကြသည်။ [illegible] ဖြူဖြူသားမို့ တောသာ အပေါ် [illegible] ထင်မိမည်။

ခင်ဖုန်းကတော့ [illegible] သွားတိုက်သော။ သွားမှတ်တံ [illegible] တည့်မပေးလိုက် သည်။

[illegible] မေမေ [illegible] ပြောနေလိုက်ရသည်။

"သူရော အချုပ်ခန်းထဲ ဘယ်နှရက်ကြာအောင် နေရမလဲ ... မနက်ဖြန်ပါ [illegible] ... ဘယ်လိုနေရသလဲ ... ဖေဖေကို ပြောရစ်လိုက်ပါပြီမလား..."



ခင်ဖုန်း၊ သက်ပြင်းမောလေး တချက်ချလိုက်မိသည်။

တောမရွာတွင် ရှိစဉ်တောင်ခြေမှ လွမ်းစေတီသို့ သွားခဲ့သည် ကို သတိရ၍ ဖြစ်သည်။

တောင်ခြေလွမ်းစေတီနားတွင် အင်ကြင်းပန်းများ ဖူးရသည်က ပျော်စရာ။

အေးဆွေက တောသားပီပီ သစ်ပင်တက်ကျွမ်းသည်။ ခပ်ပေါ့ပေါ့ ပါးပါး တက်သွားပြီး အင်ကြင်းပန်းတွေ ချိုးချပေးသည်။ နီမြန်းသော အင်ကြင်းပန်းများက ချစ်စရာသဘာဝအလှ။

ပန်းတွေအများကြီးရတော့ လွမ်းစေတီမှာ ပန်းလှူကြသည်။ သို့သော် တစ်ယောက်တစ်နေရာစီ။ အေးဆွေ ခပ်ဝေးဝေးမှာ ခပ်ရှာရှာ သွားကန်တော့သည်။

လွမ်းစေတီဆိုသည့်အတိုင်း နေရာလေးက လွမ်းစရာ။ သစ်ရွက်ဝါလေးများက ကြွေ၍ အဝေးဆီမှ ဥသြငှက်သံလေးက လေမှာလွင့်ပါလာသည်။ ဖေဖေနှင့်မေမေကို သတိရ၍ လွမ်းစေတီမှာ မျက်ရည်ကျခဲ့ပါသည်။

လွမ်းစေတီက ပြန်လာတော့ ရင်ထဲမှာ အလွမ်းလေးပါလာ သည်။ ခွေဦးရှခင်းများကလည်း လွမ်းစရာ။

နှစ်ယောက်အတူ ပြန်လာကြသော်လည်း ကိုယ့်ဘာသာ တစ်ယောက်တည်း အထီးကျန်လို ခံစားရသည်။ အေးဆွေက ဘေးချင်း ယှဉ်လျှောက်ရမှာ ကြောက်သလိုလိုနှင့် နောက်နောက်ခပ်ဝေးဝေးမှ လိုက်ပါ လာသည်။

ရွာကျတော့ ခွေးကြောက်၍ သူ့ကို ရပ်စောင့်မှ ခွေးဘက်မှ အကာအကွယ်ပေး၍ ဘေးချင်းယှဉ်ပြီး လျှောက်သည်။

သူဆင်ခြင်သည့်မှာလည်း အပြစ်မြင်စရာတော့ မရှိ၊ သော မှုန်၌ လျှောက်သည်နှင့် ရွာထဲမှ မြင်သူများက လိုက်ဖက်ကြ ကောင်းကြီးကြသာပေးသံများ၊ အမျိုးမျိုးထွက်ပေါ်လာကြသည်၊ အေ ဆွေ၏ အမေနှင့်အစ်မပါ ဝမ်းသာအားရ သဘောကျနေကြသည်။

အေးဆွေကို ကြည့်ရသည်မှာ အတော်အားနာနေပုံရသည်။

နောက်နေ့တွင် အေးဆွေ ကာရံပေးသော ရေချိုးခန်းလေး အေးဆွေထမ်းပေးသော စမ်းရေအေးအေးလေးကို ရေချိုးရသည်။

သူစေတနာ သူ့ကျေးဇူးတွေကို လေးစားရာမှ သူနှင့်ဝေး နေရန် သတိထားခဲ့မိသည်။

ထမင်းစားတော့ ဟင်းတွေထည့်ပေးနေသော အေးဆွေ၏ မျက်နှာချင်းမဆိုင်မိအောင် ခေါင်းငုံ့ထားခဲ့သည်။

ထမင်းစားပြီးသည်နှင့် အခန်းထဲဝင်ပြီး တံခါးပိတ်နေလိုက် သည်။

အေးဆွေက စာမေးချင်၍ ခေါ်သည့်ပင် မထွက်ဘဲ နေခဲ့သည်။

အေးဆွေ ဘယ်လိုအောက်မေ့မည်မသိ၊ စိတ်ထဲမှာတော့ အေး ဆွေကို အားနာနေမိသည်။

တော်သေးသည်၊ နေ့ခင်းမှာ ဖေဖေနှင့်မေမေ လိုက်လာ၍ အေးဆွေတို့ အိမ်မှာ အေးဆွေနှင့် နီးနီးကပ်ကပ် နေရမည့် အခြေအနေ လွှန်ခြောက်လာခဲ့သည်။

ခုတော့ ... သူ့ခမျာ ... အချုပ်ခန်းထဲရောက်နေပြီ။

မိမိအပေါ်မှာ အမြဲတမ်း ကောင်းခဲ့သော အေးဆွေကို မြင်ယောင်မိသည်။

"သူ့ခမျာ ... ငါ့ကြောင့် ခုလိုဖြစ်ရတာ ..."

အေးဆွေအတွက် စိတ်မကောင်းဖြစ်ရသည်။



"ဟိုကောင် နေမင်းစိုး ကတုန်းကတိုက်လုပ်လို့ ဖြစ်ရတာ"

စိတ်ရင်းမကောင်းသော နေမင်းစိုးနှင့် နှိုင်းယှဉ်လိုက်သော အခါ အေးဆွေ စိတ်ရင်းကောင်းသည်မှာ ပို၍ထင်ရှားလာသည်။

"ဘာမှမဆိုင်ဘူး"

နေမင်းစိုးကို အထင်သေး၍ အေးဆွေကို အထင်ကြီးစိတ် ဖြစ်လိုက်မိသည်။

အေးဆွေသည် ကိုယ်က ဆုလိုက်၊ ငေါက်လိုက် ကြိုက်သလို ဆက်ဆံခဲ့သူဖြစ်သော်လည်း သူ့အိမ်၊ သူ့ရွာမှာတော့ အားလုံးက ချစ်ခင်အရေးပေးခံရသူဖြစ်သည်။ တောသားမို့ နေပူထဲသွားရလာရများ သောကြောင့် အသားမဖြူသော်လည်း၊ အသားညိုသူတော့ မဟုတ်၊ အသားလတ်ဖြစ်သည်။

ထူးခြားသည်မှာ ရိုးသားဖြောင့်မတ်၍ စိတ်ရင်းကောင်းသည်ကို ဖော်ပြနေသည့် အေးချမ်းသော မျက်နှာဖြစ်သည်။

ကိုယ့်အပေါ်မှာ အနွံအတာခံ၍ နိမ့်နိမ့်ချချ ဆက်ဆံသော် လည်း အနီးကပ်နေကြည့်သောအခါကျမှ ခံ့ညားသည့်ယောက်ျားမှန်းသိရသည်။

အတန်းထဲမှာလည်း၊ စာညံ့သူမဟုတ်၊ တောမှလာရ၍ ပိုင်းကျူရှင်မတက်နိုင်သောကြောင့် စာအတော်ဆုံးမှာ မပါသော်လည်း ကြိုးစားသူဖြစ်တာကြောင့် ဆယ်တန်းစာမေးပွဲ အောင်မည်မှာ သေချာ သူဖြစ်သည်။

သို့သော် စာမေးပွဲနီးကာမှ ကိုယ့်ပြဿနာကြောင့် စာ ကောင်းကောင်း ကျက်ခွင့်မရ၊ ခုဆိုလျှင် အချုပ်ခန်းထဲရောက်နေ၍ ပိုပြီး နစ်နာတော့မည်၊ မည်မျှကြာအောင် ဆက်ပြီး အချုပ်ခံရမည်မသိ၊ စာမေးပွဲက ဆယ်ရက်သာလိုတော့သည်။

"သူမပြေရရင် ငါ့ကြောင့် နစ်နာတာပဲ"

"နေမင်းနိုးကာတော့ ဘယ်လောက်ဝမ်းသာမလဲ မသိဘူး"

အေးဆွေ ပြေရစေချင်သည်။ စာမေးပွဲအောင်စေချင်သည်။

အားလုံးသဘောကောင်းကြသော အေးဆွေမိဘများ၊ အစ်ကို အစ်မများကိုလည်း သနားနေမိသည်။ သူတို့အားလုံး အေး အတွက် စိတ်မကောင်းဖြစ်နေကြလိမ့်မည်။

သူအမြန်ဆုံး အချုပ်ထဲက ထွက်ပြီး စာမေးပွဲဖြေရအော ဖေဖေ့ကို ပြောရမှာပဲ ...။ ဖေဖေက လုပ်မပေးရင် အို ... လုပ် အောင် .. ငါပြောရမှာပဲ ...။ သူစာမေးပွဲ ဖြေရဖို့ ... ငါကြိုးစား မယ် ...။ ငါ့ကို ကူညီတဲ့သူကို ... ငါပြန်ကူညီရမယ်။ မနက်ဖြန် ဖေဖေခေါ်ပြီး သူ့ကို သွားတွေ့မယ် ...။ အချုပ်ထဲမှာ သူစာကျက်နိုင် အောင် ငါ့စာအုပ်တွေ သွားပို့ထားရမယ် ...။ သူ့ရွာက စာအုပ်တွေ ကိုလည်း မှာပေးရမယ် ...။

အေးဆွေ စာမေးပွဲအောင်ဖို့ အစွမ်းကုန် ကူညီရန် ခင်ဖု အခိုင်အမာ ဆုံးဖြတ်လိုက်ပါသည်။

* * *

ရဲစခန်းတို့ အချုပ်ခန်းတို့ဆိုတာ သမီးလို ... မိန်းကလေး တစ်ယောက် လိုက်ဖို့မသင့်ပါဘူး သမီးရယ် ... ဖေဖေ ရှေ့နေကြီး ဦးမြတ်ညွန့်နဲ့ သွားလိုက်ပါမယ် ... အမြန်ဆုံး အာမခံပြီး ... အာမ မြန်မြန်ရအောင်လည်း လုပ်ပေးပါ့မယ် ... စိတ်ချပါ စာမေးပွဲဖြေအောင် လုပ်ပေးပါ့မယ် ... သမီးပေးချင်တဲ့ စာအုပ်တွေလည်း ဖေဖေယူ လိုက်ပါ့မယ် ...။

ဖေဖေ ငြင်းမည်ဆိုသည်ကို ကြိုတင်တွေးပြီးသားမို့ ငြင်းလျှင် ပြောရမည့် စကားများကို ခင်ဖုန်း စဉ်းစားပြီးသား ဖြစ်သည်။

"သမီးရောက်ဖို့ မသင့်သလို ... အေးဆွေလည်း ရောက်ဖို့



ဘယ်သင့်တော်ပါ့မလဲ ဖေဖေရယ် ..။ သူက ရောက်ရုံတင်မကဘူး .. အချုပ်ထောင်ခံနေရတာ ... သူ့မှာအပြစ်လည်းမရှိဘဲနဲ့ ... သမီး ကို ကူညီလို့ဖြစ်ရတာ ... သမီးက သွားတော့တွေ့သင့်တာပေါ့ ..."

"လူတွေက တစ်မျိုးထင်ကြမှာ ... ပြောကြမှာစိုးလို့ပါ ... သမီးရယ်"

"လူတွေကတော့ သွားမတွေ့လည်း ထင်ချင်ရာထင်၊ ပြောချင် တာ ပြောကြမှာပါပဲ ဖေဖေရယ် ... ရိုးသားတော .. ကိုယ့်ဘာသာ သိပြီးသားပဲ ... စာအုပ်တွေက ဒီအတိုင်းပေးလိုက်ရုံနဲ့ မရဘူး ဘယ် စာအုပ်ထဲမှာ ဘာတွေကြည့်ရမယ်ဆိုတာ ပြောရဦးမယ် ... သူ ဘာလိုတယ်ဆိုတာလည်း မေးရဦးမယ် ... ဒီလောက်တော့ ... သမီး သူ့ကို ပြန်ကူညီမှဖြစ်မယ် ..."

နောက်ဆုံးတော့ ခင်ဖုန်း လိုက်ခွင့်ရပါသည်။ ဦးဘရွှင်က ရှေ့နေကြီး ဦးမြတ်ညွန့်ကိုခေါ်ပြီး ရဲစခန်းသို့ သွားတွေ့သည်။

ရှေ့နေကြီးက ဆယ်တန်းဖြေမည့် ကျောင်းသားဖြစ်နေ၍ အမှု ကို မြန်မြန်စစ်နိုင်အောင် ရုံးတင်ပေးနိုင်ပါရန် စခန်းမှူးနှင့် ဆွေးနွေး သည်။ ဆယ်တန်းဖြေရန်အတွက် စာကျက်နိုင်ရန် စာအုပ်များပေးခွင့် အတွက်လည်း ညှိနှိုင်းပေး၍ ခင်ဖုန်းသွားတွေ့ခွင့်ရသည်။

"ဒီမှာ ထိုင်စောင့်နော် ... ဟိုအချုပ်ခန်းမှာ အချုပ်သားကို သွားထုတ်လိုက်ဦးမယ် ..."

ရဲတပ်ကြပ်ကြီးက ခင်ဖုန်းကို ခုံတန်းလေးတစ်ခုမှာ အထိုင် ခိုင်းပြီး အချုပ်ခန်းဆီသို့ သွားသည်။

"အို ..."

ခင်ဖုန်း ထိုင်နေရာမှ အချုပ်ခန်းကို လှမ်းမြင်ရပါသည်။ ဘေးမှာ အပေါက်လေးများပါသော အုတ်နံရံကာထားပြီး အတွင်းမှာ ထုထည်

နိုင်မာသော သစ်သားချောင်းထုထုကြီးများကို စိတ်စိတ်ကလေး ကာ...
သည်။ သစ်သားချောင်းကြီးများအပေါ်မှာ သံဆူးကြိုးများကို ကာ...
ဖြတ်၍ ကာထားသေးသည်။

အထဲမှာ အချုပ်သားများ မည်သို့နေကြရသည်ကိုတော့...
ဖုန်းထိုင်သောနေရာမှ လုပ်မမြင်ရ။ ကြည့်ရသည်မှာ သက်သက်...
သာရှိမှာ မဟုတ်။ မြင်သမျှနှင့်ပင် အသက်ရှူကြပ်စရာ။

"သူမှာ သနားပါတယ် ..."

ခင်ဖုန်း မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲလာသည်။

ရဲတပ်ကြပ်ကြီးက အေးဆွေကို ခေါ်ထုတ်လာပါပြီ။

"အို ... ဖြစ်မှဖြစ်ရလေ အေးဆွေရယ် ..."

အေးဆွေကို လက်ထိပ်ခတ်ပြီး၊ လက်ထိပ်နှင့်ဆက်ထား...
သံကြိုးကို ရဲတပ်ကြပ်ကြီးက ကိုင်ထားသည်။

အေးဆွေကို ကြည့်ပြီး ခင်ဖုန်းပါးပေါ်မှာ မျက်ရည်များ အဆ...
မပြတ် စီးဆင်းလာကြသည်။

အေးဆွေ ရှက်နေဟန်တူပါ၏။ ခေါင်းငုံ့ထားသည်။ မျက်...
လေးကလည်း ညှိုးငယ်နေသည်။

ခင်ဖုန်း ရှေ့မှ ခုံလေးမှာ အေးဆွေထိုင်သည်။

ခင်ဖုန်း စကားပြောချင်သော်လည်း ပြော၍မရ။ ရင်ထဲ...
ဆို့နင့်နေသည်။ မျက်ရည်များကလည်း အဆီးအတားမရှိ စီးဆင်း...
ကြသဲ။ လက်ကိုင်ပဝါနှင့်သုတ်သော်လည်း သုတ်၍မနိုင်။ ခင်ဖုန်းကို ကြ...
ပြီး အေးဆွေက ပြန်သနားနေရသည်။

"မငိုပါနဲ့ဟာ ..."

အေးဆွေ အားပေးမှ ငိုကြီးဝမ်းနည်းလာ၍ ခင်ဖုန်းထံမှ ရှိုက်...
သံလေးများပါ ထွက်လာသည်။



ရဲတပ်ကြပ်ကြီးက လက်ထဲမှာ သံကြိုးကို ကိုင်လျက် ငယ်ရွယ်သူနှစ်ယောက်ကိုကြည့်ပြီး သားသမီးချင်းစာနာ၍ စိတ်မကောင်းဖြစ်နေသည်။

ခင်ဖုန်းအသံမထွက်နိုင်သေး၍ ပလတ်စတစ်အိတ်အဖြူလေးနှင့် ထည့်ယူလာသော စာအုပ်များကို အေးဆွေ လက်သို့လှမ်းပေးသည်။ လက်ထိပ်ခတ်ထားသော လက်နှစ်ဖက်ဖြင့် အေးဆွေလှမ်းယူသည်က ခင်ဖုန်းအတွက် ပို၍ စိတ်မကောင်းစရာဖြစ်ရသည်။

"အေးဆွေရယ် ... ငါလာမိတာ မှားပါတယ် .."

ခင်ဖုန်း ဝမ်းနည်းကြေကွဲစွာ ငိုကြွေးပါသည်။

ရဲခန်းမှူးနှင့် ညှိနှိုင်းတွေ့ပြီးပြီဖြစ်၍ ဦးဘရွှင်နှင့် ရှေ့နေကြီး ဦးမြသန့်တို့ ခင်ဖုန်းနှင့် အေးဆွေရှိရာသို့ ရောက်လာကြသည်။

အဖေနှင့် ရှေ့နေကြီး ရှေ့မှာ ငိုနေရန် မသင့်တော်သောကြောင့် ခင်ဖုန်း မျက်ရည်များကို သုတ်ပစ်လိုက်သည်။

အေးဆွေက အိတ်အဖြူလေးထဲမှ ခင်ဖုန်း၏ စာအုပ်များကို ထုတ်ကြည့်ပြီး ခင်ဖုန်းထံသို့ ပြန်ပေးလိုက်သည်။

"အချုပ်ခန်းထဲမှာ မှောင်နေတော့ စာကြည့်လို့မရပါဘူး။ လူတွေကများတော့ နေရတာလည်း ကျဉ်းပါတယ်။ ငါစာမေးပွဲ မဖြေတော့ပါဘူး ..."

အေးဆွေ စိတ်အားလျှော့လိုက်ပါသည်။

"မဟုတ်တာ ... နင်ဖြေရမှာပေါ့ ... ဖြေရင် အောင်မှာပဲ နင်ကြည့်လို့ရအောင် ကြည့်ရမှာပေါ့ ..."

ခင်ဖုန်းက အားပေးသည်။

"ဟုတ်ပါတယ် ... မောင်အေးဆွေ စာမေးပွဲဖြေရမှာပေါ့၊ တစ်နှစ်ဆိုတာ နည်းတဲ့အချိန်မဟုတ်ဘူး။ ဒါကြောင့်မို့ ဦးတို့က စာမေး

ပွဲအသီ နှံလာလိုက်ပြီး အနည်းဆုံး အာမခံနိုင်အောင် ကြိုး
ပါတယ်။ ဒီကြားထဲမှာ စာကြည့်လို့ရအောင် ကြည့်ထားရမှာပေါ့...

ရွှေနေကြီးကလည်း အားပေးသည်။

"ဖြစ်ပါတယ် ... အချုပ်ခန်းထဲမှာ နေရာကြပ်ပေမဲ့
ဓာတ်အလင်းရောင်ရတဲ့ နေရာမှာ ထားပေးပါ့မယ် .."

ရဲတပ်ကြပ်ကြီးက သူတတ်နိုင်သည်ကို ကူညီရန် ဆန္ဒ

"ဟုတ်ပါတယ်... အေးဆွေ နင်ဖြေပါဟယ် ... နင်
ရင်တော့ ငါ့ကြောင့် စာမေးပွဲကျရတာ ... ငါလည်းမဖြေတော့

အေးဆွေက ခင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

"အဲဒီလိုတော့ မလုပ်ပါနဲ့ နင်ကဖြေရင် သေချာပါက်
မှာ ..."

"ဒါဆိုရင် နင်လည်း ဖြေပေါ့။ နင်ဖြေမှ ... ငါဖြေမှာ..

"ဝါ ... ဖြေပါ့မယ်"

အေးဆွေ အလျှော့ပေးလိုက်ရသည်။

"ကိုတင်မြင့်လည်း ဒီနေ့လာမယ်ပြောပါတယ် ... ထ
နှင့်စာအုပ်တွေ ယူလာခဲ့ဖို့ ငါမှာလိုက်မယ် ..."

"မောင်အေးဆွေ စာမေးပွဲအဖြေ အာမခံရအောင် ဦးတို့အဖွဲ့
ကြိုးစားပါ့မယ် ... မောင်အေးဆွေကသာ အချိန်မီ ထွက်
ဖြေနိုင်အောင် စာကျက်ပါ ... အထဲမှာ စာကျက်လို့ရအောင်
ရဲတပ်ကြီးက ကူညီပေးပါလိမ့် ..."

ဦးဘရှင်က အေးဆွေကို အားပေးရင်း ရဲတပ်ကြပ်ကြီး
သည်း မေတ္တာရပ်ခံလိုက်သည်။

"စိတ်ချပါ။ ကျွန်တော်တို့ ကူညီပါ့မယ် ... ကျွန်တော်
သားလည်း ရှစ်တန်းရောက်နေပြီ။ သားသမီးချင်း စာနာပါတယ်.."



စာနာစိတ်ရှိသော ရဲတပ်ကြပ်ကြီးကို ခင်ဖုန်း ကျေးဇူးတင်နေ
ပါသည်။

* * *

နိုင်ရာစား အားကြီးသူက အနိုင်ကျင့်သော မတရားမှုများ
သည် အချုပ်ခန်းထဲအထိ ရှိနေ၏။ ထောင်နှင့် ဝင်လိုက်ထွက်လိုက်
နိစ္စဓူဝဖြစ်နေသော လူဆိုးကြီးများသည် အချုပ်ဆိုသည်ကလည်း
သူတို့အတွက် အိမ်ဦးကြမ်းပြင် ဖြစ်နေသည်။ လူမိုက်မျက်နှာနှင့် အား
လုံးကို ခြိမ်းခြောက်၍ နေရာကောင်းမှာ နေစရာကျယ်ကျယ်ယူထား
တတ်ကြသည်။

ခုလည်း လူဆိုးကြီးသက်ထွန်းက ယိုအိမ်သာနှင့် အဝေးဆုံး
မှာ အလင်းရောင်ရ၍ လေဝင်လေထွက်အနံ့အသက် အကောင်းဆုံး
နေရာကို ယူထားသည်။

အေးဆွေမှာ နောက်ဆုံးမှ ရောက်လာသူဖြစ်၍ ကျောင်းသား
အရွယ်လူငယ်လေးလည်းဖြစ်သောကြောင့် သန့်ရှင်းမှုမရှိသည့် အနံ့
အသက် အဆိုးဆုံးနေရာဖြစ်သော ယိုအိမ်သာနားမှာ နေရသည်။

နံစော်လွန်းသောကြောင့် မနေ့ညက တစ်ညလုံး အိပ်၍မရ။
ခေါင်းထဲမှာ မူးနောက်နေအောင် ခံစားရသည်။

နေ့ခင်းမှာလည်း တစ်ယောက်ပြီးတစ်ယောက် အိမ်သာသွား
တိုင်း အကာအရံမရှိ၍ အနိဋ္ဌာရုံများကို မမြင်ချင်အဆုံး မြင်နေရသည်။
အသံဆိုးများကိုလည်း မကြားချင်အဆုံး ကြားနေရသည်။ အနံ့ဆိုးများ
ကလည်း အော်ဂလီဆန်ပြီး အော့အန်သည်အထိ ခံစားရသည်။

အချုပ်ခန်းနှင့်စာလျှင် လူကများ၍ ချွေးစော်များမှာလည်း
နံဟောင်နေသည်။ လေဝင်လေထွက်ကလည်း မကောင်း၍ လူငွေ့များ
နှင့် မွန်ထိုက်ပြီး လောကငရဲကို ခံစားနေရသည်။

ရဲတပ်ကြပ်ကြီးက အေးဆွေကို အချုပ်ခန်းထဲသို့ ပြန်ပို...
အခါ ဆယ်တန်းဖြေရမည့်သူဖြစ်၍ စာကျက်နိုင်ရန် အလင်းရော...
သည့် အစွန်ဆုံးမှာ ထားရကြောင်း ရှင်းပြပြီး သက်ထွန်းကို အ...
ဘက်တိုးပေးရန် နေရာအရွှေ့နိုင်းသည်။

သက်ထွန်း မကျေနပ်။ အေးဆွေကို ရှုမှိုက်မျက်နှာနှင့် ...
တင်းတင်းကြည့်လိုက်သည်။

"အေး ... ခုတော့ နေလိုက်ဦး ... နောက်တော့ ဒို...
သေးတာပေါ့ ..." ဟူ၍ ခြိမ်းခြောက်သော သဘောဖြစ်သည်။

"အေး ... ဒါဟာ တကယ်လိုအပ်လို့ လုပ်ပေးတာ...
အဲဒီလိုလုပ်ပေးလို့ ဒီကောင်လေးအပေါ် အနိုင်ပြန်ကျင့်မယ်တ...
မစဉ်းစားနဲ့ .... အဲဒီလို လုပ်လို့တော့ ... ခုကွရောက်ပြီသာမ...
အချုပ်တို့ ထောင်တို့ဆိုတာ ... မင်းတို့ကို ယဉ်ကျေးအောင် ပြု...
ပေးတဲ့နေရာ။ ဒါကြောင့် မင်းတို့ခုဆိုရင် မနက်တိုင်း သုံးဆယ်ရှစ်...
မင်္ဂလာကို ရွတ်ဆိုကြရတယ် ...။ ခေတ်ပြောင်းသွားပြီ။ ထောင်...
အချုပ်ထဲမှာ လူမိုက်ကို ခေါင်းဆောင်ထားတဲ့ခေတ်မဟုတ်တော့ဘူ...
အချုပ်ထဲမှာ လာပြီး လူမိုက်လုပ်ဖို့ ဗိုလ်ကျဖို့တော့ မစဉ်းစားနဲ့မှေ့ရ...
လူမိုက်လုပ်လို့ကတော့ မိုက်သလောက် ထိရောက်အောင် အပြစ်ပေး...
ရမယ် မှတ်ထား ...။ ဒါ အားလုံးကိုပြောတာ၊ မင်းတို့ ကောင်းကောင်...
နေကြ ...။

ရဲတပ်ကြပ်ကြီးက မာမာတင်းတင်း ကြိမ်းမောင်းပြော...
ထွက်သွားသည်။

အားလုံးက သူ့ကို မကျေမနပ် မုန်းတီးနေကြမည်ထင်၍
ဘယ်သူ့ကိုမျှ မကြည့်ရဲ။ ခင်ဖုန်းပေးသွားသော စာအုပ်လေးများကို
ရှေ့မှာချပြီး ငေးကြည့်နေမိသည်။

စာကျက်ချင်စိတ်လည်းမရှိ၊ စာမေးပွဲဖြေချင် စိတ်လည်း မရှိပါ။ ကိုယ့်တာသာ ကောင်းကောင်းမွန်မွန် နေပါလျက် စာမေးပွဲနားနီးမှ လာဖြစ်ရသော ပြဿနာများအတွက် စိတ်ပျက် စိတ်တတ်ကျနေမိသည်။

လာပြီးအားပေးသော ခင်ဖုန်းနှင့် ခင်ဖုန်းအပေါ်ကိုတော့ ကျေးဇူးတင်မိသည်။

ယခုပြောင်းနေရသော နေရာက ဘေးဖက်အစွန်မှာဖြစ်၍ အလင်းရောင် ရှိရသည်။ လေလည်းရ၍ လူငွေ့များမှ သက်သာသည်။ အနံ့အသက် နံစော်ခြင်းလည်း မရှိ။ မနေ့ညက ကောင်းကောင်းမအိပ်ရ၍ လဲ့ပြီး အိပ်ပစ်လိုက်ချင်စိတ် ဖြစ်ပေါ်လာသည်။

အိပ်တော့မည်ဟုပင် စိတ်ကူးပြီးမှ ရဲတပ်ကြပ်ကြီး ပြောခဲ့သည်ကို သတိရမိသည်။

ဒိုယ်ကို သည်နေရာပြောင်းပို့သည်က ဆယ်တန်းဖြေမည်မို့ စာကျက်ရ ဖြစ်သည်။ စာမကျက်ဘဲ အိပ်နေလျှင် ဖယ်ပေးရသူများ ပို၍ မကျေမနပ်ဖြစ်ကြသည်။

အေးဆွေ မအိပ်ရဲတော့ပါ။ စာအုပ်များကို ဖွင့်လှန်ရပြီး အိပ်မရ၍ ကြည့်ရသည့်အတူတူ စိတ်ပါလက်ပါ ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ခင်ဖုန်း စာအုပ်တွင် မြင်ရသော ခင်ဖုန်း၏ လက်ရေးလှလှလေးများတစ်ဆင့် ခင်ဖုန်း မျက်နှာလှလှလေးကို မြင်နေရသည်။

ဝမ်းပမ်းတသည်း ငိုကြွေးနေရှာသော ခင်ဖုန်း။

"သူဘာလို့ ... ဒီလောက်တောင် ရှိုက်ကြီးတငင်ငိုရတာလဲ ... ငါ့ကို သနားလို့လား .."

အေးဆွေ စိတ်ထဲမှာ ကြည်နူးသလို ခံစားရသည်။

ခင်ဖုန်းအိမ် နှုတ်ဆက်ကလေးများကိုပင် ပြန်လည်ကြားယောင် သနားစိတ်ဖြစ်မိသည်။

မနေ့က ကိုတင်မြင့် ယူလာသော ခင်ဖုန်းပေးလိုက် ဈေးကလက်ပြားလေးများ အိတ်ထဲမှာရှိနေသေးသည်။ မနေ့ညက ဆာလွန်း နှစ်ခုစားလိုက်ရသည်။

မနက်ကတော့ ဆာသော်လည်း ကုန်သွားမှာ စိုးရိမ်၍ မစား ထားလိုက်သည်။

အိတ်ထောင်ထဲမှ ဈေးကလက်ပြားလေးများကို လက်ဖြင့် ဖိကြည့်လိုက်သည်။

ရင်ထဲမှာ မြတ်နိုးစိတ်လေးဖြစ်ရသည်။

"သူရော .. စာကျက်လို့ ရပြီလား ..."

ခင်ဖုန်း စိတ်မကောင်းဖြစ်၍ စာမကျက်နိုင်မှာ စိုးရိမ်မိသည်။

ကိုယ်စာမေးပွဲကျချင်ကျပါစေ ...။ သူစာမေးပွဲ အောင် ချင်သည်။

"သူမှာ ... ငါ့ကိုလည်း စာမေးပွဲအောင်စေချင်ရှာလို့ စာအုပ်တွေလာပို့တယ် ...။ ငါမဖြေရင် ... သူမဖြေတော့ဘူးဆိုလို့ သူ့ကို ဖြေပါ့မယ်လို့ ကတိပေးလိုက်ပြီပြီး ရွာက ငါ့စာအုပ်တွေလည်း မှာပေးဦးမယ် ...။ သူတို့ကတွန်းလို့ နေမှာပေါ့ ..။ သူ့အမေနဲ့ ရှေ့ ကြီးကလည်း စာမေးပွဲအမီ အားမခံရအောင် လုပ်ပေးမယ်လို့ ပြောတယ် အေးလေ သူ့စေတနာကို လေးစားတဲ့အနေနဲ့ ငါစာကျက်ရမယ် ...၊ သူနဲ့အတူတူ စာမေးပွဲအောင်အောင် ကြိုးစားရမယ် ...။ မနက်ဖြန် သူလာရင် သူ့ကိုလည်းအောင်အောင်မြင်မြင် စာကျက်နိုင်ရမယ် ..."



အေးဆွေ ရှေ့မှ စာအုပ်ကို အစစာမျက်နှာမှ စလှန်၍ စိတ် ပါလက်ပါ စာကျက်ခြင်းအလုပ်ကို စတင်ပါတော့သည်။

* * *

"မောင်စိုး မင်းလုပ်လိုက်တာ မောင်အေးဆွေတော့ အချုပ်ခန်းထဲရောက်နေပြီ။ သနားပါတယ်။ တကယ်ဆို အဲဒီလို ဖြစ်တဲ့နေ့က မောင်စိုး ကြီးကြီးကို အရင်လာပြောရင် ကောင်းတယ် ..."

ဆရာမကြီး ဒေါ်ခင်နီက သူ့တူ နေမင်းစိုးကို အပြစ်တင်စကား ဆိုသည်။

နေမင်းစိုးကတော့ အေးဆွေ အချုပ်ခန်းထဲရောက်သည်ကို မသနားရုံမက ကောင်းသည်ဟုပင် ရင်ထဲမှာ ကျေနပ်နေမိသည်။

"မောင်စိုးက ... ခင်ဖုန်း အမေသွားပြောတော့ သူ့အစ်ကို တွေပါသွားပြီး ဓားဆွဲလိုက်ကြ၊ ခုတ်မယ် ... သတ်မယ် ဖြစ်ကုန်ကြတာပေါ့ ... ခင်ဖုန်းနဲ့ အေးဆွေလည်း ဘယ်ထွက်လာရဲတော့မလဲ ကြောက်လန့်ပြီး ထွက်ပြေးရတာပေါ့ ...။ ဒါပေမဲ့ သူတို့နှစ်ယောက်က သမီးရည်းစားလည်းမဟုတ် ... နှစ်ယောက်အတူထွက်ပြေးကြပေမဲ့ ရိုးရိုးသားသားပဲ ဆက်ဆံကြတယ်တဲ့ ..."

"အဲဒါ ကြီးကြီးကို ဘယ်သူပြောတာလဲ ... ခင်ဖုန်းကိုယ်တိုင် ပြောတာလား"

နေမင်းစိုးက အသေအချာသိချင်၍ ပြန်မေးခြင်း ဖြစ်သည်။

"ခင်ဖုန်းကိုယ်တိုင် ကြီးကြီးကို လာပြောတာပေါ့ ... သူတို့ ငယ်ထိုးရွာမှာ နှစ်ရက်နေပြီး သူများအိမ်မှာ အားနာလို့ အေးဆွေက သူ့ရွာကို ခေါ်သွားတယ်တဲ့ ..။ သူ့ရွာကျတော့လည်း အေးဆွေကရော သူ့မိဘတွေကရော ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားကြတယ်

တဲ့။ ဒါ့ကြောင့်မို့ သူ ဖေဖေနဲ့မေမေ လာခေါ်တော့ ပြန်လိုက်သွား
တာပေါ့။

ကြီးကြီးပြောပြသည်ကို နားထောင်ရင်း ခင်ဖုန်းနှင့် အေး
ဘာမှမဖြစ်သည်ကို သိရ၍ နေမင်းစိုး စိတ်သက်သာရာ ဖြစ်ရသည်
မိမိအတွက် မျှော်လင့်ချက်ရှိသေးသည်ဟုလည်း အားတက်မိသည်။

"ဒါပေမဲ့ ခင်ဖုန်းမိဘတွေက သူတို့သမီးကို အရွယ်မရောက်
အေးဆွေက နိုးယူပေါင်းသင်းပါတယ်လို့ ရဲစခန်း တိုင်ထားတော့ 
အေးဆွေကို ဖမ်းချုပ်ထားတော ... အာမခံတောင် မရဘူးတဲ့"

"ကောင်းတယ် ..."

နေမင်းစိုး စိတ်ထဲမှာတင် ပြောလိုက်ခြင်းဖြစ်သည်။

ဆရာမကြီးကတော့ အေးဆွေအတွက် စိတ်မကောင်းဖြစ်
နေသည်။

"သူခမျာ သနားပါတယ် ... ဆယ်တန်းစာမေးပွဲအပြီး အာ
ရှိတောင် မနည်းကြိုးစားရမှာ ဖြစ်နေတယ် ..."

"အာမခံမရရင် ပိုကောင်းတာပေါ့ ..."

နေမင်းစိုးက အေးဆွေအပေါ်မှာ ကောင်းသော စိတ်ဖြ
တွေးလိုက်သည်။

"သူခမျာ ... အာမခံရရင်တောင် စာကျက်ချိန်က နည်
သွားပြီ။ အောင်ဖို့ မနည်းလုပ်ရမယ် ..."

"အောင်မယ့်ကောင် မဟုတ်ပါဘူး ..."

နေမင်းစိုး စိတ်ထဲမှာ အေးဆွေ ခုကျရောက်နေ သဘော
လေဖြစ်နေသည်။

"ခင်ဖုန်းမှာလည်း ပုံမှန်အတိုင်းဆိုရင် ဂုဏ်ထူးလေးဒု
မှန်းထားတာ ... အခုတော့ စာမေးပွဲဖြေနိုင်မှ ပြဿနာတွေ ရှုပ်ကြ



လို့ ... စာကျက်ရက်တွေ ပျက်ကွက်ခဲ့တာနဲ့ဆိုရင် မသေချာတော့
ဘူး ... ကြီးကြီးတို့ ကျောင်းအတွက်လည်း အောင်ချက်နာတာ
ပေါ့ ..."

"ခင်ဖုန်းက ရနိုင်ပါသေးတယ် ကြီးကြီး ... သူက အစက
တည်းက တော်ထားတာပဲ ..."

နေမင်းစိုးက ခင်ဖုန်းကိုတော့ အကောင်းဆုံးဖြစ်စေချင်သည်။

ဆရာဦးတင်ဖေနဲ့ ဆယ်တန်းသင်တဲ့ ဆရာမတွေကတော့
မောင်စိုးကို သိပ်မကျေနပ်ကြဘူး။

"သူတို့က သားကို အလကားနေရင်း အပြစ်ပြောချင်နေကြ
တာ ..."

နေမင်းစိုးကလည်း အပြစ်ပြောသော ဆရာ၊ ဆရာမများကို
မကျေနပ်။

"သူတို့ပြောတာကတော့ ... ဘာပဲဖြစ်ဖြစ် အိမ်သွားပြောဖို့
မကောင်းဘူး။ ဆရာ၊ ဆရာမတွေ ပြောဖို့ကောင်းတယ် ...၊
ဆရာမကြီးကို ပြောဖို့ကောင်းတယ် ...၊ ဒါဆိုရင် ခုလို ကြီးကြီး
ကျယ်ကျယ်ဖြစ်မှာမဟုတ်ဘူး ...၊ ခုတော့ တကယ်လည်း ဘာမှ
မဟုတ်တဲ့ ...၊ မောင်အေးဆွေရော၊ ခင်ဖုန်းရော သိပ်နစ်နာတယ်
လို့ပြောကြတယ် ..."

ဆရာမကြီးက ဆရာ၊ ဆရာမများ၏ သဘောထားကို
နေမင်းစိုး သိအောင်ပြန်ပြောပြသည်။

"ဒါတော့ သားလည်း ဘယ်သိမလဲ ...၊ ကောင်းမလားလို့
အချိန်မီ တားနိုင်အောင် သွားပြောတာပဲ .."

နေမင်းစိုးက ဆရာမကြီးကို အခေါ်ဖြစ်မှု ပြန်ပြောခဲ့သည်။

"ဒါပေမဲ့ ... ဆရာ၊ ဆရာမတွေ ပြောတာ ဟုတ်တယ်

မောင်စိုးရဲ့ ... အမှန်ကတော့ မောင်စိုး ကြိုကြိုကို လာပြော
ကောင်းတာ ...၊ ခုတော့ မောင်အေးဆွေဟာ အချုပ်ခန်းထဲရောက်
နေရတာ သိပ်သနားဖို့ကောင်းတယ် ... အဲဒါကို ဆရာ၊ ဆရာမတွေ
က ပိုစိတ်မကောင်းဖြစ်နေကြတာ .. မောင်အေးဆွေက ရိုရိုသေသေ
နဲ့ ဆရာ ဆရာမတွေ ခိုင်းရင်လည်း ဖင်ပေါ့ပါတယ်။ အားလုံးက ချစ်ကြ
တယ် ..."

"အေးဆွေ အချုပ်ထဲရောက်တာ သားနဲ့ဘာဆိုင်လဲ ...
အဲဒါ ခင်ဖုန်း အဖေတိုင်လို့ ... ဖြစ်တာပဲ ..."

"ဒါပေမဲ့ ပြဿနာစ,တာက မောင်စိုး ဖြစ်နေတာကိုး ...
ကြိုကြို ကြားရတဲ့ စကားက နည်းနည်းလေးပါ ...၊ မောင်စိုးက
ကြိုကြိုရဲ့ တူဖြစ်နေတာကိုး ... အပြင်မှာ ဘယ်လောက်ပြောကြမလဲ
ကြိုကြိုလည်း မကောင်းဘူးပေါ့၊ ဆရာမကြီး တူလုပ်လိုက်တာလို့ ပြော
ကြတာကိုး။ ဦးတင်ဖေတို့ မောင်အေးဆွေကို သွားတွေ့ကြတယ်။ ဆယ်
တန်းစာမေးပွဲအမီ အာမခံရဖို့ တရားရုံးတို့ ရဲစခန်းတို့ကို မေတ္တာရပ်ခံ
ပေးဖို့ ကြိုကြိုကို ပြောကြတယ် ...။ မောင်အေးဆွေက လူရိုးလူအေး
ပါ။ ကြိုကြိုလည်း သူ့ကို သဘောကျပါတယ် ...။ ဆယ်တန်းစာမေးပွဲ
ဖြေနိုင်အောင်တော့ အစွမ်းကုန် ကူညီရမယ် ...။ ဒီကြားထဲ မောင်စိုး
လည်း အပြောအဆို အနေအထိုင်ဆင်ခြင်ပါ ..."

နောက်ဆုံးသတိပေးသံမှာ အဒေါ်တစ်ယောက် လေသံမဟုတ်
ဘဲ ... ဆရာမကြီးတစ်ယောက် လေသံဖြစ်သည်ကို သတိထားလိုက်
မိသည်။

"ဟုတ်ကဲ့ပါ ... ကြိုကြို"

နေမင်းစိုး ခေါင်းငုံ့၍ ထွက်လာခဲ့သည်။

ဆရာမကြီး အခန်းအပြင်ဘက်သို့ ရောက်သည်နှင့် နေမင်း



စိုး ဝမ်းသာအားရ ပြုံးလိုက်သည်။

ခင်ဖုန်းနှင့် အေးဆွေတို့ဘာမှမဖြစ်ခဲ့ဘဲ ခင်ဖုန်း ချောချော
မောမောပြန်ရောက်လာသည်ကို ကြိုကြိုထံမှ အမှန်အမာ သိလိုက်ရ
သောကြောင့်ဖြစ်သည်။

"ဟင်း ... ငါထင်တဲ့အတိုင်းပါပဲ ... ခင်ဖုန်းက ဒီလို
ကောင်မျိုးကို ဘယ်လိုလုပ်စဉ်းစားမှာလဲ ...။ တောသားက လူပါးဝ
လို့ အနုအကောင်ရ နည်းသလားဆိုပြီး အနိုင်းခံလုပ်နေတာ ... ခင်ဖုန်း
နဲ့ဘာဆိုင်လဲ တခြားစီ"

ဒီတစ်သက်မှာတော့ မျှော်လင့်ချက် ကုန်ဆုံးပြီဟု စိတ်အား
ပျက်ခဲ့ရာမှ တဖန်ပြန်၍ စိတ်အားတက်လာရသည်။ ကိုယ့်အတွက်
မျှော်လင့်ချက် ရောင်ခြည်များရှိသေးသည်။

ယခုအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သည်။ ခင်ဖုန်းကို
သွားတွေ့မည်။ စာကျက်ရက်များ ပျက်ခဲ့ရသော ခင်ဖုန်းအတွက်
အကောင်းဆုံး ကူညီနိုင်မည့် နည်းလမ်းများကို စဉ်းစားနေမိသည်။

* * *

အိမ်ဝင်းတံခါးပိတ်ထားသော်လည်း နေအိမ်မှာတွဲလျက် ဖွင့်
ထားသော ရတနာရွှေဆိုင်ဘက်တွင် ခင်ဖုန်း၏ အမေ ဒေါ်စိန်မြထိုင်
နေသည်ကို တွေ့ရ၍ နေမင်းစိုး ဝမ်းသာသွားသည်။

ယခင်တစ်ခါက ဤအဒေါ်ကြီးကို ဤဆိုင်မှာပင် အထိတ်
တလန့်ဖြစ်စေမည့် သတင်းကို ပေးခဲ့ရသည်။

နေမင်းစိုး ပြုံးချင်စိတ် ဖြစ်မိသည်။

ယခုတစ်ခါတော့ အေးအေးဆေးဆေး ပြောရမည့်စကားများကို
စဉ်းစားလာခဲ့ပြီးသားဖြစ်သည်။

"အန်တီ ... ကျွန်တော် ..."

"ဟင်း … မင်း ဘာကိစ္စလဲ"

ဒေါ်စိန်မြကနေမင်းစိုးကို မြင်သည်နှင့် မကျေမနပ် စကား ဖြတ်၍ မေးလိုက်သောကြောင့် နေမင်းစိုး စဉ်းစားလာသည့်အတိုင်း စကားပြောခွင့်မရတော့ပါ …၊ ပြောလက်စကို ရပ်ပြီး စကားလမ်းကြောင်း ပြောင်းရသည်။

"ကျွန်တော်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီရဲ့တူမ ခင်ဖုန်းအတွက် အရေးကြီးတဲ့ မှတ်စုတွေနဲ့ ရန်ကုန်က ပို့လိုက်တဲ့ မေးခွန်းတွေ လာပေးတာပါ …၊ တကယ်ပါမယ့် မေးခွန်းတွေလို့ ပြောတာပဲ …"

"ဟော့ … အဲဒါဆို … သူငယ် .. ခဏနေဦး"

ဒေါ်စိန်မြ အမူအရာပြောင်းသွား၍ အိမ်ထဲသို့ ဝင်သွား သည်။ နေမင်းစိုး သဘောကျစွာ ပြုံးလိုက်သည်။

ခဏအကြာတွင် အိမ်ဖော်မိန်းကလေးတစ်ယောက် ဝင်းတံခါး လာဖွင့်ပြီး နေမင်းစိုးကို အိမ်ထဲသို့ ခေါ်သွားသည်။

အိမ်တွင်း၌ စာကြည့်စားပွဲတွင် ခင်ဖုန်း၊ အိဒိဖော်နှင့် ချစ်ချစ်ထွေး တို့ကို တွေ့ရသည်။ ရှေ့တွင် စာအုပ်များရှိနေ၍ စာအတူ ကျက် နေကြခြင်းဖြစ်ကြောင်း နေမင်းစိုး နားလည်လိုက်ပါသည်။

"နင်တို့ စာစုကျက်နေကြတာနဲ့ အတော်ပဲ …"

အတန်းဖော်ဖြစ်ခဲ့သော နေမင်းစိုးက တရင်းတနှီး ပြောရင်း ကုလားထိုင်လွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

သို့သော် မိန်းကလေးသုံးယောက်၏ မျက်နှာများက သူ့ကို ရင်းနှီးဖော်ရွေခြင်းမရှိကြ။ ခင်ဖုန်း မျက်နှာက ပို၍ တည်တည်တင်းတင်း ဖြစ်နေသည်။

"ပြော … ဘာကိစ္စလဲ …"



မေးပုံကလည်း အသံပြတ်နှင့်ဖြစ်သည်။

"ရန်ကုန်က အင်္ဂလိပ်စာ အထူးထုတ်စာအုပ်နဲ့ ဂုဏ်ထူး ဖြစ်မှာစာ … အထူးထုတ် စာအုပ်ရလို့ .. ပြီးတော့ .. ရန်ကုန် ၁၀(၁)မှာ တက်နေတဲ့ ငါ့ညီနဲ့ နှမက ပို့လိုက်တဲ့ … တစ်ကြိုနဲ့ ခန့်မှန်းမေးခွန်းတွေ လာပို့တာ …။ လာပို့တာကတော့ ခင်ဖုန်း တကျက်ရက်တွေ ပျက်ခဲ့ရလို့ .. ကူညီချင်တာနဲ့ တမင်လာပို့တာ … နင်တို့က ကံကောင်းတာပေါ့ … ငါဘယ်သူ့မှ မပေးသေးဘူး … နင်တို့အတူကြည့်ကြပေါ့ …"

နေမင်းစိုး ရောရောနှောနှော ပြောရင်း အထူးထုတ်စာအုပ် များနှင့် ခန့်မှန်းမေးခွန်းများကို ထုတ်ပေးသည်။

သို့သော် မည်သူမျှ ဝမ်းသာအားရ ယူခြင်း၊ ကြည့်ခြင်း မရှိကြ။

"ပြဋ္ဌာန်းထားတဲ့ စာအားလုံး ညက်ညက်ကျေအောင် ကြည့်ထားရမှာက ကျောင်းသူ၊ ကျောင်းသားရဲ့ တာဝန်ပဲ။ ဘယ်တစ် ကြိုတွေ … ခန့်မှန်းတွေမှ စိတ်ဝင်စားစရာ မလိုဘူးတဲ့ … နင့်ကြီး ကြီးကျောင်းအုပ်ဆရာမကြီးပဲ … ငါတို့ကို ပြောထားတာ … နင့် တစ်ကြိုတွေ … ခန့်မှန်းတွေ … ငါတို့ စိတ်မဝင်စားဘူး။ လိုလည်း မလိုချင်ဘူး … ပြန်ယူသွား။ ငါတို့က အားလုံးကျက်မှာ …။ နင့်ကို ငါမေးချင်တာ ရှိတယ်။

နေမင်းစိုးက မေးပါဆိုသောသဘောနှင့် ခင်ဖုန်းကို လှမ်းကြည့် လိုက်သည်။

"ငါတို့ သူငယ်ချင်းတွေ စေတီ့ချောင်ဘက် စီးသီးသွားစား ကြတာ သိရက်သားနဲ့။ ငါနဲ့အဆွေ စေတီ့ချောင်မှာ ချိန်းတွေ့တယ် လို့ ငါ့အိမ်ကို နင်ဘာလို့ လာတိုင်ရတာလဲ .."

ခင်ဖုန်းက အလွန်မေးချင်နေသော မေးခွန်းများကို နေမင်းစိုးအား တိုက်ရိုက်မေးလိုက်သည်။ မေးပုံ လေသံကလည်း တင်း[illegible]သည်။

ဤကဲ့သို့ ပြောင်ပြောင်တင်းတင်း မေးလိမ့်မည်ဟု မထင်[illegible] နေမင်းစိုး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ခင်ဖုန်းကို တစ်ချက်လှမ်းကြည့်ပြီး အကြည့်ချင်းဆုံသည်နှင့် ရင်မဆိုင်ရဲ၍ အထူးထုတ် စာအုပ်နှစ်အုပ်ဆီသို့ အကြည့်ပြောင်းသွားသည်။

"ငါနဲ့အေးဆွေ သမီးရည်းစားလည်း မဟုတ်ဘူး။ ချိန်းတွေ့ရလည်း ဘာအကြောင်းမှ မရှိဘူး။ ပြီးတော့ နှစ်ယောက်ထဲ သွားတာလည်း မဟုတ်ဘူး။ ချစ်ချစ်ထွေးလည်းပါတယ်။ အိအိဖော်လည်း ပါတယ်။ ကိုးအောင်လည်းပါတယ်။ အဲဒါတွေ နင်သိရက်သားနဲ့မဟုတ်တာကို ဘာလို့ပြောရတာလဲ...၊ ကဲ.. ပြောပါဦး.."

ခင်ဖုန်းက စိတ်မရှည်သော လေသံနှင့်ထပ်မေးသည်။

"သန်းရှင်က ... အဲဒီလို ပြောလို့ပါ ..."

နေမင်းစိုးက သန်းရှင်ကို လွှဲချလိုက်သည်။

"နင် ... အဲဒီလို ပြောတယ်ဆိုလို့ သန်းရှင်လာတဲ့ နေ့က ငါ အသေအချာမေးပြီးပြီ.."

ကြားဖြတ် ပြောသူ ချစ်ချစ်ထွေး ဘက်သို့ နေမင်းစိုး လှည့်ကြည့်လိုက်သည်။

"သန်းရှင်က သူအဲဒီလို မပြောဘူးတဲ့.. နင်က ခင်ဖုန်း မပါလာလို့ မေးတော့ ... အေးဆွေတို့နဲ့ တောချောင်ဘက် [illegible] သွားစားကြတယ်လို့ ပြောတာတဲ့။ နင်နဲ့လည်း ဆုံပြီး ရှင်းခဲ့တယ်တဲ့.. သူပြောတဲ့ အချိန်တုန်းက တောမှာ ရောက်နေမှန်း[illegible] ခော်မိုးရယ် နီနီမြင့်ရယ် ... သက်သေရှိတယ်တဲ့။ နင် ...ဆုံပြီး ရှင်းခဲ့လား.."



ပါတို့ဆုံပေးမယ် ..."

ချစ်ချစ်ထွေးက အခိုင်အမာ ပြောပြီး အပိုင်မေးခြင်းဖြစ်၍ ဘာမှပြန်မပြောနိုင်ပါ။

"မဟုတ်မှန်း သိရက်သားနဲ့ နင် အိမ်လာပြီး ညာတိုင်တာ တစ်ဖက်သား ဘယ်လောက်ဒုက္ခဖြစ်လဲ ... နင်စဉ်းစား ကြည့်စမ်း။ အိမ်နေက ငါ့အစ်ကိုတွေသာတွေ့ရင် ... ဒေါသဖြစ်နေတဲ့ ငါ့အစ်ကိုတွေက ငါ့ကိုသတ်မယ်။ သူတို့လည်း လူသတ်မှုနဲ့ ထောင်ထဲဝင်ရမယ်.."

မတွေ့တော့လည်း ငါ့မှာ ယောက်ျားလေးတစ်ယောက်နဲ့ ညကြီး ထွက်ပြေးရတယ်။ ဘယ်လောက် ဒုက္ခဖြစ်မလဲ ... ငယ်တိုးရွာက အေးဆွေ သူငယ်ချင်းအိမ်မှာ နှစ်ရက်နေခဲ့ရတယ်။ အေးဆွေ ငါ့ကို [illegible]တစ်ယောက်လို ကူညီစောင့်ရှောက်တယ်။ နောက်တော့ အေးဆွေက သူများအိမ်မှာ နေရတာ အားနာလို့ သူ့ရွာခေါ်သွားတယ်။ သူ့အိမ်ကျတော့လည်း သူ့မိဘတွေကပါ ... ငါ့ကို သီးသန့်အခန်းတစ်ခုနဲ့ထားပြီး အကောင်းဆုံး ကူညီကြတယ်။

ငယ်တိုးရွာမှာရော သူ့အိမ်မှာရော အေးဆွေ ငါ့ကို ဆန်းဆန်းပြားပြား ပြောဖို့ထားလို့ မနီးသားတဲ့ မျက်စိနဲ့တောင် တစ်ခါမှမကြည့်ဖူးဘူး ... ရိုးရိုးသားသား ကူညီစောင့်ရှောက်တယ်။

အခုတော့ သူ့မှာ အချုပ်ထဲရောက်နေတယ်။ အာမခံတောင် မရဘူး။ စာမေးပွဲတောင် ဖြေရမှာမဟုတ်ဘူး။ ဒါတော့ အားလုံး နင်မဟုတ်တာ လုပ်ကြံပြီး တိုင်လို့ ဖြစ်ရတာ ...။

အေးဆွေက တောသားပေမယ့် ရိုးသားတယ်။ စိတ်ရင်းကောင်းတယ် ... သူများကို မတရားတဲ့ အခွင့်အရေးမယူဘူး။ အနစ်နာခံတယ်။ ယောက်ျားပီသတယ် ...။

နင်က မရှိလာဘူး။ လိမ်ညာပြောတယ်။ သူမှား ချက်ချေ ဆောင် လုပ်တယ်။ မနာလိုစိတ်တွေများတယ်။ နင်ယောက်ျား မရှိ ဘူး ...။

ထားယ်လို့ ငါက အိမ်ထောင်ဘက်ရွေးပို့ စဉ်းစားရင် နင့်လို ကောင် ဘယ်တော့မှ မရွေးဘူး။ အေးဆွေလို ယောက်ျားမျိုးပဲ ရွေးမယ် "နင်သွားတော့ ..."

ခင်ဖုန်းက အားမနာတမ်း ပြောချလိုက်သည်။

ဤသို့ အပြောခံရမည်ဟု နေမင်းစိုး မထင်ခဲ့။ ဘာပြန်ပြော ရမှန်းလည်းမသိ။ ရှက်သည့်စိတ် မခံချင်စိတ် ကြီးမားစွာနှင့်ထိုင်နေရာ မှ ထလိုက်သည်။

"ငါက နင့်ကို စေတနာနဲ့ အချိန်မီတားနိုင်အောင်လုပ်ခဲ့တာ ပါ ..."

နေမင်းစိုး တစ်ခွန်းတော့ ပြောကြည့်သေးသည်။

"ဘာစေတနာလဲ ... နင်မသိချင်ယောင်ဆောင်ပေမဲ့ အားလုံး သိတယ် ...။ မနာလိုစိတ် အကြီးကြီးဖြစ်နေတာ ..."

ဆက်ပြောလေ ဝိဂ် အရှက်ကွဲလေဖြစ်တော့မည်မို့ အထုပ်ထုတ် စာအုပ်နှစ်အုပ်နှင့် တစ်ကြိမ်ခန့်မှန်းမေးခွန်းများကို ပြန်ယူပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။

"ဟင်း ... သိကြသေးတာပေါ့ ... ခင်ဖုန်းရာ ..."

* * *

"ငါ့ မောင်လေး ... ဘာမှမဖြစ်မရှိဘဲနဲ့ အချုပ်အနှောင်ခံ နေရတာ သနားလိုက်တာ ... ဟီး ... အီး ..."



အေးဆွေ၏ အစ်မ မြရင်က အေးဆွေကို ဖက်ပြီး ငိုနေညည်းရှာ နေကြသည်။

"သားလေးရယ် ... အမေစိတ်မကောင်းလိုက်တာကွယ် .. ငါ့သားလေး သနားစရာကောင်းလိုက်တာ ..."

အေးဆွေ၏ အမေ ဒေါ်ငြိမ်းလည်း အေးဆွေကို ကြည့်ပြီး ငိုနေရှာသည်။ အေးဆွေ၏ အဖေနှင့်အစ်ကိုများကတော့ အေးဆွေကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေကြသည်။

အေးဆွေ၏ အစ်မနှင့်အမေ၏ ငိုသံကို ရဲစခန်းတွင်းသို့ ဝင်လာနေသော ခင်ဖုန်းနှင့် ဆရာမကြီး အပါအဝင် ဆရာမများ ကြား နေရပါသည်။

"သူ့အိမ်က ရောက်နေကြတယ် ... ထင်တယ် ..."

ဆရာမကြီးမှာ သူတို့၏ အပြစ်အတွက် မျက်နှာမှ ချွေးလုံး ထိုသွားသည်။

"အေးဆွေရဲ့ အိမ်က မိသားစုတွေပါ ဆရာမကြီး။ တောသူ တောင်သားတွေ သိပ်ရိုးတယ် .. စိတ်ရင်းလည်း ကောင်းပါတယ်၊ တွေ့ လို့ရပါတယ် ..."

ခင်ဖုန်းက ရှေ့ဆောင်၍ ဆရာမကြီးကို ခေါ်လာခဲ့သည်။

"ဟာ ... ဟိုမှာ ... ခင်ဖုန်း ..."

အေးဆွေ၏ ယောက်မတင်မြင့်က ခင်ဖုန်းနှင့် ဆရာမကြီး တို့အဖွဲ့ကို လှမ်းမြင်၍ လာကြသည်။

"အမယ်လေး ... ညီမလေးရယ် ... မောင်လေးမှာ ဘာမှ အပြစ်မရှိဘူးဆိုတာ ... ညီမလေး အသိဆုံးပါ၊ မောင်လေးကို ကယ်ပါ ဦး ... ညီမလေးရယ် ..."

မြရင်က ခင်ဖုန်းကို အားကိုးတကြီး အကူအညီတောင်းရန် ငိုကြွေးပြန်ပါသည်။ ခင်ဖုန်း ကိုယ်တိုင်လည်း ပါးပေါ်မှ မျက်ရည်များ စီးကျနေပါသည်။

"စာမေးပွဲအမီ လွတ်အောင် ဆရာမကြီးကိုယ်တိုင် လိုက်လုပ်နေပါတယ် ... ဒါက ဆရာမကြီးပါ ..."

ဒါက အတန်းပိုင်ဆရာမ ဒေါ်ယဉ်ကြည် ... ဒီဆရာမတွေ အားလုံးက သမီးတို့ကို သင်တဲ့ဆရာမတွေ ...။

ခင်ဖုန်းက အေးဆွေ၏ မိသားစုနှင့် ဆရာမကြီးအပါအဝင် ဆရာမများကို မိတ်ဆက်ပေးသည်။

"ဒါက အေးဆွေ အဖေနဲ့အမေ ဒါက အေးဆွေ အစ်ကိုတွေ ဒါက အေးဆွေ အစ်မ ..."

"ကျွန်မတို့လည်း မောင်အေးဆွေ ဒီလိုဖြစ်ရတာကို စိတ်မကောင်းပါဘူး။ စာမေးပွဲအမီလွတ်အောင် ကြိုးစားနေကြပါတယ်။ ရုံးခန်းကလည်း အမြန်ဆုံး ရုံးတင်နိုင်အောင် လုပ်နေပါပြီ။ တရားသူကြီးကလည်း စာမေးပွဲအမီ စစ်ပေးနိုင်အောင်နဲ့ အနည်းဆုံး အာမခံရနိုင်အောင် လုပ်ပေးနိုင်မှာပါလို့ ပြောပါတယ် ..."

"ဟုတ်ကဲ့ ... ဒီလို ကြားရတာ ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ် ... ကျွန်တော်သားလေးက ဘာအပြစ်မှမရှိဘဲနဲ့ အချုပ်အနှောင်ခံနေရတာပါ ..."

ဦးကံရလည်း သားအတွက် စိတ်မကောင်းဖြစ်နေရသည်။

"မောင်အေးဆွေ စာကျက်ထားနော် ... စာမေးပွဲအမီ ထွက်ရတာနဲ့ ဖြေနိုင်အောင် လုပ်ထားနော် ..."

ဆရာမကြီး အားပေးခါမှ အေးဆွေ၏ မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။



မနေ့က ခင်ဖုန်းငိုသော်လည်း မငိုမိ။ ယနေ့အစ်မနှင့် အမေ ငိုနေကြသော်လည်း မျက်ရည်မကျခဲ့။ ဆရာမကြီး အားပေးခါမှ ဝမ်းသာ မျက်ရည်ကျရသည်။

"ဆရာမကြီးလည်း စိတ်မကောင်းပါဘူးကွယ် ..."

သူ့တူ နေမင်းစိုးကြောင့် ယခုလိုဖြစ်ရသည်ကို အေးဆွေ သိလိမ့်မည်ဟု ဆရာမကြီး နားလည်ထားပါသည်။

ဆရာမများမှာ အေးဆွေကို ကြည့်ပြီး ပို၍စိတ်မကောင်းဖြစ်ကြသည်။ နေမင်းစိုးကိုလည်း ပို၍ မကျေမနပ်ဖြစ်ကြသည်။

ခင်ဖုန်းကတော့ အေးဆွေ မျက်ရည်ကျသည်ကို မြင်ရ၍ မျက်ရည်များ အဆီးအတားမရှိ စီးဆင်းလာကြသည်။

"မိန်းကလေးမှာလိုက်တဲ့ စာအုပ်တွေ လူလေးကို ပေးပြီးပြီ"

အေးဆွေ၏ ယောက်ဖ တင်မြင့်က ခင်ဖုန်းကို လှမ်းပြောလိုက်သည်။ အေးဆွေ၏ ဘေးမှာ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော စာအုပ်များကို ခင်ဖုန်းတွေ့ပါသည်။

"မနေ့က နင် စာကြည့်ဖြစ်လား ..."

ခင်ဖုန်း အသံကိုထိန်း၍ မေးရင်း မျက်ရည်များ သုတ်ပစ်လိုက်သည်။

အေးဆွေ ခေါင်းညိတ်ပြသည်။

"မောင်အေးဆွေ အမြန်ဆုံးထွက်ရအောင် ဆရာမကြီးတို့ ကြိုးစားပေးပါ့မယ်။ ဦးတပည့်က စာကျက်ထားပါ။ မင်းဆရာမတွေကလည်း စာအုပ်တွေ ယူလာကြသေးတယ် ..."

ဆရာမများက မှတ်စုထုတ်ထားသော စာအုပ်များ၊ အထူးထုတ် စာအုပ်များ အေးဆွေကို ပေးကြသည်။

"ဦးတပည့် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဘဝ မနစ်မွန်းစေနဲ့။

စာကျက်သား စာမေးပွဲအောင်အောင် ပြေရမယ် ...''

အတန်းပိုင်ဆရာ ဒေါ်ယဉ်ကြည် ပြောလိုက မဝံ့ချင်စိတ်ဖြစ်သည်။

''တာဝန်ကျေတော့ နားမလည်လို့ မေးထားတာတွေ ... ပြန်ထားတယ် ... ရှင်းလင်းချက်တွေလည်း ရေးထားတယ် ... ဖတ်ကြည့်လိုက် ... နားမလည်ရင် မနက်ဖြန်ခါကျတော့ လာဦးမယ် ... ငါမှတ်ထားတဲ့ရင် ဆရာမကို မေးပြီး ရှင်းပြပေးမယ် ...''

ခင်ဖုန်းနှင့် အေးဆွေတို့ တာဝန်ဝေဒဆရာမ ဒေါ်တင်တင်အေးကို လှမ်းကြည့်လိုက်ကြသည်။ ဆရာမက ခေါင်းညိတ်ပြသည်။

''မောင်အေးဆွေ နားမလည်တာတွေ ရေးမှတ်ထားပြီး ခင်ဖုန်းကို ပေးလိုက် ဆရာမ ရှင်းပြပေးမယ် ...''

''ရော ... ဒါ ... နင့် စာရွက် ...''

ခင်ဖုန်းက ချောကလက်တစ်ထုပ်နှင့် လိမ္မော်သီး (၅)လုံးကို ပလတ်စတစ်အိတ်နှင့် ထည့်၍ အေးဆွေကို လှမ်းပေးသည်။

အေးဆွေ လှမ်းမယူဘဲ ခေါင်းရမ်းပြသည်။

''တော်ပါပြီကွာ ... မယူချင်တော့ပါဘူး ...''

''ညကျ စာကျက်ရင် မအိပ်ချင်အောင်လို့ ပေးတာပါ ...''

ခင်ဖုန်းက တောင်းတောင်းပန်ပန် ပြောနေသည်။

''အချုပ်ခန်းထဲမှာ အမှုနဲ့နေရတာ ကိုယ့်တစ်ယောက်ထဲ စားလို့လည်း မကောင်းပါဘူး ...''

အဲဒါဆိုရင်တော့ ယူထားလိုက်ကွ ... ဒီနေ့ ညနေကျရင် မင်းကို အချုပ်ခန်းအဖော်တွေ ပြောင်းထားမယ်လို့ မြို့နယ်မှူး ပြောထားတယ်။ အဲဒီ အချုပ်ခန်းက ကျဉ်းလို့ မသုံးဘဲထားတာ။ မင်းစာကျက်လို့ရအောင် မီးချောင်းလည်း တပ်ထားပြီ။

အေးမှာစောင့်နေသော ရဲတပ်ကြပ်ကြီးက ဖြတ်ပြောလိုက်သည်။

''ကျွန်တော့် တစ်ယောက်တည်းလား ...''

''မဟုတ်ဘူး ... မင်းအဖော်ရအောင် အချုပ်သားထဲက ရှယ်နှစ်ယောက်ပါ မင်းနဲ့အတူထားမှာ ...''

''အဲဒါဆိုရင်တော့ သူမျာ စေတနာနဲ့ ပေးနေတာ ... ယူထားလိုက်ပါ ... အေးဆွေရယ် ...''

အတန်းပိုင်ဆရာမက ခင်ဖုန်းကို ကြည့်၍ စိတ်မကောင်း။

ခင်ဖုန်းပေးနေသော အိတ်အဝါလေးကို အေးဆွေလှမ်းယူလိုက်ပါသည်။

* * *

တာဝန်ဝေဒ နမူနာမေးခွန်းဖြေဆိုလေ့ကျင့်ရန် ကျောင်းသူကျောင်းသားများရောက်နေပြီဖြစ်သော်လည်း ဆရာမဒေါ်ယဉ်ကြည် ရောက်မလာသေး၍ စောင့်နေကြရသည်။

''မနက်ဖြန်ခါ တရားရုံးမှာ အေးဆွေ အမှုစစ်မှာကွ .. ငါ သွားနားထောင်ချင်လိုက်တာ ... စာတွေကလည်း ကျက်လို့ မပြီးသေးဘူး ...''

တိုင်းအောင်က သူ့ဆန္ဒကို ဘေးနားမှ သူရရှိအား ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် အသံက နည်းနည်းကျယ်သွား၍ အတန်းထဲမှ လူတော်တော်များ ကြားသွားကြသည်။

နေမင်းနိုးနောက်သို့ လှည့်ကြည့်လိုက်သည်။

''ကိုယ့်စာကို ကြည့်ပေါ့ကွ ... တခမဲ့ ဒီလောက်ကပ်နေတာ ... ဘာဖြစ်လို့ အချိန်ကုန်ခံရမှာလဲ ... သူ့ဘာသာ သူ့အပြစ်နဲ့ သူခံရတာ ... ကိုယ်နဲ့ဘာဆိုင်လဲ ...''

နေမင်းနိုး ပြောပုံကို မကျေနပ်၍ ချစ်ချစ်ဝေ့ လှမ်းမေး
လိုက်သည်။

"သူအပြစ်နဲ့သူဆိုတာတွေ မဟုတ်ဘူးကွ.. သူ့မှာ ဘာအပြစ်
မှ မရှိဘူး.. ဝေဘူရှောင်ဘက် ဝီးသီးသွား စားကြတာ။ ငါလည်း
ပါတယ်.. မင်းတို့တောင် နောက်ကျောင်းရွာသွားကြသလို.. ငါ
လည်း ဝေဘူရှောင်ဘက်မှာ ဝီးသီးသွားစားကြတာပဲ။ မင်း ခင်ဖုန်း
အိမ်သွားပြောလို့.. ခုလို မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ.."

တိုင်းအောင်က သူ့ရင်ထဲမှာ မကျေနပ်မှု အခံရှိနေ၍ မှုတ်ထွက်
လာသည်။

"ဟ.. ဒါဆိုရင်လဲ မင်းတို့ ထွက်လာသလို... သူတို့လည်း
ထွက်လာလိုက်ပေါ့ကွ.. ရိုးရိုးသားသားဆိုရင် ဘာလို့ ထွက်မလာရ
လဲ.. မရိုးသားလို့ သူတို့နှစ်ယောက်ထဲ ပုန်းနေပြီး နိုးထွက်ပြေးကြ
တာပေါ့။ အဲဒါကိုများ အလကားနေရင်း ငါတရားခံဖြစ်အောင် ပြောချင်
တဲ့ လူတွေကရှိသေးတယ်.."

နေမင်းနိုးက အားလုံးကြားအောင် လေသံမာမာနှင့် ပြောလိုက်
သည်။

ချစ်ချစ်ဝေ့ သူ့နေရာမှာ ထရပ်လိုက်သည်။

"နင် ... မဟုတ်တာ မပြောနဲ့။ ခင်ဖုန်းတို့ အိမ်မှာတုန်းက
နင့်ကို ငါတို့ ပြောပြီးသား... နင့်ကြောင့် သူ့အစ်ကိုတွေ ဓားနဲ့လိုက်
လာတာ ကြောက်လို့ ပုန်းနေရတာ.. ပြီးမှ ပြန်မလာရဲလို့ ထွက်ပြေး
ကြရတာ ... ဒါပေမဲ့ ရိုးရိုးသားသား နေခဲ့ကြတယ်ဆိုတာ..
အားလုံး သိပြီးသားပဲ.."

နေမင်းနိုးဘက်မှ ရယ်သံထွက်လာသည်။

"နင်က ဘာရယ်တာလဲ.."



ချစ်ချစ်ဝေ့ မကျေနပ်။

"ဘယ်လိုပဲဖြစ်ဖြစ် ညအမှောင်ကြီးမှာ နှစ်ယောက်ထဲ နိုး
ထွက်ပြေးကြတာပဲဟ ... ငယ်ထိုးမှာလည်း အိမ်လေးတစ်အိမ်မှာ
နှစ်ယောက်ထဲ အတူအိပ်ခဲ့ကြတာပဲ.. တစ်ညတောင် မဟုတ်ဘူး
နှစ်ည.."

"ဘယ်နှစ်ည အိပ်အိပ် သူတို့ မောင်နှမလိုနေခဲ့ကြတာလို့
နင့်ကို ပြောပြီးသားပဲ.."

"ဒါတော့ နင်ယုံချင်ယုံပေါ့.. ငါ ဘာမှ မပြောပါဘူး။
ရိုးရိုးသားသားဆိုရင် ငယ်ထိုးကနေ ပြန်လာပေါ့။ တောမရွာက အေးဆွေ
အိမ်ကို ဘာလို့ လိုက်သွားရတာလဲ ... အဲဒီမှာလဲ အေးဆွေ အိမ်မှာ
နှစ်ညအတူ နေခဲ့ကြတာပဲ.."

ခင်ဖုန်း အရှက်တကွဲ ဖြစ်အောင် နေမင်းနိုး လုပ်နေပြီကို
ချစ်ချစ်ဝေ့နှင့်အိအိဇော်တို့ သိလိုက်ကြပြီ။

အိအိဇော်ပါ မနေနိုင်တော့ဘဲ ချစ်ချစ်ဝေ့ ဘေးမှာ ထရပ်
လိုက်သည်။

"နင် ... သူများသိက္ခာကျအောင် မပြောပါနဲ့.. သူတို့
ရိုးရိုးရှိ.. အခု ခင်ဖုန်းအိမ်ပြန်လာတာ.. နင်သိပြီးသားပဲ.."

"အိအိဇော်က မကျေမနပ် ဝင်ပြောသည်။"

"သိသားပဲ.. သူ့ မိဘတွေက အတင်းခွဲပြီး ခေါ်တိုင်လို့ ခု
ဟိုကောင် အချုပ်ခံနေရတာလေ။ ရိုးရိုးသားသားဆို ဘာလို့ အချုပ်ခံ
ရမှာလဲ.."

ချစ်ချစ်ဝေ့နှင့်အိအိဇော် ဘာပြန်ပြောရမှန်းမသိဖြစ်သွားကြသည်။
နားထောင်နေကြသော ကျောင်းသား ကျောင်းသူများလည်း
ဖဝေဖဝါ ငြိမ်သွားကြသည်။

"ဒါ… အေးအေးနဲ့ သွားတွေ့တာတော့ သူတို့ ဘာမှ မ[illegible] ဘူးတဲ့။ နိုးနိုးသားသား ကူညီခဲ့တာပဲတဲ့ … အမှုစစ်တာနဲ့ [illegible] အဓိ သူလွတ်မှာတဲ့…"

"အယ်လွတ်မလဲ.. မင်းကောင်.. ထောင်ကျမှာ…"

"ဘာမှ မဖြစ်တဲ့ ဘာလို့ ထောင်ကျရမှာလဲကွ.."

တိုင်းအောင်က နေမင်းစိုး ပြောပုံကို မကျေနပ်။

"ဘာမှမဖြစ်ရင်… ခင်ဖုန်းက ဘာလို့.. အချုပ်ခန်းထဲ ရောက်နေရတာလဲ.. မနေ့ကလဲ.. ဆရာမတွေ ရှေ့မှာတောင် မထိန်းနိုင်ဘူး။ ငိုနေလို့ ဆရာမတွေတောင် စိတ်မကောင်း ဖြစ်ကြတယ် တဲ့.."

"ဟို… ဒါကတော့ ကိုယ့်သူငယ်ချင်းတစ်ယောက် ဒုက္ခ ဖြစ်နေတာကို သနားလို့နေမှာပေါ့ … နင်သာ သူများကို ထောင်ကျစေ ချင်နေတာ …"

ချစ်ချစ်ထွေးက ခင်ဖုန်းဘက်မှ မခံချင်၍ ရန်တွေ့လိုက်သည်။

"ဟူး … ဆရာမ လာနေပြီ …"

ဆရာမ ဒေါ်ယဉ်ကြည် ဝင်လာ၍ အားလုံး စကားသံတိတ် သွားကြသည်။

ချစ်ချစ်ထွေးကို ပြန်မပြောလိုက်ရ၍ နေမင်းစိုး မကျေနပ်။

ချစ်ချစ်ထွေးကလည်း နေမင်းစိုး၏ စိတ်သဘောထားကို မကျေနပ်။

* * *

ယနေ့ တရားရုံးမှာ ခါတိုင်းထက် ပို၍ လူစည်ကားနေ၏။ အေးအေး အမှုကို စစ်ဆေးမည့်နေ့ဖြစ်သည်။

ဆရာဦးတင်ဖေ၊ ဆရာမ ဒေါ်ယဉ်ကြည်နှင့် အတန်းသင် သော ဆရာ ဆရာမများ အေးအေး သံယောဇဉ်နှင့် တရားရုံးသို့ လာကြသည်။



ခင်ဖုန်းကိုယ်တိုင် အစစ်ဆေးခံရသည်ဖြစ်၍ ခင်ဖုန်းအဖော် အောင် ချစ်ချစ်ထွေးနှင့် ဒီဒီခေါ်တို့ လိုက်ပါလာကြသည်။ လိုအပ် လျှင် သက်သေခံနိုင်ရန် ခင်ဖုန်းက အကူအညီ တောင်း၍ သန်းရင်ပါ လိုက်လာသည်။

"ဟိုကောင် နေမင်းစိုး ပြောသလို အေးအေး ထောင်ကျမှာကို ဒီ စိုးရိမ်လိုက်တာဟာ …"

တိုင်းအောင်က မှုန်စိတ်နှင့် ရုံးသို့ လိုက်လာခြင်းဖြစ်သည်။

"အဲဒီကောင်း စိတ်ရင်းမကောင်းတဲ့ကောင် … သူဖြစ်စေချင် တာပြောတာ … ဘာမှမဖြစ်ဘူး … ဒီနေ့ လွတ်မှာလို့ … ရှေ့နေကြီး ဦးမြတ်ညွှန့်က ပြောတယ်တဲ့ …"

ချစ်ချစ်ထွေးက တိုင်းအောင် စိတ်ချမ်းသာအောင် ပြန်ပြော လိုက်သည်။

အေးအေး၏ မိဘ၊ အစ်ကို၊ အစ်မများနှင့် တောရွာမှ ဆွေ မျိုးသားချင်းများလည်း အစောကြီးကတည်းက ရောက်နေကြသည်။

ရုံးဝင်းထဲသို့ ဆိုင်ကယ်တစ်စီး မောင်းဝင်လာ၍ တိုင်းအောင် ရှေ့မှာ ရပ်လိုက်သောကြောင့် တိုင်းအောင် လန့်ပြီး ဘေးဘက်သို့ ခုန် ရှောင်လိုက်သည်။

"ဟင် … ကိုကိုတို့ ဘာလို့လာတာလဲ …"

ခင်ဖုန်းက သူ့အစ်ကိုနှစ်ယောက်ကိုကြည့်ပြီး အံ့ဩနေသည်။

"ငါတို့လည်း အမှုစစ်တာ နားထောင်ချင်လို့ …"

အစ်ကိုအကြီး မြအောင်က ခေါင်းပေါ်မှ ဆိုင်ကယ်ဦးထုပ်ကို ချွတ်ရင်းပြောသည်။

"ဟင် ... ညီမလေးကို စစ်ရင် ... ရှက်စရာကြီး နားမထော
ပါနဲ့ ..."

"ဘာလို့ ရှက်ရမှာလဲဟ ... နင်အမှန်အတိုင်း ပြောမှာပဲ
ပြောမှာ... ဟို... နေမင်းနိုးဆိုတဲ့ကောင်က မဟုတ်တရားတွေ
ပြောနေတယ်ဆိုတာ ကြားလို့ မခံချင်လို့ အေးဆွေဆိုတဲ့ ကောင်လေး
ငါတို့ကြောင့် ခုလို ဒုက္ခဖြစ်ရတာလည်း သနားလို့ ..."

"အဲဒါလည်း ကိုကိုတို့ကြောင့် မဟုတ်ပါဘူး ... နေမင်း
ကြောင့်ပဲ"

"ဒီအမှုပြီးရင်တော့ ဒီကောင် ငါနဲ့တွေ့ဦးမယ် ..."

မကျေမနပ် ပြောလိုက်သော အစ်ကိုငယ် မင်းမင်းကို ခင်မုံ
လှမ်းကြည့်လိုက်သည်။

"တွေ့စရာမလိုပါဘူး ... သူမဟုတ်မတရား လျှောက်ပြော
တော့ သူ့စိတ်ရင်းမကောင်းတာ လူတိုင်းသိတာပေါ့ ..."

"ဒီကောင် လာနားမထောင်ဘူးလား ..."

မြအောင်က မေးရင်းနှင့် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်
လိုက်သည်။

"ဘယ်လာလိမ့်မလဲ ... ဆရာဦးတင်မေနဲ့ ဆရာမတွေလည်း
သူ့ကို လုံးဝမကျေနပ်ဘူး ..."

ချစ်ချစ်ထွေးက ခပ်လှမ်းလှမ်းတွင်ရှိနေသော ဆရာ၊ ဆရာမ
များထံသို့ အကြည့်နှင့်ပြလိုက်သည်။

"ဓာတုဗေဒအစမ်းဖြေတဲ့နေ့က အတန်းထဲမှာ သူပြောတာကို
လည်း တစ်တန်းလုံး မကျေနပ်ကြဘူး ..."

အိအိဇော်ဘက်သို့ မင်းမင်းလှမ်းကြည့်လိုက်သည်။

"ဘယ်လိုပြောတာလဲ ..."



"အေးဆွေ ထောင်ကျမှာ သေချာတယ်လို့ ပြောတာ ..."

ချစ်ချစ်ထွေးက အိအိဇော် စကားလွန်မည်စိုး၍ ဖြတ်ပြော
လိုက်သည်။

"ယုတ်မာလိုက်တာ ဒီကောင့်စကားကို ယုံပြီး ငါတို့ဒေါသ
ထကြီးဖြစ်ခဲ့တာ သိပ်မှားတယ် .."

မြအောင်က ခုမှ နောင်တရနေသည်။

ဆယ်တန်းကျောင်းသူ၊ ကျောင်းသားများမှာ စာမေးပွဲနီး၍
အလာနည်းသော်လည်း ခင်မုန်းကို စိတ်ဝင်စားသော ယောက်ျားလေး
အချို့ရောက်လာကြသည်။ တစ်ရပ်ကွက်တည်းနေ မိန်းကလေးအချို့
လည်း ရောက်လာကြသည်။

နေ့ခင်း(၁)နာရီတွင် အေးဆွေ အမှုကို စတင်စစ်ဆေးသည်။
တရားရုံးအတွင်းမှာ နားထောင်သူများနှင့် စည်ကားနေ၏။

တရားသူကြီးက ပုံမှန်အတိုင်း စစ်မေးရန်ရှိသည်တို့ကို ရှေး
ဦးစွာ စစ်ဆေးမေးမြန်းပြီး အဓိက စစ်မေးရမည့် ခင်မုန်းကို အသက်
ဆယ့်ခြောက်နှစ်ပြည့်၊ မပြည့် စတင်စစ်ဆေးသည်။

"ကျွန်မ အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီးတာ နှစ်လကျော်
သွားပါပြီ ..."

ခင်မုန်းက မှတ်ပုံတင်ကတ်ပြားနှင့်တကွ တင်ပြသည်။ ကျောင်း
ဝင်မှတ်ပုံတင်စာရင်းမှာ ဖော်ပြထားသည့် အသက်နှင့် မှတ်ပုံတင်ပါ
အတူတူပင်ဖြစ်ကြောင်းလည်း ပြောပြသည်။

တရားသူကြီးက ကျောင်းမှ တာဝန်ရှိသူအား စစ်မေးရာ
အတန်းပိုင်ဆရာမ ဒေါ်ယဉ်ကြည်က ကျောင်းဝင်မှတ်ပုံတင်စာအုပ်ပါ
ခင်မုန်း၏ မွေးနေ့သက္ကရာဇ်နှင့်တကွ တင်ပြသည်။

တရားသူကြီးက ခင်မုန်းကို ဆက်စစ်သည်။ အေးဆွေက

ခြိမ်းခြောက်ခေါ်ယူခြင်း ရှိမရှိ၊ သို့မဟုတ် လိမ်လည်လှည့်ဖျား၍ ...
ဆောင်ခြင်း ဟုတ်မဟုတ် စစ်ဆေးမေးသည်။

"ခြိမ်းခြောက်ခေါ်တာလည်း မဟုတ်ပါဘူး ... လိမ်လည်လှည့်ဖျား ခေါ်တာလည်းမဟုတ်ပါဘူး ... အဲဒီနေ့က ကျောင်းသက်... နောက်ဆုံးနေ့ဖြစ်ပါတယ်။ နေ့တစ်ဝက်နဲ့ ကျောင်းဆင်းပေးလိုက်... တချို့ကတော့ နောက်ကျောင်းရွာကို သွားပြီးအကြော်စားကြပါတယ်... ကျွန်မတို့ကတော့ ဇီးသီးခူးစားမယ်ဆိုပြီး တောချောင်ဘက်ကို အလျှ... သွားကြတယ်။ ကျွန်မသူငယ်ချင်း ချစ်ချစ်ထွေးနဲ့ အိအိဖော်လည်း ပါပါတယ် ..."

ခင်ဖုန်းက သူနှင့်မလှမ်းမကမ်းမှာ ထိုင်နေသော သူငယ်ချင်းနှစ်ယောက်ဆီသို့ ညွှန်ပြသည်။ ချစ်ချစ်ထွေးနှင့် အိအိဖော်ကလည်း ခေါင်းညိတ်ပြ၍ တရားသူကြီးက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ဇီးသီးခူးနိုင်ဖို့ ယောကျ်ားလေးနှစ်ယောက်လည်း ပါပါတယ်... အေးဆွေနဲ့ တိုင်းအောင်ပါ ..."

အားလုံးက တရားခံနေရာမှာ ထိုင်နေသော အေးဆွေကို လှမ်းကြည့်လိုက်ကြသည်။

တိုင်းအောင်က သူ့နာမည်ပါ၍ ဟုတ်မှန်ကြောင်း ခေါင်းညိတ်သည်ကို တရားသူကြီးက သတိထားလိုက်မိသည်။

အဲဒီအချိန်မှာ ကျွန်မတို့ အတန်းက မော်နီတာ နေမင်းစိုးက ကျွန်မ အိမ်ကိုသွားပြီး မေမေ့ကို ကျွန်မနဲ့ အေးဆွေ တောချောင်မှာ ချိန်းတွေ့နေကြတယ်လို့ သွားတိုင်တာပါ။

တရားသူကြီး ခေါင်းညိတ်ပြသည်။

"တိုင်တာကလည်း အော်ကြီးဟစ်ကျယ်ဆိုတော့ ကျွန်မအစ်ကိုတွေပါကြားပြီး ခုတ်မယ်၊ သတ်မယ်နဲ့ လာဆွဲပြီး တောချောင်ဘက်ကို



လိုက်လာကြတာပါ ..."

တရားသူကြီး ခေါင်းညိတ်ပြသည်။

တရားရုံးတစ်ခုလုံး ဆိတ်ငြိမ်စွာနှင့် ခင်ဖုန်းပြောသည်ကို နားထောင်နေကြသည်။

"ပြီးတော့ နေမင်းစိုးကပဲ ဆရာ၊ ဆရာမတွေကို လိုက်ပြောပြီး ခေါ်ပါတယ် ... တွေ့သမျှ ကျောင်းသားတွေလည်း လိုက်ခဲ့ဖို့ခေါ်တော့ လူတွေအများကြီး စက်ဘီးတွေနဲ့ တောချောင်ဘက်ကို လိုက်လာကြတာပါ ..."

ခင်ဖုန်းက အမှုနှင့်မည်မျှဆိုင်သည် မဆိုင်သည် မသိ။ သူ့သိက္ခာကို ဆယ်ရန်နှင့် နေမင်းစိုး၏ မဟုတ်မှန်သော လုပ်ရပ်ကို ပေါ်လွင်အောင် ရှင်းလင်းပြောပြနေသည်။

တရားသူကြီးကလည်း စိတ်ရှည်စွာနှင့် နားထောင်ပေးပါသည်။ ပရိသတ်ကတော့ ခင်ဖုန်း ပြောသည်ကို စိတ်ဝင်စားနေ၏။

"တကယ်ကတော့ ကျွန်မတို့ အဲဒီနေ့က ကျွန်မသူငယ်ချင်း မသန်းရင်နဲ့အတူ သူတို့နေတဲ့ တောင်နောက်ကျောင်းရွာကို အကြော်သွားစားဖို့ ပြောထားတာပါ ..."

ခင်ဖုန်းက သန်းရင်ကို ညွှန်ပြ၍ တရားသူကြီးနှင့်တကွ နားထောင်နေသူများ သန်းရင် ထိုင်နေရာသို့ လှမ်းကြည့်ကြသည်။ သန်းရင်က ခေါင်းငုံ့နေပါသည်။

"ဒါပေမဲ့ နေမင်းစိုးတို့ ယောကျ်ားလေးတွေက စက်ဘီးနဲ့ အရင်သွားနှင့်ပြီး တောင်နောက်ကျောင်းရွာ အကြော်ဆိုင်က စောင့်မယ်ဆိုတာ သိတာနဲ့ ဇာတ်လမ်းတွေ ရှုပ်မှာစိုးလို့ ကျွန်မတို့က မလိုက်တော့ဘဲနဲ့ မသန်းရင်ကို တောင်းပန်ပြီး တောချောင်ဘက် ဇီးသီးသွားစားကြတာပါ။ အေးဆွေတို့ တိုင်းအောင်တို့ကတော့ ဘာမှပြဿနာဖြစ်စရာမရှိ

ပါဘူး။ သူတို့က အတန်းထဲမှာ အလွန်ရိုးသားပါတယ်။ ဘယ်သူ့ကိုမှ... ကူညီပါတယ်၊ ဟိုမှာ ထိုင်နေကြတဲ့ ဆရာ၊ ဆရာမတွေ အားလုံးသိ... တယ် ...''

ခင်ဖုန်းက ဆရာ၊ ဆရာမများထံသို့ ပြန်၍ တရားသူကြီးနှ... နားထောင်နေသူများက လှမ်းကြည့်ကြသည်။ ဆရာ၊ ဆရာမများ... မှန်ကြောင်း ခေါင်းညိတ်ပြ၍ သက်သေခံနေကြသည်။

''ဒါပေမဲ့ မသန်းရင်တို့ မိန်းကလေးတွေ ရောက်လာ... ကျွန်မတို့ပါ မလာတော့ နေမင်းစိုးက မေးတယ်တဲ့။ ဒါနဲ့ မသန်းရင်... မပါဘူး။ အေးဆွေတို့နဲ့ တောင်ချောင်ဘက် စီးသီးသွားစားကြတယ်... ပြောလိုက်တယ်တဲ့။ အဲဒါ နေမင်းစိုးက ကျောက်ဆည်ကို စက်ဘီး... အမြန်ပြန်လာပြီး ကျွန်မတို့ အိမ်နဲ့ ဆရာ၊ ဆရာမတွေကို ကျွန်မ... အေးဆွေ တောင်ချောင်မှာ ချိန်းတွေ့တယ်လို့ တိုင်တာပါ။ မသန်းရ... သူ့ကို ပြောတဲ့အထဲမှာ ...''

''ခဏနားနော် မိန်းကလေး ...''

တရားသူကြီးက ခင်ဖုန်းကို လက်ကာပြရင်း တားလိုက်၍ ခင်ဖုန်းပြောလက်စကို ရပ်လိုက်သည်။

''အခုနေ မေးတဲ့မေးခွန်းက မောင်အေးဆွေက မိန်းကလေးကို ခြိမ်းခြောက်ခေါ်ယူတာ ဟုတ်မဟုတ်၊ လိမ်လည်လှည့်ဖျား ခေါ်တာ ဟုတ်မဟုတ်ကို မေးတာ ... အဲဒီအချက်ကို အဓိကထားဖြေပါ ...''

''ဟုတ်ကဲ့ရှင့် ခြိမ်းခြောက်ခေါ်တာလည်း မဟုတ်ပါဘူး။ လိမ်လည်လှည့်ဖျားခေါ်တာလည်း မဟုတ်ပါဘူး။ သူက သူ့ဘာသာ သူ့အိမ်ပြန်ရင် ရပါတယ်။ ကျွန်မက အိမ်မပြန်ရဲလို့ သူက ကျွန်မကို ကူညီပြီး ငယ်ထိုးရွာကို ခေါ်သွားရတာပါ ...''

''ငယ်ထိုးရွာကျတော့ မိန်းကလေးကို မောင်အေးဆွေက




လက်ထပ်ဖို့ ကြိုးစားတာများရှိသလား ...''

''မရှိပါဘူးရှင့် ... သူ့သူငယ်ချင်းက လက်ထပ်ဖို့ အကြံပေးတာတောင် သူက လုံးဝလက်မခံပါဘူး ...''

''သူ့ ရွာခေါ်သွားတော့ရော ...''

''ကျွန်မက အိမ်မပြန်ရဲသေးလို့ သူ့များအိမ်မှာလည်း အားနာတာနဲ့ သူက သူ့ရွာကို ခေါ်သွားတာပါ ...''

''အဲဒီကျတော့ရော .. သူ့ကို လက်ထပ်ဖို့ပြောတာ မိန်းကလေးကို အတင်းအဓမ္မရယူဖို့ ကြိုးစားတာများရှိသလား ...''

''လုံးဝမရှိပါဘူးရှင့် ... ရွာလူကြီးတွေက ပြဿနာမဖြစ်အောင် လက်ထပ်ဖို့ အကြံပေးတာတောင် သူလက်မခံပါဘူး။ ရွာလူကြီးတွေလည်း ရှိပါတယ်၊ မေးလို့ရပါတယ် ...''

အေးဆွေ မိဘများနှင့်အတူရှိနေသော တောမရွာမှ ရွာလူကြီးများထံသို့ လှမ်းကြည့်ရင်း ခင်ဖုန်းက ဆက်ပြောသည်။

''သူ့အိမ်မှာ ကျွန်မကို သီးခြားအခန်းနဲ့ ကောင်းကောင်းမွန်မွန်ထားပြီး နမတစ်ယောက်လို စောင့်ရှောက်ပါတယ်။ သူ့မိဘ၊ အစ်ကို အစ်မတွေကလည်း လိုလေသေးမရှိအောင် ကောင်းကောင်းထားပြီး စောင့်ရှောက်ကြပါတယ် ...''

တရားသူကြီးက အေးဆွေ၏ မိဘမိသားစုများကို လှမ်းကြည့်လိုက်သည်။ ရိုးသားသော ရွာသူ၊ ရွာသားများ၏ သဘာဝကို ထင်ရှားစွာ တွေ့ရသည်။

တရားသူကြီးက ပို၍ သေချာသွားအောင် ခင်ဖုန်း၏ ဖခင် ဦးဘရှင်ကို စစ်ပေးသည်။

ဦးဘရှင်ကလည်း ခင်ဖုန်း ပြောသကဲ့သို့ပင် မောင်အေးဆွေနှင့် မိသားစုသည် သူ့သမီးကို ကောင်းစွာပြုစုစောင့်ရှောက်ကြောင်း။ ရွာ

လူကြီးများ ကိုယ်တိုင်ကလည်း ထိုသို့စောင့်ရှောက်ထားသည်ကို မြ
လင်းပြောကြားကြောင်းနှင့် သမီးကိုယ် မိဘလည်း ကောင်းမွန်
ပြန်လည်အပ်နှံခဲ့ကြကြောင်း။ မူလက အမှန်ကိုမသိ၍ တိုင်ကြားခဲ့မိ
ဖြစ်ကြောင်း အဖြစ်မှန်မှာ မောင်အေးဆွေ ဘာမျှအပြစ်မရှိကြောင်
ထွက်ဆိုသည်။

တရားသူကြီးသည် မောင်အေးဆွေမှာ ဘာမျှအပြစ်မရှိကြောင်း
ထင်ရှားသိသာစွာ စစ်ဆေးပေါ်ပေါက်နေသည်ကတစ်ကြောင်း၊ အေး
ဆွေမှာ ဆယ်တန်းစာမေးပွဲဖြေရန် နီးကပ်နေပြီဖြစ်၍ တစ်ကြောင်
အေးဆွေကိုယ် စစ်ဆေးမေးမြန်းခြင်း မပြုတော့ပါ။ ခွဲချက်မတင်
အေးဆွေကို အမှုမှလွှတ်ပေးလိုက်ပါသည်။

အေးဆွေ၏ မိဘများ၊ ခင်မှုန်း၏ မိဘများနှင့် ဆရာ၊ ဆရာ
များ၊ လာရောက်နားထောင်သူများ အားလုံးပါ ဝမ်းသာအားရဖြစ်
ရသည်။

တရားရုံးအဆောက်အဦး၏ အပြင်ဘက်သို့ရောက်သောအ
အေးဆွေ၏ ဘေးတွင် အေးဆွေ၏ မိဘညီအစ်ကို မောင်နှမများ ဆရ
ဆရာမများ ဝိုင်းဝိုင်းလည်၍ ဝမ်းသာအားရဖြစ်နေကြသည်။

ခင်မှုန်းတို့ မိသားစု ရုံးထဲမှ ထွက်လာသောအခါ ခင်မှ
အမေ ဒေါ်စိန်မြက အေးဆွေမိသားစုကို လှမ်းမြင်လိုက်သည်။

“သမီး သွား နှုတ်မဆက်တော့ဘူးလား ...”

ဒေါ်စိန်မြ မေးသည်ကို ခင်မှုန်း ခေါင်းခါပြ၍ ကားဆီသို့
သွားနေသည်။

“ဟုတ်သားပဲ သမီးရယ် ... သွားနှုတ်ဆက်လိုက်ပါလား ..”

ဖခင် ဦးဘရှင်ကလည်း နှုတ်ဆက်စေချင်သည်။



“သူ လွတ်အောင် သမီး အကောင်းဆုံးအစစ်ခံပြီးပြီပဲ၊ တော်
ပြီပေါ့ ...”

ခင်မှုန်းက အေးဆွေတို့ရှိရာဘက်ဆီသို့ လှမ်း၍ပင်မကြည့်ဘဲ
ကားတံခါးကို ဖွင့်၍ ကားတံခါးပေါ်သို့ တက်လိုက်သည်။

ဆရာဦးတင်ဖေက အေးဆွေနှင့် စကားပြောနေရင်းမှကား
ပေါ်တက်သွားသော ခင်မှုန်းကိုလှမ်းကြည့်လိုက်သည်။

ဦးတင်ဖေ ကြည့်နေရာသို့ ဆရာမဒေါ်ယဉ်ကြည်လိုက်ကြည့်
၍ ကားပေါ်ရောက်သွားပြီး တံခါးကိုဆွဲပိတ်လိုက်သော ခင်မှုန်းကို လှမ်း
မြင်ရသည်။

“ခင်မှုန်းသည် အေးဆွေ လွတ်မြောက်ရန်အတွက် ရုံးတော်
တွင်ထွက်ဆိုပေးခဲ့သည်။ ထို့ကြောင့်လည်း အေးဆွေ လွတ်မြောက်ခဲ့
သည်။

သို့သော် အေးဆွေ လွတ်မြောက်သည်ကို ဝမ်းသာပျော်ရွှင်နေ
ကြသူများနှင့်အတူ ခင်မှုန်းပါလာရောက်၍ ဝမ်းသာစကားပြောသင့်သည်
ဟု ဒေါ်ယဉ်ကြည် ထင်နေမိသည်။

အနည်းဆုံးတော့ အချုပ်ခန်းမှလွတ်မြောက်၍ တောမရွာကို
ပြန်တော့မည့်အေးဆွေကို လာနှုတ်ဆက်သင့်သည်ဟု ထင်နေမိပါသည်။

* * *

“ခင်မှုန်းတော့ ပြန်သွားပြီ ...”

ဆရာဦးတင်ဖေ မနေနိုင် နှုတ်ကထွက်ဖြစ်အောင် ထွက်သွား
လိုက်သေးသည်၊ အေးဆွေလှည့်ကြည့်လိုက်သည်။

ခင်မှုန်းတို့ ကားအဖြူလေး၏ နောက်ပိုင်းကိုသာ မြင်လိုက်ရ
သည်။

“ဪ ... သူ ... ငါ့ကိုတောင် နှုတ်ဆက်မသွားပါလား”

အေးဆွေ ရင်ထဲမှာ လှမ်းလှမ်းဆွေးဆွေး ခံစားလိုက်ရသည်။

အချုပ်ခံနေရသော ရက်များအတွင်းက သူ့ကို တွေ့ဖို့ ခင်ဖုန်း ဝမ်းပန်းတနည်း ငိုကြွေးခဲ့သည်။ သိပ်လည်း ဂရုစိုက်ခဲ့သည်။

အချုပ်မှ လွတ်သွားတော့ သူ့တာဝန် ပြီးသွားပြီလား ... နှုတ်ဆက်ရုံလောက်တောင် မျက်နှာလေးကို လာမပြနိုင်တော့ဘူးလား

အချုပ်ခံနေရသော ရက်များကိုပင် ပြန်လည်တမ်းတမိ ခံစားရသည်။

"ဟင် .. ဟိုမှာ ..."

ခင်ဖုန်း အစ်ကိုနှစ်ယောက် အေးဆွေတို့ရှိရာသို့ လျှောက်လာနေကြသည်။

"ဘာများ မကျေမနပ် ပြဿနာရှာဦးမလဲ မသိ ..."

အေးဆွေ စိတ်ထဲမှာ စိုးရွံ့လိုက်မိသည်။

"မောင်အေးဆွေ စာမေးပွဲကလည်း သုံးရက်ပဲလိုတော့တယ် တောကနေ လာဖြေရမှာ ဝေးပါတယ် ... ဆရာ့အိမ်မှာပဲ လိုက်နေပါလား ... ဒီမှာနေတော့ စာကြည့်ဖို့ ပိုရတာပေါ့ ... မသိတဲ့ စာမေးချင်ရင်လည်းလွယ်တယ် ... စာမေးပွဲပြီးမှ ရွာပြန်ပါ"

ဆရာဦးတင်ဖေက အေးဆွေကို သူ့အိမ်သို့ ခေါ်နေသည်။ အေးဆွေ ဤသို့ဖြစ်ရခြင်းသည် သူ့မှာလည်း တာဝန်မကင်းသလို ဆရာဦးတင်ဖေ ခံစားနေရသည်။

"ဟုတ်တယ် ... မောင်အေးဆွေ ဆရာဦးတင်ဖေ ပြောတာ ကောင်းတယ် ... လိုတဲ့ စာရှိရင်လည်း သူငယ်ချင်းတွေနဲ့အတူ သွားကျက်လို့ရတာပေါ့ ... ဆရာမတို့ကို မေးစရာရှိရင်လည်း မေးလို့ ရတာပေါ့ ..."

ဆရာမ ဒေါ်ယဉ်ကြည်ကလည်း အေးဆွေကို ကျောက်ဆည်မှာပင် နေစေချင်သည်။

"ဒီလိုဆိုရင် ... ကျွန်တော်တို့ အိမ်မှာလိုက်နေလို့ ရပါတယ် ဆရာ ... နောက်ဘက်က အဆောင်မှာ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်နဲ့အတူနေလို့ရပါတယ်။ အိပ်ခန်းတစ်ခန်းလည်း အပိုရှိတယ် .. စာကျက်တာလည်း ခင်ဖုန်းနဲ့ သူ့သူငယ်ချင်းတွေ အိမ်မှာပဲ အတူ ကျက်ကြတော့ ... သူတို့နဲ့အတူ ကျက်လို့ရတာပဲ။ ကျွန်တော့်တို့ကြောင့် သူ ဒီလိုဖြစ်ရတာ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ် ဆရာ"

ခင်ဖုန်း၏ အစ်ကိုမြအောင် ပြောသည်ကို ကြားရ၍ အားလုံး အံ့သြကြရသည်။ ဝမ်းသာစိတ်လည်း ဖြစ်ကြရသည်။

"ဟုတ်တာပေါ့ကွ ... အဲဒါဆို ပိုကောင်းတာပေါ့ ... အားလုံးလည်း ပြန်ပြီးတော့ ပြေပြေလည်လည် ဖြစ်သွားတာပေါ့။ မောင်မြအောင် ပြောတာကို ဆရာတို့ သိပ်သဘောကျတာပဲ ... အဲဒီမှာဆိုရင် ... ဆရာတို့လည်း လာကြည့်ပြီး လိုတာရှိရင် သင်ပေးမှာပေါ့ .."

ဆရာဦးတင်ဖေ ဝမ်းသာနေသည်။

"ကောင်းတယ် ... မောင်မြအောင် ပြောတာကောင်းတယ် ဆရာမလည်း ခင်ဖုန်းတို့ကို လာကြည့်ရင်း ... မောင်အေးဆွေ လိုတာ ထပ်သင်ပေးလို့ ရတာပေါ့ ..."

ဒေါ်ယဉ်ကြည်လည်း ဝမ်းသာနေသည်။

"ကျွန်တော် ဒီနေ့တော့ ပြန်လိုက်ဦးမယ် .. မနက်ဖြန်ခါ မနက်မှ လိုတာတွေ အားလုံးယူပြီး ပြန်လာခဲ့မယ် ..."

အေးဆွေက မိဘများနှင့်အတူ ရွာပြန်ချင်သေးသည်။ စာမေးပွဲအတွင်း လိုအပ်မည့် အဝတ်အစားကအစ ယူချင်သေးသည်။

"အေး ... ပြန်လိုက် ... မနက်ဖြန်ခါမနက်ကျတော့ ..."

ငါတို့ ညီအစ်ကိုနှစ်ယောက် ကားနဲ့လာခေါ်မယ် ..."

မင်းမင်းက စိတ်ပါလက်ပါ ဝင်ပြောလိုက်၍ ဆရာဦးတင် ပို၍ဝမ်းသာအားရဖြစ်ရသည်။

"အေး ... အဲဒါ ပိုကောင်းတာပေါ့ကွာ။ မောင်မြအောင် မင်းမင်းတို့ ညီအစ်ကို အခုလို သဘောထားပြောင်းသွားတာကို ဆ သိပ်ဝမ်းသာပါတယ် ..."

"ရပါတယ် ဆရာ ... မနက်ဖြန်ခါ ကျွန်တော်တို့ ညီအစ် သွားခေါ်လိုက်ပါမယ် ...."

မြအောင်က နိုင်မာအောင် ထပ်ပြောလိုက်သည်။

ခင်ဖုန်း နှုတ်မဆက်ဘဲ ပြန်သွားသော ကိစ္စကိုလည်း အား ၏ ရင်ထဲမှာ ကြေလည်သွားပါသည်။

* * *

"ငါ ... ဘာလို့ သွားပြီးနှုတ်မဆက်ခဲ့တာလဲ ..."

ခင်ဖုန်းကတော့ ကိုယ့်ဘာသာ မကျေနပ်။

တကယ်တော့ နှုတ်ဆက်ချင်သည်။ မေမေနှင့် ဖေဖေကသည် နှုတ်ဆက်သင့်ကြောင်း ပြောနေသည်။ သို့သော် နှုတ်ဆက်ရမှာ စိတ် တွင် မဝံ့မရဲဖြစ်နေသည်။

"ဆရာမများက ဘယ်လိုထင်မလဲ ... သူငယ်ချင်းတွေ အကဲခတ်နေကြမလား ... ဘယ်သူတွေက ဘာတွေပြောကြမ ကိုယ့်အမူအရာတွေကရော ... ပုံမှန်ဟုတ်ရဲ့လား ..."

ဤအတွေးများကြောင့် မတွေ့ဝံ့ မတွေ့ရဲ၍ ကားပေါ်အထ တက်ပြီး ပြန်ထွက်ခဲ့ရသည်။



"အေးအေး ငါ့ကို ဘယ်လိုထင်မလဲ ... သူ့မိဘညီအစ်ကို မောင်နှမတွေကလည်း စိမ်းလိုက်တာလို့ အောက်မေ့မလား ... တကယ်တော့ ငါတလေး သွားနှုတ်ဆက်ခဲ့မိရင် အကောင်းသား"

လူက ကားပေါ်မှာ လိုက်ပါ၍ အိမ်ဆီသို့ ပြန်နေသော်လည်း စိတ်က အေးအေး၏ ဝန်းကျင်မှ လူအုပ်ဆီသို့ ပြန်ရောက်နေသည်။

"စာမေးပွဲက နီးနေပြီ။ ရွာပြန်ရင် သူစာကျက်နိုင်ပါ့မလား။ စာမေးပွဲကိုရော ရွာကပဲလာ ဖြေမှာလား ... စက်ဘီးနဲ့ နေ့တိုင်းလာ ဖြေမှာလား ... စက်ဘီးနဲ့ နေ့တိုင်းလာဖြေရမှာ အဝေးကြီး ... အဆင်ပြေပါ့မလား ..."

မှုမှုပင်ပင် စဉ်းစားနေမိရာမှ–

"အို ... အဲဒါတွေ ငါနဲ့ဘာဆိုင်လို့လဲ ... ဒါက သူ့ကိစ္စပဲ။ အရင်ကတည်းက သူ့အစီအစဉ်ရှိတဲ့အတိုင်း သူလုပ်မှာပေါ့ ..."

ခင်ဖုန်း စိတ်အာရုံကို ဖျောက်လိုက်သည်။

"တော်ပါသေးရဲ့ ... သူစာမေးပွဲအမီ လွတ်သွားလို့ သူ စာမေးပွဲ ဖြေနိုင်ပါစေ ..."

ကိုယ့်ဘာသာ သတိမထားမိဘဲ စိတ်ထဲက ဆုတောင်းနေမိပြန်သည်။

"ဟင် .... ငါကလည်း ... ဘယ်လိုဖြစ်နေရတာလဲ .."

* * *

မနက်ဆယ်နာရီခန့် ခင်ဖုန်း စာကျက်နေစဉ် အိမ်ရှေ့မှာ ကားရပ်သံကြား၍ လှမ်းကြည့်လိုက်သည်။

အိမ်က ကားဖြစ်နေသည်။

"ကိုကိုတို့ အစောကြီး ဘယ်က ပြန်လာတာပါလိမ့် ..."

ကားမှာသည်၊ ဖုန်များ ပေနေသည်။

သူ့အစ်ကိုနှစ်ယောက်အပြင် ကားပေါ်မှ ထပ်ဆင်းလာ... တစ်ယောက်။

"ဟင် ... အေးဆွေ ..."

"အစ်ကိုနှစ်ယောက်နဲ့ အေးဆွေ ဘယ်လိုများဖြစ်လာကြ ပါလိမ့်"

ခင်ဖုန်း စိတ်ပူစွာနှင့် အိမ်ရှေ့သို့ ထွက်သွားသည်။

မြအောင်နှင့် မင်းမင်းက အေးဆွေ၏ ပစ္စည်းများကို ကားပေါ်မှ ချပေးနေကြသည်။

ပစ္စည်းက များများစားစား မဟုတ်။ အဝတ်အိတ်ကြီးတစ်လုံး နှင့် စာအုပ်လွယ်အိတ်တစ်ခုဖြစ်သည်။ အိမ်အတွက် လက်ဆောင်ပေး လိုက်သော ငှက်ပျောနိုင်နှင့် ဂေါ်ဖီထုပ်၊ ဂေါ်ဖီမွှင့်များ၊ ဘူးသီး၊ ခရမ်း သီးများဖြစ်သည်။

အစ်ကိုနှစ်ယောက်၏ မျက်နှာမှာ ရန်လိုသော မျက်နှာမဟုတ် အေးအေးချမ်းချမ်းရှိနေ၍ ခင်ဖုန်း စိတ်အေးရသည်။

"ကိုကိုတို့ အစောကြီး အေးဆွေက ဘယ်လိုပါလာတာလဲ"

"ငါတို့ အေးဆွေကို တောမှာ သွားခေါ်လာတာ ..."

"ဟင် ..."

ခင်ဖုန်းအံ့သြရသည်။

အစ်ကိုနှစ်ယောက်နှင့်အေးဆွေ ဘယ်အချိန်က ဤမျှ ရင်း နှီးသွားကြပါလိမ့်။ ခင်ဖုန်း နားမလည်။

"သူ့နေတိုင်း ရွာက လာဖြေရင်း ဘယ်လွယ်မလဲဟ ... အဝေးကြီးပဲ ... စာကျက်ချိန်လည်း ဘယ်ရှိတော့မလဲ ... ငါတို့ တိုင်လို့ သူ့အချုပ်ခံရတာ စာကျက်ချိန်တွေလည်း အများကြီး ပျက်ရ တာ ... ငါတို့မှာ တာဝန်ရှိတယ်ဟ ..."

မြအောင်က ရှင်းပြသည်။

"ဟုတ်တယ် ... အဲဒါ နင်တို့နဲ့ စာအတူကျက်နိုင်းမလို့ သူမသိတာတွေ ... နင်တို့ ရှင်းပြပေးလိုက်ပါဦး ..."

မင်းမင်းကပါ စေတနာပိုနေ၍ ခင်ဖုန်း ပြုံးလိုက်သည်။

"ရှင်းပြပေးမှာပါ ..."

"အိပ်တာတော့ ငါ့အခန်းဘေးက အခန်းအားနေတာပဲ အဲဒီ မှာပဲထားမယ်။ လာ ... အေးဆွေ မင်းအိတ်ယူခဲ့ .."

မြအောင်က အေးဆွေကို ခေါ်သည်။

"ဖေဖေတို့ မေမေတို့ရော ပြောပြီးပြီလား ..."

"မနက်အစောကြီးကတည်းက သိပြီးသား ..."

"အော် ..."

သူတို့အားလုံးက ပြေလည်စွာ သိနေကြသည်။ ကိုယ်တစ် ယောက်သာ မသိခြင်းဖြစ်သည်ကို ခင်ဖုန်း နားလည်၍ ပြုံးချင်မိသည်။ သို့သော် မပြုံးဘဲနေလိုက်သည်။ စိတ်ထဲမှာတော့ အပျော်လေးများ ဖြစ်နေ သည်။

"ကဲ ... စာကျက်ဦးမှ ..."

သူတို့နောက်ဖက်သို့ ထွက်သွားကြပြီးမှ ကျက်လက်စ စာဆီသို့ အာရုံပြုလိုက်သည်။ စိတ်ထဲမှာက မြူးမြူးကြွကြွ။

* * *

ချစ်ချစ်ထွေးနှင့် အိအိဇော်တို့ စာကျက်ရန် ခင်ဖုန်းတို့ အိမ် သို့ စက်ဘီးကိုယ်စီနှင့် ရောက်လာကြသည်။

"ဟင် ... ဘယ်လိုဖြစ်တာပါလိမ့်မယ် .."

ချစ်ချစ်ထွေးက အံ့ဩသော မျက်နှာနှင့် အိအိဇော်ကို လှမ်း ကြည့်လိုက်သည်။

အိအိဇော် ပခုံးတွန့်လိုက်သည်။ သူလည်း နားမလည်သည့်သူ့ သော သဘောဖြစ်၏။

ခင်ဖုန်းနှင့်အတူ သူတို့သုံးယောက် စာကျက်နေကျ စာသွဲ့တွင် ခင်ဖုန်းနှင့်အေးဆွေတို့ အတူရှိနေ၍ စာကျက်နေကြသည်ကို လှမ်းမြင် နေကြရသောကြောင့် ဖြစ်သည်။

စာကြည့်ခန်းထဲသို့ သူတို့နှစ်ယောက် ဝင်သွားကြသည်။

အေးဆွေက နေရာဖယ်ပေးမည်ပြု၍ ခင်ဖုန်းက လက်ကာ ပြလိုက်သည်။

"သူတို့ ဒီဘက်မှာ ထိုင်လို့ရမယ် ... ထိုင်ကြ ..."

ခင်ဖုန်းက အေးဆွေကို ပြောရင်း သူငယ်ချင်းနှစ်ယောက်ကို အထိုင်ခိုင်းသည်။

"ဒီမှာ စာကျက်ဖို့ ငါ့အစ်ကိုနှစ်ယောက်က တောမရွာသွား ခေါ်လာကြတာ ... ဆရာဦးတင်ဖေနဲ့ ဆရာမတွေကလည်း လိုတာ ... ဒီမှာ လာရှင်းပြပေးမယ်တဲ့ ..."

ခင်ဖုန်းက ရှင်းပြ၍ အိအိဇော်နှင့်ချစ်ချစ်ထွေး သဘောကျ ခေါင်းညိတ်ပြသည်။ သူတို့လည်း အနိုင်ကျူးကြ နိုင်ခဲ့ကြသော အေးဆွေ ကို ခင်ပါသည်။ အေးဆွေ ဒုက္ခရောက်တော့လည်း စိတ်မကောင်းဖြစ်ခဲ့ ကြသည်။ အေးဆွေ အမှုမှ လွတ်လာတော့ ဝမ်းသာခဲ့ရသည်။ မနေ့က ခင်ဖုန်း ကျောင်းမတက်ခဲ့သည်ကိုပင် စိတ်မကောင်းဖြစ်ကြရသေးသည်။

"စာမေးပွဲဖြေတော့လည်း ... ဒီအခန်းကပဲ ဖြေမယ် ... နောက်ဘက်မှာ ငါ့အစ်ကိုနှစ်ယောက်နဲ့အတူနေတယ် ..."

ခင်ဖုန်းက ဆက်ရှင်းပြသည်။



"အဲဒါ ဘာသာရပ်အလိုက် သူကျက်ရမယ့်စာတွေ ငါတို့သုံး ယောက်ပြောပြရအောင် ... သူကျက်ပေါ့ ... နားမလည်တာ ငါတို့ ပြောပြမှာပေါ့ ... ဆရာဦးတင်ဖေနဲ့ ဆရာမတွေလာရင်လည်း ရှင်းပြ ပေးမှာပေါ့ ..."

"ကောင်းတယ် ... အဲဒါကို စ,ပြောကြရအောင် ... အချိန် မရှိဘူး ..."

ချစ်ချစ်ထွေးက သူ့စာအုပ်များတွင် မှတ်ထားသည်တို့ကို ထုတ်ယူလိုက်သည်။

ဘာသာရပ်အလိုက် အေးဆွေ ကျက်မှတ်ရမည်တို့ကို ပြောကြ သည်။ အေးဆွေက ကူးယူသည်။ မရသော စာများကိုလည်း သူတို့မှာ ရှိ၍ ပေးကြသည်။ စာကြည့်ဝိုင်းလေးက အပြိုင်အဆိုင် ဝိုင်းမြိုင် သွားသည်။

အေးဆွေ ကိုယ်တိုင်ကလည်း တော်တော်များများ ကျက်ထား ပြီးပါပြီ။ နားမလည်၍ မေးသည်ကိုလည်း ခင်ဖုန်းတို့ သုံးယောက်က ရှင်းပြပေးကြသည်။

နေ့ခင်း ၂ နာရီလောက်ကျတော့ ခင်ဖုန်း အမေက ကော်ဖီ နှင့် မုန့်များလာချပေးသည်။

စားရင်း သောက်ရင်း စာကျက်ကြပြန်သည်။

အားလုံးကို အေးဆွေ ကျေးဇူးတင်နေပါသည်။

ညနေပိုင်းကျတော့ ဆရာဦးတင်ဖေ ရောက်လာပြီး သင်္ချာ ဘာသာနှင့်ဆိုင်သည်များကို ရှင်းပြပေးသည်။

"ငါ့တပည့်တော့ အောင်မှာ သေချာတယ် ... ကံကောင်း ရင်း ... ဂုဏ်ထူးတောင် ရဦးမယ် ..."

အေးဆွေ အားတက်ရသည်။

ဆရာဦးတင်ဖေ မပြန်မီမှာပင် ဒေါ်ယဉ်ကြည်ရောက်လာ[...]
သူ့ဘာသာရပ်ကို ရှင်းပြပေးသည်။

ဒေါ်စိန်မြက ဆရာနှင့်ဆရာမအတွက် ကော်ဖီနှင့် မုန့်များ[...]
ချပေးသည်။ ကလေးများအတွက် လက်ဖက်သုပ်လာပေးသည်။

ဆရာနှင့်ဆရာမတို့မှာ အေးဆွေကို ရှင်းပြရင်း ခင်ဖုန်း[...]
သုံးယောက်လိုသည်များကိုလည်း ထပ်သင်ပေးကြသည်။ မိုးချုပ်မှ ပြ[...]
သွားကြ၍ ဆရာနှင့် ဆရာမတို့ကိုလည်း အေးဆွေ ကျေးဇူးတင်ရသည်။

ရွာမှာသာ ကိုယ့်ဘာသာ စာကျက်နေလျှင် ဤအခွင့်အရေး
များကို ရမည်မဟုတ်။ မိန်းကလေးသုံးယောက်နှင့် အပြိုင်အဆိုင် ကျ[...]
မှတ်ရသောကြောင့်လည်း အများကြီး ခရီးတွင်သည်။ စာမေးပွဲအတွက်
ကိုယ့်ဘာသာ အားတက်ရသည်။

ခင်ဖုန်း၏ အစ်ကိုများနှင့် ခင်ဖုန်းတို့ မိသားစုကို ကျေးဇူး
တင်မဆုံးဖြစ်ရသည်။

"ဟင်း ... ဟိုကောင် ..."

ကိုယ့်အပေါ်မှာ မကောင်းကြံသော နေမင်းစိုးကိုပင် ကျေးဇူး
တင်သလို ဖြစ်မိရသည်။

* * *

ဆရာနှင့် ဆရာမပြန်သွားပြီးမှ ချစ်ချစ်တွေးနှင့် အိပ်ခေါ်
တို့ ပြန်သွားကြသည်။ ခင်ဖုန်းနှင့် အေးဆွေတို့ ညစာစားတော့ ည
(၇) နာရီရှိနေပြီ။

တစ်အိမ်လုံး စားပြီးကြပြီမို့ နှစ်ယောက်တည်း စားရသည်။
ဒေါ်စိန်မြက ဒူးခပ်ပြင်ဆင်ပေးပြီး အိမ်ရှေ့သို့ ပြန်ထွက်သွားသည်။

စိတ်မရှုပ်ရာမရှိ နှစ်ယောက်တည်း နေရာလိုက်ပြောသော
သုံးလေးညာ အိပ်ခဲ့သည်ပင် သန့်ရှင်းစင်ကြယ်မှာ စောင့်တိမ်းခဲ့ကြသည်။



"ရော ... စား ... အားနာမနေနဲ့ ..."

ခင်ဖုန်းက ကြက်သားဟင်းတစ်တုံးကို အေးဆွေ ပန်းကန်ထဲ
ထည့်ပေးသည်။

သူ့ အိမ်မှာတုန်းက အေးဆွေ ဟင်းများ ထည့်ပေးခဲ့သည်ကို
လည်း သတိရမိသည်။

"ဒါက ... အစိမ်းကြော် ..."

ခင်ဖုန်း ထည့်ပေးသည်က အများကြီး။

"နင်တို့ အိမ်မှာလိုတော့ ဟင်းမကောင်းဘူး ..."

အေးဆွေ ပြုံးလိုက်သည်။

"ဒီဟင်းတွေက ပိုကောင်းတာပေါ့ ... ငါတို့ အိမ်မှာက
တောထမင်း၊ တောဟင်း ..."

"အဲဒီတောထမင်း၊ တောဟင်းကို ငါက ပိုကြိုက်တယ် ..."

အေးဆွေ ပြုံးမိရပြန်သည်။

"နင်က ဘာပြုံးတာလဲ ..."

ခင်ဖုန်း ကိုယ့်ဘာသာ ပြောပြီးမှ အတွေးဝင်လာ၍ ဖြစ်
သည်။

"နင်က ပြောတတ်တယ်လို့ ... စဉ်းစားမိလို့ပါ ..."

ခင်ဖုန်း စိတ်သက်သာရာနှင့် ပြန်ပြုံးလိုက်သည်။

"ငါက မှန်တဲ့အတိုင်း ပြောတာ ..."

"နင်တို့ကို ငါသိပ်ကျေးဇူးတင်တာပဲ ..."

အေးဆွေက စာမေးပွဲအတွက် လာ၍နေရ၊ စားရ၊ စာကျက်
ခွင့်ရသည်ကို ကျေးဇူးတင်နေသည်။

"နင့် ကျေးဇူးတွေကလည်း ငါ့မှာ အများကြီးပါပဲ ..."

"နင့် အစ်ကိုတွေကလည်း သိပ်တော်တာပဲ ..."

"အေး ... ဟုတ်တယ် ... ငါတောင် သူတို့ ခုလိုဖြစ် လဲသွားတာ သိပ်အံ့ဩနေတာ ..."

"သူတို့ကြောင့် ငါခုလို ဒုက္ခဖြစ်ရတာ ... သူတို့မှာ တာဝန် ရှိတယ်တဲ့ ..."

"ဘယ်တုန်းက ပြောတာလဲ ... နင့်ကို လာခေါ်တုန်းက ပြောတာလား ..."

"မဟုတ်ဘူး ... အမှုစစ်တဲ့နေ့က နင်ပြန်သွားတော့ ငါ့ကို လာတွေ့ပြီး ပြောတာ ..."

"ကြော် ... "

ထိုနေ့က နှုတ်မဆက်ဘဲ ပြန်ခဲ့မိသည်ကို သတိရ၍ ခင်ဖုန်း စိတ်မကောင်းဖြစ်ရသည်။

"ငါ့အစ်ကိုတွေက ငါထက်တော်တယ် ..."

"ဘာဖြစ်လို့ ..."

"ငါက နှုတ်တောင် မဆက်ခဲ့ဘဲနဲ့ ပြန်လာခဲ့လို့ ..."

ကိုယ့်ကိုယ်ကို အပြစ်တင်စိတ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ်ဟာ ... နင့်တွက်ဆိုချက်တွေ ကောင်းလို့ ... အမှုတောင် စွဲချက်မတင်ဘဲနဲ့ လွှတ်လာရတာ ... နင့် ကျေးဇူးတွေ ကြောင့်ပါ ..."

"နင်က သူများ ကျေးဇူးသိပ်သိတတ်တာပဲ .. ရော ... စား"

ခင်ဖုန်းက ကြက်သားဟင်းများ ထပ်ထည့်ပေးပြန်သည်။

"တော်ပြီဟာ ... တအားမထည့်နဲ့ ဟင်းတွေ အများကြီးနဲ့ ငါမစားတတ်ဘူး ... ငါက တောသား ... ဟင်း နည်းနည်းနဲ့ ထမင်း များများစားရတာ ..."

"ဒါဖြင့် ... နင်တို့ အိမ်တုန်းကတော့ ငါ့ကို ဘာလို့ ဟင်းတွေ အများကြီး ထည့်ပေးရတာလဲ ..."

"နင်က မြို့သူ ... သူဌေးသမီးလေ ဟင်းတွေ အများကြီး စားမှ ကြီးလာရတာ ..."

"ဒါဖြင့် နင် ဟင်းတွေ အများကြီးထည့်ပေးတာ စားစေချင်တဲ့ စေတနာနဲ့ မဟုတ်ဘူးပေါ့ ..."

ခင်ဖုန်း၏ မေးခွန်းက ချက်ကျ၍ အေးဆွေ အပြောရခက်သွား သည်။

"စားစေချင်တဲ့ စေတနာလည်း ပါပါတယ် .."

အေးဆွေ ပြင်ပြောလိုက်ရသည်။

"ငါလည်း စားစေချင်တဲ့ စေတနာနဲ့ ကျွေးတာ စားပေါ့"

ခင်ဖုန်းက ငါးကြော်တစ်တုံး ထပ်ထည့်ပေးရင်း အေးဆွေကို လှမ်းကြည့်လိုက်သည်။

အေးဆွေ ပြုံးလျက် ခင်ဖုန်းကို ပြန်ကြည့်လိုက်သည်။

* * *

မနက်ဖြန်ခါ မြန်မာစာ ဖြေရတော့မည်။ ကျန်ဘာသာရပ်များ ကို ဖိကျက်နေကြ၍ မြန်မာစာမှာ ပြန်ကြည့်စရာတွေ အများကြီးဖြစ် နေသည်။

"အစကောင်းမှ အနှောင်းသေချာ" ... စ,ချင်းနေ့မှာ အကောင်းဆုံးဖြေနိုင်ချင်၍ လေးလေးနက်နက် စကားမပြောနိုင်ဘဲ စာကို သာ ကျက်နေမိကြသည်။

ကလင် ... ကလင် ... ကလင် ... ကလင် ...

ညနေ (၄) နာရီခန့်တွင် အိမ်ရှေ့မှ စက်ဘီးခေါင်းလောင်းသံ ကြား၍ လှမ်းကြည့်လိုက်မိကြသည်။

"ဟင် ... နေမင်းစိုး ..."

အေးဆွေ စိတ်ထဲမှာ ထင့်ခနဲ စိုးရိမ်သွားသည်။

ခင်ဖုန်း မျက်နှာကတော့ တင်းမာသွားသည်။

နေမင်းစိုးက ခင်ဖုန်းတို့ စာကျက်နေသည့် အခန်းထဲသို့ ဝင်လာသည်။ မျက်နှာက ချွေးသည်လည်း မမည်၊ တည်သည်လည်း မဟုတ်။

သူ့ကို လှမ်းကြည့်နေကြသော်လည်း ဘယ်သူကမှ နှုတ်ဆက်ခြင်း လာပါ ထိုင်ပါ စိတ်ခေါ်ခြင်း မပြုကြ။

"ဘာပြောသနားပါလိမ့် ..." ဟူ၍ စူးစမ်းသော မျက်လုံးများနှင့် ကြည့်နေကြခြင်းသာ ဖြစ်သည်။

"အေးဆွေ မင်းကို ဆရာမကြီး အခေါ်ခိုင်းလို့ ..."

"ဘာကိစ္စပါလိမ့်"

အေးဆွေ စိုးရိမ်စိတ်ဖြစ်ရသည်။

"စာကလည်း ကြည့်စရာ အများကြီး ကျန်သေးသည်။ ဘယ်လောက်ကြာမှာပါလိမ့် ..."

တန်ဖိုးကြီးမားသော အချိန်များကို အေးဆွေ နမြောနေမိသည်။

သို့သော် ရှေ့မှာ ကြည့်လက်စ စာအုပ်ကို ပိတ်ပြီးသာဖြစ်နေသည်။ ဆရာမကြီး ခေါ်သည်ကို မသွားဘဲ မနေဝံ့။

"ဘာကိစ္စရှိလို့ ... ဆရာမကြီးက ခေါ်တာလဲ ..."

ခင်ဖုန်းက နေမင်းစိုးကို လှမ်းမေးလိုက်သည်။

"ဒါတော့ ငါလည်း မပြောတတ်ဘူး ... သူ့ အရေးကြီးတာ ပြောစရာရှိလို့ ဖြစ်မှာပေါ့ ..."

နေမင်းစိုး ပြောသည်က မရှည်။

အေးဆွေ မတ်တပ်ရပ်လိုက်သည်။



"ငါ ... လိုက်သွားပါမယ်ဟာ ..."

ဆရာမကြီး ခေါ်သည်ကို အေးဆွေ ရှိသေစွာ လိုက်နာချင်သည်။

"နင် မကြာစေနဲ့နော် ... ဆရာမကြီး ပြောပြီးတာနဲ့ အမြန်ပြန်လာခဲ့ ... စာတွေလည်း ကျက်လို့ ပြီးသေးတာမဟုတ်ဘူး။ မနက်ဖြန်ဆို ဖြေရမှာ ... အချိန်က လုကျက်နေရတာ ..."

ခင်ဖုန်းက သတိပေးသည်။

"အေးပါ ... ငါ ... အမြန်ဆုံး ပြန်ခဲ့မှာပါ ..."

"ဒါ ... စက်ဘီးယူသွား ..."

ခင်ဖုန်းက အိမ်ထဲမှာထားသော သူ့စက်ဘီးကို ထုတ်ပေးသည်။

ခင်ဖုန်း စက်ဘီးကို ယူ၍ နေမင်းစိုးနှင့်အတူ အေးဆွေ လိုက်သွားရသည်။

* * *

"လာ ... မောင်အေးဆွေ ... ထိုင် ..."

ဆရာမကြီး အိမ်ရောက်သည်နှင့် ဆရာမကြီးက ဝမ်းသာအားရ ကြိုဆိုသည်။

"မင်း ... အခု ခင်ဖုန်းတို့အိမ်မှာ လာနေပြီး စာကျက်နေတယ်ဆိုလို့ ..."

"ဟုတ်ပါတယ် ဆရာမကြီး ..."

"ဒါဆိုရင် ဆရာမကြီးမှာလည်း တာဝန်ရှိပါတယ်ကွယ်။ သူတို့အိမ်မှာဆိုတော့ မိန်းကလေးတွေနဲ့ နေရတာလည်း မောင်အေးဆွေ ဘယ်လွတ်လပ်ပါ့မလဲ။ ဒီမှာတော့ မင်းသူငယ်ချင်း မောင်နေမင်းစိုးနဲ့ အတူ ဇော်မိုးရော၊ ရာဇာထွန်းရော မောင်အေးဆွေနဲ့ အမြဲတမ်းတွဲတဲ့

မောင်တိုင်းအောင်ရော အတူ စာကျက်ကြတယ်လေ။ လိုတာ ဆရာ…
ကလည်း ရှင်းပြပေးနိုင်တာပေါ့။ ဆရာဦးတင်မေနဲ့ ဆရာမတွေ…
လာပြီး ရှင်းပြပေးကြပါတယ်။

ဆရာမကြီးက အေးအေးဆွေ၏ မျက်နှာကို အကဲခတ်ရင်း…
ပြောပါတယ်။

"မင်း သူငယ်ချင်း မောင်နေမင်းစိုးကလည်း သူက တော…
လုပ်လိုက်ပေမဲ့ မမျှော်လင့်ဘဲ မောင်အေးအေးဆွေ ခုကျဖြစ်ရ…
စိတ်မကောင်းဖြစ်နေတာ …"

ဘေးမှ နေမင်းစိုးက အေးအေးဆွေကို လှမ်းကြည့်ပြီး တော…
သော မျက်လုံးများနှင့် ခေါင်းညိတ်ပြနေ၍ အေးအေးဆွေပြုံးပြီး ခေါင်းညိတ်…
ပြလိုက်ပါသည်။

"အဲဒါ သူကလည်း မောင်အေးအေးဆွေကို ကူညီချင်တယ်။ ဒီ…
တော့ မောင်အေးအေးဆွေ ဘာမှလည်း အားနာစရာမရှိဘူး။ ယောက်…
လေးချင်းဆိုတော့ နေရာတကာလည်း လွတ်လပ်တာပေါ့။ ဒီနေ့ညနေ…
ဒီကိုပြောင်းလာလိုက်ပါလို့ ဆရာမကြီးက ခေါ်ပြောတာပါ …"

ဆရာမကြီး၏ စကားကို အေးအေးဆွေ မလွန်ဆန်ရဲပါ။ တိုင်းအောင်…
ပါ ရှိနေသည့်အတွက်လည်း အဖော်ရသည်ကို သဘောကျသည်။ သို့သော်…
ခင်ဖုန်းကို ဘယ်လိုပြောရမလဲ။ အေးအေးဆွေ စဉ်းစားနေမိသည်။

"ကဲ ‥ သူငယ်ချင်း … ကြိုးကြိုး ပြောပြီးပြီ၊ ငါတို့ မင်းပစ္စည်း…
တွေ အခုလိုက်သယ်ပေးမယ်။ ဒီမှာ ယောက်ျားလေးချည်း နေရတာ…
လွတ်လပ်တယ်ကွ။ စာလည်း ပိုကြည့်ဖြစ်မယ်။ မင်းမသိတာလည်း…
ငါတို့ ပြောပြနိုင်တယ် …"

နေမင်းစိုးက အေးအေးဆွေ၏ လက်မောင်းကို တရင်းတနှီးဆုပ်…
ကိုင်ပြောနေသည်။ ပြောင်းလဲသွားသော နေမင်းစိုးကို ကြည့်ပြီး အေးအေး…



သဘောကျနေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ပြောင်းနေတော့မည်ဟုလည်း ဆုံးဖြတ်
လိုက်သည်။

"ကြိုးကြိုး … သားတို့ သူ့ပစ္စည်းတွေ ကူသယ်ပေးလိုက်
ဦးမယ် …"

နေမင်းစိုးက ဆရာမကြီးကို လှမ်းပြောလိုက်သည်။

"အေး … အေး … သွားကြ …"

အေးအေးဆွေနှင့် နေမင်းစိုးတို့ ဆရာမကြီး ရှေ့မှထွက်လာခဲ့ကြ
သည်။

* * *

ခင်ဖုန်းတို့ အိမ်ပြန်သွားသောအခါ နေမင်းစိုး အေးအေးဆွေနှင့်
အတူ တိုင်းအောင်ပါ လိုက်လာသည်။

"ငါ … ဆရာမကြီး … အိမ်ပြောင်းနေရမယ် …"

"ဟင် … ဘာဖြစ်လို့လဲ …"

အေးအေးဆွေ ပြောသည်ကို ခင်ဖုန်း အံ့သြနေသည်။

"ဟိုမှာ တိုင်းအောင်တို့ ဇော်မိုးတို့ ရာဇာထွန်းတို့လည်း
နေမင်းစိုးနဲ့အတူရှိတယ်။ ယောက်ျားလေးတွေချည်းဆိုတော့ လွတ်လွတ်
လပ်လပ်လည်း ရှိအောင်လို့တဲ့ …"

"နင်က ဒီမှာ မလွတ်လပ်လို့လား …"

ခင်ဖုန်းက ဖြတ်မေးသည်။

"မဟုတ်ပါဘူး … ဆရာမကြီးက သူ့မှာလည်း တာဝန်ရှိ
ပါတယ်တဲ့ … သူ့ဆီ ပြောင်းနေပါ … ပြောလို့ …"

"ဒါဖြင့် နင်က အဲဒီကို ပြောင်းနေချင်တာလား …"

အေးအေးဆွေ ဘာပြောရမှန်းမသိ။

"နင်က ပြောင်းနေချင်တာဆိုရင်တော့ သွားပေါ့ ..."

ခင်ဖုန်း ပြောပုံက မကျေနပ်သော လေသံနှင့်ဖြစ်သည်။ အေးဆွေ ဘာလုပ်ရမှန်းမသိ။ ဆရာမကြီး စကားကိုလည်း မလွန်ဆန် ခင်ဖုန်း မကျေနပ်မှုကိုလည်း စိုးသည်။

"တစ်ခုတော့ရှိတယ်။ နင့်ကို ငါ့အစ်ကိုတွေက သူတို့မှာ တာ ရှိတယ်ဆိုပြီး တောမအထိ သွားခေါ်လာတာ။ နင်လိုက်မယ်ဆိုရင် ည ငါ့အစ်ကိုတွေ ပြန်လာအောင်တော့ စောင့်ဦး ... သူတို့ ပြေ ပြောင်းရမယ် ... ဒီအတိုင်း လိုက်သွားရင် စိတ်ဆိုးနေလိမ့်မယ် ..."

အေးဆွေ ခေါင်းညိတ်ပြသည်။

နေမင်းစိုးနှင့် တိုင်းအောင်မှာ ဘေးတွင် ရပ်လျက်။

အေးဆွေ ကိုယ်တိုင်လည်း ရပ်နေသဲ။ တိုင်းအောင်နှ နေမင်းစိုးကို အားနာနေသည်။

"အဲဒါဆိုရင် ... သူတို့လည်း စာပြန်ကျက်ပစေပေါ့။ န လည်း စာကျက်ဦးလေ ... စာမေးပွဲက ကပ်နေပြီ မနက်ဖြန ပြေရမှာ။ ကိုကိုတို့ကို ပြောပြီးလို့ သူတို့ကလည်း ခွင့်ပြုရင် ညာ သူတို့ ကားနဲ့လိုက်ပို့လို့ရတာပဲ ..."

ခင်ဖုန်းက စီမံခန့်ခွဲနေသည်။

နေမင်းစိုးနှင့် တိုင်းအောင် ဘာလုပ်ရမှန်းမသိ။

"ကိုတိုင်းအောင်ကြီး သွားတော့လေ ... အချိန်တ အလကား ကုန်တယ် ..."

ခင်ဖုန်းက တိုင်းအောင်ကို လှမ်းပြောသည်။ နေမင်းစိုး မပြော။

"ဟုတ်တယ်ကွာ ... လာသွားကြစို့ ... ဒါက ကြည့်ရတာ အများကြီး ကျန်သေးတယ် ..."



တိုင်းအောင်က နေမင်းစိုးကို ခေါ်ပြီး ထွက်သွားသည်။

* * *

ညနေ(၆)နာရီခန့်တွင် အစ်ကိုနှစ်ယောက် ပြန်လာသောအခါ ခင်ဖုန်းက အကြောင်းစုံကို ပြောပြသည်။

"ဟာ ... မပြောင်းရပါဘူး ... ငါတို့ ခေါ်လာတာ ... ငါတို့မှာ တာဝန်ရှိတယ် ..."

မြအောင်က တွေးတွေးခါးခါး ငြင်းသည်။

"ဒီအိမ်မှာလည်း ငါတို့ ညီအစ်ကိုနဲ့အတူနေတာပဲ ... ယောကျ်ားလေး အဖော်ရှိတာပဲ ... လွတ်လပ်ပါတယ်။ မင်းဘာသာ လွတ်လွတ်လပ်လပ်သာနေ ..."

မြအောင်က အေးဆွေကိုပါ လှမ်းပြောလိုက်သည်။

"နင်က မလွတ်လပ်လို့လား ... အေးဆွေ ..."

ခင်ဖုန်း မေးပုံက မကျေနပ်သံနှင့်။

"မဟုတ်ပါဘူး ... လွတ်လပ်ပါတယ် ..."

"ဒါနဲ့ နင်ပြောတာက ပြောင်းချင်တဲ့ လေသံပါနေလို့ ..."

"ဆရာမကြီးက ပြောင်းခိုင်းရမယ်ဆိုတော့ ..."

"ဆရာမကြီးက သူ့ကိုပြောတာ .. လိုက်လုပ်ရတာနေမှာ .."

အေးဆွေ ခေါင်းညိတ်မိလျက်ဖြစ်သွားသည်။

"ဟုတ်တယ်မဟုတ်လား ... ဆရာမကြီး ပြောတယ် မဟုတ်လား"

ခင်ဖုန်းက အေးဆွေကို အပိုင်မေးလိုက်သည်။

"မင်းသူငယ်ချင်း မောင်နေမင်းစိုးက စေတနာနဲ့လုပ်ခဲ့တာ မမျှော်လင့်ဘဲ မောင်အေးဆွေ ဒုက္ခဖြစ်ရတာကို စိတ်မကောင်းဖြစ်နေ

တာတဲ့။ အဲဒါ သူကလည်း ကူညီချင်လို့တဲ့ ...''

ခင်ဖုန်း ပြုံးလိုက်သည်။

''သိသားပဲ ... သူ့ဥာဏ်တွေ ... ဆရာမကြီး ဘာလို့ တာလဲ မေးတော့ သူမပြောတတ်ဘူးတဲ့ ... မရိုးသားတာ ... စိတ်ရင်းမကောင်းလို့ ငါတို့ ဒုက္ခဖြစ်ခဲ့ရတာ ... နင်ကလည်း အ မရှိဘူး ...''

ခင်ဖုန်းက အေးဆွေကို အပြစ်တင်လိုက်သည်။

''ခုမှ တာဝန်ရှိတယ်တွေ၊ ကူညီချင်တယ်တွေ လာလုပ် တာပါ ... အမှုစစ်နေတုန်းက လာတောင် မလာပါဘူး ...''

မြအောင်က ထင်ရှားသော အချက်ကို ထောက်ပြသည်။

''မလာရုံ ဘယ်ကမလဲ ... သေချာပေါက် ထောင်ကျ လို့ သူပြောခဲ့တာ ...''

မင်းမင်း ထောက်ပြချက်က ပို၍ ပြတ်သားစွာ သိ သွားသည်။

''အဲဒါ ... နင်သိလား ...''

ခင်ဖုန်း၏ အမေးကို အေးဆွေ ခေါင်းရမ်း၍ ဖြေလိုက်သည်။

''ဟုတ်တယ် ... အဲဒီလိုပြောလို့ ငါတို့ အားလုံးဒေါသဖြစ် တာ ... နင် ပြောင်းနေလို့မဖြစ်ဘူး ... သူ့ကို ငါမယုံဘူး။ သူ့ ဆီပြောင်းနေပြီးမှ စာမကျက်ရဘူး ... အဆင်မပြေဘူးဆိုရင် ဘယ် လိုလုပ်မလဲ ... ခုတောင် သူဝင်ရှုပ်တာနဲ့ စာကျက်ချိန်တွေ အများ ကြီးလျော့သွားပြီ ... ဒီမှာနေရတာ အားနာရပေမယ့်အကြောင်း အမ် နှစ်ယောက်နဲ့ အတူနေရတာလို့ လွတ်လွတ်လပ်လပ်ရှိတဲ့ အကြောင်း ဒီမှာ စာကျက်ရတာလည်း အဆင်ပြေတဲ့အကြောင်း ဆရာမကြီးကို ငါ စာရေးပေးလိုက်မယ်။ နင်မပြောင်းနဲ့ ...''



အေးဆွေ ခေါင်းညိတ်သည်။

''ရေးလိုက် ... အဲဒီစာကို ငါတို့ သွားပို့ပေးမယ်။ ငါတို့ ကိုယ်တိုင်လည်း ရှင်းပြပေးမယ်။ ကဲ ... မင်း အေးအေးဆေးဆေး စာကျက်တော့ ...''

အေးဆွေက မြအောင်ကို ကျေးဇူးတင်စွာ ကြည့်၍ ခေါင်း ညိတ်ပြလိုက်ပါသည်။

* * *

စာမေးပွဲအတွင်းမှာပင် အတင်းအဖျင်း စကားများက နေမင်း ဖိုထံမှ ထွက်လာပါသည်။

ခင်ဖုန်းမှာ အေးဆွေကို မခွဲနိုင်၊ မခွာရက်ဖြစ်နေ၍ သူ့အစ်ကို များက ယောက်ဖကို ကားနဲ့သွားခေါ်ပြီး အိမ်မှာ နှမနှင့်အတူ ထား ပေးရကြောင်း။ ဆရာမကြီးက အေးဆွေကို ယောက်ျားလေးအဖော်များ နှင့်အတူ အိမ်မှာ ပြောင်းလာနေရန် ခေါ်သည်ကိုပင် ခင်ဖုန်းက ဆရာမကြီးဆီကို စာရေးတောင်းပန်ပြီး သူ့အိမ်မှ ပြောင်းခွင့်မပေး ကြောင်း။ တေသသားကလည်း အရွှ၊ အရွှနှင့် အိမ်ဦး ချေးပါလုပ်နေ ကြောင်း။ တိုင်းအောင်ကလည်း ဆက်မနေနိုင်တော့၍ သူငယ်ချင်းတစ် ယောက် အိမ်ပြောင်းသွားရကြောင်း။

အိအိဖော်နှင့် ချစ်ချစ်ထွေးတို့ ကြားသော်လည်း ခင်ဖုန်းနှင့် အေးဆွေကို ပြန်မပြောကြပါ။ စာမေးပွဲအတွင်း စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးကြသည်။ ပြောသူများကလည်း ကာယကံရှင်ကိုတော့ တိုက် ရိုက်မပြောကြပါ။

ခင်ဖုန်း၏ အမေကတော့ ရွာထဲမှ သူညီမက တစ်ဆင့် ထိုစကားများ အားလုံးကြားရ၍ သမီးမသိအောင် ဆရာမကြီးကို သွားတိုင် ထားလိုက်သည်။

ခင်ဖုန်းနှင့် အေးဆွေကတော့ စာကျက်လိုက်၊ စာမေးပွဲ…
လိုက်နှင့် ဘာမှမသိကြ။ ဖြေလည်း ဖြေနိုင်ကြသည်။

စာမေးပွဲပြီးသည့်နေ့မှာပင် အေးဆွေ တောမရွာကို ပြန်…
ပြင်ဆင်သော်လည်း ခင်ဖုန်းအစ်ကိုနှစ်ယောက်က နောက်တစ်နေ့မှ က…
နှင့် လိုက်ပို့မည်ဆိုပြီး တားထားကြသည်။

ညတွင် ဗွီဒီယိုအခွေများ ငှားကြည့်ကြသည်။ တီဗွီဂိမ်းကစား…
ကြသည်။ စာမေးပွဲကလည်း ကျေနပ်အောင် ဖြေနိုင်ထား၍ အေးဆွေ…
ပျော်ပါသည်။

နောက်တစ်နေ့ အေးဆွေ ပြန်ခါနီးတွင် ခင်ဖုန်းက သူတ…
နေကျ ချောကလက်တစ်ထုပ်နှင့် နှုတ်ဆက်သည်။

အေးဆွေ၏ အဖေ၊ အမေ၊ အစ်ကို၊ အစ်မများ အားလုံးနှ…
ယောက်ဖဖြစ်သူအတွက်ပါ လုံချည်တစ်ထည်စီ လက်ဆောင်ပေးလိုက်…
သည်။

ခင်ဖုန်း၏ အစ်ကိုနှစ်ယောက်က အေးဆွေကို တောမရွာအထိ
ကားနှင့်လိုက်ပို့ကြသည်။ ရိုးသားဖြူစင်သော အေးဆွေကိုလည်း ခင်မ…
ရင်းနှီးသွားကြသည်။

ကျောင်းအုပ်ဆရာမကြီးကလည်း သူ့ရာ နေမင်းနိုးကို ပြဿနာ
များသည်၊ စကားရှုပ်သည်ဆိုပြီး စာမေးပွဲပြီးသည့်နောက်တစ်နေ့မှာပင်
သူ့မိဘများရှိရာ ကျွဲသို့ ပြန်ပို့လိုက်သည်။

တစ်နည်းအားဖြင့် နောက်ဆက်တွဲ ပြဿနာမပေါ်အောင်
ရှောင်ရှားလိုက်ခြင်းလည်းဖြစ်ပါသည်။

* * *



ခင်ဖုန်း၏ အစ်ကိုနှစ်ယောက်က အေးဆွေကို အိမ်ရောက်
အောင်ပို့ပြီးသည်နှင့် ပြန်သွားကြ၏။

အိမ်နီးချင်းများကအစ အေးဆွေ စာမေးပွဲဖြေနိုင်၊ မဖြေနိုင်
လာမေးကြသည်။ အေးဆွေကလည်း ဖြေနိုင်၍ ပြောရသည်မှာ ပျော်
ရွှင်ကောင်းပါ၏။ အေးဆွေ၏ အဖေ၊ အမေ၊ အစ်ကို၊ အစ်မနှင့်
ယောက်ဖပါ ခင်ဖုန်းပေးလိုက်သော လုံချည်တစ်ကွင်းစီရ၍ ပျော်နေ
ကြသည်။

"လူလေးကိုရော မိန်းကလေးက ဘာမှမပေးလိုက်ဘူးလား"

အေးဆွေ အစ်မ မြရင်က စပ်စုသည်။

အေးဆွေ ချောကလက်ထုပ်လေးကို ထုတ်ပြရင်း ခင်ဖုန်းကို
သတိတရဖြစ်လိုက်ရသည်။

လူများ ရှင်းသွား၍ အိမ်ပေါ်တက်ခဲ့တော့ ပို၍ သတိရသည်။

ခင်ဖုန်းနှင့်နှစ်ယောက်အတူ စာကျက်ခဲ့သော နေရာလေး။

ခင်ဖုန်း နေသွားသော အခန်းမှာ တံခါးပွင့်လျက်။

အခန်းထဲမှ မှန်တင်ခုံလေးမှာလည်း အဝတ်မပါ ဗလာဖြစ်လျက်။

ပိုင်ရှင်များက ဆိုင်ရာဆိုင်ရာ အဝတ်များကို ပြန်ယူသွား
ကြပြီ။

ဤအိမ်ကလေးမှာ ခင်ဖုန်း နှစ်ရက်နေသွားခဲ့သည်မှာ
မယုံနိုင်စရာ အိပ်မက်ပမာ။ သို့သော် တကယ်နေသွားခဲ့သည်။

ခင်ဖုန်း၏ ပုံရိပ်ကလေးများနှင့် အငွေ့အသက်လေးများကို
အေးဆွေ ခံစားနေရသေးသည်။

မြင်မြင်သမျှ ခင်ဖုန်းကို သတိရစရာချည်းဖြစ်နေ၏။

သူ့အိမ်မှာလည်း (၁၀)ရက် အတူနေခဲ့ရသည်။ စာကြည့် လည်း
အတူတူ ထမင်းစားလည်း အတူတူ။

မကြာခဏ သူမျက်နှာလေးကို မြင်နေရသည်။ သူ့အသံ... ကြားနေရသည်။ သူ့လှုပ်ရှားမှုလေးများကို တွေ့နေရသည်။

စာမေးပွဲအတွက် စာကျက်ရင်း အတူရှိနေသည်ကိုတော့ အစဉ်သိနေခဲ့ရသည်။

နေတော့ မနေတတ်သလိုပင် လွမ်းလွမ်းဆွေးဆွေး ခံစားရ ရသည်။

ကိုယ့်အိမ်မှာ နှစ်ယောက်အတူနေခဲ့စဉ်က ထူးထူးခြားခြား မခံစားခဲ့ရ။

သူ့စိတ်ထဲမှာ တစ်မျိုးမမြင်စေချင်၍ ဖုံးသားမြူးစင်မှုကို ပြုံး အောင် သတိထားနေခဲ့သည်။ ထို့ကြောင့်လည်း ဆန့်ကျင်သော စိတ်မှာ ဝင်စားသည်ဟု မရှိခဲ့။

"ခုတော့ ငါ့စိတ်တွေက ဆန်းပြားနေပြီလား ..."

အေးဆွေ ကိုယ့်ဘာသာ ပြန်ဆန်းစစ်မိသည်။

ဆန်းသည်ဟု ဝန်ခံချင်စိတ် မရှိသော်လည်း လွမ်းနေသည် ကတော့ ဝန်မခံချင်၍ မရ။

"ငါက ဘယ်လိုဖြစ်နေရတာလဲ ... အစတုန်းကလိုပဲ ... နိုးရိုးသားသားရှိနေလိုက်ပါလား ..."

လွမ်းစိတ်များကို မေ့ပျောက်နိုင်အောင် ကြိုးစားသည်။

ညအချိန် အိမ်အပေါ်တွင် စာအတွက်ကျက်ရင်း တို့ဟူးသုပ် တစ်ဖွန်းစားလိုက် စာကျက်လိုက်လုပ်နေသော ခင်ဖုန်းဇော်မျက်နှာလေးကို မြင်ယောင်မိသည်။

"သူက ငါ့ကို ရိုးရိုးသားသား ခင်ခဲ့တာ ..."

"ဟုတ်တာပေါ့ ... သူက သူ့ဖွားသိ ... မို့ကို ဘယ်လိုလုပ် စိတ်ကူးမှာလဲ ... အဆင့်ချင်းက ဒီလောက်ကွာတာ ..."



"အေးဆွေ မင်း ... ကိုယ့်ဘဝ ကိုယ့်အခြေအနေကို အမှန် အတိုင်း နားလည်ဖို့လိုတယ် ..."

ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။

သူတို့က မြို့ပေါ်မှာ ဈေးနားနီးနီး တိုက်ကြီးကြီးနှင့် ရွှေဆိုင် နှင့် ပန်းတိမ်ဖိုနှင့် ဆီစက်နှင့်။

ကိုယ်က တောရွာက လယ်သမားသား။

ခင်ဖုန်းကို အဝေးကြီး၊ အမြင့်ကြီးမှာ ရောက်သွားသလို ခံစားရသည်။

အိပ်ပေါ်မှာ တစ်ယောက်တည်း မနေချင်၍ အိမ်အောက်သို့ ဆင်းလာခဲ့သည်။

"ကြော် .. ဟိုမှာ ... တွေ့နေရပြန်ပြီကော ..."

ခြံထောင့်တွင်ရှိသော ရေချိုးခန်းလေးက အရှင်သခင်မကို တမ်းတနေလေယောင်။

* * *

အေးဆွေ ပြန်သွားကတည်းက ခင်ဖုန်းရင်ထဲမှာ တစ်စုံတစ်ရာ လစ်ဟာသွားသလို ခံစားရသည်။

မနေတတ်သလိုလည်း ဖြစ်ရသည်။

ကိုယ့်ဘာသာ သိ၍ အမေမရိပ်မိစေချင်။ စာမေးပွဲရက် အတွင်းမှာ အိပ်ရေးမဝ၍ အိပ်ဦးမည်ဆိုပြီး အိပ်ယာထဲသို့ ဝင်ခဲ့သည်။

အမေ့မှာ ဘာမှမသိရှာ။

"အိပ် .. အိပ် .. သမီးလေး အိပ်ရေးဝအောင် သွားအိပ်" ဟု ပြောရှာသည်။

အိပ်ယာထဲရောက်တော့ မျက်စိမှိတ်ထားသော်လည်း အေး ဆွေကို မြင်ယောင်နေသည်။

စာမေးပွဲမတိုင်မီ (၃) ရက်မှာ အေးဆွေ အိမ်ရောက်လာ၍ စာအတူကျက်ရသည်။

စာမေးပွဲရက်များပါဆိုလျှင် ဆယ်ရက်ခန့် အတူနေခဲ့ရသည်။

နေ့ခင်းမှာ ချစ်ချစ်ထွေးနှင့် အိတိအိဖော်ပါအတူ ကျက်ကြသော်လည်း မနက်အစောပိုင်းနှင့် ညပိုင်းမှာက နှစ်ယောက်တည်း။

ကိုယ်က စာကျက်လျှင် အသံထွက်ကျက်ရမှ၊ သူက အသံမထွက်။ သူ့ကြောင့် ကိုယ့်မှာ အနှောင့်အယှက်မရှိ။ သူများကို အလိုက်သိသည်။ အနစ်နာခံ၍ ကူညီတတ်သည်။

ကိုယ့်တစ်သက်မှာ ဘယ်ယောကျ်ားနှင့်မှ လက်ပွန်းတတီး ရင်းရင်းနှီးနှီး မနေဘူးခဲ့။ သူနှင့်ကျမှ ညအမှောင်မှာ ကြောက်စရာကောင်းသော ခရီးကို နှစ်ယောက်အတူ သွားခဲ့ရသည်။

သွားခဲ့ရသည့် ခရီးစဉ်များကို ပြန်လည်မြင်ယောင်မိသည်။

ကိုယ်လဲ ကျတိုင်း သူက ထူပေးသည်။

အစပိုင်းတွင် ထူသော သူ့လက်ကိုပင် တွန်းဖယ်ပစ်ခဲ့သည်။ နောက်တော့လည်း သူ့အကူအညီကို မလွှဲမရှောင်သာ ယူရပြန်သည်။ သူကတော့ ညည်းညူခြင်းမရှိ။

ယေ်ထိုးအိမ်လေးမှာ နှစ်ယောက်တည်း နှစ်ညအတူ အိပ်ခဲ့ရသည်။ ဘာအနှောင့်အယှက်မှမရှိ။

မှန်းပုံအနာများကို ကျိတ်မှိတ်ရွက်ဆေးရည်ညှစ်ပေးနေသော အေးဆွေကို မြင်ယောင်ရပြန်သည်။

ကိုယ်အကူအညီ မလိုလျှင် အပြင်ထွက်၍ လှေခါးမှာ ထိုင်စောင့်သည်။ အကူအညီလိုသည်နှင့် ရောက်လာသည်။

အများပျောက်တော့ ကော်ဖီသောက်ရန် ဝယ်ပေးသည်။

ယေ်ထိုးမှ သူ့ရွာကို စက်ဘီးနှင့်သွားတော့ လမ်းမှာ စက်ဘီး



ကို ရုတ်တရက်တနိုင်ဆုပ်လိုက်၍ သူ့ကျောပြင်မှာ ရင်နှင့်မိတိုးကပ်လျက် သားဖြစ်ရသည်။ လိမ့်မကျအောင်လည်း သူ့ကို ဖက်ထားလိုက်ရ၍ စိတ်ဆိုး၍ သူ့ကျောကို ထုပစ်လိုက်သည်။ မြွေအန္တရာယ်ကြောင့်ဖြစ်ကြောင်း သူက တောင်းပန်သော လေသံနှင့်ပြောသည်။

သူ့ကို အမြဲတမ်း အနိုင်ကျင့်ဆက်ဆံခဲ့မိသည်။ သူ့စိတ်ဆိုးခြင်းမရှိ။ ကိုယ့်ထက် အသက်နှစ်နှစ်နီးပါးကြီးသော်လည်း နင်နှင့် ငါနှင့်သာ ပြောခဲ့သည်။ ခိုင်းစရာရှိသမျှကိုလည်း အပေါ်စီးလေနှင့် ခိုင်းခဲ့သည်။

သူ့ရွာ၊ သူ့အိမ်ရောက်တော့ လိုလေသေးမရှိ ဂရုစိုက်သည်။ သီးခြား အိပ်ခန်းလေး လုပ်ပေးသည်။ ရေချိုးခန်းလေး လုပ်ပေး၍ မကာ ရေပါ ထမ်းပေးသည်။

တောင်ခြေတောရကျောင်းမှာ အင်ကြင်းပန်းများ ခူးပေးသော အေးဆွေ။

မြွေအန္တရာယ်ရှိတိုင်း ဘေးမှ ကာကွယ်ပေးသော အေးဆွေ။

ထမင်းစားတိုင်း ဟင်းတွေ အများကြီး ထည့်ပေးသော အေးဆွေ။

ကိုယ့်ကို ကူညီ၍ လက်ထိပ်တန်းလန်းနှင့် အချုပ်ခန်းထဲမှာ နေရသော အေးဆွေကို မြင်ယောင်တော့ ရင်ထဲမှာ ဆို့နင့်စွာ ခံစားရသည်။

"အို ..."

ကိုယ်မထိန်းချုပ်နိုင်မီမှာပင် မျက်ရည်များက ပါးပေါ်သို့ စီးဆင်းလာသည်။

မျက်ရည်များကို သုတ်ပစ်လိုက်သည်။

အမေအခန်းထဲ ဝင်လာလျှင် မြင်သွားမှာ စိုးရိမ်သည်။

"ဟင်း ..."

သက်ပြင်းတစ်ချက်ကို ဖြည်းညှင်းစွာ ချလိုက်သည်။

"ငါက ဘာလို့ မျက်ရည်ကျရတာလဲ ..."

ဆက်မတွေးဘဲ ရပ်ပစ်လိုက်သည်။

"မဟုတ်ပါဘူး ..."

ကိုယ့်ဘာသာ ငြင်းချက်ထုတ်လိုက်သည်။

"သူ့ဘက်က ငါ့ကိုခင်တာ ရိုးရိုးသားသားပါ။ အကြည့်နဲ့တောင် ဆန်းပြားတာမရှိခဲ့ပါဘူး ..."

ကိုယ့်ဘာသာ ရှက်သွားသလို ခံစားရသည်။

ခုလောက်ဆို သူက သူ့ရွာမှာ သူ့မိသားစုတွေနဲ့ ပျော်နေမှာ။ ငါ့ကိုတောင် သတိရချင်မှ ရတော့မှာ။

ခင်မှုန်းအတွေးထဲမှာ မကျေနပ်။

"ငါကလည်း ဘာလို့ သတိရနေရမှာလဲ ..."

ခင်မှုန်း မာနထား၍ မေ့ပစ်နိုင်အောင် ကြိုးစားလိုက်သည်။

"ဥဩ ... ဥဩ .. ဥဩ .."

မင်းရဲမြောင်း ဘေးရှိ ကုက္ကိုပင်တန်းဆီမှ ဥဩတွန်သံကြား ရသည်။

တောင်ခြေတောရကျောင်းအနီးမှ လွမ်းစေတော့နှင့် စမ်းချောင်း လေးဆီသို့ ပြန်ရောက်သွားသလို ခံစားရသည်။

"ဪ ... ငါ့အဖြစ်ကလည်း လွမ်းစေတော့ရောက်တော့ အဖေ အမေနဲ့ အစ်ကိုတွေကို လွမ်းရတယ်။ ခုတော့ ..."

ဆက်မတွေးဘဲ ထားလိုက်သည်။

* * *



"သမီးရေ ... ပေါ်ဘီမှာ သမီးနာမည်နဲ့စာတစ်စောင်"

စာမေးပွဲပြီး (၅)ရက် မြောက်မှာ ဖြစ်သည်။ အမေထံမှ စာအိတ် လေးကို ခင်မှုန်းလှမ်းယူလိုက်သည်။

ပန်းနုရောင်စာအိတ်လှလှလေးနှင့် ထည့်လိုက်သော မှတ်ပုံတင် စာလေးဖြစ်သည်။

စာအိတ်ပေါ်တွင် လိပ်စာရေးထားသည်မှာ စက်ဝိုင်းပေါက်နှင့် အသေအချာရေးထား၍ ဝိုင်းစက်လှပနေသည်။ မည်သူ့လက်ရေးမှန်း မသိနိုင်။

အေးရွှေ၏ အိမ်မှာနေခဲ့စဉ်က အေးရွှေ၏ ပလတ်စတစ်ဘူး လေးထဲမှာ စက်ဝိုင်းပေါက်အရွယ်အစား အမျိုးစုံပါသော ကတ်ပြားလေး ကို တွေ့ခဲ့ဖူးသည်။

"အေးရွှေ ... ငါ့ဆီကို စာရေးတာလား ..."

ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်ရသည်။

စာလေးကို ယူ၍ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

"အေးရွှေ နှုတ်က ဖွင့်မပြောခဲ့လို့ စာနဲ့ရေးပြောတာလား"

ဖြစ်စေချင်စိတ်နှင့် တွေးလိုက်မိသေးသည်။

စာရေးစားပွဲတွင် ထိုင်၍ စာအိတ်ကလေးကို ဖောက်ပြီးမှ ခံစားချက်အပြည့်နှင့် ဖတ်ချင်၍ အိပ်ရာကုတင်ပေါ်မှာ လှဲလိုက်သည်။

အတွင်းမှ ပန်းနုရောင်စာရွက်ကလေးနှစ်ရွက်ကို ထုတ်ယူ လိုက်သည်။ အသေအချာ ဝိုင်းစက်လှပစွာ ရေးထားသော စာလုံး လေးများ။

အသက်တမျှ ချစ်ရလွန်းသော ညီမလေး ...

အပေါ်စာတန်းလေးကို ဖတ်ရုံနှင့် ရည်းစားစာမှန်း သိရ၍ ခင်မှုန်း၊ အသက်ရှုသံများ မြန်လာသည်။

ရင်ထဲမှာ ခံစားနေရတာတွေကို ဘယ်လိုမှ ထိန်းချုပ်တားဆီး မရတော့အတွက် စိတ်ကို အချုပ်နှိပ်ပြီး ရေးလိုက်ရတာပါ။

ညီမလေးကို ရှက်ရွံ့ရှုံ့ပုံတွေ ကြားပြီး ဒါပေမဲ့ မပြောနိုင် ရှင် ညီမလေး စိတ်ဆိုးသွားမှာ စိုးရိမ်လို့ မပြောဘဲနေခဲ့ရတယ်။

ဝတ်ရုံ၊ သက်ပြင်းလေးတစ်ချက်ချလိုက်မိသည်။ "မြှေ ရေးမည်" ဟုသည့် စေ့ဆော့လိုက်မိသေးသည်။

ညီမလေးပညာ၊ ခိုင်မိမယ်ထင်ပါတယ် ... ဒါပေမဲ့ အစေ အနက်မပြောပါရစေ ညီမလေးရယ် ... ညီမလေးအတွက်ဆိုရင် ... အစ်ကို ဘာ အစ်ကို အသက်နှင့်ရင်းပြီး ဘာမဆို လုပ်ပေးမှာပါတယ်...

ညီမလေးရဲ့ မေတ္တာကိုရှိ ညီမလေးကို ကာကွယ်ပေး အစ်ကို ဘာ့မရှိတော့ ... ဘာကိုမဆိုရင် ရင်ဆိုင်ရဲတယ်... အစ်ကို လုပ်ရပ်တစ်ခုကို ညီမလေး မကျေနပ်တာရှိရင်လည်း ညီမလေး ကိုစွတ်လွန်းလို့ အကာအကွယ်ပေးချင်လွန်းလို့ဆိုတာ ညီမလေး နား လည်ပြီး ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်။

"နိဒါန်းရှည်နေတာလည်း များလိုက်တာဟယ် ..." ဟု စိတ်မရှည်နိုင်ခြင်းဖြင့် အောက်ဆက်မှ လက်မှတ်ထိုးထားသူ၏ အမည်ကို ဝင်ဖုန်း ကျော်ကြည့်လိုက်ချင်စိတ်ဖြစ်မိသည်။ သို့သော် မကြည့်သေးဘဲ စိတ်ရှည်ရှည်ထားပြီး ဆက်ဖတ်သည်။

အစ်ကိုက ညီမလေးကို သိပ်ချစ်လွန်းတော့ သိပ်သဝန်တိုမိ တယ် ... ညီမလေးကို ဘယ်ယောက်ျားလေးနဲ့မှ မရင်းနှီးစေချင်ဘူး။ ညီမလေးကို အစ်ကိုပဲ အကာအကွယ်ပေးချင်တယ်။ ညီမလေးနဲ့ အရင်း နှီးဆုံးလူဟာ အစ်ကိုပဲ ဖြစ်ချင်တယ် ... ။ ညီမလေး အနားမှာ ဘယ်လူမှ မကပ်စေချင်ဘူး ... ။ ဒါကြောင့် အေးဆွေက ညီမလေးနဲ့ ရင်းရင်း နှီးနှီးနေတာကို ... အစ်ကို ရင်ထဲမှာ မနာလိုနေအောင် ခံစားရ



တယ် ...

"ဟင်၊ ... သေလိုက်ပါလား ..."

ဖူမှ နေမင်းဖြိုး၏ စာမှန်းရိပ်မိ၍ လက်ထဲမှစာကို လွှင့်ပစ် လိုက်သည်။ ရုတ်စိတ်နှင့်အတူ မကျေနပ်ခြင်းလည်း ဖြစ်ရသည်။

ကိုယ်က အေးဆွေ စာထင်၍ ရင်မှာ လှုပ်ရှားခဲ့ရသည်။ ခံစား ချက်အပြည့်နှင့် ဖတ်ခဲ့ရသည်။

သူကတော့ ကိုယ်ထင်သလို မဟုတ်။ မထင်သူကမှ ရေး ခဲ့ရသေးသည်။

နေမင်းဖြိုးကို မကျေနပ်ရာမှ အေးဆွေကို မကျေနပ်စိတ် ပြောင်းသွားသည်။

မရေးသူကို အလေးထားမည့်အစား ရေးသူကို လေးစားသင့် သည့်ဟု ပြောင်းသွားသည်။

အေးဆွေကို မကျေနပ်စိတ်နှင့် နေမင်းဖြိုး၊ ဘာတွေဆက် ရေးထားသည်ကို သိချင်စိတ်တို့ကြောင့် လွှင့်ပစ်ထားသော စာကို ပြန် ကောက်၍ ဆက်ဖတ်သည်။

တကယ်တော့ ညီမလေးအနေနဲ့ အေးဆွေကို လုံးဝစိတ်ဝင် စားမှာ မဟုတ်ဘူးဆိုတာ ... အစ်ကိုယုံပါတယ်။ ဒါပေမဲ့ နိုင်ငံကောင်းလို့ နိုင်းနေရင်းနဲ့ ပိုရင်းနှီးသွားမှာကို စိုးရိမ်နေမိတယ်။

ဒါကြောင့် ဝေ့ဝှေ့ရှောင်ကို ညီမလေးတို့ ဇီဝသိပ္ပံအဖွဲ့ကြတော့ အစ်ကို စိုးရိမ်စိတ်နဲ့ အိမ်သွားတိုင်မိပါတယ်။ ညီမလေးပါ ဒုက္ခဖြစ်ရ တာကို အစ်ကို တောင်းပန်ပါတယ်။ တကယ်ကတော့ အေးဆွေကို ရှုရှုပေါ်ပေါ် တေသာနဲ့ အဆင့်ချင်းကွာခြားလွန်းပါတယ်။ နိုးစင်ရင် ညီမလေးအတွက် နှစ်နာမှာစိုးလို့ စေတနာနဲ့လုပ်ခဲ့မိတာပါ။

ဒါပေမဲ့ ကိုယ်သိပ်ချစ်တဲ့ ညီမလေးက အပြစ်မြင်သလို ဆရာတွေ

ဆရာမတွေကလည်း မကျေနပ်ကြဘူး။ ကြီးကြီးက ဆူတာ၊ ပြောတာလည်း ခံခဲ့ရတယ်။

အခုဆိုရင် ဘာပဲဖြစ်ဖြစ် လူတွေက ညီမလေးကို အေးဆွေနဲ့ အသင်အမြင်လွဲပြီး ပြောကြဆိုကြတယ်။ (၄) ညတောင် အတူနေခဲ့တာ ... သူ့အိမ်မှာ နှစ်ညနေခဲ့တာတွေကို ထောက်ပြပြောဆိုကြတယ်။

ညီမလေးကို မိသားစု ရှေ့မှာ မပြောကြပေမဲ့ ကွယ်ရာမှာတော့ နားမဆံ့အောင် ပြောဆိုနေကြတယ်။ အစ်ကိုကတော့ ညီမလေး အေးဆွေနဲ့ ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ယုံပါတယ်။ ဘယ်သူက ဘာပဲပြော ညီမလေးအပေါ် ချစ်တဲ့မေတ္တာတစ်စက်မှ လျော့မသွားပါဘူး။

နောက်ဆုံး လူတွေပြောသလို မလွဲသာမရှောင်သာ ဖြစ်ခဲ့တယ်ဆိုရင်လည်း အစ်ကို ညီမလေးကို ချစ်တဲ့အချစ်ဟာ လျော့မသွားဘူး။ တစ်သက်လုံး အမြဲတမ်း စောင့်ရှောက်ခွင့်ရချင်ပါတယ်။

အစ်ကို့ မိဘတွေကလည်း အစ်ကို့ကို သိပ်ချစ်တော့ အစ်ကို့ဆန္ဒကို လိုက်လျောမှာပါ။ ကူမဲမှာရှိတဲ့ ဆန်စက်ကလည်း အစ်ကို့နာမည်နဲ့မို့ အစ်ကို့ကိုပဲ ပေးမယ်လို့ပြောပြီးသားပါ။

ဒီလောက်ဆိုရင် ညီမလေးအပေါ်မှာ အစ်ကို ဘယ်လောက်အထိမြတ်နိုးတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ချစ်နေတယ်ဆိုတာ ညီမလေး နားလည်မှာပါ။

အစ်ကို့အပေါ်မှာ မကျေနပ်တာတွေရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ အစ်ကို့ရဲ့ ကြီးမားတဲ့မေတ္တာကို နားလည်ပြီး အစ်ကို့ကို စဉ်းစားပေးပါလို့လည်း ပြောပါရစေ ...။



ညီမလေးရဲ့ သဘောထားကို မျှော်လင့်ချက်ကြီးစွာ စောင့်စားလျက်–

နေမင်းစိုး

**လိပ်စာ**
**နေမင်းစိုး**
**နေမင်းစိုး ဆန်စက်**
**ကူမဲမြို့၊ မြစ်သားမြို့နယ်။**

ခင်မုန်း စိတ်ပျက်စွာနှင့် နေမင်းစိုး၏ စာကို ခေါက်ပြီး အိတ်ထဲပြန်ထည့်ထားလိုက်သည်။

ကိုယ့်အပေါ်မှာထားသော သူ၏သဘောထားနှင့် ခံစားချက်ကိုတော့ နားလည်သလို ခံစားလိုက်ရသည်။

ကိုယ့်ကွယ်ရာမှာ ကိုယ့်အကြောင်း ပြောနေကြသည်များ နားမဆံ့အောင် ကြားနေရသည်ဆိုသော စကားကိုလည်း စိတ်ပျက်စွာနှင့် ယုံကြည်မိပါသည်။ လူအများ ပြောသည့်အတိုင်း အေးဆွေနှင့် မလွဲမရှောင်သာ ဖြစ်ခဲ့လျှင်ပင် သူချစ်သည်က လျော့မသွားကြောင်းနှင့် စောင့်ရှောက်ခွင့် တောင်းသည်ကိုတော့ ခင်မုန်း လေးစားမိပါသည်။

ယခုကဲ့သို့ နာမည်ပျက်နှင့် လူအများပြောနေကြချိန်မှာ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ယောကျ်ားလေး အတော်များများမှာ ရှောင်သွားကြမည်ဖြစ်ပါသည်။

ကိုယ်က စဉ်းစားသည် မစဉ်းစားသည်ထက် သူ၏ သဘောထားကိုတော့ တန်ဖိုးထား၍ မှတ်သားထားလိုက်သည်။

သူရေးသော စာလေးကြောင့် ကိုယ့်ဘဝ တန်ဖိုးမပျက်သေးဟု အားတက်လိုက်ရသည်။

သူ့စာလေး လွှင့်ပစ်လိုက်မိသည်ကိုပင် အားနာစိတ်ဖြစ်မိရသည်။

မထင်သူကမှ ရေးဖော်ရသေးသည်။ ထင်သူက ဘာမှမဖော်မရ။

အေးဆွေကို မကျေနပ်စိတ်ဖြစ်ရပြန်သည်။

"ဒါပေမဲ့ ... နေမင်းစိုး ရေးသလို အဆင့်ချင်း ကွာခြားတယ်လို့ ရင်းစားပြီး ဘာမှ မဖော်ထုတ်ခဲ့ဘူးလား ... သူ့ခများ ရိုးသားဖြူစင်ပြီး ကိုယ့်ပေါ်မှာ စေတနာထားတာတော့ သေချာတယ်။ သူ့ဘက်က ဖွင့်ပြောလာဖို့ဆိုတာတော့ ဘယ်လိုမှ စဉ်းစားရဲမှာမဟုတ်ဘူး ..."

သနားစိတ်ဖြစ်မိသည်။

"ဒါပေမဲ့ မပြောရဲလို့ မပြောရင်တောင် သူ ငါ့ကို သတိရဖြစ်နေရင် ဒီပါရက်အတွင်းမှာ တစ်ခေါက်လောက်တော့ ကျောက်ဆည်ရောက်လာပြီး အိမ်ဝင်တွေ့မှာပေါ့ ... အရင်က နေ့တိုင်းတောင် ကျော်လာတက်နေသေးတာပဲ ..."

ခင်ဖုန်း မကျေနပ်စွာ တွေးမိရပြန်သည်။

"ဟင်း ... နေနိုင်ရင် နေလိုက်ပေါ့ ... မနေနိုင်တဲ့ လွမ်းကြီးစားလို့ ပါသွားမှ ခံစားနေရရင်တော့ သေလိုက် ..."

* * *

ညနေရောက်တော့ အေးဆွေ့ရင်ထဲမှာ ပိုမို၍ခံစားရသည်။ ခင်ဖုန်းနှင့်အတူ လွမ်းစေတီသို့ သွားခဲ့ကြသည်ကို သတိရလာသည်။ ခင်ဖုန်းကို အလွမ်းပြေအောင် လွမ်းစေတီသို့ သွားချင်စိတ်များဖြစ်လာသည်။

အေးဆွေ အိမ်ပေါ်မှ ဆင်းခဲ့၏။

"လူလေး ... ဘယ်သွားမလို့လဲ"



အိမ်ခြံဝင်းမှ ထွက်ခွာနီး အမေက လှမ်းမေးသည်။

"တောရကျောင်းဘက် လမ်းလျှောက်သွားမလို့ အမေ .."

"မိုးရိပ်တွေ ဆောက်နေလို့ ... မိုးများ ရွာမလားလို့ ..."

အမေ့စကားက သွယ်ဝိုက်၍ တားသယောင်။

"ရွာမှာ မဟုတ်ပါဘူး အမေ ..."

အေးဆွေ ခြံဝင်းမှ ထွက်လိုက်သည်။

"တောရကျောင်း ရောက်မှတော့ လွမ်းစေတီဘက်ရောက်အောင်သွားလိုက်ပါ လူလေးရယ် ..."

အစ်မက သိကြောင်းပြောဖြစ်အောင် ပြောလိုက်သေးသည်။

အေးဆွေ ဘာမှပြန်မပြောဘဲ ခြေလှမ်းမပျက် ထွက်လာခဲ့သည်။

"အလွမ်းမင်းသားလေး ... လွမ်းစေတီသွားတော့မယ် .."

လမ်းဘေးအိမ်များမှ ကရုဏာသက်စွာ ပြောသံကို ကြားရသည်။

အစ်မသာမက တစ်ရွာလုံးသိနေကြသည်ကို အေးဆွေ နားလည်ပါ၏။

သို့သော် ဘာမှမကြားသကဲ့သို့ ဆက်လျှောက်ခဲ့သည်။

ရွာမှ ထွက်တော့ ကသစ်ပင်တန်းလေးကို ရောက်လာသည်။ ဟိုယခင် ခင်ဖုန်းနှင့်လာခဲ့စဉ်က မြင်ခဲ့ရသော ကသစ်ပန်းပေါက်ပန်းများ မရှိကြတော့ပါ။ တောင်ခြေဆီ လှမ်းမျှော်ကြည့်ပြန်တော့ လက်ပံပွင့်နီနီများကိုလည်း မမြင်ရပါ။

ပတ်ဝန်းကျင် ရှုခင်းများ ပြောင်းလဲသွားကြပြီ။

ကသစ်တန်းအလွန်မှာ မြီးတောင် ပိုချို့တုပ်ငှက်ကလေး တစ်ကောင်တည်း ပျံသွားသည်ကို လှမ်းမြင်ရသည်။

"အို ... နှစ်ကောင်တွဲ မဟုတ်ဘဲနဲ့ တစ်ကောင်ထဲပါလာ ကျန်တဲ့တစ်ကောင် ဘယ်ရောက်သွားပါလိမ့် ... နွားကျောင်းသားလေး ရဲ့ လေးမွှေနဲ့များ တွေ့သွားလေသလား ..."

ငှက်ကလေး ကိုယ်စား စိတ်မကောင်းဖြစ်လိုက်မိသည်။

"အေးလေ ... ခုတော့ ငါ့မှာလည်း မင်းလိုပါပဲ တစ်ယောက်တည်း ..."

လွမ်းဖော်ညှိ၍ တွေးမိသည်။

တောရကျောင်းကို ဖြတ်တော့ သရဖီပန်းနံ့ သင်းသင်းလေး ရသည်။

ကျောင်းဘေးမှ သရဖီပင်မှာ ဝတ်ဆံဝါဝါနှင့် သရဖီပန်းကလေး များ မွှင့်နေကြသည်။

"ဩော် ... သရဖီပန်းတွေတောင် မွှင့်နေကြပြီကိုး ..."

မနှစ်က ကိုးတန်းမှာ ခင်ဖုန်းမှာ၍ သရဖီပန်းများ ဝယ်သွားပြီး ပေးရသည်ကို သတိရသည်။

"ဒီနှစ်လည်း ပို့ပေးချင်လိုက်တာ ..."

ရင်ထဲမှာ ဖြစ်ပေါ်လာသော ဆန္ဒ။

တောရကျောင်း အထက်ကုန်းလေးပေါ် တက်လိုက်သည်နှင့် လွမ်းစေတီကိုမြင်ရသည်။

"ဩော် .. လွမ်းလိုက်တာ .. ခင်ဖုန်းရယ် ..."

တမ်းတမ်းတတ ခံစားရ၏။

ဘုရားပရဝုဏ်ဘေးမှ အင်ကြင်းပင်မှာ နီတာန်းနီ အင်ကြင်း ပန်းများမရှိတော့ပါ။

အရာခင်သိမ်းကုန်တို့ ပြောင်းလဲ၍ နေကြ၏။

ဘုရားပန်းအိုးလေးမှာ တောသပြေပန်းများ ခြောက်သွေ့၍

ကြီး မနေ့က သူ လှူခဲ့သော ပန်းကလေးများဖြစ်၏။

ဘုရားပရဝုဏ်ဘေးမှာပင် ပေါပေါများများတွေ့ရသော တောသပြေပန်းလေးများ ခူး၍ စမ်းရေအေးမှာ ဆေးလိုက်သည်။ ပန်း အိုးလေးတွင် စမ်းရေကြည်အသစ်လဲ၍ ပန်းကလေးများကို ထိုးစိုက်ပြီး လှူလိုက်သည်။

ဘုရားကို အာရုံပြု၍ ကန်တော့သည်။

လေပြည်အေးလေးက အေးဆွေကို တိုးဝှေ့တိုက်ခတ်သဖြင့် ချမ်းမြသွားပါ၏။

"နောက်တစ်ခါလောက် ခင်ဖုန်းနှင့်နှစ်ယောက်အတူတူဖူးရသော အခွင့်အရေးမျိုး ကြုံရပါလို၏ အရှင်ဘုရား ..."

မဝံ့မရဲ တောင်းဆိုလိုက်သော ဆု။

ဘုရားကန်တော့ပြီးသည်နှင့် တောလေ ... တောင်လေ အေးအေးကို တဝရှူလိုက်သည်။

"ဒီစေတီလေးကို လွမ်းစေတီလို့ ဘယ်သူကများ တည်ခဲ့တာ ပါလိမ့်"

အမည်နှင့်လိုက်အောင် လွမ်းစရာဖြစ်နေ၍ အေးဆွေတွေးမိ ခြင်းဖြစ်ပါ၏။ သို့သော် သူ မမွေးခင်ကတည်းက ရှိနေခဲ့သည်။ အဖေ နှင့် အမေကို မေးတော့ သူတို့မမွေးခင်ကပင် ရှိနေခဲ့သည်ဟု ဆိုသည်။ ဘာကြောင့် လွမ်းစေတီခေါ်သည်ကို ဘယ်သူမှမပြောနိုင်။

"ကုန်းကမူပေါ်မှာ ထီးထီးရှိပြီး ဘေးကလည်း စမ်းချောင်း လေးနဲ့ လွမ်းစရာကောင်းလို့ လွမ်းစေတီ ... ခေါ်ခဲ့တာနေမှာပါ"

အေးဆွေ ကိုယ့်ဘာသာ တွေးယူလိုက်သည်။

သို့သော် ဤနေရာသို့ ခင်ဖုန်းနှင့်အတူ လာစဉ်က မလွမ်းခဲ့ရ

ခင်ဖုန်းကို လွမ်းစရာ မရှိကြောင်းပင် ပြောခဲ့မိသေးသည်။

ခုတော့ ကိုယ်က သူ့ကို လွမ်းနေရပြီ။

စမ်းချောင်းလေးဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။

ယခင်က မြင်ခဲ့ရသော ရွက်ဝါလေးများနေရာမှာ ရွက်သစ် နုများ ဝေနေကြပြီ။

ညည်းငှက်သံလေးကိုလည်း မကြားရပါ။

စမ်းချောင်းကြည်ကြည်လေးကတော့ ကျောက်တုံးကြီးများကို ဝေ့ကာလိုက်ကာ လွမ်းစေတီသို့ ဦးတိုက်၍ စီးဆင်းသွားကြ၏။

စမ်းရေစလေးများကို မြင်ရသည်က ရင်မှာ အေးမြသည်။ အလွမ်းပြေသွားသလိုလည်း ခံစားရသည်။

"ခင်ဖုန်းတစ်ယောက် ... ဒီစမ်းရေလေးကို ကြည်လင် အေးမြ ပါစေဗျာ ..."

ရင်ထဲမှာ လှိုက်လှဲသော စေတနာနှင့် ခင်ဖုန်းအတွက် ဆု တောင်းပေးလိုက်မိပါသည်။

* * *

"သမီးရေ ... ဟောဒီမှာ တောမရွာက မောင်တင်မြင့် လာတယ်တော့ ..."

ဆိုင်ဘက်ဆီမှ မေမေ့ အသံကြား၍ ခင်ဖုန်း ခပ်သွက်သွက် ထွက်လာခဲ့သည်။

"ကိုတင်မြင့် တစ်ယောက်ထဲလား ..."

မေးချင်သည်က "အေးအေး မပါဘူးလား ... "ဖြစ်၏။ သို့သော် မေမေ့ ရှေ့မှာ မိန်းကလေး ပီသရမည်။

"အေး ... တစ်ယောက်ထဲ ... ရွာထဲဝယ်စရာရှိလို့ စက်ဘီးနဲ့ လာခဲ့တာ ... အေးအေးက မိန်းကလေးဖို့ သရဖီပန်း အပေး ခိုင်း လိုက်လို့ ..."

ရွက်ပျောဖက်နှင့် ထုပ်ထားသော သရဖီပန်းများကို ခင်ဖုန်း ...ယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ကိုတင်မြင့်ရယ်။ အေးအေးရော ...လုပ်နေလဲ ..."

ကိုယ်တိုင်လာမပေးသော အေးအေးကို မကျေနပ်။

"ဘာမှတော့ အလုပ်မရှိပါဘူး မိန်းကလေးရယ် ... ညနေကျ ...တော့ တောင်ခြေ စမ်းချောင်းနဲ့ စေတီဘက်ကို လမ်းလျှောက်ထွက် ...ရှိပါတယ် ..."

တင်မြင့်က လွမ်းစေတီဟု တမင်မပြော ဒေါ်စိန်မြ ကြားလျှင် ...မထင်စေချင်။ ဤမျှပြောသည်ပင် အေးအေး ပြန်သိလျှင် အပြစ် ...ခံရဦးမည်။

"ပြော ... သူ လွမ်းစေတီကို ညနေတိုင်း သွားတယ်ကိုး"

ခင်ဖုန်း ရင်ထဲမှ မကျေနပ်ခြင်းများ ပျောက်ကွယ်သွားသည်။

"ခဏနော် ... ကိုတင်မြင့် ..."

ခင်ဖုန်း အိမ်ထဲသို့ ဝင်၍ ချောကလက်တစ်ထုပ် ယူလိုက်သည်။ စာရေးပက်မှ အနံ့တစ်လက်မခန့် စာရွက်ရှည်ရှည်လေး ဖြတ်ယူပြီး စာတစ်ကြောင်းရေး၍ ချောကလက်ဘူးထဲမှာ ထည့်လိုက်သည်။

"ရော ... ကိုတင်မြင့် ... အေးအေးကို ပေးလိုက်ပါ ..."

ထူးထူးခြားခြား ဘာမှမှာကြားခြင်းမရှိ။

ချောကလက်ဘူးလေးကို ယူ၍ တင်မြင့် ပြန်ထွက်လာ ခဲ့သည်။

သူ့ကိုလည်း ပန်းပေးရုံသာ ပေးရန် ဘာမှမပြောရန် အေး အေးက မှာလိုက်၍ ဘာမှထပ်မပြောမိရန် စောင့်စည်းခဲ့ရပါ၏။

* * *

လွမ်းစေတီကို လွမ်းနေတယ်။

ခင်ဖုန်းပေးလိုက်သည့် ရှောကလက်ဘူးလေးကို ဖွင့်လိုက်သည်နှင့် စာရွက်ရှည်ရှည်လေးပေါ်တွင် ရေးထားသော စာတန်းလေးကို အေးဆွေ ဖတ်ရသည်။

"ဪ ... ခင်ဖုန်းရယ် ..."

အေးဆွေ ရင်မှာ လွမ်းလွမ်းဆွေးဆွေး ခံစားလိုက်ရပါ၏။ အောက်ဘက်မှာ အမည်ရေးမထားသော်လည်း ခင်ဖုန်း လက်ရေးမှန်း အေးဆွေသိပါသည်။

စာတန်းလေးကို ကြည့်ပြီး ခင်ဖုန်း၏ နှလုံးသားကို မြင်ရသကဲ့သို့ ခံစားရသည်။

"လွမ်းစေတီကို လွမ်းတယ်ဆိုတာ ..."

ကိုယ့်အတွေးနှင့် ကိုယ့်အဖြေ ရှာကြည့်မိသည်။

"ငါ့ကို လွမ်းတာလား ..."

"ငါနဲ့အတူ လွမ်းစေတီကို သွားခဲ့ရတာ လွမ်းတာလား"

"လွမ်းစေတီကိုချည်း လွမ်းတာလား ..."

"ဒါဆိုရင် ... ငါ့ဆီကို ဒီ စာကြောင်းလေး ဘာအဓိပ္ပာယ်နဲ့ ရေးတာလဲ ..."

သူ့ခမျာ လွမ်းနေရှာလို့လား။

အေးဆွေ အချုပ်ကျနေစဉ် လာတွေ့ရာမှာ ရှိက်ကြီးတငင် ကြေခဲ့သော ခင်ဖုန်းကိုမြင်ယောင်မိသည်။

"ငါနဲ့ သူနဲ့ အဆင့်အတန်းချင်း ကွာလွန်းပါတယ် ..."

ထိမ်ငယ်သောအတွေးဖြင့် အေးဆွေ စိတ်အားငယ်မိသည်။

"သူက သိပ်ချမ်းသာသည် ... ရုပ်ရည်ကလည်း တစ်ထန်လုံးမှာရော ... တစ်ကျောင်းဆုံးမှာရော အလှဆုံး ... အသားအရေ



က ကြည်ကြည်စင်စင် ဝင်းပနေ၏။ ကိုယ်နေဟန်ထားကလည်း အချိုးအစားကျလွန်းလှသည်။ စာကျတော့လည်း အတန်းတိုင်းမှာ ထိပ်ဆုံးသုံးနေရာသာရှိ၏။

အလှဆုံးပွင့်သည့် ပန်းပို အမြင့်ဆုံးမှာ တင့်စေချင်မိသည်။ နီးစပ်ရန်လည်း မရည်ရွယ်၊ သူငယ်ချင်းထက် ပို၍ မမှန်းပါဘဲလျက် ကံတရား၏ ဆန်းကျယ်မှုကြောင့် နှစ်ယောက်အတူ ထွက်ပြေးခဲ့ရသည်။ တွဲတွဲတူတူ ကူညီခဲ့ရသည်။ အတူထိုင်၊ အတူစား၊ အတူသွား၊ အတူလာ လွမ်းစေတီမှာ ဘုရားအတူ ဖူးသည်အထိ ရင်းနှီးခဲ့ကြသည်။

လူတကာက မည်သို့ပင် မြင်မြင် ရိုးသားဖြူစင်စွာ ကူညီခဲ့ပါ၏။ ထို့ကြောင့်လည်း တရားရုံးမှ အပြစ်လွတ်ခဲ့သည်။

သို့သော် ယခုအချိန်ကျမှ မိမိ၏ ရိုးသားဖြူစင်မှုကို သံသယဝင်ရသည်။

ရိုးသားဖြူစင်စွာ ကူညီခဲ့သည့် ကာလတစ်ခုကြာအပြီးတွင် ရင်ထဲမှာ သံယောဇဉ်ကျန်နေခဲ့သည်။

ယခုအချိန်တွင် နှလုံးသားကို ရုံးတင်လျှင် သံယောဇဉ်က သက်သေခံဖြစ်နေလိမ့်မည်။

"သူ့ ရင်ထဲမှာရော ..."

"လွမ်းစေတီမှာ လွမ်းနေတယ်ဆိုတာ ..."

သို့သော် သူ့နှလုံးသားကို သံသယဖြင့် မတွေးချင်။ သူ့ကို ယခင်ကလိုပင် မာနနှင့် ရှိစေချင်သည်။

ထို့ကြောင့် အလွန်တွေ့ချင်လျက် မသွားဘဲ နေခဲ့သည်။

ကိုယ်၏ ရိုးသားမှုဖြူစင်မှုကို ခင်ဖုန်း၏ အစ်ကိုများနှင့် မိဘများပါ ယုံကြည်ခဲ့သည်။ အိမ်မှာပေါ်၍ ခင်ဖုန်းနှင့်အတူ စာကျက်စေခဲ့သည်။ ခင်ဖုန်းနှင့် နှစ်ယောက်ထဲ ထမင်းစားရသည်။

နှီးသားဖြူစင်၍ ယုံကြည်မှုကိုရပြီးကာမှ မရှိသောသူ မြဲ
ဆိုး ရုပ်ဆိုးသောက ဆန်းဝေါ်ရှိရင်လည်း အသိနှင့်မှုဖြင့် ဆင်ခြင်ရတော့မည်။
ကိုယ်မသွားချင် ကြားသည်နှင့်အမျှ သူ မေ့သွားလိမ့်မည်။
ကိုယ့်ရင်ထဲမှာပင် အလွမ်းများကို သိမ်းထားရတော့မည်။
"လွမ်းစေတီကို လွမ်းနေတယ် ..."
ခင်ဖုန်းကို သနားမိသည်။
အချိန်က ညနေရောက်နေပြီ။
အေးအေး အိမ်ပေါ်မှ ဆင်းခဲ့သည်။
လွမ်းစေတီမှာ လွမ်းဖို့ သွားရဦးမည်။

* * *

မသွားဘူး ဆုံးဖြတ်ထားသည့်ကြားမှ အေးအေး ကျောက်ဆည်သို့သွားရန် အကြောင်းပေါ်လာသည်။

ဆရာမ ဒေါ်ယဉ်ကြည်က နေကြာဆီငါးပိဿာ ဝယ်ခိုင်းရန်ကြီးနှင့် ငွေပေးမှာကြားလိုက်၏။

အေးအေးတို့ ရွာမှာ နေကြာဆီ ဆီစစ်စစ်ရသည်။

ဆရာမ၏ မိခင်ကြီးက သွေးတိုးရောဂါရှိ၍ ယခင်ကလည်း ဝယ်ပေးခဲ့ရသည်။ ကျောက်ဆည်ကိုရောက်ရင် ခင်ဖုန်းအိမ်ကို ဝင်သင့် မဝင်သင့် အေးအေး တွေးရသည်။

"မဝင်ရင် ..."

ခင်ဖုန်း သိလျှင် စိတ်ဆိုးမည်။

"အေးလေ ဒီတော့ ဝင်ရမှာပေါ့ ..."

အိမ်အပင်မှ သီးချိုသီးများ မှည့်နေသည်ကိုလည်း ပေးချင်သည်။



"ခင်ဖုန်းနဲ့တွေ့ရင် ..."

မတွေ့ခင်ကပင် ရင်မှာ လှုပ်ရှားနေရ၏။

"မဖြစ်ဘူး ... ငါ့စိတ်က နှီးသားကြည်လင်ရမယ် ... မရိုးသားတာ ဘာမှမပေါ်လွင်ရဘူး ..."

ခင်ဖုန်း ကိုယ့်ကို သံယောဇဉ် မရှိစေချင်။ အမြင့်မှာပင် တင်စေချင်သည်။

အိမ်ပေါ်သို့တက်ပြီး ခေါင်းအုံးစွပ်အတွင်းမှာ ထည့်ထားသော ရွက်တူစာရွက်ပိုင်းလေးနှစ်ရွက်ကို ထုတ်ယူလိုက်သည်။

ခင်ဖုန်း လက်ရေးနှင့် စာလေးကို ပြန်ဖတ်ကြည့်မိသည်။

"လွမ်းစေတီကို လွမ်းနေတယ် ..."

နောက်တစ်ရွက်မှာ ကိုယ်တိုင်ရေးထားခြင်းဖြစ်သည်။

"လွမ်းစေတီမှာ လွမ်းနေတယ် ..."

သူ့စာလေးရေးစဉ်ကပင် သူ့ကို ပြန်ပေးချင်စိတ်နှင့် ရေးထားခဲ့ခြင်းဖြစ်သည်။

သို့သော် အေးအေး သက်ပြင်းတစ်ချက်ချလိုက်သည်။ သူ့စာလေးကို ခင်ဖုန်းစာနှင့်အတူ ခေါင်းအုံးစွပ်ထဲမှာ ပြန်ထည့်ထားလိုက်၏။

"ငါ့ရင်ထဲမှာ လွမ်းနေရတာကို နင်မသိစေရပါဘူး ခင်ဖုန်းရယ် ..."

အေးအေး အိမ်အောက်သို့ ပြန်ဆင်းပြီး သီးချိုပင်မှ အကောင်းဆုံး အလှဆုံးသီးချိုသီးများကို ခူးသည်။ သနပ်ခါးဝင်အောင် ရေနှင့် ဆေး၍ ပလတ်စတစ်အိတ်နှင့်ထည့်သည်။

"အစ်မတို့ အမေတို့ကလည်း သတိရနေတယ် ...လို့ မိန်းကလေးကို ပြောလိုက်ပါ လှလှလေးရယ် ..."

အစ်မမြရင်က အေးဆွေကို လှမ်းပြောလိုက်သေးသည်။

ဆီပုန်းကို စက်ဘီးနောက်မှာ တင်၍ ဆီးချိုသီးအိတ်လေးကို စက်ဘီးရှေ့မှ ခြင်းထဲထည့်ပြီး ကျောက်ဆည်သို့ ထွက်ခဲ့သည်။ သွားရကျလမ်းမသွားရသည်မှာ ကြာ၍ စက်ဘီးနင်းရသည်က ခြေသွက်ရ၏။ ကျောက်ဆည်နှင့် နီးလာသည်နှင့်အမျှ စက်ဘီးက ပိုမြန်လာ၏။

"ခင်ဖုန်းရယ် ... ငါ နင့်မျက်နှာလေးကို သိပ်မြင်ချင်တာပဲ"

ရင်ထဲမှာတင် ပြောမိသောစကား။ ရင်ခုန်သံများကလည်း လှုပ်ရှားလျက်။

သို့သော် ဆရာမအိမ်သို့ အရင်သွား၍ ဆီပုန်းပို့ ပေးရ၏။ ဆရာမက ကျေးဇူးတင်စကားတွေ ပြောနေသည်ကို နားထောင်ရသေးသည်။ ပြီးမှ ခင်ဖုန်း အိမ်သို့ သွားရ၏။

အိမ်နားနီးလာတော့ စိတ်ကပို၍ လှုပ်ရှား၏။

"ငါ့ကို မြင်ရင် ... သူ ပျော်သွားမလား ..."

ကိုယ့်ဘာသာ တွေးပြီး သူမပျော်ခင် ကိုယ်က အရင်ပျော်ရသည်။

ကြည်လင်တောက်ပသော သူ့မျက်လုံးလေးများကို စူးစူးစိုက်စိုက် မကြည့်မိအောင် ကြိုးစားရင်း တစ်ချက်ကလေးတော့ မြင်လိုက်ချင်သည်။

"ဒါပေမဲ့ ငါသတိထားရမယ် ... သူ့အမေရှေ့မှာ ငါ့အကြည့်တွေ၊ ငါ့အမူအရာတွေ အရင်ကလိုပဲ ရိုးသားဖြူစင်နေရမယ်။ ကြာကြာလည်း မနေဘဲနဲ့ ပြန်ရမယ် ... ဒါမှ ငါ့အမူအရာတွေ အမှားအယွင်းမရှိမှာ ..."

ထိန်းချုပ်သောအတွေးကြောင့် လှုပ်ရှားသော ရင်မှာ တည်ငြိမ်သွား၏။

အိမ်ရှေ့မှာ ခင်ဖုန်းအမေ ဒေါ်စိန်မြကို တွေ့ရသည်။



"ဆရာမ ဒေါ်ယဉ်ကြည်တို့ အိမ်နေကြာဆီလာပို့ရင်းနဲ့ ဆီးချိုသီးမှာလာပေးတာပါ ... အဒေါ် ... အိမ်အပင်က သီးတာပါ ..."

မမြင်သော ခင်ဖုန်းကို မေးချင်သော်လည်း ဆီးသီးပေးသည့်အကြောင်းကိုသာ အေးဆွေ ပြောလိုက်ပါသည်။

"ကဲ ... မင်းလာတဲ့ နေ့မှပဲကွယ် .. သမီးက သူ့အဖေနဲ့လေး သွားတာနဲ့ လိုက်သွားတယ် ... ညနေမှ ပြန်ရောက်မယ်"

"ဪ ..."

ရင်ထဲမှာ ဟာသွား၏။ အလာကြီးလာခဲ့ပြီးမှ မျက်နှာလေးပင် မြင်ခွင့်မရ။

သို့သော် ဟန်မပျက်အောင် သတိထားလိုက်သည်။

"ရပါတယ် ... အဒေါ် ... ကျွန်တော် သွားပါဦးမယ်"

"အေး ... အေး ... နောက်ရက်တွေလာရင် ဝင်ခဲ့ပါဦးကွယ်"

ဒေါ်စိန်မြ ပြောသည်က တွေ့စေချင်သော ဆန္ဒကို ဖော်ပြနေ၍ အေးဆွေ နောက်တစ်ခေါက်လာချင်စိတ်ဖြစ်ရသည်။

* * *

ခင်ဖုန်း ညနေ အိမ်ပြန်ရောက်သည်နှင့် အေးဆွေ ပေးသွားသော ဆီးချိုသီးအိတ်ကလေးကို စိတ်မကောင်းစွာ တွေ့ရသည်။

"ဖြစ်မှဖြစ်ရလေ အေးဆွေရယ် ... နင်ကလည်း ငါမရှိတဲ့ရက်မှ လာရတယ်လို့ ..."

တွေ့ချင်သော်လည်း မတွေ့လိုက်ရ။

ဆီးချိုသီးအိတ်ကလေးက ပိတ်ထားသည့်အတိုင်းရှိသည်။ အမေက ဖွင့်ဖောက်ခြင်းမရှိ။

"အထဲမှာ စာများ ပါလေသလား ..."

ခင်ဖုန်း ရင်က လှုပ်ရှားချင်၏။ သို့သော် အိတ်ထဲက အကြည့် စာပါလျှင် အမေမြင်လိမ့်မည်။

"ဆီးချိုသီးတွေရဲ့ အတွင်းထဲမှာများ ..."

ခင်ဖုန်းက မျှော်လင့်ကြည့်သေးသည်။

အိတ်ကို ဖွင့်လိုက်သည်။

ဖြူဝင်းနေသော ဆီးချိုသီးများကို ထုတ်ယူလိုက်၏။

ဘာစာကိုမျှ မတွေ့ရ။

ရင်ထဲမှာ မကျေနပ်သလို ခံစားရသည်။

"ငါကမှ လွမ်းစေတီကို လွမ်းနေတယ် ..." လို့ စာတို လေးရေးလိုက်သေးတယ် ..."

"အေးဆွေ စာရေးထည့်ထားရင်လည်း အမေက ပလတ်စတစ် အိတ်ကို ဖွင့်လိုက်လို့ တွေ့သွားရင် ..."

မရေးသည်ကို အပြစ်မမြင်လိုတော့ပါ။

"နင်က သိပ်ကို ရိုးသားဖြူစင်တဲ့ လူကိုး ..."

အေးဆွေကို အထင်ကြီးစိတ်ဖြစ်ရပြန်သည်။

"ငါရေးလိုက်တဲ့ စာလေးကိုရော ... သူ ဘယ်လိုခံစားရလဲ"

တွေ့ရင် ပြောလေမလား စဉ်းစားကြည့်သည်။ ပြောချင်မှ ပြောမည်။ မပြောလျှင် မေးချင်သည်။ မတွေ့တော့ မမေးလိုက်ရ။

"ငါ့မှာဖြင့် မိန်းကလေးတန်မယ့် လွမ်းလိုက်ရတာ ... သူ့မှာတော့ ရိုးသားတာတွေ ဖုံးလွှမ်းနေလို့ လွမ်းတတ်တဲ့ နှလုံးသားမှ ရှိရဲ့လား မသိ .."

အားမရသော အတွေးဖြစ်မိသည်။

"သူ့ရွာ သူ့အိမ်ကို နောက်တစ်ခေါက် ရောက်ချင်လိုက်တာ



ဖြစ်နိုင်ရင် သူနဲ့အတူ ... လွမ်းစေတီကို သွားချင်လိုက်တာ ..."

ခင်ဖုန်း တမ်းတမ်းတတ တွေးမိသည်။

ယခင်တစ်ခေါက်ကတော့ ... ကိုယ့်ရွာနှင့်ကိုယ်မို့ ဘာခံစားချက်မျှမရှိ။

ယခုနေ နှစ်ယောက်အတူသွားရလျှင် ...

ခင်ဖုန်း ကိုယ့်ဘာသာ တွေးကြည့်ခြင်းဖြစ်သည်။ မည်သူမျှ သိတာမဟုတ်။

ကိုယ့်ရင်ထဲမှာတော့ ကြည်နူးမည်။

ကိုယ့်ဘာသာ တိတ်တိတ်ကလေး ဝန်ခံလိုက်ခြင်းဖြစ်၏။

အေးဆွေ မျက်နှာကို မြင်ကြည့်မိသည်။

ရိုးသားမှုကြီးက ဖုံးကွယ်ထား၏။ မသိနိုးနားသော သူ့မျက်နှာကိုသာ မြင်ယောင်ရသည်။ သူ့နှလုံးသားကို မတွေ့ရ။

သက်ပြင်းမျှင်လေးတစ်ခု ဖြစ်သွားသည်။

"အေးလေ ... နင် ... အဲဒီလို ရိုးသားလို့လည်း ... ငါ နင့်ကို လေးစားမိတာပါ။ နင်သာ ဆန်းပြားရင် ..."

တွေးရုံနှင့် အထင်သေးပစ်လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ... ငါက မိန်းကလေးဆိုတော့ စိုက်စိုက် မလာနိုင်ဘူးဟာ ... နင့်ရွာကလည်း အဝေးကြီး ... နောက်တစ်ခါ နင်လာမယ့်ရက်ကိုပဲ ... မျှော်နေရမှာပေါ့ဟာ ..."

အားငယ်သလို တွေးမိရာမှ ဝဲချင်သလိုဖြစ်လာသော မျက်ရည်များကို မျက်တောင်ခတ်၍ သိမ်းဆည်းလိုက်ပါသည်။

* * *

ညနေအချိန် ရောက်လာပြီ။

လွမ်းစေတီသို့ သွားရတော့မည်။

ဘောဒေ့ အိမ်ပေါ်မှ ဆင်းခဲ့၏။

"မိုးတွေလည်း ... တက်လာလိုက်တာ ... မဲလို့ ... မိုးညှို့
မိုးရွာမယ်ထင်တယ် လူလေး ..."

ဒေါ်ငြိမ်းက အနောက်တောင်ထောင့်မှ တလိပ်လိပ် တက်ရ
သော မိုးတိမ်တောင်များကို လှမ်းကြည့်လိုက်သည်။

"ရွာမှာ မဟုတ်ပါဘူး အမေရာ ..."

အေးဒေ့က တား၍ ရမည်မဟုတ်။

"ထီးယူသွားပါလား ... လူလေး ..."

"ဒေါ်ငြိမ်းကလည်း မသွားရန် တားချင်သည်မဟုတ် ..."

"မယူတော့ပါဘူး ... အမေ"

အေးဒေ့ ဝင်းတံခါးဆီးရောက်နေပြီ။

"လူလေးက မိုးမိစေချင်တာ အမေ ... သွားပါစေ ...
မိုးမိတော့ အေးတာပေါ့ ..."

အစ်မမြရင် ပြောသည်ကို အေးဒေ့ ကြားသည်။

"ဟုတ်တယ် ... မိုးရွာရင် ... အေးသွားမှာပဲ ..."

မိုးမိစေချင်စိတ်ပင် ဖြစ်မိသည်။

ရွာလယ်လမ်းကို လျှောက်လာတော့ ထူးထူးခြားခြား ဗျော
သံများကို မကြားရတော့ပါ။ သနားသောအကြည့်များတော့ ရှိမည်ထင်
သည်။ သို့သော် ကိုယ်က မမြင်ရပါ။

ရွာအပြင်ရောက်သည်နှင့် သွားနေကျ လမ်းကလေးကို သွား
ရသည်ကပင် အလွမ်းပြေသည် ထင်မိသည်။

လွမ်းစေတီကို ရောက်တော့ ခင်ဖုန်းကို တွေ့မြင်ရသကဲ့
ခံစားရသည်။

"လွမ်းစေတီကို လွမ်းနေတယ် ..."



ခင်ဖုန်းအသံကို ကြားနေရသယောင်။

"ငါက လွမ်းစေတီမှာ နေတိုင်းလာပြီး လွမ်းနေရတာပါဟာ"

ခင်ဖုန်းမကြားသော်လည်း ရင်ထဲမှာ ပြောနေမိသော စကား။
လွမ်းစေတီကို ရောက်တိုင်း ရင်ထဲမှာတင် ခင်ဖုန်းကို
စကားတွေအများကြီး ပြောနေမိသည်မှာလည်း အကျင့်တစ်ခုဖြစ်
နေပြီ။

ယနေ့တော့ ညနေ၏ နေခြည်လေး စောစောသိမ်းသွားသည်။
ညှို့မှိုင်းနေသော မိုးတိမ်များက ဖုံးလွှမ်းသွားခြင်းဖြစ်၏။

"မိုးရွာတော့မယ် ထင်တယ် ခင်ဖုန်းရေ ..."

ထွက်လာစဉ်ကထက် ပို၍ နိမ့်လာသော မိုးသားများကို
မော့ကြည့်လိုက်၏။

မြဲနေကျအတိုင်း ပန်းအိုးလေးကို ယူ၍ ပန်းခြောက်များ စွန့်
ပြီး စမ်းရေကြည်နှင့် ဆေးလိုက်သည်။ ပန်းအိုးထဲမှာ စမ်းရေအေးအေး
အပြည့်ဖြည့်လိုက်သည်။ တောသပြေပန်းနုနုလှလှလေးများကို ရွေး၍
စိုက်လိုက်၏။

"ဟိုတစ်ခါ နင်နဲ့လာတုန်းကလို အင်ကြင်းပန်းတွေ မရှိတော့
လို့ပါဟာ ... တောသပြေပန်းလေးတွေကလည်း လှပါတယ်"

ဘုရားမှာ ပန်းကပ်လှူသည်။

စမ်းချောင်းလေး ဘေးမှ ကျောက်တုံးပေါ်မှာ ထိုင်တော့
ဘေးဘက်မှာ တစ်ယောက်စာနေရာ ချန်ထားလိုက်၏။

"စမ်းရေကြည်လေးကတော့ တို့နှစ်ယောက်လာတုန်းကလို
စီးဆင်းနေတယ်ပါပဲဟာ ... အေး .. ရွက်ဝါလေးတွေကတော့ မရှိတော့
ဘူးဟာ .. ဒါပေမဲ့ သစ်ပင်တွေ စိမ်းစိုနေတာကလည်း တစ်မျိုးလှတာပဲ
ဟာ ... နင့်ကို ပြချင်လိုက်တာ ..."

ညနေ့သစ်နတ်ချိန်တွင် စိမ်းလန်းနေသော တောတန်းလေးကို လှမ်း
ကြည့်လိုက်သည်။

မိုးက တကယ်ရွာတော့မည်ဟု သတိပေးနေသလောင် ...
ချွန်းသံပြုလိုက်၏။

"ဟော ... ကြားလား ဟိုတစ်ခါ ကြားရတဲ့ ညြည်းသံ ...
မိုးချုန်းသံတွေလေ ... နင်မကြောက်နဲ့ဟ ... ငါရှိတယ် ..."

မိုးသက်လေ အေးအေးက သစ်ပင်များကို သာမက ...
ကိုပါ တိုးဝှေ့သွားကြသည်။

"ဒီနေ့ မိုးရွာမှာ သေချာတယ်ဟ ... မြေသင်းနံ့လေးတောင်
ရနေတယ် ..."

အေးဆွေ မိုးကို မော့ကြည့်လိုက်သည်။

တိမ်တိုက်များက ကောင်းကင်မှာ အပြေးပြိုင်လျက်။

မိုးစက်များကို မချခဲ့ဘဲ တိမ်တိုက်များ ကုန်ဆုံးသွားမှာကို
အေးဆွေ နှမြောနေသည်။

ပိုမို ညိုမဲသော တိမ်တိုက်ကြီးများက လာနေဆဲ။

"ဒီတိမ်တိုက်တွေဟာ ... နင့် ခေါင်းပေါ်က ဖြတ်ကျော်လာတာ
ဟ ..."

ကျောက်ဆည်မြို့ဆီသို့ အေးဆွေ လှမ်းကြည့်လိုက်သည်။

လေအေးလေး အဆက်မပြတ် တိုးဝှေ့နေသည်ကို ခံစား
ရသည်။

"ဒီလေအေးလေးကလည်း ... နင့်ဆီက လာတာပဲလေ ..
ဟော ... မိုးစက်ကလေးတွေ ပါလာပြီဟ .."

အေးဆွေ ကိုယ်ပေါ်သို့ မိုးစက်ကလေး တစ်ပေါက်နှစ်ပေါက်
ကျရောက်လာသည်။



"စမ်းချောင်းလေးထဲ မိုးပေါက်ကလေးတွေ ကျနေကြပြီ ...
...နှမ်းရေ ... လှလိုက်တာ ... ဟော ... ပြောရင်းနဲ့ မိုးပေါက်ကလေး
...တွေ ... မိုးများလာပြီ ... ကောင်းလိုက်တာ ... အေးနေတာပဲ ..."

အေးဆွေ လွမ်းစေတီဘက်သို့ လှည့်ကြည့်လိုက်သည်။

"မိုးနတ်သားက လွမ်းစေတီကို မိုးမှုင်တန်းလေးတွေနဲ့ မှုတ်
...နေပြီ ... နင်မြင်ရင်ဘယ်လောက်သဘောကျမလဲ ... တုံးဖြူဖြူ
...လေးတွေက ပိုဖွေးလာတယ် ... လွမ်းစေတီရင်ပြင်ကိုလည်း မိုးက
...ဆေးပေးနေပြီ ..."

မိုးဦးလေဦးကာလ မိုးက သဲသဲမဲမဲ ရွာချလိုက်သည်။

အေးဆွေ တစ်ကိုယ်လုံးမှာလည်း ရွှဲရွှဲစိုနေပြီ။

"ကဲ ... ခင်ဖုန်းရေ ... လွမ်းစေတီပေါ်ကို ပြန်တက်မှဖြစ်
တော့မယ် ..."

အေးဆွေက သူ့ဘေးမှ နေရာလွတ်ကလေးကို လှည့်ကြည့်
ရင်းပြောလိုက်သည်။

မကြာမီ စမ်းချောင်းကလေးက တောင်ကျရေများနှင့် ဒေါသ
တကြီးစီးဆင်းတော့မည်။

အေးဆွေ လွမ်းစေတီအပေါ် ရောက်ချိန်တွင် စမ်းချောင်း
ကလေးအတွင်းသို့ ရေဦးတိုးလာသည်။

"ဟိုမှာကြည့် ... ငါတို့ ထိုင်ခဲ့တဲ့ ကျောက်တုံးကြီးကို ရေ
တွေ အရှိန်နဲ့တိုးတိုက်နေပြီ ... ဟော .. တွေ့လား ကျောက်တုံးကြီး
ပေါ် ရေတွေ ကျော်သွားပြီ ... ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် လွမ်းစေတီ
ကိုတော့ ရစ်ခွေဦးနိုက်နေရတာပါပဲဟာ ..."

တောင်ကျရေများသည် လွမ်းစေတီကို ဦးတိုက်ပြီး အရှေ့ဘက်
မှ ကွေ့ပတ်၍ တောင်ဘက်သို့ ရစ်ဝိုက်ပြီးနောက် တစ်ကြိမ် ဦးတိုက်

ပြန်သည်။ ပြီးမှ တောင်ခြေအတိုင်း တောင်အရပ်ဆီသို့ စီးဆင်းသွားပြီ
သည်။

မိုးက ရွာနေဆဲ။

"စမ်းချောင်းလေးက မလှတော့ဘူးဟ ... ကျောက်ဖျာပြီ
တွေလည်း မမြင်ရတော့ဘူး ... အမှိုက်တွေရော ... နိုက်တွေရော
ရေတွေကလည်း နောက်လို့ ... မကြည့်ပါနဲ့တော့ဟာ .."

အေးဆွေ လွမ်းစေတီဘက်သို့ လှည့်လိုက်သည်။

လျှပ်စီးလက်သည်ကို မြင်ရပြီး မိုးထစ်ချုန်းသံ ထွက်ပေါ်လာ
ပြန်၏ ။

"မကြောက်ပါနဲ့ဟာ ... တောထဲ တောင်ထဲက လွမ်းစေတီ
ကို မိုးနတ်သားက တစ်နှစ်တစ်ခါ လျှပ်စစ်မီးပူဇော်နေတာပါ .."

မိုးထဲမှာ လေပါလာ၍ အေးဆွေ တစ်ကိုယ်လုံး အေးစိမ့်သွား
သည်။

အကိုင်းရှည်များကလည်း ကိုယ်မှာ ခိုက်နေကြ၏။ ခွဲထွက်သော
ဆံပင်များမှ တစ်ဆင့် မိုးရေများ မျက်နှာပေါ်သို့ စီးကျနေသည်။

"နင် ပါမလာတာ တော်သေးတာပေါ့ ခင်ဖုန်းရာ.. ပါလာ
ရင်.. နင် မိုးမိပြီး သိပ်ကို ချမ်းနေမှာ.. ငါတောင် တော်တော်
ချမ်းနေပြီဟ.."

"ချမ်းရင် ... နင် .. အိမ်ပြန်ပါလား.."

ခင်ဖုန်း ပြန်ပြောသည်ကို ကြားယောင်သလို ခံစားရသည်။

မိုးရွာထဲမှာပင် လွမ်းစေတီကို အေးဆွေ ဦးချကန်တော့ လိုက်
သည်။ လေအေးကလေးက တိုးဝှေ့သွားပြန်၍ အေးဆွေ နိုက်နိုက်တုန်
အောင် ခံစားရသည်။ သူလျှိုထားသော တောသခြေပြန်းလေးများက
တော့ မိုးရေ မိုးစက်များနှင့် ရှိုက်လန်းလျက်-



* * *

"မိုးစနေ လေရာဟုတဲ့ဟ.. အနောက်တောင်က မိုးတွေ
တက်လာလိုက်တာ ... ဒီနေ့တော့ မိုးဦး လေဦး လာမယ် ထင်တယ်။
အပြင်ဘက်က ထင်းတွေ သွင်းထားလိုက်ဦး ... ဂျုံမှုန့်အိတ်တွေ
လည်း ... မိုးလွတ်မယ့်နေရာ ရွှေ့ထားကြ.."

လမ်းတစ်ဘက်ရှိ မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်မှ
ဦးအုန်းက သူ့ဆိုင်မှ လူများကို ပြောနေသံကြား၍ ခင်ဖုန်းအိမ်ရှေ့လသော
ဆောင်ဖက် ထွက်၍ မိုးကို မော့ကြည့်လိုက်သည်။

ဦးအုန်းပြောသည်မှာမှန်သည်။ အနောက်တောင်မှ တက်လာ
သော တိမ်လိပ်ကြီးများက မြောက်အရပ်ဆီသို့ ပြေးသွားနေကြသည်။
နောက်မှလည်း တိမ်ညိုမည်းများက တက်လာနေကြဆဲ။

တဖြည်းဖြည်းနှင့်လေက ပိုပြင်းလာသည်။ ကောင်းကင်တစ်ခု
လုံးလည်း တိမ်တိုက်များနှင့်ဖုံးအုပ်လာ၏။

ပြင်းသော လေမှာ အအေးဓာတ်ပါလာသည်။

"အဝေးမှာ မိုးရွာနေပြီ ထင်ပါရဲ့ ... "

ခင်ဖုန်း မှန်းဆကြည့်မိသည်။

လျှပ်စီးလက်သည်ကို ဝင်းခနဲ မြင်လိုက်ရပြီး မိုးထစ်ချုန်းသံ
ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ခင်ဖုန်း ကြောက်၍ အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။

အိမ်ထဲရောက်မှ အကြောက်သက်သာ သွား၏။

"မိုးရွာချင်လို့ ဒီလောက်မှုတိုက်နေတာ ထင်ပါရဲ့။ ရွာလိုက်
စမ်းပါ မိုးရယ်.. ဒါမှ အေးသွားမှာ.."

ခင်ဖုန်းက မိုးကိုတမ်းတလိုက်သည်။

လျှပ်စီးများက တဝင်းဝင်းလက်၍ မိုးခြိမ်းသံကြီးများက ဆက်တိုက် ပေါ်ထွက်နေသည်။ မိုးကလည်း သဲသဲမဲမဲ ရွာချလိုက်၏။

အိပ်ခန်းပြတင်းပေါက်များကို ခင်ဖုန်းပြေးပိတ်လိုက်၏။

လေက ပြင်းနေ၍ မနည်းဆွဲပိတ်ရသည်။

"ခြောင်း ... ဖုန်း ... ဒိုင်း.."

လေပြင်းတိုက်သံ၊ မိုးခြိမ်းသံများနှင့်အတူ အိမ်ခေါင်မိုးပေါ်သို့ ပြင်းထန်စွာကျရောက်သံကြီးကို ကြားရသည်။

"ဟယ်.. လုပ်ကြပါဦး ..."

ခင်ဖုန်း၏ အိပ်ခန်းထဲသို့ မျက်နှာကျက်မှတစ်ဆင့် ရေများ စီးကျလာသည်။

အိမ်ခေါင်မိုး သွတ်ပြားပေါ်သို့ အိမ်ဘေးမှာ ကုက္ကိုပင်ကိုင်းကျိုးကျ၍ သွတ်မိုးပေါက်ပြီး ရေများ စီးဆင်းလာခြင်းဖြစ်သည်။

"မေမေရေ.. ဒေါ်ဝင်းရေ ... လာကြပါဦး.."

ခင်ဖုန်း အော်သံကြောင့် အိမ်အောက်မှ ဒေါ်စိန်မြနှင့် ထမင်းချက် ဒေါ်ဝင်းတို့ ပြေးတက်လာကြသည်။

"သမီး.. သမီး.. ဘာဖြစ်လဲ.. ဘာဖြစ်လဲ."

ဒေါ်စိန်မြ စိုးရိမ်တကြီး ဖြစ်နေသည်။

"အိမ်အမိုးပေါ် သစ်ကိုင်းကျိုးကျတယ် ထင်တယ် မေမေ သမီးအခန်းထဲ မိုးတွေ ယိုကျနေပြီ ..."

ခင်ဖုန်း သူ့အိပ်ရာပေါ်မှ စောင်၊ ခေါင်းအုံးများနှင့်စာရေးစားပွဲပေါ်မှ စာအုပ်များကို မိုးလွတ်ရာသို့ ရွှေ့ပြောင်းနေသည်။

"ဟယ်.. ဟုတ်ပါရဲ့ ... သမီးအခန်းပေါ် တည့်တည့်မှ ဖြစ်ရတယ်.."



ဒေါ်စိန်မြနှင့်ဒေါ်ဝင်းတို့ခင်ဖုန်းအခန်းထဲဝင်လာ၍ ပစ္စည်းများ ရွှေ့သိမ်းပေးသည်။

"လာ.. လာ ... သမီး.. အပြင်ထွက်နေ ... မိုးမိလို့ ဖျားနေဦးမယ်.. ကျန်တာတွေ မဝင်း ကြည့်သိမ်းလိုက်မယ်.."

ခင်ဖုန်းမှာ မိုးရေနည်းနည်းပင် စိုသွား၏။

ခင်ဖုန်း အခန်းထဲမှ ထွက်ခါနီး အခန်းထဲ ပြန်ကြည့်လိုက်တော့ စားပွဲပေါ်မှာ အေးဆွေ ပေးထားသော ဆီးသီးထုပ်ကလေး ကျန်နေသည်။

"ဟင် ... ဟို ... မှာ ..."

မိုးရေများ တိုက်ရိုက်ကျနေသော ဆီးသီးထုပ်ကလေး။

"ဆီးသီးက မိုးရေကျလို့ ဘာမှ မဖြစ်ပါဘူး သမီးရယ်.. လာ ... လာ ..."

"အေးဆွေရေ ... နင့် ဆီးသီးလေးတွေတော့ ... ငါ့အခန်းထဲမှာ မိုးရေချိုးနေကြပြီ.. ကောင်းပါတယ်ဟာ.. နင့်ဆီးသီးလေးတွေ အေးချမ်းသွားတာပေါ့.."

စိတ်ထဲမှ အေးဆွေကို လှမ်းပြောရင်း အမေနှင့်အတူ အခန်းအပြင်သို့ ထွက်ခဲ့၏။

မိုးက သဲသဲမဲမဲ ရွာနေဆဲ ခင်ဖုန်း၏ အခန်းထဲသို့ မိုးရေများက ကျနေဆဲ။

* * *

"မိန်းကလေးရှိသလား အခေါ် … ကျွန်တော် တောမှာ က အောင်မြွေယောက်ဖ တင်မြင့်ပါ.."

"ဪ … မှတ်မိပါတယ်.. လာလေ … ထိုင်ပါ.. သမီး ရှိပါတယ်.."

ဒေါ်စိန်မြကြ တင်မြင့်ကို ဖော်ဖော်ရွေရွေ ကြိုဆိုပါသည်။

"သမီးရေ … ဟောဒီမှာ တောမှာက မောင်တင်မြင့် လာတယ်ဟေ့.."

အမေ့ခေါ်သံကြောင့် ခင်ဖုန်း အိပ်ပေါ်မှ ခပ်မြန်မြန် ဆင်း ခဲ့သည်။

ညနေခန်းထဲတွင် ကိုတင်မြင့်ကို တွေ့ရသည်။ ယခင်တစ်ခေါက် လာသလို မျက်နှာက ပြုံးပြုံးရွှင်ရွှင် မဟုတ်။ ညှိုးညှိုးငယ်ငယ်ဖြစ်နေ သည်ကို ခင်ဖုန်း သတိထားမိ၏။

"ကိုတင်မြင့် ရွာကလာတာလား … အောင်မြွေက ဘာမှာ လိုက်သေးလဲ.."

တင်မြင့်က ခင်ဖုန်း မျက်နှာကို လှမ်းကြည့်လိုက်သည်။

"လူလေး … နေမကောင်းလို့.."

တင်မြင့် ပြောနေသည်က လေးလေးလံလံ။

"ဪ … ဘာဖြစ်လို့လဲ … ဖျားတာလား.."

"ဟုတ်တယ် … လွန်ခဲ့တဲ့ သုံးရက်က ညနေ လှမ်းတော် သွားတော့.. မိုးတွေမိလာတယ်.."

သူအိပ်ခန်းပေါ် သစ်ကိုင်းကျိုးကျပြီး မိုးယိုသည့် ညနေဖြစ် သည်ဟု ခင်ဖုန်း သိလိုက်သည်။

"တောင်ခြေကနေ အိမ်အထိဆိုတော့ တော်တော်လေး ဝေးဝေး မြန်လာရတယ်.."



ခင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

ထိုလမ်းကို သူလျှောက်ဖူး၍ ကောင်းစွာ သိပါသည်။

"လေကလည်း တအားတိုက်နေတော့ … သူသိပ်ချမ်းလာ တယ်.. အိပ်ရောက်တော့ နိုက်နိုက်တုန်နေတာပဲ.."

ခင်ဖုန်း သာမက ဘေးမှ နားထောင်နေသော ဒေါ်စိန်မြပါ ခေါင်းညိတ်ပြသည်။ ထိုနေ့ညနေက ရွာသောမိုးနှင့်တိုက်သောလေကို သူတို့ သိကြသည်။

"ညကျတော့ … ဖျားတာပဲ.."

"ဆေးမသောက်ဘူးလား.."

သူဖျားစဉ်က အောင်မြွေ ပါရာစီတမောလ်တိုက်၍ ပျောက် သည်ကို သတိရ၍ ခင်ဖုန်းက မေးလိုက်ခြင်းဖြစ်သည်။

"ဆေးသောက်တာပေါ့.. မပျောက်ဘူး … နည်းနည်း ကျ လိုက် ပြန်ဖျားလိုက်နဲ့.. ကိုယ်ပူကလည်း သိပ်ပြင်းတာပဲ.. မနေ့ ညကတော့ ကယောင်ကတမ်းတွေ.. လျှောက်ပြောနေတယ်။ တစ်ည လုံးလည်း.. ဘယ်သူမှ မအိပ်ရဘူး … ဆေးတိုက်ပေမယ့် ကိုယ်ပူ ကလည်း မကျဘူး.. ဖြစ်ကတည်းက ဒီနေ့အထိပဲ.."

"ဟင် ဒါဆို … ကိုတင်မြင့်တို့ ဆေးရုံမပို့ဘူးလား.."

ခင်ဖုန်း စိုးရိမ်သွားသည်။

ခါတိုင်းသူဖျားတွေ ဖျားတာလည်း ဒီလိုပဲ ဆေးသောက်ရင် ပျောက်သွားကြတာနဲ့ … ဆေးရုံ မပို့ဖြစ်ဘူး.. မနေ့ညကတော့ စွဲကိုင်သွားပြီး ဆရာဝန်ပင့်တာ … ညကြီးမို့ မလိုက်ဘူး.. ဆေး တွေပဲ ပေးလိုက်တယ်.."

"အဲဒါ တိုက်လား.."

"တိုက်ပါတယ်.. မသက်သာဘူး.."

"ဟင် ... ခု မနက်ရော ..."

"သူ.. သတိကောင်းကောင်းမရတော့ဘူး.. မိန်းကလေး နာမည်ကိုပဲ ခေါ်နေတယ်.."

တင်မြင့်က ခေါ်စိန်မြကို အားနာစွာနှင့်လှမ်းကြည့်လိုက်သည်။ သို့သော် မပြောဘဲ မဖြစ်သောသဘောနှင့် ဆက်ပြောသည်။

"ကိုတင်မြင့်တို့ ဆေးရုံ အမြန်ဆုံး ပို့ရမှာပေါ့.."

ခင်ဖုန်းက အပြစ်တင်ချင်သည်။

"သူ့အခြေအနေက ရွာကနေ လှည်းနဲ့တင်ပြီး ဆေးရုံပို့ရင်" တင်မြင့် ဆက်မပြောတော့ပါ။ ခေါင်းကို ငုံ့လျက် သက်ပြင်းချ ချရရှနေသည်။

"ခု ... ဒါမြင့် ကျွန်မ ဘာလုပ်ရမလဲ.."

ခင်ဖုန်း စိတ်များ လှုပ်ရှားနေသည်။

"သူ့အခြေအနေက မကောင်းဘူး ... ထင်ပါတယ်။ မိန်းကလေး လိုက်ကြည့်ပေးပါလို့.."

ကိုတင်မြင့်က စကားကို မဆက်ဘဲ ရပ်ထားသည်။ သူ့မျက်လုံးမှာ မျက်ရည်များနှင့်။

"လိုက်မယ် ... ကိုတင်မြင့် ... လိုက်ရုံမကဘူး.. သူ့ကို ဆေးရုံတင်ရမယ်.."

ခင်ဖုန်းပြောသည်က ပြတ်သားသည်။

"မေမေ.. သမီး.. ကိုကိုတို့ ခေါ်ပြီး ကားနဲ့လိုက်သွား လိုက်မယ်။ သူ့ကို ဆေးရုံတင်ပေးချင်တယ်.."

အမေ့ကိုတော့ ခွင့်ပြုချက် တောင်းပါသည်။

သမီးရယ်.. သမီးအစ်ကိုတွေက စက်ရုံအထိ သွားခေါ်ရမှာ.. ဝေးတာပေါ့.. ရှိမရှိလည်း သေချာလို့လား.. အချိန်ကြာ



နေမှာပေါ့ ... သမီး မေမေက ပန်းဝိဒ်ဖိုမှာရှိတာ သေချာတယ်။ သမီး မေမေခေါ်ပြီး ကားနဲ့ သွားကြပါလား.."

ခေါ်စိန်မြ၏ စေတနာသားသော စကားကို ကြားရ၍ တင်မြင့် ငြိုငြလေးစားသွားသည်။

"မေမေ ပြောတာကောင်းတယ် ... ကိုတင်မြင့် ဒီမှာ စောင့်နေနော် ... မေမေ့ သွားခေါ်လိုက်ဦးမယ်.."

ပြောပြောဆိုဆိုပင် ခင်ဖုန်းထွက်သွားသည်။ မြန်ဆန်လှ၏။

* * *

ကားကလေး ပြေးနေသည့်ပင် ခင်ဖုန်းစိတ်ထဲမှာ နေးသည် ထင်နေ၏။ ဦးဘရှင်ကလည်း တတ်နိုင်သမျှ အမြန်ဆုံး မောင်းပေးပါ သည်။

"ဘုရား.. ဘုရား.. အေးဆွေ ဘာမှမဖြစ်ပါစေနဲ့.. အေးဆွေကို ကျန်းကျန်းမာမာ တွေ့ပါရစေ.."

ခင်ဖုန်း စိတ်ထဲမှာ စိုးရိမ်စွာ ဆုတောင်းနေမိပါသည်။

"သူ့မှာ ... လွမ်းစေတီသွားလို့ မိုးမိရတာ.."

"သူ.. လွမ်းစေတီကို ဘာလို့ သွားတာလဲ.."

ခင်ဖုန်း ရင်ထဲမှာ နာလည်စွာ ခံစားလိုက်ရပါသည်။

"သူ.. ဦးကို ဘာမှမပြောပေမယ့်.. သူ့ ရင်ထဲမှာ လွမ်း နေလို့ လွမ်းစေတီကို သွားတာနေမှာပေါ့.."

"သူက တောင်ခြေကို နေ့တိုင်းသွားလား ကိုတင်မြင့်.."

မေမေ တစ်မျိုးထင်မည်စိုး၍ လွမ်းစေတီဟူသော စေါဟာရကို မသုံးပဲ နောက်ဖက်ထိုင်ခုံမှာ ပါလာသော ကိုတင်မြင့်ကို လှမ်းမေးလိုက် သည်။

"ညနေတိုင်း သွားပြီး … မိုးချုပ်မှ ပြန်လာတာပဲ.."

တင်မြင့်က အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ခင်ဖုန်း မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲလာပါသည်။ သို့သော် ဖေဖေ မြင်အောင် မျက်ရည်မကျချင်၍ စိတ်ကို ထိန်းချုပ်ထားလိုက်သည်။

အေးဆွေ ခံစားနေရမည်ကိုလည်း နားလည်လိုက်ပါသည်။

"အေးလေ.. ငါ့ရင်ထဲမှာ လွမ်းနေသလို … သူ့ရင်ထဲမှာလည်း လွမ်းနေမှာပေါ့.. ဒါပေမဲ့ သူ့ဘက်က ဖွင့်ပြောဖို့ဆိုတာ.."

ခင်ဖုန်း နားလည် ခွင့်လွှတ်ရပါသည်။

အေးဆွေကို အမြန်ဆုံး တွေ့ချင်လာမိသည်။

ကားလေးက တောမလမ်းခွဲသို့ ကွေ့ဝင်လိုက်ပါပြီ။

ခင်ဖုန်းသက်ပြင်းတစ်ချက်ချလိုက်၏။

"အေးဆွေ ဘာမှ မဖြစ်ပါစေနဲ့.."

လွမ်းစေတီကို အာရုံပြု၍ စိုးရိမ်စွာ ဆုတောင်းရပြန်သည်။

ကားလေး အေးဆွေသို့ ခြံဝင်းထဲ ရောက်သည်နှင့်ခင်ဖုန်းကား တံခါးကို ဖွင့်၍ ဆင်းလိုက်သည်။

"အမယ်လေး … မိန်းကလေးရယ်.. လူလေးအဖြစ်ကို ကြည့်ပါဦး … ဟီး … အီး.."

အေးဆွေ အစ်မ မြရင်က အငိုဖြင့် ဆီးကြိုလိုက်၍ ခင်ဖုန်းရင်ထဲမှာ ပူလောင်ခြင်း ဝေဒနာကို ပြင်းပြစွာ ခံစားရသည်။

မျက်ရည်များကလည်း အလိုလို စီးဆင်းလာကြသည်။

"အေးဆွေရယ် … ငါလာပေမယ့် … နောက်ကျသွားပြီ ဟယ် … နင် … ငါ့ကို စောင့်ဖို့ ကောင်းပါတယ်.."

ကြေကွဲစွာ ခံစားရ၍ မျက်စိများမှာလည်း ပြာဝေသွားရသည်။



"မိန်းကလေးရယ်.. သားလေးကို ကြည့်လိုက်ပါဦး … ဒါပေမယ့် သူ မိန်းကလေးကို ဘာမှမပြောနိုင်တော့ပါဘူးကွယ်.."

အေးဆွေ အမေ ဒေါ်ငြိမ်းက ပန်းပေါ်မှ တဘက်ဖြင့် မျက်ရည်များကို သုတ်လိုက်သည်။

"ဟင် … မြရင် … အေးဆွေ ဆုံးပြီလား.."

တင်မြင့် မေးသည်ကို မြရင် ဘာမျှမဖြေနိုင်။ ရှိုက်ကြီးတင်ငို၍ နေပါသည်။

"မြရင် … နင်ကလည်း မိန်းကလေးကို အငိုနဲ့ ကြိုရတယ်လို့ တား လာ … လာ … မိန်းကလေး.. လူလေးကို ကြည့်ပါဦး.."

အေးဆွေ၏ အစ်ကိုကြီး ထွန်းမောင်က မြရင်ကို အပြစ်တင်ပြီး ခင်ဖုန်းကို အိမ်ပေါ်သို့ ခေါ်သည်။

ခင်ဖုန်းခြေထောက်များမှာ အားမရှိသလို ဖြစ်နေ၍ မနည်း လှမ်းနေရသည်။ အိမ်ပေါ်ရောက်အောင် အားတင်း၍ တက်ရသည်။

"အို … အေးဆွေရယ်.."

အိမ်ပေါ်ရောက်သည်နှင့် ပက်လက်အနေအထားနှင့် ငြိမ်သက်နေသော အေးဆွေကို တွေ့ရသည်။

အေးဆွေ၏ ဘေးမှာ ခင်ဖုန်း ကျုံ့ကျုံ့လေး ထိုင်လိုက်သည်။

"အေးဆွေ … အေးဆွေ … ငါ.. လာပြီလေ.."

ခင်ဖုန်းခေါ်သော်လည်း အေးဆွေ ထံမှ ဘာသံမျှ ထွက်မလာ။ စေ့ထားသော သူ့မျက်ခွံများမှာ ခြောက်သွေ့ဖြူလျော်နေကြသည်။

မြရင်နှင့် ဒေါ်ငြိမ်းတို့ ထံမှ တအီအီ ငိုသံများ ထွက်လာ၏။

"ဟာ … နင်တို့ကလည်း … မငိုကြပါနဲ့ဦး.. သွား.. သွား.. အိမ်အောက်သွားကြ …"

မြစ်ရင်နှင့်သော်ငြိမ်းကို အိမ်အောက်သို့ အဆင်းဝိုင်းသော ဦးကံ(ရ)၏ အသံမှာလည်း ငိုသံပါလျက်။

ခင်ဖုန်း၏ ပါးပြင်နှစ်ဖက်မှာ မျက်ရည်များက တလိမ့်လိမ့် စီးဆင်းလာကြသည်။

ဖြစ်နိုင်လျှင် ခင်ဖုန်း ချွန်းမွဲချ၍ ငိုပစ်လိုက်ချင်သည်။

သို့သော် အိမ်ပေါ်ရှိ လူများအားလုံးက သူ့ကို ကြည့်နေကြ(၍) ခင်ဖုန်း စိတ်ကို ထိန်းချုပ်ပြီး အေးဆွေ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

"အီး ... "

အေးဆွေ၏ လက်များမှာ ပူနွေးနေဆဲ ဖြစ်၏။

နဖူးပြင်ကို ခင်ဖုန်း စမ်းကြည့်လိုက်သည်။

မှုကျက်နေ၏။

"သူ ကိုယ်ပူလွန်းပြီး မေ့မြောနေတာပါလား.." ဟု ခင်ဖုန်း နားလည်လိုက်သည်။

ရင်ဘတ်ဆီသို့ လှမ်းကြည့်လိုက်၏။ စောင်ထူထူ ခြုံထား(၍) မသိသာသော်လည်း အသေအချာ ကြည့်လျှင် အသက်ရှူနေသေးသည်။

"ကိုတင်မြင့်.. သူ့ကို ပွေ့ပြီး.. ကားပေါ်တင်ပေး၊ ဆေးရုံ အမြန်ပို့ရမယ်.."

ခင်ဖုန်းက တင်မြင့်ကို လှမ်းပြောရင်း ထိုင်ရာနေရာမှ ထလိုက်သည်။ ဝမ်းနည်းစိတ်များမှာ အားတက်ခြင်းသို့ ပြောင်းသွားသည်။

"ဖြစ်ပါ့မလား.. မိန်းကလေးရယ်.. တော်ကြာ.. မှ တောင် ပြန်ပြီး ယူလို့မရမှဖြင့် ..."

ဦးကံရက သူ့သားကို ကိုယ့်အိမ်ကိုယ့်ရွာမှာသာ ဖြစ်စေချင်ဟန်တူပါ၏။



"အို ... မဟုတ်တာ.. ဦးလေးကလည်း ... ဒီအတိုင်း (ထား)ရ အသေမခံသင့်ပါဘူး ... ဆေးရုံပို့ရမှာပေါ့.."

ခင်ဖုန်းက ဆုံးဖြတ်ချက်ပြတ်သည်။

"ဟုတ်တယ် ... အဖေ ... ခင်ဖုန်းမှာ ကားလည်းပါတယ်။ ဆေးရုံပို့သင့်တယ်.."

"မိန်းကလေးပြောတာ ကောင်းပါတယ် ... ဆေးရုံပို့"

အမျိုးသားများက ခင်ဖုန်းပြောသည်ကို သဘောတူကြသည်။

တင်မြင့်က အေးဆွေကို ပွေ့ယူလိုက်ပါသည်။

* * *

လမ်းတစ်လျှောက်လုံး ကားပေါ်မှာ အေးဆွေထံမှ ညည်းသံ တစ်ချက်မှ ထွက်မလာ။ တင်မြင့် ပွေ့ထားသည့်အတိုင်း လှုပ်ရှားမှု မရှိ ငြိမ်သက်လျက်။

"သူ.. အသက်မှ ရှိသေးရဲ့လား.."

ခင်ဖုန်း လက်ကို ဆုပ်ကိုင်ကြည့်လိုက်သည်။

နွေးလျက်ရှိသည်ကသာ တစ်ခုတည်းသော မျှော်လင့်ချက်။

ဆေးရုံသို့ မြန်မြန်ရောက်ရန် ခင်ဖုန်း စိတ်စောနေမိသည်။

ဦးဘရင်က လူနာလည်း ခံသာအောင် ကားကို မှန်မှန်နှင့် မြန်မြန်မောင်းနေသည်။

"ဖေဖေ ... ကျေးဇူးတင်ပါတယ်နော်.. "

ပြောသင့် မသင့် ခင်ဖုန်း မစဉ်းစားမိပါ။ သမီး၏ ဆန္ဒအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသော ဖေဖေ့ကို ရင်ထဲမှာ ဖြစ်ပေါ်လာသော ဆန္ဒအတိုင်း ပြောလိုက်မိခြင်း ဖြစ်ပါ၏။

"ရပါတယ် ... သမီးရယ်.. ဖေဖေတို့ လုပ်ပေးရမှာပေါ့"

မြေသွားနေသော ကားလေးသည် လမ်းဘေးမှ ထနောင်းပင်များကို တဖိုင်ဖိုင် မှုန်ထားခဲ့၏။

ကျောက်သည်ဖြိုအဝင်မှာ အေးဆွေ၏ လက်ကို ခင်ဖုန်း ... ကြည့်လိုက်ပြန်သည်။

အနွေးထောက်လျှော့သွားသည် ထင်၍ ရုံထဲမှာ မှုသွား၏။

ကားဘေးတံခါးမှ ဝင်လာသော လေအေးလေးက ကိုယ်တွင်းကို ဘာသီသည်။

"မြင်ပလေအေးကြောင့် အနွေးထောက်လျှော့သွားတာ ဖြစ်ပါမေ..."

စိုးရိမ်စိတ်ကို ကြိုးစား၍ ချေဖျက်နေရ၏။

ဆေးရုံရောက်သည်နှင့် ခင်ဖုန်း ကားပေါ်မှ အမြန်ဆင်း၍ တာဝန်ကျ ဆရာဝန်ကို သွားပြောသည်။

တာဝန်ကျဆရာဝန်နှင့်ဆရာမများက အေးဆွေကို အထူးကြပ်မတ်ကုသခန်းသို့ သွင်းလိုက်ကြသည်။

"လူနာနဲ့အတူပါလာသူတွေကတော့ အပြင်မှာပဲ စောင့်ကြပါနော်..."

ခင်ဖုန်းတို့ အပြင်သို့ ထွက်၍ ခုံတန်းလေးမှာ ထိုင်စောင့်ကြရသည်။

"ဖေဖေက အလုပ်သမားတွေ ပစ်ထားခဲ့ရတာ ... ပြန်လိုက်ပါ သမီး စောင့်နေခဲ့ပါရစေနော်..."

ခင်ဖုန်း ပြောသည်က တောင်းတောင်းပန်ပန်။

"အေး ... အေး... သမီး သူငယ်ချင်းတွေ လွှတ်ပေးမယ်..."

"ကျွန်တော်တို့လည်း ကျေးဇူးတင်ပါတယ် ဦးလေးရယ်"

"ဟုတ်ပါတယ် ခင်ဗျာ ... ဦးလေးတို့ သားအဖကို ကျေးဇူးတင်ပါတယ်..."

တင်မြင့်နှင့်ထွန်းမောင်တို့ကလည်း ဦးဘရှင်ကို ကျေးဇူးတင်စကား ဆိုကြသည်။

"ရပါတယ်ကွာ... မောင်အေးဆွေက စိတ်ကောင်းသဘိုရှိတဲ့ကလေးပါ ... သူကောင်းသွားပါစေလို့ပဲ... ကျွန်တော် ဆုတောင်းပါတယ်..."

ဦးဘရှင် ပြန်သွားတော့ ထွန်းမောင်၊ တင်မြင့်ခင်ဖုန်းတို့ သုံးဦးသား ခုံတန်းပေါ်မှာ ကျန်ခဲ့ကြသည်။

မြရင်တို့ သားမိသားဖ သုံးဦးက မော်တော်ကား မဆန့်၍ ကျန်ခဲ့ကြသည်။ လိုအပ်သည်များကို ယူပြီးနောက်မှလိုက်လာခဲ့ကြမည်။

အေးဆွေကို သွင်းသွားသော အခန်းဆီသို့ ခင်ဖုန်း ငေးကြည့်နေမိသည်။

သို့သော် တံခါးပိတ်ထား၍ ဘာမျှ မမြင်ရ။

ဆရာဝန်၊ ဆရာမများလည်း တစ်ယောက်မျှ ပြန်ထွက်မလာကြ။

ခဏတာ အချိန်ကလေးကိုပင် ကြာရှည်လှသည် ထင်နေမိသည်။

ခင်ဖုန်း စိတ်ကို ထိန်းချုပ်ထားသည့်ကြားမှ ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

"အေးဆွေရယ်... နင့် အဖြစ်ကလည်း ဆိုးလိုက်တာ... ဒါ ... နင့်ကို အချုပ်ခန်းမှာ လာတွေ့ရလို့ မျက်ရည်ကျခဲ့ရတယ်။ အခုလည်း ဆေးရုံမှာ လာတွေ့ပြီး မျက်ရည်ကျရပြန်တယ်..."

အေးလေ ... တကယ်တော့လည်း နင်နဲ့ငါလို့ဖြစ်ရတာတွေဟာ

ငါ့ကြောင့်ချည့်ပါပဲဟာ ... အချုပ်ခန်းထဲ ရောက်ရတာလည်း ငါ့ကို
ကူညီမိလို့ နင်လဲ ငါကြောင့် ... နင် ခုလို မိုးမိပြီး ဖျားရတာပဲ..
ငါနဲ့ ပတ်သက်ပြီး... ငါ့ကြောင့်ပါပဲဟာ..."

ခင်ဖုန်း စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

"နင်... အချုပ်ခန်းက ချောချောမောမော ပြန်လွတ်လာ
သလို... ခုလည်း နင်ပြန်ပြီး ကျန်းမာ ကောင်းမွန်လာပါစေ.."

ခင်ဖုန်း ဆုတောင်းနေမိသည်။

"မိန်းကလေးတို့ မိသားစု ခုလို ကူညီတာ အေးဆွေ သိစေချင်
လိုက်တာ.."

အေးဆွေ၏ အစ်ကိုကြီး ထွန်းမောင်က စိတ်မကောင်းစွာ
ပြောရှာသည်။

"ဟုတ်တယ် အစ်ကိုကြီးရာ.. ကျွန်တော် သူ့ကို မသေစေ
ချင်ဘူး.. ဒါတွေ ပြန်ပြောချင်လွန်းလို့ပဲ.."

တင်မြင့်၏ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲနေပါသည်။

"ကျွန်မ ကူညီတာထက် အေးဆွေ ကူညီခဲ့တဲ့ ကျေးဇူးတွေ
က ပိုများပါတယ်ရှင်.."

"အင်း.. ဒါလည်း မိန်းကလေးတို့က ကျေးဇူးတရား နား
လည်လို့ပဲ.. ငွေကြေးချမ်းသာပေမယ့် အဆင့်အတန်း ခွဲခြားတဲ့ စိတ်
လည်းမရှိလို့ပဲ.."

အေးဆွေကို အထူးကြပ်မတ်ကုသပေးနေသော အခန်းတံခါး
ပွင့်သွား၍ ဆရာဝန် ထွက်လာသောကြောင့် စကားပြတ်သွားပြီး သုံး
ယောက်လုံး မတ်တတ်ရပ်လိုက်ကြသည်။

ခင်ဖုန်းက ဆရာဝန် အနားသို့ အရင်ဆုံး ရောက်သွား၏။

"ဆရာ ... သူ့အခြေအနေ..."



"အင်း.. သူ့အဖျားရောဂါက ရိုးရိုး အအေးမိပြီး ဖျားတာ
မဟုတ်ဘူး.. တိုက်ဖိုက်ဖြစ်တာ ... အရပ်စကားနဲ့ပြောရရင်
အူရောင်ငန်းဖျား ဖြစ်တာ..။ လိုအပ်တဲ့ ဆေးတွေ ထိုးထားပါတယ်
... အားဆေးလည်း သွင်းထားတယ်..။ လောလောဆယ်တော့ ကိုယ်
ပူကျအောင် ဆရာမတွေ.. ရေအေးဝတ်တင်ပေးနေကြပါတယ်..
ဒါပေမဲ့ ဖျားနေတဲ့ ရက်တွေမှာ သူ့ကို ဘာတွေကျွေးခဲ့တယ်ဆိုတာ
... ဆရာတို့ မသိဘူး..။ ကျွေးထားရင် ရောင်ပြီး နေတဲ့ အူကို
အန္တရာယ်ပေးနိုင်တယ်..။ ဆေးရုံရောက်လာတာလည်း နောက်ကျ
တယ်.."

"ရှင် ... ဒါဖြင့်.."

ခင်ဖုန်း စိုးရိမ်သွားပါသည်။

"လောလောဆယ်တော့ စောင့်ကြည့်ရဦးမှာပဲ.."

ဆရာဝန်က ပြောပြီးသည်နှင့် ထွက်သွား၍ ခင်ဖုန်း သက်ပြင်း
တစ်ချက် ချလိုက်ပါသည်။

* * *

ချစ်ချစ်ထွေးနှင့် အိအိဇော်တို့ ရောက်လာ၍ ခင်ဖုန်းအဖော်
ရသွားပါသည်။

"လာ ... ကလေးမတို့.. ဒီမှာထိုင်.."

ထွန်းမောင်နှင့် တင်မြင့်တို့က နေရာဖယ်ပေးကြသည်။

"သူ.. ဘယ့်နှယ်နေသေးလဲ ... ဟင် ..."

အိအိဇော်က ခင်ဖုန်းကို တိုးတိုးမေးပါသည်။

"ခုထိတော့ သတိမရသေးပါဘူး ဟယ်.."

"သူဘာမှမဖြစ်ပါစေနဲ့"

ချစ်ချစ်ထွေးက ဆုတောင်းပေးသည်။

"ငါလည်း သူ့သေမှာကို သိပ်စိုးတာပဲ ဟယ်.."

ခင်ဖုန်း ပြောရင်းမှ မျက်ရည်များ စီးကျလာသည်။

"ငါတို့လည်း ... သူ့ကို မသေစေချင်ပါဘူး ဟယ် ... သူလို ရိုးရိုးသားသားနဲ့ စိတ်ရင်းကောင်းတဲ့ လူက ရှားပါတယ်၊ သူ ... ပြန်ကောင်းပါစေ.."

အိအိဇော်က ဆုတောင်းပေးသည်။

အထဲမှာ အေးဆွေရှိနေသော အခန်းတံခါးပွင့်သွား၍ ဆရာမ တစ်ယောက် ထွက်လာသည်။ မျက်နှာက မကောင်း။ ထွက်လာပုံကလည်း သွက်သွက်မြန်မြန်။

"ဆရာမ ... သူ ... ဘယ်လိုနေလဲ ဟင်.."

ခင်ဖုန်း ခပ်မြန်မြန် ထမေးသည်ကို ဆရာမက တစ်ချက်သာ လှည့်ကြည့်ပြီး ဘာမျှ ပြန်မပြောဘဲ.. ဆရာဝန်ရှိရာ အခန်းဆီသို့ ခပ်မြန်မြန် ထွက်သွားသည်။

"ဘုရား.. ဘုရား.. ဘယ်လို ဖြစ်လို့ပါလိမ့်.."

ခင်ဖုန်း နံတန်းမှာ ပြန်မထိုင်နိုင်။

အားလုံးမှာလည်း ဆရာမ၏ အမူအရာကြောင့် စိုးရိမ်ပူပန်မိကြသည်။

"သူ ... အခြေအနေ မကောင်းလို့လား.."

ခင်ဖုန်း မျက်နှာကို လက်ဖြင့် အုပ်၍ ငိုချလိုက်သည်။

"စိတ်အေးအေးသာထားပါ ခိန်းကလေးရယ်.."

တင်မြင့်က ကိုယ်တိုင် ပူပင်နေရာမှ ခင်ဖုန်းကို အားပေးရသည်။

ခဏကြာတော့ ဆရာမနှင့်အတူ ဆရာဝန်ပါလာသည်။ ခပ်မြန်မြန် လျှောက်လာပြီး... အခန်းထဲသို့ ဝင်သွားကြသည်။ အခန်း



[ဖါ]က မြန်ပိတ်သွားတော့။

ခင်ဖုန်း သက်ပြင်းမောတစ်ချက်ချရသည်။

"အမေရေ... အခြေအနေဖြစ်နေလို့လား.. ။ သူ့ဘာမှ မဖြစ် [ပါ]စေနဲ့ ... ကောင်းသွားပါစေ.."

ခင်ဖုန်း ဆုတောင်းနေမိ၏။ မျက်ရည်များကတော့ တားဆီး [မ]ရ။

ဘယ်သူမျှ ထိုင်မနေနိုင်ကြ။ အေးဆွေရှိရာ အခန်းဆီသို့ စိုး [ရိမ်]စွာ ကြည့်နေမိကြသည်။

တစ်ယောက်ယောက် ပြန်ထွက်လာမှာကိုပင် ကြောက်နေကြ [သ]ည်။

မကောင်းသော သတင်းကို မကြားချင်။

ဆရာဝန် ဝင်သွားသည်မှာ အတော်ကြာသွားပြီ။

"ဘာတွေ လုပ်နေကြပါလိမ့်.."

ခင်ဖုန်း သိချင်မြင်ချင်မိသည်။ လိုအပ်လျှင် ကိုယ်တိုင် ပါဝင်၍ ကူညီပြုစုချင်သည်။

မမြင်ရသည်က ပို၍ စိတ်မောရသည်။

"ဟော ... ဟိုမှာ ... ဆရာဝန် ထွက်လာသော ဆရာဝန် က ခင်ဖုန်းတို့ကို မကြည့်။

"ဆရာ.. သူ့အခြေအနေ.."

ခင်ဖုန်း မဝံ့မရဲ မေးမိသည်။

"ဆေးတစ်လုံး ထပ်ထိုးပေးထားတယ်.. သတိမရသေး ဘူး...။ စောင့်ကြည့်ရဦးမှာပဲ.."

"ဘုရား.. ဘုရား.."

ခင်ဖုန်း သာမက အားလုံး ရင်မှာ မောနေကြရပါသည်။

* * *

ဒေါ်ဒေါ်ဖော်က လက်မှ နာရီကို ကြည့်လိုက်သည်။ ၄ နာ ၁ နာရီ ထိုးပြီ။ တစ်နာရီလောက် ထိုးနေပြီ ... ပါတို့ အိမ်ပြန်နိုင်ပြီပေါ့ ... ထမင်းစားပြီးမှ ပြန်တာပေါ့နော်...

ဒေါ်ဒေါ်ဖော်က ခင်ဖုန်းကို ရှေ့ကျ ပြောပါသည်။

"ဟင့်အင်း ... ပါမပြန်ချင်ဘူး... ဘာမှလည်း မစားချင်ဘူး ... ဒီမှာပဲ စောင့်နေမယ်..."

"ဟုတ်ပါတယ်.. မိန်းကလေးရယ်.. အစ်မတို့လည်း ရောက်လာကြပြီ.. ဒီမှာ အစ်မတို့ စောင့်နေမှာပေါ့.. အကြောင်းထူးတာရှိ ကိုတင်မြင့် အိမ်ကို လာပြောမှာပေါ့.. အိမ်ပြန် ထမင်းစားပြီး နားလိုက်ဦး..."

နောက်မှ လိုက်လာ၍ ရောက်လာကြသော မြရင်က ခင်ဖုန်းကို ကြည့်ပြီး သနား၍ ပြန်နားစေချင်သည်။

"မပြန်ပါရစေနဲ့ အစ်မရယ်.. ဒီမှာပဲ စောင့်နေပါရစေ"

ခင်ဖုန်းက ပြန်တောင်းပန်ရင်း ငိုနေ၍ မြရင်ပါ မျက်ရည်မထိန်းနိုင် ဖြစ်ရသည်။

"ဒါဖြင့်လည်း အစ်မတို့ ပါတဲ့ ထမင်းချိုင့်နဲ့ စားလိုက်ပါလား မိန်းကလေးရယ် ... အစ်ကိုကြီးတို့တောင် ... စားပြီးရကြပြီ..."

ခင်ဖုန်း ခေါင်းရမ်း၍ ငြင်းပါသည်။

"ဒါဆို ... ပါတို့ ဒီနားမှာ သွားပြီး ကော်ဖီကော်ရည်နဲ့ မုန့်ပေါ့သေးသယ်နော်... အဲဒါ စားလိုက်..."

ချစ်ချစ်လှကခင်ဖုန်းတစ်ခုခုတော့ စားစေချင်သည်။

"ဟို ... ဘာမှ မစားချင်လို့ပါ..."

ခင်ဖုန်း၏ မျက်လုံးအစုံက အေးဆွေရှိနေရာ အခန်းဆီသို့



ကြည့်လျှက်။

"မောင် ... ဟိုမှာ ... အနီတော်မြတို့ လိုက်လာကြပြီ..."

ခင်ဖုန်း၏ အဒေ ဒေါ်စိန်မြနှင့် အစ်ကို မြအောင်တို့ လိုက်လာ၍ ဒေါ်ဒေါ်ဖော်က နေရာမှ ထပြီး သွားကြိုလိုက်သည်။ ခင်ဖုန်းကလည်း ထ၍ ကြိုပါသည်။

"မောင်အေးဆွေ ဘယ်လိုနေလဲ သမီး..."

"သူ... သတိမရသေးဘူး မေမေ..."

ခင်ဖုန်း မျက်ရည်များ စီးကျလာသည်။

"ခင်ဖုန်း ... နင် ဘာမှ စိတ်မပူနဲ့ ... ပါတို့ ဆရာဝန်ကြီးနဲ့ ဝင်တွေ့ခဲ့တယ်.. အူတွေ ဘာတွေ မပေါက်ဘူးဆိုရင်.. အခု ကုထားတဲ့ ဆေးတွေနဲ့ ကောင်းသွားနိုင်ပါတယ်တဲ့.."

မြအောင်က နှမဖြစ်သူကို အားပေးသည်။

"ဒါပေမဲ့ ... အစ်ကို ... သူမျက်နှာက သွေးအားမရှိသလို ဖြူနေတယ်..."

ခင်ဖုန်းက ငိုရှိုက်သည်။

ထိုအချိန်တွင် အေးဆွေရှိနေသော အခန်းတံခါး ပွင့်သွား၍ ဆရာမလေးတစ်ယောက် ထွက်လာသည်။

အားလုံးပြောဆိုနေကြသည်များ ရပ်သွား၍ ဆရာမလေးထံသို့ လှမ်းကြည့်နေမိကြသည်။

"ခင်ဖုန်းဆိုတာ ရှိလား..."

"ရှင်... ရှိပါတယ်..."

ခင်ဖုန်း မတ်တပ်ရပ်လိုက်သည်။

"လာ ... လူနာက ခင်ဖုန်းလို့ ခေါ်နေတယ်..."

"ဟင် ... သူ သတိရလာပြီလား..."

ခင်ဖုန်း ဝမ်းသာအားရ ဆရာမနှင့်အတူ အခန်းထဲသို့ လိုက်သွားသည်။

ခင်ဖုန်း၏ မိခင် ဒေါ်စိန်မြ အေးဆွေ အစ်မမြရင်နှင့် တင်မြင့်တို့ပါ ခင်ဖုန်း နောက်နားမှ လိုက်သွားကြသည်။

"အေးဆွေ၏ ကုတင်ဘေးနားအထိ ခင်ဖုန်း ကပ်သွားလိုက်သည်"

အေးဆွေ၏ လက်တွင် အားဆေးသွင်းသော ပိုက်တပ်လျက် အေးဆွေ၏ နဖူးပေါ်မှာလည်း ရေအေးဝတ်တင်ထားဆဲ။

"အေးဆွေ ... ငါလာပြီလေ.. ခင်ဖုန်းပါ.."

ခင်ဖုန်းက အေးဆွေ ကြားအောင် ပြောနေပါသည်။

သို့သော် အေးဆွေထံမှ လှုပ်ရှားမှုမရှိ။

"အေးဆွေ.."

ခင်ဖုန်းအသံကို နည်းနည်းကျယ်ပြီး ထပ်ခေါ်ကြည့်သည်၊

အေးဆွေထံမှ တုန့်ပြန်မှု မရှိ။

ဆရာမကို ခင်ဖုန်း လှမ်းကြည့်လိုက်သည်။

"ခုနတော့ ... ခင်ဖုန်း.. ခင်ဖုန်းလို့ သူခေါ်နေတာပဲ၊ ယောင်ယမ်းခေါ်တာနဲ့ တူပါတယ်. သတိမရသေးဘူး.."

"သူ့လက်ကို ကိုင်ကြည့်လို့ ရမလား ဆရာမ.."

ခင်ဖုန်းက အေးဆွေ လက်ကို ကိုင်ကြည့်ချင်သည်၊

ဆရာမက ခေါင်းညိတ်ပြသည်။

ခင်ဖုန်းကိုင်ကြည့်တော့ အေးဆွေလက်က ပူနွေးနေဆဲ၊ ခင်ဖုန်းက အေးဆွေလက်ကို မလွှတ်သေးဘဲ အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။

ပိုက်မှ ဆေးရည်များ တစ်စက်ချင်း ကျနေသည်ကို ခင်ဖုန်း



[illegible]ကြည့်လိုက်သည်။ ပုလင်းထဲမှာ ဆေးရည်တစ်ဝက်ခန့် ကျန်သေးသည်။

ခင်ဖုန်း ...

အေးဆွေထံမှ ခေါ်သံ ထွက်လာသည်။

"ဟင် ... အေးဆွေ.. ငါရှိတယ်လေ ... နင် သတိရပြီလားဟင်.."

ခင်ဖုန်း ဝမ်းသာအားရ မေးလိုက်သည်။

အေးဆွေထံမှ ဘာမျှ ပြန်ပြောခြင်းမရှိ။ ပကတိငြိမ်သက်နေပြန်၏။ ဆရာမ ပြောသည့်အတိုင်း ယောင်ယမ်းနေခြင်းဖြစ်သည်ဟု ခင်ဖုန်း နားလည်လိုက်ပါသည်။ ဖြူဖျော့နေသော အေးဆွေမျက်နှာလေးကို ခင်ဖုန်း ငေးကြည့်နေမိပါသည်။

"လွမ်းစေတီကို သွားတော့မယ်.."

အေးဆွေထံမှ တိုးတိုးထွက်ပေါ်လာသော အသံ။ ခင်ဖုန်း ပါးပြင်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

"နင် မသွားရဘူး.. နင်တစ်ယောက်ထဲ မသွားရဘူး.. သွားရင် ... ငါနဲ့အတူ သွားမယ်နော်.."

ခင်ဖုန်း ငိုလျက် ပြောလိုက်ပါသည်။

သူနာပြုဆရာမလေးနှစ်ယောက် ခင်ဖုန်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။

"ပြီးတော့ ပိုချိုတုတ်ငှက်ကလေးတစ်ကောင်ထဲ ရှိတော့တယ်.."

ဆရာမနှစ်ယောက်နှင့် ခင်ဖုန်း နောက်မှပါလာသူများ နားမလည်သော်လည်း ခင်ဖုန်း နားလည်ပါသည်။

"တစ်ကောင် ဘယ်ရောက်သွားလို့လဲ ... ဟင် အေးဆွေ"

ခင်ဖုန်း စိတ်မကောင်းစွာ မေးမိသည်။

အေးဆွေထံမှ အဖြေထွက်မလာပါ။

အေးဆွေပြောသော စကားများကို ကြားရသည်မှာ အတိတ်နိမိတ်မကောင်းဟု ယူဆ၍ ခင်ဖုန်းပါးပေါ်မှာ မျက်ရည်အား အဆက်မပြတ် စီးကျနေ၏။

အေးဆွေ ငြိမ်သက်နေပြန်၏။

"ဝမ်းနည်းစရာကောင်းလိုက်တာ အေးဆွေရယ်.. ဖိုရင်ထဲမှာ ခံစားလိုက်ရတာ.."

ခင်ဖုန်းအသံထွက်ပြီး မငိုမိအောင် စိတ်ကို ထိန်းချုပ်ထားနေ၏။

"အင်ကြင်းပန်းလေးတွေလည်း ... မရှိတော့ဘူးဟာ.."

အေးဆွေ နွဲ့နွဲ့လန်းလန်း ခံစားခဲ့ရသည်များကို ယောင်ယမ်းမြင်ဖြစ်ကြောင်း ခင်ဖုန်းစိတ်မကောင်းစွာ နားလည်လိုက်ရသည်။

"နောက်နှစ်ကျတော့ ပြန်ပွင့်မှာပေါ့ဟာ ... အဲဒီကျတော့ နင်နဲ့ ငါနဲ့အတူ ခူးပြီး ဘုရားလှူကြမယ်နော်.."

ခင်ဖုန်းက အတိတ်နိမိတ်ကောင်းအောင် ပြန်ပြောသည်။ အေးဆွေကြားစေချင်သည် သိစေချင်သည်။ စိတ်အားတက်စေချင်မိသည်။

ခက်သည်က အေးဆွေ သူပြောချင်သည်ကိုသာ ယောင်ယမ်းပြောသော်လည်း ကိုယ်ပြောသည်ကို ဘာမျှ ကြားဟန်မရှိ။

"ရွက်ဝါလေးတွေလည်း ကြွေကုန်ကြပြီ.."

ခင်ဖုန်း သက်ပြင်းမောကို ချရင်း မျက်ရည်များသာ ကျနေရပါ၏။

"သူ... သေတော့မှာလား.."

သူ့ကို သေခွင့်မပြုဘဲ ရင်ခွင်ထဲမှာ အတင်းဖွေ့ထားလိုက်ချင်



သည်။ သို့သော် ကိုင်ထားသော သူ့လက်ကလေးကိုသာ တင်းတင်းပါအောင် ဆုပ်ထားလိုက်မိပါ၏။

"ငါ.. မပြောဘူး နင့်ကို ဘယ်တော့မှ မပြောဘူး.."

ဖွင့်မပြောဘူးဆိုသော စကားကို ခင်ဖုန်း နားလည်မိခြင်းနှင့်အတူ ဝမ်းနည်းကြေကွဲရလွန်း၍ ခေါင်းကို ခါရမ်းလိုက်မိသည်။ မျက်ရည်တစ်စက်က အေးဆွေ၏ လက်ပေါ်သို့ ကျသွား၏။

"အေးဆွေ ဘာကို ဖွင့်မပြောတာလဲဟင်.."

သိထားသည်ကိုပင် ကြားချင်စိတ်နှင့် မေးမိသေးသည်။

"ငါ ... ခင်ဖုန်းကို ချစ်တယ်.. သိပ်ချစ်တယ် ... ဒါပေမဲ့ ငါ.. သေထိ ... ဖွင့်မပြောပါဘူး.."

"အေးဆွေရယ်.."

ခင်ဖုန်း စိတ်ကို ချုပ်ထိန်းမရတော့၍ အသံထွက်ပြီး ငိုကြွေးလိုက်မိသည်။

ခင်ဖုန်းနောက်မှ ဒေါ်စိန်မြပါ မျက်ရည်များ စီးကျနေပါ၏။

"ငါလည်း.. နင့်ကို သိပ်ချစ်ပါတယ် ... အေးဆွေရယ် နင်မသေရဘူး.. နင်မသေရဘူး.. လွမ်းစေတီကို ငါတို့အတူ ဖူးကြမယ်နော်.."

ခင်ဖုန်း ငိုရင်း ပြောရင်း အေးဆွေ ကိုယ်ပေါ်သို့ မျက်နှာအပ်လိုက်မိ၍ ဆေးပိုက်၊ ဆေးပုလင်းများ လှုပ်ရှားသွားပါသည်။

"အော်... မိန်းကလေး ... ထ.. ထ.. မငိုနဲ့နော်.. လူနာကို နားပါစေနော်..."

ဆရာမတစ်ယောက်က ခင်ဖုန်းကို ကြင်နာစွာ ဆွဲယူထူပေးသည်။

ခင်ဖုန်းကတော့ ရှိုက်ကြီးတငင် ငိုနေဆဲ။

"လူနာကောင်းသွားမှာပါ.. မိန်းကလေးရော အားလုံးပဲ
အပြင်က စောင့်ကြနော်.."

"ဟင့်အင်း ... ကျွန်မ အပြင်မထွက်ချင်ဘူး.. သူသေ
တော့မှာပဲ ဆရာမရယ် ... ကျွန်မ သိပါတယ်. သူ.. နောက်ဆုံး
ပြောချင်တဲ့ စကားတွေကို ကျွန်မကြားချင်သေးတယ်.."

ခင်ဖုန်းက အပြင်မထွက်ချင်။ အေးဆွေ ဘေးမှာရှိနေချင်သည်။

"ဆရာဝန်ကြီးလာရင်.. ဆရာမတို့ကို အဆူခံရမှာပဲ
သမီးရယ်.. အပြင်က စောင့်ပါနော်.. ။ ဆရာဝန်ကြီး လာ
ဆရာမတို့ ပြောပေးပါ့မယ်.. နော်.."

ဆရာမနှစ်ယောက်က ခင်ဖုန်းကို ချော့မော့၍ တောင်းပန်
နေကြသည်။

ခင်ဖုန်း အေးဆွေကို ငေးကြည့်နေမိသည်။ အေးဆွေက ငြိမ်
သက်လျက်။

"သမီးလေး.. လာ... လာ... ဆရာမတွေ တောင်းပန်
နေတာ အားနာပါတယ်.. မေမေနဲ့အပြင်ထွက်ကြမယ်နော်"

ဒေါ်စိန်မြက ခင်ဖုန်း၏ ပခုံးလေးကို ကြင်နာစွာ ဖက်၍
ခေါ်လိုက်သည်။

"ဟင်..."

နောက်မှာ မေမေပါ လာသည်ကို ခင်ဖုန်း မသိ။

အားလုံး အခန်းအပြင်ရောက်သွားသည်နှင့် ဆရာမက တံခါး
ကို ပြန်ပိတ်ထားလိုက်သည်။

"မေမေရယ်.."

မေမေ့ရင်မှာ မျက်နှာအပ်၍ ခင်ဖုန်း ရှိုက်ကြီးတငင်ငိုချလိုက်
ပါသည်။



"မေမေ နားလည်ပါတယ်.. သမီးရယ်. မေမေတင်မက
ဘူး.. မေမေရော... သမီးအစ်ကိုတွေရော နားလည်ကြပါတယ်..
သူသာ နေကောင်းပါစေ... သူရော... သမီးရော... စိတ်ချမ်း
သာစေရပါမယ်.."

"ဒေါ်စိန်မြက ခုံတန်းလေးရှိရာသို့ သမီးကို ပြန်ခေါ်လာခဲ့၏"

"သူသေသွားမှာကို ... သမီး သိပ်စိုးတာပဲ မေမေ.."

"သူ နောက်ဆုံး ပြောချင်တဲ့ စကားတွေ ပြောပြီးလို့ သေသွားပြီ
ထင်တယ် မေမေ ... သမီး ထွက်ခါနီး ကြည့်ခဲ့တော့ သူ.. ငြိမ်နေ
တာပဲ မေမေရယ်.."

ခင်ဖုန်း ဝမ်းနည်းစွာ ငိုကြွေးပါတယ်။

"မောင်အေးဆွေက ရိုးသားပြီး စိတ်ကောင်းရှိတဲ့ ကလေးပါ
သမီးရယ်.. သူမသေနိုင်ပါဘူး..."

သမီးကို အားပေးရင်း ဒေါ်စိန်မြမှာလည်း မျက်ရည်မဆည်
နိုင် ဖြစ်ရသည်။

အမေနှင့်နှမကို ကြည့်ပြီး မြအောင်ပါ စိတ်မကောင်း ဖြစ်
ရသည်။

"ညီမလေး.. အခု အိမ်ပြန်ပြီး ခဏနားရအောင်နော်..
တစ်ခုခုလည်း စားလိုက်ဦး.. သုံးနာရီကျတော့ ... အစ်ကို ပြန်ပို့
ပေးမယ်.."

မြအောင်က နှမဖြစ်သူကို ချော့၍ ပြောသည်။

"ဟုတ်ပါတယ် ... မိန်းကလေးရယ်.. ခဏပြန်ပြီး နား
လိုက် စားလိုက်ပါဦး.."

အေးဆွေ အမေ ဦးကံရှာပါ မေတ္တာရပ်ခံပေးနေသည်။

ဆက်ပြီး ပေကပ်နေလျှင် မကောင်းဟု၍ ခင်ဖုန်း နားလည်

လိုက်ပါသည်။

သူ့ဆန္ဒကို နားလည်လိုက်လျှောကြသော အမေနှင့်အစ်ကိုကို လေးစားရဦးမည်။ သို့သော် တကယ်ကတော့ မပြန်ချင်၊ ယခု အချိန်တွင် အေးဆွေနှင့် အနီးဆုံးမှာ ရှိနေချင်သည်။

"သုံးနာရီကျရင်တော့ ပြန်ပို့ပေးပါနော်.. အစ်ကို.."

ခင်ဖုန်း ပြောနေသည်က သနားစရာမို့ ဖြိုးအောင် ခေါင်းညိတ်ပြသည်။

"စိတ်ချ ... အစ်ကို ပို့ပေးမယ်.."

"သုံးနာရီကျရင် ငါတို့လည်း နင်နဲ့အတူ ပြန်လိုက်ပါ့မယ်"

ချစ်ချစ်ထွေးကို ခင်ဖုန်း ခေါင်းညိတ်ပြသည်။

"ဒီကြားထဲမှာ အကြောင်းထူးရှိရင် ကိုတင်မြင့်လာပြောပါနော်.."

ခင်ဖုန်းက စိတ်မချ။

"အေး ... လာပြောမယ်.."

တင်မြင့်က ကတိပေးသည်။

"ဒါဆို .. ငါ့စက်ဘီးထားခဲ့မယ်.. ငါချစ်ချစ်ထွေး စက်ဘီးနဲ့ လိုက်လို့ရတယ်.."

ဒီဒီဇော်က စက်ဘီးသော့ကို တင်မြင့်သို့ ပေးလိုက်သည်။

ဆေးရုံက ထွက်ခါနီးမှာ အေးဆွေရှိနေသော အခန်းဆီသို့ ခင်ဖုန်းလှမ်းကြည့်လိုက်သေးသည်။

ဖြူဖျော့စွာ ငြိမ်သက်နေသော အေးဆွေ၏ မျက်နှာကို မြင်ယောင်ရသည်။

"ဘုရား ... ဘုရား ... ငါသွားနေတုန်း ... သူ့ဘာမှ မဖြစ်ပါစေနဲ့ ... ကိုတင်မြင့် လိုက်လာပြီး မကောင်းသတင်း မပြောပါစေနဲ့.."

ခင်ဖုန်း စိတ်ထဲမှာ တိတ်တိတ်ကလေး ဆုတောင်းမိပါသည်။

* * *

အိမ်ပြန်ရောက်သော်လည်း ခင်ဖုန်း၏ စိတ်က ဆေးရုံကုတင်ပေါ်မှ အေးဆွေ ဘေးသို့ ရောက်နေသည်။

ဖြူဖျော့နေသော အေးဆွေ၏ နှုတ်ခမ်းများမှ ထွက်ပေါ်လာသော စကားများကိုလည်း ကြားယောင်နေမိသည်။

"ငါ.. မပြောဘူး.. နင့်ကို ဘယ်တော့မှ ဖွင့်မပြောဘူး"

သူ အနိုင်အမာ ဆုံးဖြတ်ထားသည်ကို ခင်ဖုန်း သိလိုက်ရသည်။

သို့သော် မပြောရန် ဆုံးဖြတ်ထားသော စကားများကို အဖျားရောဂါကြောင့် ယောင်းယမ်းပြော၍ ခင်ဖုန်း ကြားခဲ့ရသည်။

"ငါ ... ခင်ဖုန်းကို ချစ်တယ်.. သိပ်ချစ်တယ်.. ဒါပေမဲ့ ... ငါသေထိ ဖွင့်မပြောဘူး.."

"ခုလို ... ဖွင့်ပြောပြီးမှတော့ နင်မသေပါနဲ့ အေးဆွေရယ်"

ခင်ဖုန်း ပါးပေါ်မှာ မျက်ရည်များ အဆီးအတားမရှိ စီးဆင်းလာကြသည်။

"ဟော ... သမီးလေး ... ကော်ဖီတွေ အေးကုန်တော့မှာပဲ.. ခုထိ မသောက်သေးဘူးလား.. ထမင်းလည်း စားတာ မဟုတ်ဘူး.. ဒီကော်ဖီလေးတော့ သောက်လိုက်ပါ.."

မေမေ့ အသံကြား၍ စီးကျနေသော မျက်ရည်များကို သုပ်ပစ်လိုက်ရသည်၊ မေမေကျေနပ်အောင် ကော်ဖီကိုလည်း သောက်လိုက်ပါသည်။

"ဒီမုန့်လေးတွေလည်း ကုန်အောင် စားလိုက်ပါ သမီးရယ်

ဘာမှ မစားရင် ... အစားအိမ် ထိခိုက်မှာ စိုးလို့ပါ..''

ခင်ဖုန်းရှေ့မှ ပန်းကန်ထဲမှာ ဘီစကွတ်ငါးချပ်ထည့်ထားသည်။ ခင်ဖုန်းစားချင်စိတ်မရှိပါ။ သို့သော် မေမေ ကျေနပ်အောင် တစ်ခုကို ကောက်ယူစားလိုက်သည်။

ကလင် ... ကလင် ... ကလင် ...

အိမ်ရှေ့မှ စက်ဘီး ဘဲလ်တီးသံ။

''မိန်းကလေးရေ ... ခင်ဖုန်း..''

''ဟင် ... ကိုတင်မြင့် ...''

ခင်ဖုန်း မတ်တပ်ထပြေးလိုက်သွား ဖြစ်ရသည်။

ကိုတင်မြင့် မကောင်းသတင်း လာမပြောရန် ဆုတောင်းခဲ့သော်လည်း ကိုတင်မြင့်က ရောက်လာခဲ့ပြီ။

''ဘုရား ... ဘုရား ... အေးဆွေ ... ဘာမှ မဖြစ်ပါစေနဲ့''

ကိုတင်မြင့်ကို ကြည့်၍ စိုးရိမ်သောက ဖြစ်ရသည်။

''အေးဆွေ သတိရပြီ..''

''ရှင် ....''

ခင်ဖုန်း စိုးရိမ်စိတ်များ ပျောက်ပြီး ဝမ်းသာအားရ ဖြစ်ရသည်။

''မေမေ.. အေးဆွေ သတိရပြီတဲ့ ...''

အိမ်ထဲမှ အမေ့ကိုလည်း ဝမ်းသာအားရ လှမ်းအော်ပြောလိုက်မိသည်။

''ဟေ.. ဟုတ်လား....''

အမေ ခပ်မြန်မြန်ထွက်လာသည်။

''အစ်ကို နေ..''



နောက်ဘက်မှ အစ်ကို့ကိုပါ လှမ်းခေါ်လိုက်သည်။

''ငါ ကြားတယ်ဟေ့.. လာပြီ..''

မြအောင် ပြေးပြေးလွှားလွှား ရောက်လာသည်။

''ကဲ.. ကိုတင်မြင့် သွားနှင့် ကျွန်တော်တို့ကားနဲ့လိုက်ခဲ့မယ်..''

သုံးယောက်သား ခပ်မြန်မြန် ပြင်ဆင်၍ အိမ်ရှေ့မှ ကားဆီသို့ ထွက်ခဲ့ကြ၏။

* * *

''အေးဆွေ.. နင် သတိရပြီနော်..''

ခင်ဖုန်းက အေးဆွေ၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

အေးဆွေက ခေါင်းညိတ်ပြရင်း ခင်ဖုန်း အမေ့ကို လှမ်းကြည့်လိုက်သည်။ ခင်ဖုန်း လက်ကို ဆုပ်ကိုင်ထားသည့်အတွက် တစ်မျိုးမြင်မှာကို စိုးရွံ့နေသည်။

''မောင်အေးဆွေ.. နေကောင်းပြီလား..''

''ကောင်းပါတယ်..''

လေသံက တိုး၏။

ခေါ်စိန်မြ ဘေးမှ မြအောင် ပြုံးပြသည်ကိုလည်း အေးဆွေ မြင်၍ ပြုံးပြသည်။ သို့သော် အပြုံးက မပီပြင်။

''လူလေးကို မိန်းကလေးတို့ သားအမေ ရှာလာခေါ်ပြီး ဆေးရုံတင်ပေးကြတာ..''

မြရင်က ကျေးဇူးကို ဖော်ထုတ်ပြော၍ အေးဆွေနှင့် ခင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

''ကျေးဇူးတင်တယ်..''

''မလိုပါဘူး.. နင့်ကျေးဇူးတွေက ငါ့မှာ အများကြီးရှိတာပဲ''

"မရှိပါဘူး..."

"အေး... မရှိဘူး.. ဟုတ်တယ်..."

အေးဆွေနှင့်ခင်ဖုန်းတို့ စကားကြောင့် အားလုံးပြုံးမိကြသည်။ မကြာမီက လွမ်းမောစရာနေရာလေးမှာတော့ ပြုံးနိုင်လာကြ ဖြစ်ပါ၏။

* * *

ဆေးရုံမှာ တစ်ပတ်ကြာပြီး အေးဆွေ ကျန်းမာလာ၍ တောရွာသို့ ပြန်၏။

ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်သောနေ့တွင် ခင်ဖုန်းနှင့်ချစ်ချစ်ထွေးတို့ လေးဘာသာဂုဏ်ထူးနှင့်အောင်သည်။ အိအိဇော်က သုံးဘာသာဂုဏ်ထူးရသည်။ အေးဆွေက သင်္ချာတစ်ဘာသာဂုဏ်ထူးနှင့်အောင်သည်။ ဆရာမကြီးတူ နေမင်းဖိုးကတော့ 'ခ'အဆင့်နှင့်သာ အောင်၏။ တိုင်းအောင်ကတော့ ကျရှုံးသည်။

စာမေးပွဲအောင်သည်ကို အေးဆွေ သိမည်မဟုတ်သေး။ ခင်ဖုန်း သတင်းကောင်းပေးချင်သည်။

အဆင်သင့်သည်မှာ အဖေက မန္တလေးသွားမည်မို့ တောမရွာမှာ ချထားပေးခဲ့ရန် ခင်ဖုန်းက ခွင့်တောင်းသည်။

အဖေက သဘောတူခွင့်ပြုပြီး မန္တလေးအသွားမှာ တောမရွာဝင်၍ ခင်ဖုန်းကို ထားခဲ့သည်။ ညနေအပြန်တွင် ဝင်ခေါ်မည်။

စာမေးပွဲအောင်ကြောင်း သတင်းကောင်းကြား၍ အေးဆွေနှင့် သူ့မိသားစုများ ဝမ်းသာအားရ ဖြစ်ကြသည်။

"သတင်းကောင်းပေးတဲ့ မိန်းကလေးကို အစ်မက မနက်စာ ဟင်းကောင်းနဲ့ ချက်ကျွေးမယ်..."

ခင်ဖုန်းကို ကြည့်၍ မြရင် ပျော်နေသည်။



"ဘာမယ် အစ်မ... စိတ်ချ... အခုနေ မှုခင်းတောင်ခြေဘုရားကျောင်းနဲ့ လွမ်းစေတီဘက် သွားချင်သေးတယ်... အေးဆွေ.. လိုက်ပို့နော်..."

ခင်ဖုန်းက လွမ်းစေတီမှာ အလွမ်းပြေချင်သည်။

"ကောင်းတယ် သွားကြ။ အပြန်မှ ထမင်းစား... ဈေးနဲ့လည်း ရထားတယ်... ပဲနှပ်လည်း ချက်ထားမယ်... မန်ကျည်းရွက်စပ်ချဉ်ဟင်းနဲ့..."

"ရှောက်သီးမစပ်စေနဲ့နော်... အစ်မ..."

အေးဆွေက ခင်ဖုန်း မစားနိုင်မှာ စိုးရိမ်သည်။

"မဟုတ်ဘူး... အစ်မ ရှောက်သီး စပ်စပ်ချက်..."

ခင်ဖုန်းက ပြင်ပေးလိုက်၍ အားလုံး ဝမ်းသာ ပျော်ရွှင်စွာ ရယ်လိုက်ကြ၏။

"စပ်စေရမယ်... စိတ်ချ..."

မြရင်က အာမခံလိုက်သည်။

ခင်ဖုန်းနှင့်အေးဆွေတို့ ရွာလယ်လမ်းမှာ လျှောက်လာတော့... လမ်းဘေး အိမ်များမှ စကားသံများ ထွက်နေကြပြန်သည်။

"အလွမ်းမင်းသားလေး... မလွမ်းရတော့ဘူးပေါ့... နှစ်ယောက်အတူ လျှောက်သွားကြတာ... ကြည့်လို့ ကောင်းလိုက်တာဟယ်... ဒီတစ်ခါတော့ တကယ်တဲ့..."

သက်ကယ်ပဲဖြစ်သော မိန်းကလေးများ၏ စကားသံကြောင့် ခင်ဖုန်းကို အေးဆွေ အားနာပြန်သည်။

"နှစ်ယောက်စလုံး ဘွဲ့ရပြီးမှလို့ မေမေတို့က ပြောထားတယ်နော်..."

တကယ်ဆိုသော စကားကို ခင်ဖုန်းက ရှင်းလင်းချက်ပေး၍

အေးဆွေ ပြုံးလိုက်သည်။

"သိပါတယ် .. ခင်ဖုန်း မိဘတွေနဲ့ အစ်ကိုတွေက စိတ်ထား သိပ်ကောင်းတာပဲနော် .."

"နင်ကလည်း ... မိုးသားပြုံးစင်လို့ပါ .."

ခင်ဖုန်းက အေးဆွေကို လှမ်းကြည့်လိုက်သည်။ အေးဆွေက လည်း ခင်ဖုန်းကို ပြန်ကြည့်သည်။ အကြည့်ခြင်းဆုံတော့ အပြုံးကိုယ်စီ နှင့်။

"အရင်ကတုန်းကလို တစ်ယောက်တကွဲစီ သွားတာ မဟုတ် ဘူးတော့ .. စကားတွေပြောပြီး .. ပြုံးလို့ ရီလို့ .. ဟီးဟီး .. ပျော် ရတာကြီး .."

လမ်းဘေးအိမ်တစ်အိမ်မှ ပြီးကောင်ပေါက်မ မိညို၏ အာကျ သံကို ကြားရ၍ နှစ်ယောက်သား စကားမဆက်တော့ဘဲ ခြေလှမ်းသွက် သွက် လျှောက်ခဲ့ကြသည်။

ရွာအပြင်ကိုရောက်တော့ ယခင်က အနီရောင်က သစ်ပင်တန်း လေးသည် ယခုတော့ စိမ်းလန်းသော ရွက်သစ်နုများနှင့်။

"ဟယ် .. ဟိုမှာ .."

ခင်ဖုန်း ဝမ်းသာအားရ ညွှန်ပြရာသို့ အေးဆွေ ကြည့်လိုက် သည်။

ကသစ်ပင်ကိုင်းပေါ်မှာ ပြီးတောင်ပို့ချိုတုပ် ငှက်ကလေးနှစ် ကောင်။

"နင်ပြောတော့ တစ်ကောင်ထဲ ကျန်တယ်ဆို .."

"ဟုတ်တယ်ဟ .. ဟိုတစ်ခါ ငါတစ်ယောက်ထဲလာတော့ သူက တစ်ကောင်ထဲ .."

"အဲဒါ ကောင်လေးက မှုန့်မပြောဘူး ဆုံးဖြတ်ထားလို့ ကျန်



တစ်ကောင်က ထွက်ပြေးသွားတာ ဖြစ်မှာပေါ့ .."

"ငါ ... အဲဒါတွေ ပြောမိတာ မသိပါဘူးဟာ .."

အေးဆွေ ရှက်နေသည်။

"ဟင်း .. နင်က သိပ်ကြီးကျယ်တာပဲ .. တိုက်ဆိုက်သာ ဖြစ်ရင် .. နင် .. သေတဲ့အထိ မပြောဘူး .. မဟုတ်လား .."

ခင်ဖုန်းက မကျေနပ်။

"နင့် မိဘတွေက သိပ်ချမ်းသာတယ်ဟာ .. နေတာလည်း မြို့ပေါ်မှာ .. နင်က သူဌေးသမီး ... ပြီးတော့ သိပ်ချော .. သိပ် လှ .. ငါဘယ်လိုလုပ်ပြောသင့်ပါ့မလဲဟာ .."

"တော်သေးတာပေါ့ ... မိုးနတ်သားက နင့်ကို ဖျားအောင် လုပ်ပစ်လို့ .."

"ဖျားအောင် လုပ်တာကလည်းဟာ ... သေမတတ်ခံလိုက် ရတာ .."

"ဟုတ်ပါရဲ့ ... ငါဖြင့် နင်သေမှာပဲ ထင်ပြီး ငိုလိုက်ရတာ နင်သာ သေသွားရင် ... ငါဒီတစ်သက် ဘယ်သူ့မှ မယူတော့ဘူး။ တစ်နှစ်တစ်ခါ အင်ကြင်းပန်းပွင့်တိုင်း .. လွမ်းစေတီကို လာပြီး အင် ကြင်းပန်းတွေ ချလှူမယ် .. နင့်ကိုပဲ လွမ်းနေတော့မယ်လို့ ဆုံးဖြတ် ထားတာ .."

"တကယ် .."

အေးဆွေ ရင်ထဲမှာ ခံစားရလွန်း၍ လမ်းလျှောက်သည်ကို ရပ်ပြီး ခင်ဖုန်း မျက်နှာလေးကို ကြည့်လိုက်သည်။

ခင်ဖုန်းကလည်း လမ်းလျှောက်သည်ကို ရပ်၍ အေးဆွေကို ခေါင်းညိတ်ပြသည်။

လှပချောညက်၍ ကျက်သရေရှိလှသော ခင်ဖုန်း၏ မျက်နှာ

လေးကို အေးဆွေကြည့်၍ မဝနိုင်။ ခင်ဖုန်းကလည်း ကျေနပ်မှာ အကြည့် ခံ၏။

နှစ်ဦးလုံး၏ ရင်ခုန်သံစည်းချက်များ အပြိုင်အဆိုင် မြန်လာ ကြသည်။

"တော်ပြီဟာ.. သွားကြစို့.."

ခင်ဖုန်းက ထိန်းလိုက်သည်။

"ငါ.. နင့်.. ကို.."

"မပြောနဲ့ဟာ... ငါသိတယ်.. လာ.."

အေးဆွေပြုံး၍ ဆက်မပြောတော့ဘဲ ခင်ဖုန်းနှင့်အတူ လိုက်ပါ ခဲ့သည်။

တောင်ခြေတောရကျောင်းဝင်းထဲကို ဖြတ်တော့ အေးချမ်းမှု လေးကို ခံစားရသည်။

တောရကျောင်းလွန်တော့ တောင်ကုန်းလေးကို အတက်မှာ ခြေမညီရာကို နင်းမိ၍ ခင်ဖုန်းယိုင်သွားသောကြောင့် အေးဆွေက ခင် ဖုန်းလက်မောင်းကို လှမ်းကိုင်ထိန်းပေးလိုက်သည်။

"ဟော့.. မေမေက ယုံကြည်လို့ ထားခဲ့တာနော်.."

ခင်ဖုန်းက ပြုံးလျက် သတိပေးလိုက်သည်။

"လဲမှာစိုးလို့ပါ။ ယယ်ထိုးသွားတုန်းကလည်း လက်တောင် ဆွဲ ထူပေးရတာပဲ.."

အေးဆွေက ထိန်းကိုင်ထားသော လက်ကိုပြန်လွှတ်လိုက်သည်။

ဘုရားခြေရင်းမှ လှေခါးထစ်သို့ တက်သောအခါ ခင်ဖုန်းက အေးဆွေ လက်မောင်းကို ဆုပ်ကိုင်၍ အားပြုလိုက်သည်။

"ဟော... အမေနဲ့အစ်မ... ယုံကြည်လို့ နှစ်ယောက်ထဲ လွှတ်လိုက်တာနော်.."

အေးဆွေကပြန်၍ သတိပေးသည်။

"မကျေနပ်ရင် အိမ်ပြန်ရောက်တော့ တိုင်လိုက်ပေါ့.."

ခင်ဖုန်းက အေးဆွေ၏ လက်မောင်းကို မလွှတ်ဘဲ ဆုပ်ကိုင် ထားလိုက်သည်။

"အင်ကြင်းပင်လေးမှာ.. အပွင့်တွေ မရှိတော့ဘူး.."

ဘုရားကုန်းပေါ်ရောက်တော့ အင်ကြင်းပင်ကို လှမ်းကြည့်ပြီး အေးဆွေ ပြောသလို ခင်ဖုန်းက ပြောလိုက်ခြင်းဖြစ်သည်။

လွမ်းစေတီရင်ပြင်သို့ ရောက်ကြပြီ။

"လွမ်းလိုက်တာဟယ်.."

ခင်ဖုန်း သက်ပြင်းမောလေး တစ်ချက်ချပြီး မျက်ရည်များ ရစ်ဝဲလာသည်။

"ဟင်... ဘယ်သူ့ကို လွမ်းလို့လဲ.."

အေးဆွေ နားမလည်။

"နင့်ကို.."

"ငါ... ဒီမှာ ရှိတာပဲ.."

"နင် ဖျားတုန်းက သေသွားလို့... ငါတစ်ယောက်တည်း လွမ်းစေတီကို လာရရင်... တွေးမိလို့.."

ပြောရင်းနှင့် ခင်ဖုန်းပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"ခင်ဖုန်းကို ကြည့်၍ အေးဆွေ ရင်မှာ မြတ်နိုးကြင်နာဖြစ်ရ သည်..."

"မငိုပါနဲ့ဟာ... အခု ငါတို့နှစ်ယောက်အတူ ရှိနေတာပဲ။ မျက်ရည်တွေ... ငါသုတ်ပေးရမလား.."

အေးဆွေ သုတ်ပေးချင်သည်။ သို့သော် လက်က မရဲ၊ ရယ် လျက်နှင့် ခင်ဖုန်းမျက်နှာဆီ မရောက်။

"ဟင့်အင်း.."

ခင်ဖုန်းကလည်း ငြင်းရင်း သူ့ဘာသာ ဆုတ်ပစ်လိုက်သည်။

"လာ.. ဘုရားပန်းအိုးလဲရအောင်.."

အေးဆွေက ဘုရားရှေ့မှ ပန်းအိုးလေးကို ယူ၍ ပန်းခြောက်များကို တံတိုင်းအပြင်သို့ ပစ်သည်။

နှစ်ယောက်အတူ တောသပြေပန်းလေးများ ခူးကြရင်း.. အေးဆွေက သူတစ်ယောက်ထဲ လွမ်းစေတီသို့ နေ့စဉ်ရောက်၍ ဘုရားပန်းလဲရင်း လွမ်းရပုံ စမ်းချောင်းကလေးအောက်မှာ ထိုင်၍ လွမ်းဆွတ်မှုများကိုနှိုးဆိုသည့်နေ့အထိ ပြောပြသည်။

ခင်ဖုန်းက စိတ်ဝင်စားစွာ နားထောင်ရင်း အေးဆွေကို သနား နေသည်။

ပန်းတစ်အိုးစာရတော့ စမ်းချောင်းကလေးသို့ ဆင်း၍ ပန်းကလေးများကို စမ်းရေကြည်နှင့် ခင်ဖုန်းက ဆေးသည်။ အေးဆွေက ပန်းအိုးလေးကို စမ်းရေနှင့်ဆေးပြီး ရေအေးအေးလေး ဖြည့်အောင် ဖြည့်လိုက်သည်။

ခင်ဖုန်းက ပန်းအိုးထဲမှာ တောသပြေပန်းလေးများ ထိုးစိုက် ထည့်လိုက်သည်။

"ဒီအလုပ်ကို ငါတစ်ယောက်တည်း နေ့တိုင်းလုပ်ခဲ့ရတာ.."

အေးဆွေ ပြောပုံက လွမ်းစရာ။

"ဒါကြောင့်မို့ နင်မသေတာ ... နင်က လိမ္မာလို့.."

ခင်ဖုန်းက နှိုးကျူးနေသည်။

"ဟိုမှာ ကြည့်စမ်း ချောင်းလေးက ငါ့ထက် ပိုလိမ္မာတယ်။"

ခင်ဖုန်းက စမ်းချောင်းလေးကို ကြည့်လိုက်သည်။

"စမ်းရေကြည်လေးတွေက ဒီမြောက်ဘက်ကနေပြီ လွမ်းစေတီ



... တစ်ခါဦးတိုက်တယ်.. ပြီးတော့ ... အရှေ့ဘက်ကနေ ကွေ့ပတ် ... တောင်ဘက်မှာ တစ်ခါ ဦးတိုက်တယ် ... ပြီးမှ.. ဆက်စီးသွား ...တာ..."

"ဒါကြောင့်မို့ စမ်းရေလေးတွေက အေးနေတာနေမှာပေါ့.."

"နင်ကလည်း ပြောတတ်လိုက်တာ.."

ခင်ဖုန်း ပြောသည်ကို အေးဆွေ သဘောကျနေသည်။

"လာ ... ဘုရားမှာ ပန်းလှူကြမယ်.."

ခင်ဖုန်းက ပန်းအိုးလေးကို ယူလိုက်သည်။

"ဒီတစ်ခါ အတူထိုင်ကြမယ်နော်.."

အေးဆွေက ခွင့်ပြုချက်တောင်းခြင်းဖြစ်၏။

ခင်ဖုန်းက ကျေနပ်စွာ ခေါင်းညိတ်ပြသည်။

ဘုရားရှေ့ရောက်တော့ ခင်ဖုန်းက ပန်းအိုးလေးကို ဘုရား လှူပြီး နှစ်ယောက်အတူ ထိုင်လိုက်ကြသည်။

"ဘယ်လို ဆုတောင်းမှာလဲ.."

ခင်ဖုန်းက မေးသည်။

"နင်နဲ့အတူ ပေါင်းရပါစေ.. ငါတစ်ယောက်ထဲ လွမ်းစေတီမှာ မလွမ်းရပါစေနဲ့လို့ ဆုတောင်းမယ်.."

ခင်ဖုန်းက ပြုံးသည်။

"နင်ကရော..."

အေးဆွေ ပြန်မေးသည်။

"ငါ ... နင့်ကို သံယောဇဉ်ဖြစ်ကတည်းက ပူရတာတွေ များလွန်းလို့.. နင်နဲ့အတူ ...ဒီပန်းလေးလို လန်းပြီး.. စမ်းရေလေးလို... အေးပါစေလို့ ဆုတောင်းမယ်။"

"ကောင်းတယ် ... ငါပြောသလို ဆုတောင်းပြီးရင် ..
ပြောသလို ဆုတောင်းမယ်နော် .."

နှစ်ဦးသားတစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးပြီး
နှင့်လွမ်းစေတီကို ဦးချကန်တော့ကြသည်။

စမ်းရေကြည် လွမ်းစေတီရစ်ခွေဖူးလို့ ဦးမိုက်ညွတ်ပျော်၊
လွမ်းစေတီ စမ်းရေကြည် ဆုမွန်ပေးတယ် အောင်မြေစေကြောင်း

